www.burmeseclassic.com




ချစ်ဝင်းသွင် ရေး

# NICK CARTER

## OPERATION McMURDO SOUND

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၉၉/၉၀-၂]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၁၅၁/၉၀-၃]
ပထမအကြိမ်
၁၉၉၀ ခု၊ ဩဂုတ်လ

| | |
|---|---|
| မျက်နှာဖုံး | မန်းရှိ တင်မောင်မျိုး |
| အုပ်ရေ | [illegible] |
| တန်ဖိုး | သုံးဆယ့်ငါးကျပ် |
| မျက်နှာဖုံးရိုက် | ဦးမြသိန်း၊ [၀၁၄၂၇] သိန်းမြင့်ဝင်းအော့ဖ်ဆက် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးမြတ်ကျော် [မြ ၀၅၁၁၅] ခလုတ်နေးပုံနှိပ်တိုက် အမှတ် ၁၉၄၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဒေါ်ခင်ညွန့်လှိုင် [၀၁၆၄၁]၊ တချစ်သူစာပေ အမှတ် ၄၀၊ ဆေးရုံကြီးလမ်း၊ ရန်ကုန်မြို့။ |

# ချစ်ဝင်းညွန့်

# ပဏ္ဏာဟာနိုစ်စစ်ဆင်ရေး

OPERATION: McMURDO SOUND

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ ထွက်ပြီး စာအုပ်များ

မြကန္တလာ လူ့အကျိုးဆောင် သီးနှံများ *
လူပြည့်ကျဉ်းနေသော ဤကမ္ဘာ **
ကျွန်း၏အမှောင်ဘက်ခြမ်း
ရေအသုံး ကုန်းအနှံ
သူ့အသက် ကိုယ့်အသက်
ရေမှန် နက်ဖြန်မရှိ
ပန္နိုဒ်သီးယဉ် စင်ဆင်ရေး

BURMESE CLASSIC

## စာတက်ဖွင့်

ဆောင်းရာသီ နီးကပ်လာပြီ ဖြစ်သောကြောင့် ညနေ နှစ်နာရီ အချိန်လောက်တွင် အန္တာတိကာတိုက် တစ်ခုလုံး မှောင်ရိပ်ဖျိုး လာတော့မည်။ ရှည်လျားသည့် ညတာက ကမ္ဘာ ပေါ်တွင် အကြမ်းတမ်း အခက်ထန်ဆုံးသော ဤဒေသတစ်ခန်းလုံးကို မကြာမီ လွှမ်းခြုံလာ ရေ့မည်။

မက္ကမာဒို ရေလက်ကြားနှင့် ရော့စ်ပင်လယ် တစ်ဝိုက်တွင် တည်ဆောက်ထားသော အပြည်ပြည်ဆိုင်ရာ ဘူမိရူပဗေဒနှစ် အသိမ်းအမှတ် သုတေသန စခန်းများနှင့် မိုင် ၁၀၀ ခန့် ကွာ ဝေးသည့် ကမ်းရိုးတန်း တစ်ဝိုက်တွင် မိုးလေဝသ ဆိုးဝါးစ ပြုလာသည်။ မိုးသားများ အုံ့ဆိုင်းနေသည့် ကောင်းကင် ပြင်အောက်တွင် အပူချိန်က သုည အောက် ၄၀ ဒီဂရီ ခန့် အထိ ကျဆင်းနေသည်။ ရေခဲတောင်ထိပ်ဖျားများမှ ဆီးနှင်း များကိုလည်း လေပြင်းများက တိုက်ခတ် ဖယ်ရှားစ ပြုလာ ချေပြီ။

နေရာတကာတွင် ဆီးနှင်းများ ကိုသာ မြင်နေ ရသော သည် ရှုခင်းပေါ်တွင် တီရစ္ဆာန် တစ်ကောင်တစ်မြီးမှ မတွေ့ ရပါ။ သစ်ပင်လည်း တစ်ပင်မျှ မရှိပါ။ လော လောဆယ် လထဲတွင် လွင့်ပါ နေသော ဆီးနှင်းများမှ လွဲ၍ ဘာမျှ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှု မရှိ။ တဝိုးဝိုး တိုက်ခတ်နေသည့် လေတိုးသံမှလွဲ၍ ဘာမျှ မကြားရ။

သို့သော်လည်း မှောင်ရီပျိုးလာသည့် ဆည်းဆာရိပ်ထဲတွင် အမည်းစက်လေး တစ်ခုက အဖြူရောင်ကို နောက်ခံထားပြီး ပေါ်ထွက်လာသည်။ လေထဲတွင် လွင့်ပါနေသည့် ဆီးနှင်းများ ကြားတွင် ပျောက်ကွယ်လုမတတ် ဖြစ်သွားပြီးမှ တစ်ခါ ပြန်ပေါ်လာသည်။ သည်တစ်ခါ နည်းနည်း ပိုနီးလာသည်။ ထို အရာဝတ္ထုလေးသည် တစ်နာရီလျှင် အနည်းဆုံး မိုင် ၂၀ နှုန်းဖြင့် ရွေ့လျားနေ လေသည်။

လေတဝိုးဝိုး တိုက်ခတ်နေသည့် ကြားမှ နေ၍ တဝူးဝူး မြည်သံ တစ်ချက် ပေါ်လာသည်။ ခေါင်းခန်းကို အလုံပိတ်ထားပြီး နောက်ပိုင်းတွင် စွပ်ဖားတစ်စီးကို ဆွဲလာ နေသည့် စနိုကက်ခေါ် ရေခဲပြင်သုံး ယာဉ်တစ်စီးက ကုန်းတက်တွင် ပေါ်လာသည်။ ပြီးမှ စက်ကို အသာအယာ နှိုးထားရင်း ရပ်တန့်သွားသည်။

ခေါင်းခန်းထဲမှ လူက စတီယာရင်ပေါ်မှ နေ၍ ကိုယ်ကို ကိုင်းညွတ်ပြီး လေကာမှန် အတွင်းဘက်တွင် ကပ်နေသော ရေခဲများကို လက်ဖြင့် ပွတ်သပ်ဖယ်ရှားသည်။ အပြင်ဘက်သို့ ချောင်းကြည့်ပြီး ခေါင်းခါသည်။ မိမိသွားလိုရာ နေရာကို ညွှန်ပြသည့် ကိရိယာ၏ ဒိုင်ခွက်ပေါ်သို့ မျက်လုံးရောက်သွားသည်။ ကျန်သည့် မိုင် ၁၀၀ ခရီးကို သည် ကိရိယာ အားကိုးဖြင့် သွားရဦးမည်။



သူသည် ပင်ကိုအားဖြင့်ပင် ကိုယ်လုံး ကိုယ်ထည် တုတ်ခိုင်သူ ဖြစ်ရာ သူ ဝတ်ထားသည့် အဝတ်အစား ပွပွကြီးများကြောင့် ပိုပြီး ထွားကျိုင်းနေပုံ ရသည်။ သူသည် ညာဘက်လက်မှ လက်အိတ်ကို ချွတ်ပြီး နေရာ ရှာဖွေသည့် ကိရိယာ၏ မှန်သား မျက်နှာပြင်ကို လက်ညှိုးဖြင့် ခေါက်ကြည့်သည်။ ဒိုင်ခွက်ပေါ်မှ မြားကလေးမှာ ဘယ်ညာ အနည်းငယ် လှုပ်ခါသွားပြီးမှ အလယ်တည့်တည့်တွင် ပြန်ရပ်သွားသည်။

BURMESE CLASSIC .com

သည် ကိရိယာမှာ အသုံးမကျတော့ပါ။ ကျိုးပဲ့ ပျက်စီးသွားပြီ။ လွန်ခဲ့သည့် မိုင် ၅၀ လောက်ကစပြီး သည် ကိရိယာ အလုပ်ကောင်းကောင်း မလုပ်ခဲ့ပါ။ မာ့ဇ် ရေခဲမြစ်ဖျားနားရှိသည့် နေရာမှာ သံလိုက် တောင်ဝင်ရိုးစွန်းနှင့် အလွန်နီးကပ်နေသည်။ သို့ဖြစ်၍ သံလိုက် အိမ်မြှောင်မှာ အသုံးမဝင်တော့ပါ။

သူသည် ကြံရာမရသည့် ပုံစံဖြင့် ခေါင်းကို ခါယမ်းကာ နှင်းကာမျက်မှန်ကို မျက်စိနှစ်လုံးအပေါ် ရောက်အောင် ဆွဲချလိုက်သည်။ စနိုကက်၏ ခေါင်းခန်းမှ တံခါးကိုဖွင့်၍ အပြင်သို့ ဆင်းသည်။

တဝိုးဝိုးတိုက်နေသည့် လေက သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား တစ်စစီ ဆုတ်ဖြဲနေသလို စူးစူးရှရှ ဝင်တိုး နေသည်။ သို့ဖြင့် နောက်ဘက်မှ စွပ်ဖားဆီသို့ ရောက်အောင် ဆီးနှင်းထုထဲမှ နေ၍ မနည်း ဖြတ်လျှောက်သွား ရသည်။ စွပ်ဖားဆီသို့ ရောက်သည့်အခါ သူနှင့် တစ်ပါတည်း သယ်ဆောင်လာသည့်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ငွေ့ဘူးရှည် ၂၅ လုံးအား တုပ်နှောင် ထားသည့်ကြိုးများ ခိုင်မြဲခြင်း ရှိသည် မရှိသည်ကို စစ်ဆေးသည်။

ပစ္စည်းများကို စစ်ဆေးပြီးစီးသွားချိန်တွင် တစ်ကိုယ်လုံး ခိုက်ခိုက်တုန် နေသည်။ အအေး ဒဏ်ကြောင့် မဟုတ်ပါ။ ကြောက်စိတ်ကြောင့် ဖြစ်သည်။ စနိုကက်၏ ခေါင်းခန်းသို့ ပြန်လျှောက်လာသည်။ နိုက်ထရိုဂျင်ဓာတ်ငွေ့ ဖြည့်သွင်းထားသည့် အဝေးကြည့် မှန်ပြောင်း တစ်လက်ကို ဆွဲထုတ်သည်။ သူ မှတ်မိလောက်သည့် မြေပြင်အမှတ်အသား တစ်ခုတလေကို တွေ့ရလိမ့်နိုးဖြင့် မိုးကုပ်စက်ဝိုင်းတစ်ခွင်လုံးကို မှန်ပြောင်းဖြ ချိန်ကြည့်သည်။

ပထမတွင် လေတဝှီးဝှီး တိုက်နေသည့် မိုးကုပ်စက်ဝိုင်းမှလွဲ၍ ဘာမျှ မမြင်ရပါ။ ထို့နောက် သူ၏ တောင်ဘက် ခပ်လှမ်းလှမ်းတွင် မည်းမည်း အကွက်ကလေးတစ်ခု တွေ့ရသည်။ ဆီးနှင်းများကြားမှ ထိုးထွက်နေသော အချွန်အတက် မည်းမည်းလေး တစ်ခု ဖြစ်သည်။ သူသည် စိတ် လှုပ် ရှားစွာဖြင့် ခေါင်းခန်းထဲသို့ ပြန်ဝင်ပြီး မြေပုံ တစ်ပုံကို ဖြန့်ခင်းလိုက်သည်။ ရှေ့ လေကာမှန် အပြင်ဘက်သို့ တစ်ချက် လှမ်းကြည့်ပြီးမှ မြေပုံကို ငုံ့ကြည့်သည်။ သူ မြင်နေရသည့်အချွန်အတက် မည်းမည်းမှာ လီဗစ်တောင် ဖြစ်သည်။ သို့ဖြစ်လျှင် သူသည် အုတ်တီး ကမ်းခြေသို့ အရောက် သွားရမည့် ခရီး တစ်ဝက် ကျော်ကျော်အထိ ခရီးပေါက်လာပြီဟု အဓိပ္ပာယ်ရသည်။ အုတ်တီး ကမ်းခြေမှာ သူနှင့် အချိန်းအချက်လုပ်ထား



သည့် နေရာဖြစ်သည်။ ခရီးလည်း တစ်ဝက်မက ပေါက်လာခဲ့ပြီ။ လမ်းပျောက်ခြင်းလည်း မရှိသေးပါ။

သို့သော် သူ စိုးရိမ်သွားမိပြန်သည်။ သူ ဦးတည်နေသည့် အရပ်ဘက်မှနေ၍ အန္တာတိကာ ဆောင်းမုန်တိုင်း ကျလာဖို့ ၅၀ ရာခိုင်နှုန်း သေချာသည်ဟု သူ ခရီး မထွက်ခင် မိုးလေဝသနှင့် ဇလဗေဒ ပညာရှင် များက သူ့ကို အတိပေးခဲ့ဖူးသည်။ ကမ်းခြေအနီးမှ လုံခြုံစိတ်ချရသည့် နေရာသို့ သူ မရောက်မီ မုန်တိုင်းကျလာခဲ့သော် သူ့ကို မည်သူမျှ လာ၍ ကယ်ဆယ်နိုင်မည့် အခွင့်အလမ်း မရှိပါ။ သူ့ အနေဖြင့် မုန်တိုင်းထဲမှ လွတ်မြောက်ဖို့လည်း မရှိပါ။ တစ်ခါတည်း ကိစ္စချောသွားဖို့က သေချာသည်။

သူသည် မြေပုံကို နံဘေးသို့အသာ တွန်းရွှေ့ကာ စနိုကက်ကို ဂီယာထိုး လိုက်သည်။ ကမ်းခြေဘက်သို့ မှန်းဆပြီး ဦးတည် မောင်းနှင် လာခဲ့သည်။ စနိုကက်၏ နောက်ဘက်တွင် ထင်ကျန် ရစ်ခဲ့သည့် [illegible]ပ်ကြောင်းကြီးကို ဆီးနှင်းများက လျင်မြန်စွာ ဖုံးလွှမ်းပစ် နေသည်။ သူ့ အနေဖြင့် နောက်ကြောင်း ပြန်လှည့်၍ မဖြစ်ပါ။ ရှေ့သို့သာ ဆက်သွား ရမည်။ သူသည် ရှေ့ကို ဆက်သွားရမည် ဟူသော စကားလုံးကို စိတ်ထဲမှ ဘုဖွဖွ ရေရွတ်နေ မိသည်။ ရှေ့ဆက်သွား ရမည်။ ရှေ့ဆက် သွားရမည်။

တစ်နာရီ ကျော်ကျော်ခန့် သွားမိသည့် အခါ လမ်း ပျောက်နေမှန်း သူ သိလိုက်သည်။ အမှောင်ထုက လွှမ်းခြုံလာပြီး ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မီးလုံးကြီး များကို ဖွင့်၍ပဲ မောင်းမောင်း၊ မှိတ်၍ပဲ မောင်းမောင်း အကြောင်း မထူးပါ။ ဘာကိုမျှ ကြည့်၍ မမြင်ရသောကြောင့် ဖြစ်သည်။ စနိုကက်ကို ရပ်ဘန့် လိုက်သည်။ တံခါးဖွင့်ပြီး အပြင်သို့ ဆင်းရန် ကြိုးစားသည်။ လေဒဏ်က ပြင်းထန်လွန်းသောကြောင့် အပြင်ထွက်၍ မရပါ။ စနိုကက်ကိုယ်တိုင်မှာလည်း တသိမ့်သိမ့် ခါနေသည်။

'တစ်နာရီကို ကီလိုမီတာ ၁၆၀ နှုန်းလောက် အထိ လေပြင်း တိုက်ခတ် နိုင်တယ်'ဟု မိုး ဇလပညာရှင်က သူ့ကို ပြောခဲ့ ဖူးသည်။

အပြင်သို့ ထွက်လိုက်လျှင် အေးခဲပြီး သေရမှာ ကျိန်းသေသည်။ စက်ကို နှိုးထားပြီး ခေါင်းခန်းထဲမှာ ဆက်ထိုင်နေလျှင် အပေါ်သို့ ထောင်ထားသည့် စက်ခိုးပိုက်မှာ ဆီးနှင်းများ ဆို့လာမည်။ သို့ဆိုလျှင်လည်း ကာဗွန်မိုနောဆိုဒ် ဓာတ်ငွေ့ အဆိပ်သင့်ပြီး သေဖို့က ကျိန်းသေသည်။ မမြင်မကန်းနှင့် ဆက်မောင်းသွားမည်ဆိုလျှင် ရေခဲပြင်ထဲမှ ရောမ ပပ်ကြားအက်ကြီး တစ်ခုခုထဲသို့ ပြုတ်ကျသွားနိုင်စရာ အကြောင်း ရှိသည်။

သေချာပေါက်က နှစ်ခု။ ဖြစ်နိုင်ခြေရှိတာက တစ်ခု။

စနိုကက်ကို ဂီယာ ပြန်ထိုးသည်။ ကမ်းခြေ ရှိသည်ဟု ထင်ရသည့်ဘက်သို့ ဆက်မောင်း လာသည်။ သူသည် တကယ်ကမ်းတွင် တောင်ဝင်ရိုးစွန်းဘက်သို့ နည်းနည်း ပြန်ကွေ့သွားနေခြင်း ဖြစ်သည်။ သူ၏စိတ်မှာ သူ သယ်ဆောင်လာသည့် အသက် အန္တရာယ် ပြုနိုင်သော ပစ္စည်းများ ဘက်သို့



တစ်လှည့်၊ အိမ်တွင် ကျန်ရစ်ခဲ့သည့် ဇနီးနှင့် ကလေးများဆီသို့ တစ်လှည့် ရောက်နေသည်။

ခြောက်လပဲ လိုတော့သည်။ နောက် ထပ် ခြောက်လ နေပြီးလျှင် အိမ် ပြန်ရောက် တော့မည်။ အိမ်နှင့် ခွဲနေခဲ့ရသည်မှာ နောက် ခြောက်လဆိုလျှင် လေးနှစ် ပြည့်ပြီ။

သူ ကြောက်စိတ် ဝင်နေသည်။ ကြောက်လန့် နေမိသည်မှာ အစကတည်းက ဖြစ်သည်။ သို့သော်လည်း သူ တကယ်ကြောက်စိတ် ဝင်နေကြောင်း သူ့ကိုယ်သူ ဝန်ခံမိခြင်းမှာ သည်တစ်ခါ ပထမဆုံး ဖြစ်သည်။ စနိုကက်၏ အမြန်နှုန်းပြဒိုင်ခွက်ကို လှမ်းကြည့်သည်။ မြားတံကလေးမှာ ၃၀ ဂဏန်းကျော်ကျော်မှာ တုန်ခါနေသည်။ သည်နှုန်းမျိုးမှာ မိုးလေဝသ အခြေအနေ ကောင်းမွန်သည့် အချိန်မျိုးမှာပင် မြန်ဆန်လွန်းနေပေရာ ယခုလို ရှေ့ နောက်ဝဲယာ မမြင်ရသည့် အခြေအနေမျိုးတွင် စိတ်ရှူးပေါက်ပြီး မောင်း နေ သည် ဟု ပင် ဆိုလောက်သည်။

သူ အိမ်ပြန်ရောက်ချိန်တွင် ဆောင်းဦးပေါက်လောက်ပြီ။ ကလေး များမှာ ကျောင်းတက်နေတုန်း ရှိဦးမည်။ ဒါက ပြဿနာ မဟုတ်ပါ။ သူ အနေဖြင့် ကလေးများကိုကျောင်းမှ အနည်းဆုံး လေး ပတ် လောက် တော့ နုတ်ထား ရမည်။ လေးပတ်ထက်ပင် ပိုချင် ပိုမည်။ ကိစ္စ မရှိပါ။ စာမသင်ရ၍ ဘာမျှ မဖြစ်။ သူတို့တွင် တစ်သက်လုံး စာသင်ချိန် ရှိနေသေးသည်။ သူသည် ဇနီးမယား သမီး သားများနှင့်အတူ တောင်ပိုင်းသို့ သွားလည် ကြမည်။ ကမ်းခြေ တစ်ခုခုမှာ

www.burmeseclassic.com

www.burmeseclassic.com



အပန်း ဖြေမည်။ နွေးထွေးသည့် ရာသီဥတုကို တဝကြီး ခံစား ကြမည်။ ရေကူး ကြမည်။ လှေငယ် တစ်စင်းနှင့်ပင် ရွက်လွှင့်၍ ရလောက် သေးသည်၊ ကမ္ဘာတွင် အံ့ချီးဖွယ် အကောင်းဆုံး ကိစ္စနှစ်ရပ်ကို သူတို့ ပျော်ရွှင် ခံစားကြရမည်။ ရယ်မော ပျော်ရွှင်ခြင်းနှင့် နွေးထွေးခြင်းတို့ ဖြစ်သည်။

မြန်နှုန်းပြ မြားတံမှာ ၅၈ ဂဏန်း သို့ပင် ရောက်နေပြီ ဖြစ်ရာ ခေါင်း ခန်း ထဲ တွင် မတရား ခုန်လွန်း နေသည်။ လေပြင်းက အငြိုးကြီးစွာဖြင့် တဝုန်းဝုန်း တိုက်ခတ်နေသည်။ တစ်ခါတလေတွင် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ နှုန်း လောက် အထိ လေပြင်းသည်။ သည်မုန်တိုင်းမှာ အင်ပြည့် အားပြည့် တိုက်ခတ်နေသည့် အန္တာတိကာ မုန်တိုင်း တစ်ခု ဖြစ်သည်။

စနိုကက်၏ ရှေ့ဘက်မှ စကီပြားများ ပပ်ကြားအက် ကြီး၏ နှုတ်ခမ်းပေါ်သို့ မရောက်ခင်မှာပင် ခရီး ရှေ့ဆက် နိုင်တော့မည်မဟုတ်မှန်း သူ နားလည်လိုက်သည်။ စနိုကက်မှာ ရှေ့သို့ ဦးစိုက် ဆင်းသွားသည်။ နောက်မှာ တွဲထားသည့် စွပ်ဖားတွဲပါ ပပ်ကြားအက်ကြီးထဲသို့ ထိုးဆင်းနေခိုက်တွင် ကြောက်လန့်တကြား အော်ဟစ်မိသည်။ ပလတ်စတစ်လေကာ မှန်ကို ခေါင်းဖြင့် ဆောင့်မိ သောကြောင့် မှန် တစ်ခုလုံး ပင့်ကူအိမ် ယှက်သွားသည်။ ယာဉ် ကို ထိန်း သိမ်း သည့် မောင်းတံဖြင့် ရင်ဘတ်ကို ထိုးမိသောကြောင့် နံရိုးသုံးချောင်း ကျိုးသွားသည်။



စနိုကက်မှာ အောက်မှ ရေခဲပြင်နှင့် ဘေးတိုက် ဆောင့်မိ သွားပြီးမှ ပုံမှန်အတိုင်း ပြန်ထောင်သွားသည်။ ဘယ်ဘက် လက်မောင်း သွင်သွင်ကျိုးသွားကာ ညာဘက် တင်ပါးဆုံရိုး ပြုတ်ထွက် သွားသည်။

ပေ ၅၀ နက်သည့် ပပ်ကြားအက်ကြီး၏ အောက်ခြေနှင့် စနိုကက်၏ အောက်ပိုင်း ဆောင့်မိ သွားစဉ် ရူးရူး ဝါးဝါး အော်ဟစ် မိသည်။ သူ၏ ကျောရိုးမှာ သုံးပိုင်း ကျိုးထွက် သွားသည်။ ခေါင်းခန်း ခေါင်မိုးပေါ်သို့ မာတင့် ဘူးများ တင်ထားသည့် စွပ်ဖား ပြုတ်ကျလာသံက နားကွဲ မတတ် ကျယ်လောင် သည်။

ထို့နောက် နားထဲတွင် တိတ်ဆိတ်သွားသည်၊ သတိတော့ မလစ် သေးပါ။

အားလုံး ကိစ္စပြတ်ပြီ။ ငါသည် သေလူဖြစ်နေပါကလားဟု သူ့ စိတ်ထဲမှ သိနေသည်။ သူသည် ဘာမျှ မတတ်နိုင်တော့မှန်း သိသော်လည်း မသေချင်သေးသည့် စိတ်ကြောင့် လွတ်လို လွတ်ငြား ကြိုးစား ကြည့်ချင်စိတ် ပေါ်လာသည်။ ဇနီး သည်နှင့် ကလေးများကို ပြန်တွေ့လို မြင်လိုသေးသည်။ သူတို့၏ ပျော်ရွှင် ရယ်မောသံကို နားဆင်လို သေးသည်။ နွေးထွေးမှုကို ခံစားလို သေးသည်။

မုန်တိုင်းက သူနှင့် အလှမ်း ကွာနေသည်။ လေပြင်းက အဝေးကြီးမှာ တိုက်ခတ်နေသည်။ ထိုစဉ် နောက်ထပ်အသံ တစ်သံက သူ၏ သိစိတ်ထဲသို့ ဝင်ရောက်လာသည်။ အပြင်ဘက် သူ၏ ညာဘက်ခေါင်း အထက်နားဆီမှ ဖြစ်သည်။ ညာဘက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ခေါင်းလှည့်ကြည့် မိသည်။ ပြီးမှ အပေါ်သို့ မော့ကြည့်သည်။ ရှေ့ မီးလုံးကြီးများ၏ မှုန်ပျပျမီးရောင်အောက်မှနေ၍ စနိုက်ကက်၏ ပိန်ရှုံ့နေသော စက်ဖုံးပေါ်တင်နေသည့် သံမဏိဘူးကလေး တစ်လုံးကို လှမ်းမြင်ရသည်။ တရှူးရှူး အသံမှာ ထိုဘူးထဲမှ ထွက်ပေါ်နေခြင်း ဖြစ်သည်။ ဓာတ်ငွေ့ဘူးမှာ လေစိမ့်နေချေပြီ တကား။

ရိုးရိုးတန်းတန်း အချိန်တွင် လူသာမန်တို့ မစွမ်းသာသည့် အင်အား မျိုးဖြင့် သူ လှုပ်ရှားမိသည်။ လေစိမ့် နေသည့် ဓာတ်ငွေ့ဘူးနှင့် လေးငါး လက်မ အကွာအထိ ရောက်လာသည်။ သေရတော့မည်မှန်း သိရပြီးသည့်နောက်တွင် မျက်လုံးများ ပြူးထွက်လာသည်။ လည်မျိုတစ်ခုလုံး ရောင်ကိုင်းတက်လာသည်။ တစ်ကိုယ်လုံးမှ အာရုံကြောများမှာ ဂစ်တာကြိုးတစ်ချောင်းကို တီးခတ်နေသလို တဆတ်ဆတ် တုန်တက်လာသည်။ ကျိုးသွားသည့် နံရိုးများကလည်း သူ၏ အဆုတ်ထဲသို့ ခြောက်နေရာတွင် စူးဝင်နေသည်။ နောက်ဆုံးတွင် ခိုက်ခိုက်တုန်နေသည့် ပါးစပ်၏ အပြင်ဘက်သို့ လျှာတစ်လစ် ထွက်လာသည်။ လျှာ ပြတ်ထွက်သွားအောင် သွား များဖြင့် ကိုက်မိသည်။ ပန်းထွက်လာသည့် သွေးများမှာ ယုံနိုင်စရာမရှိသည့် အန္တာတိကာ အအေးဓာတ်ကြောင့် ချက်ချင်း ခဲသွားကုန်ကြသည်။

သူ့ အထက်ဆီတွင်မူ လေပြင်း မုန်တိုင်းမှာ အငြိုးကြီးစွာဖြင့် တိုက်ခတ်လျက်။

# ၁

နွေဦးကာလ ဖြစ်သည်။ ဝါရှင်တန် ဒီစီတွင်တော့ နေ၍ ထိုင်၍ အကောင်းဆုံး ကာလပင်။ ချယ်ရီပန်းများမှာ လှပဝေဆာစွာ ဖူးပွင့်နေကြသည်။ တိုက်ခတ်နေသည့် လေပြည်လေညင်းမှာ အနည်းငယ် အိုက်စပ်စပ် နိုင်သည်။

အန္တရာယ် များသည့် တာဝန် တစ်ရပ်ကို ဥရောပတွင် သွားရောက် ထမ်းဆောင်ပြီးနောက် ရက်ပေါင်း သုံးဆယ် အကြာတွင် ဌာနချုပ်သို့ ကျွန်တော် ပြန်ရောက် လာသည်။ ပြီးမှ ခွင့်ရက်ရှည် ယူပြီး အပန်းဖြေခရီး ထွက်ခဲ့သည်။ ယခု အပန်းဖြေပြီး၍ နောက်ထပ် လှုပ်ရှားရန် အသင့်ဖြစ်နေသည်။

ယမန်နေ့ ညက ဖြစ်သည်။ ကယ်လီဖိုးနီးယားမှ နေ၍ ကျွန်တော်၏ တိုက်ခန်းသို့ ပြန်ရောက်ခါစ အချိန်တွင် အေအိတ်စ်အီး လျှို့ဝှက် ထောက်လှမ်းရေး ဌာန၏ ညွှန်ကြားရေးမှူး ဖြစ်သူ ဒေးဗစ်ဟော့က နံနက် လင်းလင်းချင်း သူ့ထံသို့ အရင်ဆုံးလာရောက်ရန် ဖုန်းဆက်ခဲ့သည်။ ကျွန်တော်၏ အယ်လ်ဖာရိုမီယို တံခါးနှစ်ပေါက် ကားကလေးကို ကျွန်တော်တို့၏ သတင်းနှင့် ကြေးနန်းဌာန၏ မြေအောက်ထပ် ကားရုံထဲတွင် ထိုးဆိုက်လိုက်ချိန်တွင် နံနက် ရှစ်နာရီ ထိုးရန် မိနစ်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းလောက် လိုသေးသည်။ ကျွန်တော် တို့၏ သတင်းနှင့် ကြေးနန်း ဌာနမှာ ကျွန်တော်တို့ ထောက်လှမ်းရေး ဌာန ရှိနေမှန်း မသိအောင် ဟန်ပြတည်ထောင်ထားသည့် လုပ်ငန်း တစ်ခု ဖြစ်သည်။ ပဥ္စမထပ်သို့ ဓာတ်လှေကားဖြင့် ကျွန်တော် တက်လာသည်။

ဓာတ်လှေကား အပြင်သို့ ကျွန်တော် ထွက် လာ သည့် အခါ ဟော့၏ အတွင်းရေးမှူးမလေးက ကျွန်တော့်ကို နှုတ်ဆက်ပြီး ရုံးခန်းထဲ တစ်ခါတည်း ဝင်သွားဖို့ ပြောသည်။ ဒေးဗစ်ဟော့မှာ ယခင်ထက် ပိုပြီး အိုစာလာသည်။ သူ၏ အသက်အရွယ်ကိုတော့ ကျွန်တော်တို့ တစ်ဌာနလုံး မည်သူမျှ အတိအကျ မသိကြပါ။ ဟော့ သည် အရပ် ပုသည်။ ကျန်းမာ ရေး ကောင်းသည်။ သူ၏ ဆံပင်ထူထူများမှာ ဖွေးဖွေးဖြူ နေပြီ။ သူ့တွင် ဉာဏ် ထက်မြက်ပြီး လူ တစ် ဖက် သားကို ထွင်းဖောက် သိမြင်နိုင်သည့် မျက်လုံးမျိုး ရှိသည်။ ဟော့ကို ဆေးပြင်းလိပ် မပါဘဲ တွေ့ရဖို့ ခဲယဉ်းသည်။ ယခုလည်း အတူတူပင်။ သူသည် ပါးစပ်မှ ဆေးပြင်းလိပ်ကို ချွတ်ပြီး မတ်တတ်ရပ်သည်။ ကျွန်တော် သူ့ဆီသို့ လျှောက်သွားနေစဉ် လက်ကို အဆင်သင့် ကမ်းပေးထားသည်။ နှစ်ဦးသား လက်ဆွဲ နှုတ်ဆက်သည်။

'မင်း ပြန်လာတာကို ကြိုဆိုပါတယ် နစ်'

'အိမ် ပြန်ရောက်လာတာပဲ ကောင်းပါတယ် ခင်ဗျာ'

ဟော့က ကျွန်တော့်ကို ကုလားထိုင်တွင် ဝင်ထိုင်ရန် အရိပ်အကဲ ပြသည်။ ထိုင်ခုံတွင် ထိုင်ပြီးကြသောအခါ သူက



ကျွန်တော့်ကို အကဲခတ်သလို အကြာကြီး စောင့်ကြည့် နေသည်။

'မင်း ကြည့်ရတာတော့ ကျန်းကျန်းမာမာ ပါပဲ'

'ကျန်းမာ ပါတယ် ဆရာ'

'အလုပ် ပြန်ဝင်ဖို့ရော အဆင်သင့်ပဲလား'

'ကျွန်တော် ခေါင်း ညိတ်ပြ လိုက်သည်။ 'ဘာမှ မလုပ်ဘဲ နေနေ ရတာဟာ နေရ ထိုင်ရ တော်တော် ခက်ပါတယ် ဆရာ'

'နေပူစာရော လုံ့ခဲ့ရ ရဲ့လား၊ နွေးနွေး ထွေးထွေးရော ရှိရဲ့ လား'

'ရှိပါတယ် ဆရာ၊ ဒါနှင့် ကျွန်တော့်ကို တာဝန် ပေးစရာ ရှိလို့လား'

ဟော့ ခေါင်းညိတ် ပြသည်။ အတန်ကြာအောင် စဉ်းစား နေသည်။

'ဒီ ကိစ္စက ရိုးရိုးတန်းတန်း သွားကြည့်ပြီး ပြန်လာရမယ့် လုပ်ရိုးလုပ်စဉ် တာဝန် တစ်ခုလို့ ထင်ပါရဲ့ကွာ၊ ဒါပေမယ့် နေရ ထိုင်ရတာတော့ အဆင်ပြေမှာ မဟုတ်ဘူး'

'ကျွန်တော် သိပါတယ် ဆရာ'ဟု ပြန်သာ ဖြေလိုက်ရ သည်။ သူ ဘာပြောမှန်း ကျွန်တော် မသိပါ။ သို့သော်လည်း ဟော့သည် ကိစ္စတစ်ခုကို မည်သည့်အခါမျှ အလေအလွင့်ဆိုးဆယ် မလုပ်တတ်မှန်း အတွေ့အကြုံအရ ကျွန်တော် သိထားသည်။ ထို့ပြင် အရေး မကြီးသည့် တာဝန် မျိုးကိုလည်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့အား ပေးရိုးထုံးစံ မရှိပါ။ ကျွန်တော် သွားကြည့်ရမည့် ကိစ္စမှာ ဘာပဲဖြစ်ဖြစ် အရေးကြီးရမည်။

'ငါ့ကို မင်းရဲ့ သေနတ် ပေးစမ်း' ဟု ဟော့ခ်က ကျွန်တော့်ကို ပြောပြီး ရုံးတွင်း ဆက်သွယ်သည့် ခလုတ်ကို နှိပ်သည်။ 'မစ္စတာ ကာ့ချက် စကီ ရောက်လာပြီလား'

'ရောက်ပါပြီ ဆရာ' ဟု အတွင်းရေးမှူးက ပြန်ဖြေသည်။

'သူ့ကို အထဲ လွှတ်လိုက် ကွာ'

ကျွန်တော်သည် ကိုး မီလီမီတာ လူဂါ သေနတ်ကို ပခုံးစလွယ်အိတ်ထဲမှ ဆွဲထုတ်ပြီး ကျည်ကပ်ကို ဖြုတ်သည်။ ပြီးမှ ကျည်ကပ်နှင့် သေနတ်ကို ဟော့ခ်ထံ လှမ်းပေး လိုက်သည်။ ခဏ အကြာတွင် တံခါး ပွင့်သွားပြီး ကာချက် စကီ ဝင်လာသည်။ သူသည် အေအိုင်ဘီ အဖွဲ့၏ လက်နက် ပါရဂူ ဖြစ်သည်။ သူ့ အလုပ်တွင် ထူးချွန်သည်။ ကာချက် စကီ သည် ကျွန်တော်တို့ဆီသို့ လျှောက်လာပြီး ကျွန်တော့်ကို ခေါင်းညိတ် နှုတ်ဆက်သည်။ ဟော့ခ်၏ လက်ထဲမှ သေနတ်နှင့် ကျည်ကပ်ကို လှမ်းယူသည်။ သေနတ်ကို နှာခေါင်းနား ကပ်ကြည့်ပြီးမှ ခေါင်းခါသည်။

'ဒီ သေနတ်နှင့်တော့ ဘာမှ လုပ်လို့ ရမှာ မဟုတ်ဘူး'

'သူ့ကို လက်နက် တစ်မျိုး ပြောင်းပေးရဦး မှာလား'

ကျွန်တော် ထပြီး ကန့်ကွက်ရန် ဟန်ပြင်လိုက်သည့်အခါ ကာချက် စကီ တဟားဟား ရယ်မောသည်။ ကျွန်တော်၏ လူဂါ သေနတ်မှာ ကျွန်တော်၏ ကိုယ်ပွား ဖြစ်သည်။ ကာချက် စကီက



'ဒီ ပစ္စည်းဟာ လိုအပ်ချက်နှင့် မကိုက်ညီသေးဘူး၊ ပြုပြင်လို့ တော့ ရပါလိမ့်မယ်၊ သေနတ်မှာ ဆီအစား ဂရက်ဖိုက်ကို သုံးရမယ်၊ စပရိန်နှင့် မောင်းထိုး ဆလိုက်တံတွေကို လဲပေးရမယ်'

'မွန်းတည့်ချိန်မှာ အဆင်သင့်ဖြစ်နေတာ လိုချင်တယ်နော်'

'ရမှာပါ' ဟု ကာချက် စကီ ပြန်ဖြေပြီး ကျွန်တော်၏ လူဂါ သေနတ်ကို ကိုင်ရင်း ပြန်ထွက် သွားသည်။

'ကျွန်တော်တို့ နှစ်ဦးတည်း ကျန်ရစ်ခဲ့ကြသော အခါ ဟော့ခ်က ကျွန်တော့်အား ရှားရှားပါးပါး စပ်ဖြီးဖြီး လုပ်ပြသည်။

'အဲဒီ လူက အခွင့်အရေး ပေါ်လာတာနှင့် တစ်ပြိုင်နက် မင်းရဲ့ လက်နက် ခဲယမ်းကို ခေတ်မီနေအောင် လုပ်နေဖို့ ငါ့ကို အမြဲတမ်း အယုံသွင်း နေတာပဲ ကွ'

သူ့ အပြုံးကို ကျွန်တော် တုံ့ပြန်ရင်း

'ကျွန်တော့်မှာ လူဂါ သေနတ် မရှိရင်တော့ တစ်ပန်းရှုံးနေလိမ့်မယ်၊ ဒီ သေနတ်က လေးတော့ လေးတယ်၊ ဒါပေမယ့် ပစ်ရ ခတ်ရတဲ့ နေရာမှာ သွက်လက်တယ်၊ ချိန်သားလည်း ကိုက်တယ်'

'အန္တာတိကာတိုက် အကြောင်းကို မင်း ဘယ်လောက် သိထား သလဲ'

ဟော့ခ်က ကျွန်တော့်ကို မေးသည်။ စကားလမ်းကြောင်း ချက်ချင်း ပြောင်းသွား၍ ကျွန်တော်ပင် ကြောင်စိစိ ဖြစ်သွားသည်။ ဆိုသော် ဒါက သူ့ အကျင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



'အန္တာတိကာ တိုက်ဟာ အေးမြတဲ့ ရာသီဥတု ရှိတယ်၊ ကမ္ဘာ့ တခြား ဒေသတွေနှင့် ရာသီဥတု ပြောင်းပြန် ဖြစ်နေတတ်တယ်၊ အဲဒီမှာ ကျွန်တော်တို့ နိုင်ငံ အပါအဝင် နိုင်ငံ ၁၂ နိုင်ငံလောက်က လာပြီး သိပ္ပံပညာဆိုင်ရာ သုတေသနစခန်းတွေ ဖွင့်လှစ် ထားတယ်'

'တို့ရဲ့ သုတေသန စခန်းတွေကို ရေတပ်က တစ်ဝက်၊ အရပ်ဘက် ဌာနတွေက တစ်ဝက် ဦးစီးဆောင်ရွက် နေကြတာ ဖြစ်တယ်၊ ရုရှားတွေ ကလည်း တို့နှင့် အတူတူလိုပဲ လုပ်ကိုင် နေကြတယ်'

ဟော့သည် စင်တစ်ခုပေါ်မှ ဖိုင်တွဲတစ်တွဲကို ထယူပြီး ဖိုင်တွဲကို ဖွင့်သည်။ စာရွက်များကို ဟိုလှန် သည်လှန် လုပ်သည်။ ပြီးမှ ဖိုင်တွဲကို ပိတ်ပြီး ကျွန်တော့်ကို လှမ်းပေးသည်။

'သွားရင်းနှင့် ဒီဖိုင်တွဲကို မင်း ဖတ်ကြည့်ပေါ့ ကွာ'

'ဆရာ ဘာကို ပြောတာလဲ'

'မင်းဟာ အန္တာတိကာတိုက်က မက္ကမာဒိုရေလက်ကြားကို သွားစရာ ရှိတယ်'

'အဲဒီမှာ ဘယ်လို အန္တရာယ် တွေ့နေလို့လဲ ဆရာ'

အန္တာတိကာတိုက်မှာ ကမ္ဘာပေါ်တွင် အငြိမ်းချမ်းဆုံး နေရာဟု ကျွန်တော် အမြဲတမ်း ယူဆခဲ့သည်။ အန္တာတိကာ တိုက်တွင် လက်နက် ယှဉ်ပြိုင်မှု မရှိပါ။ တိုက်ပွဲဝင် စစ်သည်များ မရှိပါ။ ထို ဒေသတွင် အားလုံးမှာ သုတေသနလုပ်ငန်း သက်သက်ကိုပဲ လုပ်ကိုင်နေ ကြသည်။



'မင်း သွားကြည့်ရမယ့် ကိစ္စဟာ အန္တရာယ် ရှိချင်မှလည်း ရှိမှာပေါ့ ကွာ၊ ဒါပေမယ့် မင်းကို အဲဒီ နေရာ ရောက်အောင် သွားကြည့်စေချင်တာတော့ အမှန်ပဲ'

ဟော့က အဖြေပေးပြီး ကုလားထိုင်တွင် ပြန်ထိုင်သည်။ ဆေးပြင်းလိပ်ကို မီးပြန်ညှိရင်း စဉ်းစားသလို လုပ်နေသည်။

'တို့ရဲ့ ရေတပ်မတော်ဟာ အန္တာတိကာတိုက်မှာ သုတေသနစခန်း တော်တော်များများကို ဖွင့်လှစ် လုပ်ကိုင် နေကြတယ်၊ သုတေသန စခန်း အများစုဟာ မက္ကမာဒို ရေလက်ကြားနားမှာ ရှိတယ်၊ ဒါပေမယ့် ဝင်ရိုးစွန်းနှင့်နီးတဲ့ ကုန်းတွင်းပိုင်းမှာလည်း စခန်း တော်တော် များများ ဖွင့်လှစ်ထားသေးတယ်၊ လွန်ခဲ့တဲ့ ၇၂ နာရီကစပြီး အဲဒီ ကုန်းတွင်းစခန်းနှင့် ရေဒီယို အဆက်အသွယ် လုပ်လို့ လုံးဝ မရတော့ဘူးကွ'

'အဲဒီက မိုးလေဝသ အခြေအနေကို စဉ်းစားကြည့်ရင် ဒါဟာ သိပ်ပြီး ထူးဆန်းတဲ့ ကိစ္စ မဟုတ်ပါဘူး ဆရာ'

'ပုံမှန်အခြေအနေမျိုးမှာ ဆိုရင်တော့ မင်းပြောတဲ့ စကားကို ငါ လက်ခံမိမှာပါ၊ အဲဒီ အတိုင်း ဆိုရင် ဘာမှလည်း စိတ်ပူစရာ မလိုဘူး၊ တို့နှင့်လည်း ပတ်သက်စရာ မလိုဘူးပေါ့ကွာ'

'အခုတော့ ဘယ်လို ဖြစ်နေလို့လဲ ဆရာ'

'ငါ မနေ့က သမ္မတကြီးနှင့် စကား ပြောခဲ့ရတယ်၊ သူက ငါနှင့် ပူးပေါင်း ထောက်လှမ်းရေး အကြီးအကဲများ ကော်မတီ ဥက္ကဋ္ဌကို ခေါ်တွေ့ပြီး သူ စိုးရိမ်ပူပန်နေတဲ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖော် ပြောကြားတယ်၊ တို့ အနေနှင့် ဘာတွေ လုပ်နိုင်သလဲ၊ ဘာတွေ လုပ်သင့် သလဲ ဆိုတာ သိချင်နေတယ်'

သည်ကိစ္စမှာ 'လုပ်ရိုးလုပ်စဉ်' ဆိုသော သဘောသဘာဝနှင့် အများကြီး အလှမ်း ဝေးလာတော့မည်ကို ကျွန်တော် ကြိုသိ နေသည်းသို့သော် ခပ်မဆိတ်ပဲ နေလိုက်သည်။ ဟော့က ဆက်၍

'ဒီ ကိစ္စမှာ တို့ဟာ အင်မတန် သိမ်မွေ့ တဲ့ အနေအထားမှာ ရှိနေတယ် နစ်ရဲ့၊ အဲဒီ စခန်းဟာ လီဗစ် တောင်ကနေ ကုန်းတွင်း ဘက်ကို မိုင် ၁၀၀ လောက် ဝေးတဲ့ နေရာမှာ ရှိတယ်၊ တသီးတခြား သိပ်နိုင်ပြီး လူပြော သူပြော သိပ်မများတဲ့ စခန်း တစ်ခုပဲ'

'အန္တာတိကာ တိုက်မှာ ရှိတဲ့ လူတိုင်းဟာ အဲဒီ စခန်း အကြောင်း သိနေမှာပဲလို့ ကျွန်တော် ယူဆတယ်၊ အဲဒီမှာက လူနည်းနည်းလေးပဲ ရှိတော့ လျှို့ဝှက် ထား လို့ ရ မှာ မဟုတ်ဘူး'

'အဲဒီ စခန်း အကြောင်းကို လူတိုင်းက သိနေကြတယ်၊ ဒါပေမယ့် အဲဒီ စခန်းရဲ့ ရည်မှန်းချက် အမှန် ကို တော့ ဘယ်သူမှ မသိကြဘူး ကွ'

'အဲဒီ စခန်းမှာ ဘာကို သုတေသန လုပ်နေကြတာလဲ'

'မျိုးရိုးဗီဇဆိုင်ရာ သုတေသန လုပ်ငန်း လုပ်နေကြတယ်'

'ကျွန်တော်တော့ နားမလည်ဘူး ဆရာ'

'မျိုးရိုးဗီဇ အင်ဂျင်နီယာ ပညာကို စစ်ရေးမှာ အသုံးချဖို့ စမ်းသပ်နေကြတဲ့ စခန်းပေါ့ကွာ၊ ဒီ လုပ်ငန်းမှာ ဆိုဗီယက်



တွေဟာ တို့ရဲ့ ရှေ့က အများကြီး ပြေးနေတယ်၊ ရုရှားတွေဟာ အဲဒီ ကိစ္စကို အသည်းအသန် သုတေသန လုပ်မနေကြဘူး ဆိုရင် တို့က တို့ရဲ့ သုတေသန လုပ်ငန်းကို စွန့်လွှတ်လိုက်မှာ ဖြစ်တယ်၊ ငါ ပြောတာကို ယုံ၊ သူတို့ဟာ ရောဂါ အသစ်အဆန်း တွေကို သုတေသန လုပ်နေကြတယ်၊ တို့က ရေလဲနှင့် သုံးလို့ရတဲ့ ဖြေဆေး တစ်ရပ်ကို ရှာဖွေနေတာ ဖြစ်တယ်'

'ဒီ ကိစ္စကို ဘာဖြစ်လို့ အန္တာတိကာတိုက်မှာမှ သွားပြီး သုတေသန လုပ်နေရတာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ မတော်တဆ ရောဂါ ပြန့်ပွားခဲ့မယ် ဆိုရင် အန္တာတိကာတိုက်ဟာ ကမ္ဘာနှင့် အလှမ်းဝေးနေတာရယ်၊ ရာသီဥတု အေးမြတာရယ်ကြောင့် ကူးစက် ပြန့်ပွားမှု အနည်းဆုံး ဖြစ်လိမ့်မယ်လို့ ယူဆကြလို့ပဲပေါ့၊ ဇီဝဗေဒပိုင်းဆိုင်ရာ မတော်တဆ ထိခိုက်မှုတွေဟာ ကမ္ဘာပေါ်မှာ ဘယ်နေရာမှာပဲ ဖြစ်ပွားသည် ဖြစ်စေ လူသား အားလုံးရဲ့ အသက် အန္တရာယ်ကိုတော့ ဒုက္ခပေးနိုင်ကြတာချည်းပဲ၊ ဒီ အလုပ်ဟာ တို့တစ်တွေ ဂုဏ်ယူပြီး လုပ်ရတဲ့ အလုပ် မဟုတ်ပါဘူး၊ လိုအပ်လို့ လုပ်ရတဲ့ အလုပ်ပါ၊ ငါ့ကိုတော့ အဲသလို ပြောကြတာပဲ'

သည်ကိစ္စက တော်တော် ဗာတ်လမ်းရှုပ်မည့် ကိစ္စ ဖြစ်သည်။ သည်ကိစ္စကို အစကတည်းက စပြီး ကျွန်တော် မကြိုက်ချင်ဘော့ပါ။ ဟော့တွင် ကျွန်တော့်ကို ပြောစရာတွေ ရှိနေဦးမည်ဟုထင်မိသည်။ ဟော့က

www.burmeseclassic.com



'လွန်ခဲ့တဲ့ ၃၆ နာရီတုန်းက မိုးလေဝသ နည်းနည်းလေး ပြန်ကောင်းလာတုန်း မက္ကမာဒိုကနေ အဲဒီ စခန်းကို ရဟတ်ယာဉ် တစ်စင်း လွှတ်လိုက်တယ်၊ ရဟတ်ယာဉ်မှာ ပါသွားတဲ့ လေယာဉ်မှူးနှင့် လေတပ်သား တစ်ယောက်ဟာ နိမ့်နိမ့်က ပျံသန်းပြီး အဲဒီ စခန်း အခြေအနေကို အကဲခတ်ဖို့ ညွှန်ကြား ထားတယ်၊ ပထမတော့ သူတို့က ဘာမှ ထူးထူး ခြားခြား မတွေ့ရဘူး တဲ့၊ ဘာမှ လှုပ်လှုပ် ရှားရှား မရှိပေမယ့် ဘာမှ ထူးထူးခြားခြား ဖြစ်ပျက်နေပုံ မပေါ်ခဲ့ဘူး'

'အဲဒီတော့ သူတို့က ရဟတ်ယာဉ်နှင့် ဆင်းကြည့်ကြတယ် ဆိုပါတော့'

'သူတို့ ဆင်းကြည့်ကြတာ အမှန်ပဲ၊ ဒါပေမယ့် နှစ်မိနစ် အတွင်းမှာ လေတပ်သားဟာ ရေဒီယိုက နေပြီး ချောက် ချောက် ချားချား အကူအညီ အော်ဟစ်တောင်း လာတယ်၊ အဲဒီ နောက်မှာ ဘာသံမှ မကြားရ တော့ဘူး'

'အများသုံး ရေဒီယို လှိုင်းကနေ အကူအညီ တောင်းတာ လား ဆရာ'

ဟော့ ခေါင်းညိတ် ပြသည်။ ပြီးမှ

'အဲဒီ နောက်မှာ နောက်ထပ် ရဟတ်ယာဉ် တစ်စင်း ထပ်လွှတ် လိုက်တယ်၊ ဒီ တစ်ခါတော့ အောက်ကို ဆင်း မကြည့်ဖို့ တင်းတင်းကျပ်ကျပ် အမိန့်ပေး လိုက်တယ်၊ ဓာတ်ပုံ တော့ ရိုက်ယူလာဖို့ မှာလိုက် ပါတယ်'

ဟော့က နောက်ထပ် ဖိုင်တွဲ တစ်ခုကို ဖွင့်ပြီး ဓာတ်ပုံ တစ်ထပ်ကြီး ဆွဲထုတ်သည်။ ဓာတ်ပုံများကို ကျွန်တော့်ဘက်သို့



တွန်းပို့သည်။ ဓာတ်ပုံများထဲတွင် အဖြူရောင် နောက်ခံထဲမှ ထိုးထွက်နေသော တဲအိမ် မည်းမည်းလေးများကို တွေ့ရ သည်။ ရေဒီယို အသံလွှင့် အသံဖမ်း တိုင် တစ်တိုင်၊ လျှပ်စစ် ဓာတ်အားပေးရုံ တစ်ရုံ၊ လောင်စာဆီ လှောင်ကန် တစ်ကန်၊ ဓာတ်ခွဲခန်းများ၊ ဂြိုဟ်ရိုပ်သာနှင့် ဆက်သွယ် ထားသော ထောက်ပံ့ရေး တဲများ၊ တန်းလျား များကိုလည်း တွေ့ရ သည်။ အာတိတ် သို့မဟုတ် အန္တာတိတ်ဒေသတွင် တွေ့မြင် နေကျ သုတေသန စခန်းမျိုး တစ်ခုပင်။ ဂြိုဟ်ရိုပ်သာ တံခါးဝ နားတွင် အလောင်း တစ်လောင်းကို တွေ့ရသည်။ နောက် တစ်ယောက်က ရဟတ်ယာဉ် နှစ်စင်းရှိသည့် အနက် တစ်စင်း နားတွင် လဲကျ နေသည်။

'တံခါးနားက လူဟာ လေယာဉ်မှူးပဲ၊ ရဟတ်ယာဉ် နားက လူကတော့ လေတပ်သား၊ နှစ်ယောက်စလုံး သေနေ ကြပြီ'

ဟော့ ပြောလာသည့်အခါ သူ့ကို ကျွန်တော် မော့ကြည့် မိသည်။

'ရဟတ်ယာဉ်က ပို့လိုက်တဲ့ သတင်းကို လူတိုင်း ကြား လိုက်ရ သလား'

ဟော့က ခေါင်းညိတ်ပြပြီး 'ကြားလိုက်ရတဲ့ လူတိုင်းက ဖြေရှင်းချက် တောင်းနေ ကြတယ်၊ အဲဒီမှာ အားလုံး သိသင့် သိထိုက်တဲ့ အန္တရာယ် တစ်မျိုးမျိုး ဖြစ်ပွားနေသလား ဆိုတာ သိချင်တယ်လို့ လူတိုင်းက တောင်းဆိုနေ ကြတယ်'

'အန္တရာယ်ရော ရှိနေ လို့လား'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ ငါလည်း မသိဘူး ဆိုတာ ရိုးရိုး သားသား ပြောရမှာပဲ၊ သမ္မတကြီးလည်း မသိဘူး၊ ဘယ်သူမှလည်း မသိဘူး၊ ဒါပေမယ့် ဒီပြဿနာဟာ ကုလသမဂ္ဂအထိ ရောက်သွားပြီ'

'ကျွန်တော်တို့ သုတေသန လုပ်နေတဲ့ လုပ်ငန်းသဘောကို လူတွေ သိသွားရင် ဒုက္ခပေးနိုင်တယ် မဟုတ်လား ဆရာ'

'ဒုက္ခတော့ မပေးနိုင်ပါဘူး ကွာ၊ အဲဒီမှာ ရှိတဲ့ လူတိုင်းဟာ တို့ လုပ်နေတဲ့ သုတေသန လုပ်ငန်းမျိုး လုပ်နေကြတာပဲ၊ တို့ဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ အတွက်ပဲ သုတေသန လုပ်နေမှန်း ငါသိထားတယ်၊ ဂေါရာ ဖြေဆေးတွေကိုပဲ သုတေသန လုပ်နေတာပါ'

'ဒါဆိုရင် သူတို့ကို ဘယ်လို ပစ္စည်းမျိုးက သတ်ပစ်ခဲ့တာလဲ'

'တို့လည်း မသိဘူး ကွ၊ မတော်တဆ ကိစ္စ တစ်ခုခုပဲ ဖြစ်ခဲ့လို့လား၊ လုပ်ကြံ ဖျက်ဆီးတာပဲ ခံခဲ့ရသလား ဆိုတာ ကိုတော့ တွေးကြည့်ရုံပဲ တတ်နိုင်တယ်'

'အဲဒါကို ကျွန်တော်က သွားကြည့်ရမယ် ဆိုပါတော့'

'တစ်စိတ် တစ်ပိုင်း အနေနှင့် ဆိုပါတော့၊ ကုလသမဂ္ဂရဲ့ ဖိအားပေးမှုကြောင့် တို့ရဲ့ သမ္မတကြီးဟာ နိုင်ငံတကာ သိပ္ပံပညာရှင်အဖွဲ့ တစ်ဖွဲ့ကို ဖွဲ့စည်းပြီး သွားရောက် စုံစမ်းခိုင်းဖို့ သဘောတူလိုက်တယ်၊ ငါက မင်းကို အဲဒီ အဖွဲ့နှင့် လိုက်သွားစေချင်တယ် နစ်၊ အဲဒီမှာ ရှင်းလင်းစရာ ရှိရင် ဒါမှမဟုတ် တို့ရဲ့ လျှို့ဝှက်ချက်တွေကို လုံခြုံအောင် ထိန်းသိမ်းဖို့



လိုအပ်မယ်ဆိုရင် အဲဒီ အလုပ်ကို လုပ်ရမယ့် လူဟာ မင်းပဲ ဖြစ်တယ်'

ကျွန်တော် အနေဖြင့် သည်ကိစ္စကို များစွာ ဘဝင်မကျ မိကြောင်း ဟော့ကို ပြောမိသည်။ ဟော့က

'ငါလည်း မင်းလိုပါပဲ၊ ဒါပေမယ့် တို့ဟာ ကျဉ်းထဲ ကျပ်ထဲ ရောက်နေကြတယ်၊ အဲဒီမှာ ဘာတွေ ဖြစ်ပျက်ခဲ့သလဲ ဆိုတာ သေသေချာချာ သိရမှ ဖြစ်မယ်၊ မင်းဟာ အဲဒီမှာ စခန်းလုံခြုံရေး ကိစ္စတစ်ခုတည်းကို လုပ်ရမှာ မဟုတ်ဘူး၊ မျက်စိ ဖွင့် နားစွင့်ထားရမယ်၊ ဒါမှ မင်းပြန်လာတဲ့ အခါ ကျရင် လုံးဝ ဘက်လိုက်မှုကင်းတဲ့ အစီရင်ခံစာ တစ်စောင်ကို တင်သွင်းနိုင်မှာ ဖြစ်တယ်၊ အဲဒီမှာ ဘာတွေ ဖြစ်ပျက်ခဲ့တယ် ဆိုတာ တို့က သိမှ မသိသေးဘဲ'

ကျွန်တော် ဂျက်ကက် အင်္ကျီ အိတ်ထဲသို့ လက် နှိုက်ပြီး စီးကရက် တစ်လိပ်ကို ထုတ်သည်။ စီးကရက်ကို မီးညှိပြီး ခပ်ပြင်းပြင်း ရှိုက်ဖွာသည်။ ပြီးမှ 'ကျွန်တော် ဘယ်တော့ သွားရမှာ လဲ'ဟု မေးကြည့်သည်။

'ဒီနေ့ မွန်းလွဲပိုင်းလောက် သွားရလိမ့်မယ်၊ ဆန်ဖရန်စစ္စကို၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ဝိတိုရိယ ကုန်းမြေက တစ်ဆင့် မက္ကမာဒို အရောက် သွားရမှာပဲ'

'ကျွန်တော်က ဘယ်လို ရုပ်ဖျက် ပြီး သွားရမှာလဲ'

'မျိုးရိုး ဗီဇ သိပ္ပံ ပညာရှင် တစ်ယောက် အနေနှင့်ပေါ့ ကွာ၊ မင်း အဲဒီကို အရောက် သွားဖို့က နှစ်ရက်လောက် ကြာလိမ့်မယ်၊ မင်းနှင့်အတူ တကယ့် ကျွမ်းကျင်တဲ့ မျိုးရိုး

www.burmeseclassic.com

www.burmeseclassic.com



ဗီဇ သိပ္ပံပညာရှင် တစ်ဦး လိုက်လာ လိမ့်မယ်၊ သူက မင်း သိသင့် သိသိုက်တာတွေကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြလိမ့်မယ်၊ မင်းတို့ နှစ်ဦးဟာ နိုင်ငံတကာ စုံစမ်းရေး သိပ္ပံ ပညာရှင်များ အဖွဲ့ရဲ့ အဖွဲ့ဝင်တွေပဲ ပေါ့ကွာ'

'အဲဒီ သိပ္ပံ ပညာရှင်ကို ကျွန်တော့် အကြောင်း ဘာတွေ ပြောထား သေးသလဲ'

'မင်းဟာ ရေတပ် ဆိုင်ရာ အထူး စုံစမ်း စစ်ဆေးရေး အရာရှိ ဗိုလ်မှူးကြီး နစ်ကာတာ ဖြစ်တယ်လို့ ပြောထားတယ်၊ မက္ကမာဒို ကျရင် မင်း ဆက်သွယ်ရမယ့် လူဟာ အထူး စုံစမ်းရေး အဖွဲ့ရဲ့ ခေါင်းဆောင် ရေတပ် ဒုဗိုလ်မှူးကြီး ဂျွန် တီဘာတ်ပဲ၊ သူဟာ လူကောင်း တစ်ယောက်ပါ'

'ကျွန်တော်ဟာ ရေတပ်က ဆိုတာ သူက ယုံကြည်ရဲ့လား'

ဟော့ ခေါင်းညိတ် ပြသည်။ နှစ်ဦးသား အတန်ကြာ တိတ်ဆိတ်သွားသည်။ နောက်ဆုံးတွင် ကျွန်တော်က

'အဲဒီမှာ ဘာတွေ ဖြစ်ခဲ့တယ်လို့ ဆရာ ထင်သလဲ'

'မတော်တဆ ထိခိုက်မှု တစ်ခုခု ဖြစ်ခဲ့တယ် ထင်တာပဲ၊ ကံဆိုးလို့ပေါ့ကွာ၊ ဒါပေမယ့် ဒီအလုပ်ဟာ အန္တရာယ်များမှန်း လူတိုင်း နားလည် ပါတယ်'

ကျွန်တော် မတ်တတ် ထသည်။ ဟော့က

'မင်း ဒီမှာ တစ်မနက်လုံး အချိန် ဖြုန်းလို့ ရတယ်၊ ဆန်ဖရန် စစ္စကိုကို မင်း လိုက် သွား ရ မယ့် လေယာဉ်က နေ့လယ် နှစ်နာရီခွဲမှာ ထွက်လိမ့်မယ်'



'အဲဒီ သိပ္ပံ ပညာရှင်နှင့် ဘယ်ကျမှ တွေ့ရမှာလဲ'

'ဆန်ဖရန် စစ္စကိုမှာ မင်း လေယာဉ် မဆိုက်ခင် အဲဒီ အမျိုးသမီးက ကယ်လီဖိုးနီးယားမှာ မင်းကို လာစောင့်နေမှာပါ'

'ဒီ သိပ္ပံ ပညာရှင်က အမျိုးသမီး လား'

'မျိုးရိုး ဗီဇ ပညာရပ် နယ်ပယ်မှာတော့ အတော်ဆုံးပဲလို့ ပြောတာပဲ၊ ကံကောင်းပါစေ နစ်၊ မင်းကိုယ် မင်းလည်း ဂရုစိုက်ပါ'

'ဟုတ်ကဲ့ ဆရာ'ဟု ကျွန်တော် အဖြေ ပေးပြီး ဟော့၏ ရုံးခန်းထဲမှ ထွက်လာခဲ့သည်။ အမှုတွဲ ဖိုင်နှင့်အတူ အောက်ထပ်မှ ကျွန်တော့် ရုံးခန်းသို့ ဆင်းလာခဲ့သည်။

တစ်မနက်ခင်းလုံး လိုလို ဖိုင်တွဲတွင် ပါသည့် ကိစ္စများကို ကျွန်တော် စိတ်ဝင်တစား ဖတ်ရှုသည်။ ဖိုင်တွဲထဲတွင် စခန်း၏ အကြောင်းသာမက စခန်းတွင် လုပ်ကိုင် ဆောင်ရွက်နေကြသည့် သိပ္ပံ ပညာရှင် များ၏ အကြောင်းများ ကိုပါ ဖော်ပြထားသည်။ သူတို့သည် သေဆုံး သွားကြပြီဟု ယူဆရသည်။

ထို့နောက်တွင် အန္တာတိကာတိုက် အကြောင်း၊ အန္တာတိကာတိုက်တွင် တိုးတက် ဖြစ်ထွန်း နေမှုများ၊ သုတေသနစခန်းများ ဖွင့်လှစ် လုပ်ကိုင်နေသော နိုင်ငံများ၊ အန္တာတိကာတိုက်၏ ပထဝီဝင် အနေအထား များနှင့် မိုးလေဝသအခြေအနေ များကို ဖတ်ရှု မှတ်သားသည်။

www.burmeseclassic.com

www.burmeseclassic.com



အန္တာတိကာတိုက်မှာ အလည် သွားဖို့ ကောင်းသည့် ဒေသ မဟုတ်ပါ။ ကျွန်တော် ဖတ်ရှုခဲ့သည့် သတင်း အချက်အလက်များ အရ အန္တာတိကာတိုက်သည် ကမ္ဘာ ပေါ်တွင် လူသူ ရောက်ပေါက်မှု အနည်းဆုံး၊ နေရ ထိုင်ရ အခက်ခဲဆုံး ဒေသ တစ်ခု ဖြစ်သည်။ ယခုတော့ ထို ဒေသတွင် ဘေး အန္တရာယ် တစ်ခု ကျရောက် နေချေပြီ။ သုတေသန စခန်းတွင် ဘာပဲ ဖြစ်ပျက်ခဲ့သည် ဖြစ်စေ၊ သာမန် ဇီဝဗေဒပိုင်းဆိုင်ရာ မတော်တဆ ထိခိုက်မှု တစ်ရပ်ထက် မကဖို့ကတော့ သေချာသည်။ လော့လောဆယ်တွင်မူ ကျွန်တော်၏ စိတ်ခံစားမှုကို အထောက်အကူပြုမည့် သက်သေခံ တစ်ခုမျှ မရှိသေးပါ။ ကျွန်တော့် စိတ်တွင် အလိုလို ထင်နေမိခြင်းသာ ဖြစ်သည်။

မွန်းတည့်ချိန် လောက်တွင် ကာချက် စကီသည် လူဂါ သေနတ်နှင့် အတူ ကျွန်တော့်ဆီသို့ ရောက်လာသည်။

'သေနတ်ထဲမှာ ဆီအစား ဂရက်ဖိုက် ထည့်ပေးလိုက်တယ်၊ နူးညံ့တဲ့ ယန္တရားပိုင်း တချို့ကိုလည်း အား အပို ဖြည့်ပေးထားတယ်၊ သုည အောက် ၅၀ ဒီဂရီ ၆၀ ဒီဂရီ လောက် အပူချိန် ရှိနေတဲ့ နေရာမှာ ဒီ သေနတ်ကို ရိုးရိုးတန်းတန်း သွားပြီး အသုံးချလို့ ရမှာ မဟုတ်ဘူး၊ ဆီထည့်ထားရင် ချက်ချင်း ခဲသွားပြီး တချို့ အစိတ်အပိုင်းလေးတွေ ကျိုးပဲ့ ထွက်သွားလိမ့်မယ်'

'ကျေးဇူး တင်ပါတယ်'

ကာချက် စကီ ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်။ ကျွန်တော်သည် နောက်ဆုံးပိတ် လုပ်စရာရှိသည်များကို



လုပ်ကိုင်ပြီးနောက် ကျွန်တော်၏ တိုက်ခန်းသို့ ပြန်လာခဲ့သည်။ ပစ္စည်း နည်းနည်းပါးပါး ထုပ်ပိုးသည်။ ကျွန်တော်၏ လက်နက်များကို အထူး တည်ဆောက်ထားသည့် ရေဒီယို ကက်ဆက်ထဲတွင် လုံခြုံစွာ ထည့်သွင်းသည်။ လေဆိပ် လုံခြုံရေးများ သတိမထားမိဘဲ သယ်ဆောင် သွားနိုင်စေရန် ဖြစ်သည်။ ထို့နောက် လေဆိပ်သို့ ကားတစ်စီးငှားပြီး ထွက်လာခဲ့သည်။

ဝါရှင်တန်တွင် နွေဦးပေါက်ခါစ ရှိသေး၍ နွေးထွေးသည်။ နှစ်သက်စရာကောင်းသည့် ရာသီဥတုမျိုးပင်။ မက္ကမာဒိုတွင်မူ ရှည်လျားသည့် ဆောင်းရာသီနှင့် နီးကပ် နေချေပြီ။ တကယ်တော့ မက္ကမာဒိုမှာ သွားဖို့မသင့်သည့် နေရာတစ်ခုပါကလား။

ဒေါက်တာ လာနာအက်ဒ့်ပ်မှာ အသက် ၃၀ ကျော်ကျော်၊ လှပချောမောသည့် မိန်းမပျိုတစ်ဦး ဖြစ်ကြောင်း တွေ့ရသည်။ ဆံပင်ကို တိုတိုညှပ်ထားသည်။ မျက်လုံး များမှာ ကြီးမား နက်မှောင်သည်။ မျက်နှာမှာ သေးသေးသွယ်သွယ်နှင့် နူးညံ့ပုံ ရသည်။ ကိုယ်လုံးကိုယ်ပေါက် သေးသွယ်သည်။

သူမသည် ဆန်ဖရန်စစ္စကို လေဆိပ်တွင် ကျွန်တော့်ကို လာရောက် တွေ့ဆုံသည်။ အချင်းချင်း မိတ်ဆက်ကြပြီးနောက် ကျွန်တော့်ကို အရက်ခန်းမသို့ ခေါ်ဆောင် သွားသည်။

'ကျွန်မတို့ လေယာဉ်ပျံ ထွက်ဖို့ အချိန် နှစ်နာရီလောက် လိုနေသေးတယ်၊ ဗိုလ်မှူးကြီး ကျွန်မ တို့ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း တစ်ယောက် ပိုပြီး နားလည် လာအောင် အဲဒီအချိန်ကို အသုံးပြုကြ တာပေါ့'

'ကျွန်တော်တို့ဟာ တော်တော်များများ နီးနီးကပ်ကပ် လက်တွဲပြီး အလုပ် လုပ်ကြရမှာဖြစ်လို့ ကျွန်တော့်ကို နစ်လို့ပဲ ခေါ်ပါ'

ကျွန်တော်တို့သည် အရက်ဘား အတွင်း ဝင်ရောက်ပြီး စားပွဲ တစ်လုံးတွင် ဝင်ထိုင်လိုက်ကြသည်။ သူမသည် ပြုံးပြုံးရယ်ရယ် မရှိပါ။

'ကျွန်မကတော့ ဗိုလ်မှူးကြီး ကာတာလို့ ခေါ်ရမှာကို ပို သဘောကျတယ်'

ကျွန်တော် မျက်ခုံးပင့်ပြလိုက်မိသည့် အခါ သူမက

'အဲဒီ စခန်းမှာ လုပ်နေတဲ့ လုပ်ငန်းက ရေတပ်မတော်နှင့် ဘာမှ မဆိုင်လို့ပါ' ဟု ဖြေသည်။ သူမ၏ လေသံ ဝဲဝဲက ချစ်စရာ ကောင်းသည်။

'ခင်ဗျားက ကနေဒါ လူမျိုး လား'

'ကျွန်မကို ကနေဒါမှာမွေးတာပါ၊ ဒါပေမယ့် အခုတော့ အမေရိကန်နိုင်ငံသား ဖြစ်နေပါပြီ'

'ငြိမ်းချမ်းရေးသမား တစ်ယောက် ဆိုပါတော့'

သူမက ခေါင်းညိတ်ပြပြီး

'ရှင်ကတော့ ရန်လိုတဲ့ လူမျိုး ဖြစ်ရမယ်'

အခြေအနေက ရယ်စရာ မဟုတ်ဘဲနှင့် ကျွန်တော် အသံထွက်အောင် ရယ်ပစ်လိုက် မိသည်။ သူမသည် အခြေ အနေ



များကို ခက်ခဲအောင် ဖန်တီး လာမည့်သူ ဖြစ် ကြောင်း သေချာသည်။

စားပွဲထိုး အမျိုးသမီး ရောက်လာသည်။ ကျွန်တော်က ဘရန်ဒီကို ရေခဲထည့်ပြီး ယူခဲ့ရန် မှာသည်။ လာနာက ဂျင်ဂျာအေး တစ်ခွက် မှာသည်။

သူမသည် အခြေအနေများကို ခက်ခဲအောင် ဖန်တီးတော့မည်မှာ သေချာနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂

နယူးဇီလန်နိုင်ငံ မြောက်ကျွန်းရှိ အော့ကလင် လေဆိပ်တွင် ကျွန်တော်တို့ ဆင်းသက်သည်။ ဆန်ဖရန်စစ္စကိုမှ နေ၍ နာရီ ၂၀ ကြာ စီးနင်းလိုက်ပါခဲ့ရာ နံနက် နှစ်နာရီ ခန့်တွင် အော့ကလင်သို့ ရောက်ရှိလာကြခြင်း ဖြစ်သည်။ ကျွန်တော်တို့သည် ထိုမှ တစ်ဆင့် ပြည်တွင်း လေကြောင်းခရီးဖြင့် တောင်ကျွန်းပေါ်ရှိ ဒူနီဒင် လေဆိပ်သို့ ရောက်လာခဲ့ရာ ရေတပ်ဗိုလ်ကြီးဖြစ်သူ ဂျိုးဇက်ကို ဆိုသူက လာရောက် တွေ့ဆုံသည်။

'နယူးဇီလန်ကို လာလည်တဲ့ အတွက် ကြိုဆိုပါတယ်'

သူက ကျွန်တော်တို့အား အကောက်ခွန် အမှုထမ်းများ ကြားမှ တစ်ဆင့် ခေါ်ဆောင် လာပြီး နောက်တွင် ထိုသို့ ပြောလာသည်။ အသက် ၂၅ နှစ်ခန့် အရွယ်ရှိသော ဂျိုးဇက်ကိုမှာ အမြဲတမ်း ပြုံးနေပုံ ရသည်။ ကျွန်တော်က

'အစီအစဉ်က ဘယ်လိုလဲ ဗိုလ်ကြီး၊ ဒေါက်တာ အက်ဒွင်နှင့် ငါနှင့်ကတော့ တော်တော် ခရီးပန်း နေပြီ'

'ကျွန်မကတော့ ရေမိုးချိုး ပူပူနွေးနွေး စားပြီး အိပ်ရာဝင်ချင်နေပြီ ဗိုလ်ကြီး'

www.burmeseclassic.com



လေဆိပ် အဆောက်အအုံမှ ကျွန်တော်တို့ ထွက်လာပြီး ရေတပ် ရုံးကား တစ်စီး၏ နောက်ခုံတွင် ဝင်ထိုင် လိုက်စဉ် လာနာက ပြောလိုက်သည်။ ဇစ်ကိုက ကျွန်တော်တို့ကို လှည့်ကြည့်ပြီး ခေါင်းခါ ပြသည်။

'ကျွန်တော်ကတော့ လေယာဉ်ထိုင်ခုံ တစ်လုံးရယ်၊ ထမင်းဘူး တစ်ဘူးရယ် လောက်ပဲ အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ပါလိမ့်မယ်၊ တစ်လမ်းလုံးလည်း လေယာဉ်က ခုန်နေမှာ ခင်ဗျ'

လာနာ ကန့်ကွက်ရန် ဟန်ပြင်လိုက်စဉ် ကျွန်တော်က ကြားဖြတ်ပြီး

'ငါတို့က အခုပဲ ခရီး ပြန်ထွက်ရဦး မှာလား'

'ဟုတ်ပါတယ် ခင်ဗျား၊ လေယာဉ်ကွင်းမှာ လေယာဉ်က အသင့် စောင့်နေပါတယ်၊ မိုးလေဝသက လောလောဆယ်မှာ နည်းနည်း ကောင်းနေတယ် ခင်ဗျ၊ အခု ချက်ချင်း မသွားရင် နောက်ထပ် နှစ်ပတ် သုံးပတ်အတွင်း အဲဒီကို သွားနိုင်မှာ မဟုတ်သေးဘူး'

ဇစ်ကိုက ကားကို လေဆိပ် အဆောက် အအုံမှ နေ၍ လေယာဉ်ကွင်းကို ဖြတ်သန်းပြီး ဇက်ကျိုး သေလောက်သည့် အရှိန်ဖြင့် ကားကို မောင်းထွက်သွားသည်။ နံဘေးတွင် ထိုင်နေသော လာနာကို ကျွန်တော် လှမ်းကြည့်သည်။ သူမသည် ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ ငေးကြည့်ကာ အတွေး ရေယဉ်ကြောတွင် နစ်မျောနေပုံ ရသည်။



လာနာသည် ဆန်ဖရန်စစ္စကိုမှ ထွက်လာသည့် တစ်ချိန်လုံး ကျွန်တော်နှင့် ရင်းရင်းနှီးနှီး ပြောဆိုနေထိုင်ခဲ့ခြင်း မရှိပါ။ တကယ်ဘမ်းတွင် အနေကြာလာလေ လေ သူမသည် ပိုပြီး ဂနာမငြိမ် ဖြစ်လာလေဟု ထင်ရသည်။ သူမ ဘာပြဿနာ တက်နေမှန်း ကျွန်တော် မသိ။

လေယာဉ်ထားသည့် ရုံတစ်ရုံရှေ့တွင် ဆိုက်ထားသော ဟာကြူလီ စီ ၁၃၀ အမျိုးအစား သယ်ယူ ပို့ဆောင်ရေး လေယာဉ်ကြီး၏ ဝမ်းဗိုက် အောက်ရှိ တံခါးပေါက်များမှ တစ်ဆင့် ပစ္စည်း ရိက္ခာ များကို တင်သွင်းလျက် ရှိသည်။ လေယာဉ်ကြီး၏ ကိုယ်ထည် နှင့် အမြီးတွင် အမေရိကန် ရေတပ်မတော် အမှတ်အသားများ ရေးထားသော်လည်း လေယာဉ်ပေါ်သို့ ကုန်တင်ပေးနေသူ အများစုမှာ အရပ်သား ဝတ်စုံများ ဝတ်ဆင်ထား ကြသည်။

'ဒီနှစ် ဆောင်းတွင်းက နည်းနည်း စောတယ် ခင်ဗျ၊ မက္ကမာဒိုမှာ ရှိတဲ့ ကျွန်တော် တို့ရဲ့ စခန်းတွေကို ရိက္ခာ ဖြည့်တဲ့ အလုပ် မပြီးမချင်း ကျွန်တော် တို့တော့ အအေး ဒဏ် ဆက်ခံနေရ ဦးမယ်'

'ကျွန်မတော့ ဒီဟာကြီးနှင့် မလိုက်နိုင်ဘူး'

လာနာက ကန့်ကွက်သည်။ ဇစ်ကိုက သူမအား နောက် ကြည့်မှန်ထဲမှ ကြည့်ရင်း'

'ဆောရီးပဲ ဗျာ၊ မက္ကမာဒိုကို သွားမယ့် လေယာဉ်က ဒီတစ်စင်းပဲ ရှိတယ်၊ ဒါပေမယ့် ဒါက ခင်ဗျား သဘောပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတော့ ဆိုဗီယက် ကိုယ်စားလှယ် အဖွဲ့နှင့်ပဲ လိုက်သွားတော့မယ်'ဟု လာနာက ထပ်ပြောနေရာ ကျွန်တော် ကြားဝင်ပြီး 'ဆက်ပြီး စကားကြောရှည် မနေနှင့်'ဟု ခပ်ပြတ်ပြတ် ပြောလိုက် ရသည်။ ပြီးမှ မှန်ထဲမှ ဇစ်ကို၏ ပုံရိပ်ကို ကြည့်ကာ 'မင်း ဘာမှာ မကြားလိုက်ဘူး မဟုတ်လား' ဟု မေးကြည့်သည်။

'လေတိုက်နေလို့ ကောင်းကောင်း မကြားရဘူး'

လေယာဉ် အနားသို့ ကျွန်တော်တို့ ကား ကွေ့ဝင်သွားသော အခါ ရေတပ်မတော် ဝတ်စုံ ဝတ်ထားသည့် လူတစ်ယောက်က ကုန်တင်နေသည့် လူအုပ်ထဲမှ ထွက်လာသည်။ လေယာဉ် ဝမ်းဗိုက် တံခါးများ နားတွင် ကား ရပ်လိုက်သောအခါ ကျွန်တော်တို့ ဆီသို့ လျှောက်လာသည်။ နောက်ခုံပေါ်မှနေ၍ ကျွန်တော် အပြင်ဘက်သို့ ဆင်းလိုက်လျှင်

'ဗိုလ်မှူးကြီး နစ်ကာတာ လား'ဟု ကျွန်တော့်ကို မေးသည်။

'ဟုတ်တယ်'ဟု ကျွန်တော် ဖြေလိုက်သည်။ အချင်းချင်း အလေးပြုပြီး လက်ဆွဲနှုတ်ဆက် ကြသည်။

'ကျွန်တော်က ဗိုလ်ကြီး ရစ်ဒလေပါ၊ ဒီလေယာဉ်ပျံကို မောင်းမယ့် သူပါပဲ'

လာနာ ကားထဲမှ ထွက်ပြီး ကျွန် တော်တို့ ဘက် သို့ ပတ်လျှောက် လာသည်။ ရစ်ဒလေက သူမဘက် လှည့်၍



'ဒေါက်တာ အက်ဒွပ် ပါလား'ဟု နှုတ်ဆက်ရင်း လက်တစ်ဖက် ကမ်းပေးသည်။ လာနာက ရစ်ဒလေ ကမ်းပေးသော လက်ကို မသိကျိုးကျွန်ပြုကာ

'ကျွန်မတို့ မသွားခင် တယ်လီဖုန်း ဆက်ချင်တယ်'

'ဆောရီးပဲ ဒေါက်တာ၊ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်တို့က အခု ချက်ချင်းပဲ ထွက်တော့မှာပါ'

'ကျွန်မ တယ်လီဖုန်း မဆက်လို့ မဖြစ်ဘူး ရှင့်'

ကျွန်တော်က ရစ်ဒလေ၏ လက်မောင်း တစ်ဖက်ကို ဆွဲပြီး လေယာဉ်ဆီသို့ ခေါ်လာခဲ့သည်။

'ခင်ဗျားရဲ့ ထမင်းဘူး အကြောင်း ပြောပြစမ်း ပါဦး၊ ဇစ်ကို ကတော့ ကမ္ဘာကျော် ထမင်းဘူးတွေလို့ ပြောတယ်'

ရစ်ဒလေ ဟက်ဟက် ပက်ပက် ရယ်မောသည်။ လေယာဉ်ပေါ်သို့ ကျွန်တော်တို့ တက်လိုက် ကြသည်။ လေယာဉ် ဦးပိုင်းဆီသို့ လျှောက်လာကြသည်။ လေယာဉ် စက်ခန်းကျယ်ကြီးထဲမှ လေကြောင်းလမ်းပြ၏ ထိုင်ခုံ နောက်တွင် ခေါက်၍ ရသည့် ကုလားထိုင် နှစ်လုံး ချထားသည်။ ရစ်ဒလေက ထိုင်ခုံ တစ်လုံးကို လက်ညှိုး ထိုးပြရင်း

'ကျွန် တော့် အဖွဲ့သားတွေ လူစုလိုက် ဦးမယ်၊ ပြီးရင် ချက်ချင်း ထွက်ခွာကြမယ်'

ထိုင်ခုံတွင် ကျွန်တော် ဝင်ထိုင်ပြီး ထိုင်ခုံ ခါးပတ်ကို ပတ်လိုက်သည်။ ရစ်ဒလေ ထွက်ခွာသွားပြီး မကြာမီ ကုန်လှောင်ခန်း တံခါးဝတွင် လာနာ ပေါ်လာသည်။ သူမက

www.burmeseclassic.com

www.burmeseclassic.com



စကား တစ်ခွန်းမျှ မပြောဘဲ ထိုင်ခုံတွင် ဝင်ထိုင်ကာ ထိုင်ခုံ ခါးပတ် ပတ်သည်။

သူမကို စကား တစ်ခွန်းလောက် ပြောလျှင် ကောင်းမည်လားဟု စဉ်းစား ကြည့်သည်။ ထို့နောက် သူမနှင့် ကျွန်တော် တောက်လျှောက် တွဲနေရမည် ဆိုလျှင် သူမကို ပွင့်ပွင့်လင်းလင်း ပြောထားတာပဲ ကောင်းသည်ဟု ဆုံးဖြတ် လိုက်သည်။ သူမ ဘက်သို့ ကျွန်တော် အနည်းငယ် မှီလိုက်သော အခါ လာနာမှာ အရိုက်ခံရမည်ဟု တွေးမိ၍လား မသိ တစ်ဖက်သို့ အသာ ကျုံ့သွားသည်။ ကျွန်တော်က

'လေယာဉ် မထွက်ခင် မင်းကို ငါ တစ်ခု ပြောထားမယ် လာနာ၊ ကယ်လီဖိုးနီးယားမှာ တုန်းက မင်းကို နည်းနည်းပါးပါး ရှင်းပြခဲ့ပြီးပြီလို့ ထင်တယ်၊ အဲဒီ စခန်းမှာရှိတဲ့ လူ ၂၇ ယောက်ရယ်၊ ရဟတ်ယာဉ် မောင်းတဲ့ သူနှင့် လေတပ်သားရယ် အားလုံး သေချင် သေနေလောက်ကြပြီ ဆိုတာ မင်း သိတယ်၊ အဲဒီမှာ သုတေသနပြုနေတဲ့ လုပ်ငန်း အမျိုးအစားကိုလည်း မင်း သိပြီးသားပဲ၊ နောက်ပြီး ဒီလို သွားပြီး စုံစမ်းစစ်ဆေးရမှာဟာ တို့ တစ်တွေချည်းပဲ မဟုတ်မှန်းလည်း မင်း သိပြီးပြီ'

လာနာမှာ နှုတ်ဆိတ်နေသော်လည်း သူမ၏ မျက်နှာလှလှလေးတွင် စိတ်လှုပ်ရှားမှု အရိပ် အယောင် ပေါ်လာကြောင်း တွေ့ရသည်။ ကျွန်တော်က ဆက်ပြီး

'နောက်တစ်ခါ မင်း အခုလို ဘောင်ကျော်ပြီး လုပ်ခဲ့မယ် ဆိုရင်၊ ဘောင်ကျော်တော့မယ် ဆိုတဲ့ အရိပ်အယောင်လေး ပေါ်လာရင် မင်းကို ကန်ထုတ်ပြီး အမေရိကားကို ပြန်ပို့လိုက်မယ်၊ ငါ ပြောတာ ရှင်းရဲ့လား'

သူမ၏ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ အတန်ကြာအောင် ကျွန်တော့်ကို မကျေ မချမ်း ကြည့်နေသည်။ ရစ်ဒလေနှင့် တခြား လူနှစ်ယောက် စက်ခန်းထဲ ဝင်လာမှ တစ်ဖက်လှည့်သွားသည်။ ရစ်ဒလေက ဘယ်ဘက်မှ ထိုင်ခုံတွင် ဝင်ထိုင်ရင်း

'ဇစ်ကို ကိုတော့ ခင်ဗျား သိပြီးသားပဲ၊ သူက လေကြောင်းလမ်းပြ၊ ဟောဒီက အရပ် ဆိုးဆိုးနှင့် တွမ်တာဗ် ကတော့ ကျွန်တော့်ရဲ့ တွဲဖက် လေယာဉ်မှူးပါ'

'ဗိုလ်မှူးကြီး ကာတာ' ဟု တွမ်တာဗ်က ကျွန်တော့်ကို ခေါ်ရင်း လက်ဆွဲ နှုတ်ဆက်သည်။

'နစ် သို့ပဲ ခေါ်ပါ'

'သူငယ်ချင်းတွေကတော့ ကျွန်တော့်ကို တာပ်ဗီလို့ ခေါ်ကြပါတယ်'

တာဗ်က ညာဘက် ထိုင်ခုံတွင် ဝင်ထိုင်ရင်း စပ်ဖြီးဖြီးနှင့် ပြောပြသည်။ လာနာကိုတော့ လုံးဝ ဂရုမစိုက်ပါ။ ဇစ်ကိုက လေကြောင်း လမ်းပြ ထိုင်ခုံတွင် ထိုင်သည်။ နားကြပ်ကို တပ်သည်။ သူ၏ ခေါင်းထက်တွင် တစောင်း တပ်ထားသော ထိန်းသိမ်းရေး ခလုတ်များကို လက်ချောင်းများဖြင့် လိုက်ဖွင့် လိုက်သည်။

'ရပ်ပါလို့ ရေးထားတဲ့ ဆိုင်းဘုတ်နား ရောက်ရင် ဘယ်ဘက်ကို ခပ်ကြမ်းကြမ်း ချိုးကွေ့ပါ၊ စာတိုက်ရုံးကို ဖြတ်ပြီး ဘာရေ့ဒ်ဝေးကို တည့်တည့် ပျံသန်းမယ်'



www.burmeseclassic.com

www.burmeseclassic.com



'အိုကေ'ဟု ရစ်ဒလေ ပြန်ပြောသည်။ စီ ၁၃၀ လေယာဉ်ကြီး၏ အင်ဂျင်များက တစ်လုံးပြီး တစ်လုံး လည်ပတ်လာသည်။ ဇစ်ကိုက ကျွန်တော့်ဘက် လှည့်ပြီး

'မက္ကမာ့ဒို ရောက်အောင် မိုင်နှစ်ထောင် ပျံသန်းရမယ်၊ ပျံသန်းချိန် ခုနစ်နာရီလောက် ကြာမယ်၊ တစ်ခုခု စားချင်သောက်ချင်ရင် ဟိုထောင့်မှာ ကော်ဖီအိုး ရှိတယ်၊ ကော်ဖီအိုးဘေးမှာ ထမင်းဘူးတွေ ရှိတယ် ခင်ဗျ'

'ကျေးဇူးပဲ၊ ငါကတော့ တစ်ရေး အိပ်မလားလို့ စဉ်းစား နေတယ်'

ကျွန်တော် ပြောလိုက်သည့်အခါ တဗ်က နောက် လှည့်ပြီး

'ဗိုလ်မှူးကြီး ဒီ လေယာဉ်ပေါ်မှာ အိပ်လို့ ရမယ်ဆိုရင် ကျွန်တော်တို့ ကလပ်မှာ ညစာ ကျွေးပြီး ဘီယာ တစ်ဝကြီး ဝယ်တိုက် ပါ့မယ်'

'မင်း စကားတည်ပါစေနော် တပ်ဗီ'ဟု သူ့ကို ကျွန်တော် ပြန်ပြောပြီး မျက်စိကို စုံမှိတ်ထား လိုက်သည်။ လေယာဉ် မြောက်ပြီး ငါးမိနစ် အတွင်း ကျွန်တော် အိပ်မောကျ သွားသည်။

လေးနာရီမျှ ကြာအောင် ကျွန်တော် အိပ်ပျော်လိုက် နိုးလိုက် ဖြစ်နေမိသည်။ နောက်ဆုံးတွင်မှ မျက်လုံးကို စုံဖွင့်ပြီး အညောင်း ဆန့်ကာ ထိုင်ခုံ ခါးပတ်ကို ဖြုတ်လိုက်သည်။



'စနိုးဝိုက် နိုးလာပြီး' ဟု ဇစ်ကို ပြောလိုက်သည့် အခါ တဗ်က ကျွန်တော့်ကို လှည့်ကြည့်သည်။ ပြီးမှ ခေါင်းခါပြသည်။ ကျွန်တော်က

'ငါ့ကို ညစာ ကျွေးရင် အမဲသားကို မကျက် တကျက် ချက်ခိုင်း နော်'

'ဗိုလ်မှူးကြီး အိပ်ချင်ယောင် ဆောင်နေတာ မဟုတ်ဘူးလား'

'မဟုတ်ရပါဘူး ကွာ'

'သွားပြီ' ဟု တပ်ဗီ ပြောလိုက်ရာ အားလုံးက ဝိုင်းရယ်သည်။ လာနာမှာ သူမ၏ ထိုင်ခုံတွင် မရှိပါ။

'ဘယ်များ ထွက်ပြေးသွား သလဲ'

'ပေါင်ဒါ သွားရိုက်နေတယ် ထင်တာပဲ'

'ငါ ဆေးလိပ်သောက်လို့ မရဘူးလား'

'ရပါတယ်'ဟု ရစ်ဒလေက ပြောသည်။ 'ကော်ဖီသောက်ချင်ရင် အခုချက်ချင်း သောက်ထားနော်၊ နောက်ထပ် မိနစ် ၂၀ လောက် ဆိုရင် ကော်ဖီသောက်လို့ရမှာ မဟုတ်တော့ဘူး'

ကျွန်တော် မတ်တတ်ထပြီး ရှေ့ဘက်သို့ လျှောက်လာသည်၊ ရှေ့ လေကာမှန်မှ နေ၍ အပြင် ဘက်သို့ ချောင်းကြည့်သည်၊ အောက်ဘက်တွင် ပင်လယ်ပြင် မည်းမည်းမှာ ရေခဲတောင်များဖြင့် ပြည့်နှက်နေသည်။ ရှေ့တည့်တည့်တွင်မူ သောက်သွင်း၍ မရနိုင်လောက်ဟု ထင်ရသော အမှောင်ထုကြီး တစ်ခုက ရေပြင်မှ နေ၍ ထိုးတက်နေကာ ကျွန်တော် တို့၏ အသက်မှ စီးမိုးနေ လေသည်။

www.burmeseclassic.com



'အဲဒီမှာ ရာသီဥတုက တော်တော် ကြမ်းတမ်းပုံ ရတယ်'

'လေယာဉ်စီးရတာတော့ သိပ်ပြီး သက်သာမှာ မဟုတ်ဘူး'

'ကျုပ်တို့ နောက်ကြောင်း ပြန်လှည့်စရာများ ဖြစ်လာဦးမှာလား'

ရစ်ဒလေက ကျွန်တော့်ကို လှည့်ကြည့်ပြီး၊

'ဗိုလ်မှူးကြီးက အဲဒီကိုသွားဖို့ ဘယ်လောက် တောင် အရေးကြီး နေလို့လဲ'

'သိပ်ပြီး အရေးကြီးတယ်'

'ဒါဆိုရင် ကော်ဖီသောက်လိုက်တော့ ၁၅ မိနစ်လောက် ကြာရင် လေယာဉ် သွက်သွက်ခါအောင် လှုပ်နေလိမ့်မယ်'

ကျွန်တော် နောက်ကြောင်း ပြန်လှည့်သည်။ အပေါက်ဝမှ ခေါင်းလျှိုပြီး အပြင်ဘက်သို့ ထွက်လာသည်။ လာနာမှာ ကော်ဖီ ပူပူတစ်ခွက်ကို လက်တွင် ကိုင်ရင်း စက်ခန်း နံရံကို မှီရပ် နေသည်။ လာနာမှာ အသားအရေ ဖြူဖပ်ဖြူရော် ဖြစ်နေကာ အထက် နှုတ်ခမ်း အပေါ် နားတွင် ချွေးသီး ချွေးပေါက်များ စို့နေသည်။ သူမ ကျွန်တော့်ကို မော့ကြည့်လာသည့် အခါ

'နေလို့ ကောင်းရဲ့လား'

'ကျွန်မ ကြောက်နေလို့ပါ'

'မဏ္ဍမာဒီမှာ မင်း နေခဲ့လို့ ရတာပဲ၊ ဟို စခန်း အထိ တို့နှင့် လိုက်လာစရာ မလိုပါဘူး'



'ကျွန်မက အဲဒီကိစ္စကို ကြောက်လန့်နေတာ မဟုတ်ပါဘူး၊ အရင်တုန်းက ကျွန်မ တစ်ခါမှ လေယာဉ် မစီးခဲ့ဖူးလို့ပါရှင်'

'ဘုရားရေ'ဟု ကျွန်တော် ရေရွတ်မိသည်။ အားလုံးကိုလည်း နားလည် လိုက်သည်။

'မုန်တိုင်း မိလိမ့်မယ်လို့ သူတို့က ပြောနေကြလို့' ဟု ပြောလိုက်သော လာနာမှာ အောက်နှုတ်ခမ်း တဆတ်ဆတ် တုန်နေပြီး ငိုတော့မလို ဖြစ်နေသည်။ ဆန်ဖရန်စစ္စကို မှ ထွက်လာသည့် ခရီးတစ်လျှောက်လုံး သူမသည် ကြောက် သလိုလို ရှို့သလိုလို လုပ်လာခဲ့သည်။ သို့သော် သူမက ကျွန်တော့်ကို ကြောက်လန့် နေခြင်း မဟုတ်ပါ တကား။ လေယာဉ်စီးရသည့် အလုပ်ကို ကြောက်လန့် နေခြင်းပင်။ ဒါကို ကျွန်တော် မရိပ်မိ ခဲ့ပါ။

'ကော်ဖီ သောက်လိုက်လေ၊ ပြီးရင် စက်ခန်းထဲပြန်သွားပြီး ခါးပတ် ပတ်ထားကြရလိမ့်မယ်၊ လေယာဉ် နည်းနည်း ခါနေလိမ့်မယ် ကွ'

'ဘုရား ရေ'

'စိတ်မပူပါနှင့် လာနာ၊ လေယာဉ်မောင်းနေတဲ့ လူတွေက သူတို့ အလုပ်ကို သူတို့ ကျွမ်းကျင်ပြီးသားပါ၊ ဒီလိုပဲ သူတို့ သွားလိုက် ပြန်လိုက် လုပ်နေကြတာပဲ၊ အားလုံး အဆင် ပြေသွား မှာပါ'

www.burmeseclassic.com

www.burmeseclassic.com



သူမဏ ကျွန်တော့် စကားကို ယုံကြည်ချင်မိုတော့ ရသည်။ သို့သော်လည်း သည် အတိုင်းတော့ လိုက်လာ နိုင်လိမ့်မည် မဟုတ်ပါ။

'ခဏလေး နေဦးနော်' ဟု သူမကို ပြောထားခဲ့ပြီး စက်ခန်းထဲ ကျွန်တော် ပြန်ဝင်ခဲ့သည်။ ရစ်ဒလေကို အကျိုးအကြောင်း ရှင်းပြလိုက်သည်။ ရစ်ဒလေက

'ရှေ့ဦး သူနာပြု ဆေးသေတ္တာထဲမှာ စိတ်ငြိမ်ဆေးလုံးတွေ ရှိတယ်' ဟု ပြောသည်။

ဇစ်ကိုက စိတ်ငြိမ်ဆေး နှစ်လုံးကို ကျွန်တော့်ဆီ လှမ်းပေးသည်။ ကျွန်တော်သည် ဆေးလုံးများကို ယူ၍ လာနာဆီသို့ ပြန်လာပြီး

'ရော့ ဒီဆေး သောက်လိုက်၊ နည်းနည်းတော့ သက်သာသွားလိမ့်မယ်'

လာနာ ဆေးသောက်လိုက်သည်။ ကျွန်တော် စီးကရက်ကို ခပ်သွက်သွက်ဖွာပြီး ကော်ဖီခွက် တစ်ဝက်စာခန့် သောက်လိုက်ချိန်တွင် သူမ၏ မျက်လုံးများ ရီဝေလာကြောင်း တွေ့ရသည်။ သူမ၏ လက်ထဲမှ ကော်ဖီခွက်ကို ယူပြီး ခြင်း တစ်လုံးထဲသို့ ပစ်ထည့်သည်။ သူမကို လက်မောင်းမှကိုင်ပြီး စက်ခန်းထဲ ပြန်ခေါ်လာစဉ် လေယာဉ်မှာ လေအိတ်တစ်လုံးနှင့် မိသွားပြီး အောက်သို့ ပြုတ်ကျသည်။ လာနာမှာ ကျွန်တော်နှင့် တိုက်မိပြီး လဲကျသွားသည်။ အတန်ကြာမျှ ရုန်းကန်နေပြီးမှ ငြိမ်ကျသွားပြီး သူမ၏ ခန္ဓာကိုယ်ကို ကျွန်တော်နှင့် ပူးကပ်ကာ လည်ပင်းကို သိုင်းဖက်လာသည်။



'ကျွန်မကို ဖက်ထားစမ်းပါ နစ်ရယ်၊ ဖက်ထားစမ်းပါ'

လာနာက သူမ၏ မျက်နှာကို မော့ပေးပြီး မျက်စိမှိတ်ထားလိုက်သည်။ ကျွန်တော် သူမကို ငုံ့ပြီး နမ်းလိုက် ချိန်တွင် ကျွန်တော့်ကို တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားသည်။

'ဆရာတို့ နှစ်ယောက် ထိုင်ခုံ ခါးပတ် ပတ်ထားရင် ကောင်းမယ်' ဟု ရစ်ဒလေ က လှမ်းအော်သည်။ 'ကောင်းပြီ' ဟု ကျွန်တော် ပြန်ဖြေ လိုက်သည်။ လာနာကို ဆွဲထူပြီး သူမ၏ ထိုင်ခုံတွင် ထိုင်စေကာ ခါးပတ် ပတ်ပေးလိုက်သည်။ ပြီးမှ ကျွန်တော်၏ ထိုင်ခုံ ခါးပတ်ကို ပတ်သည်။ အနှာတီကာ မုန်တိုင်း ကြားမှ နေ၍ စီ ၁၃၀ လေယာဉ်ကြီး ဖြတ်သန်း မောင်းနှင်နေစဉ် အပြင် ဘက်တွင် ဖွေးဖွေးဖြူ နေသော တိမ်တိုက်များကိုသာ တွေ့ရသည်။ လာနာ ကျွန်တော့်ကို လှမ်းကြည့် နေစဉ် သူမ၏ မျက်နှာမှာ ပြောင်ချော်ချော် ဖြစ်နေလေသည်။

မက္ကမာဒိုရှိ အမေရိကန် သုတေသန စခန်းမှာ တဲအိမ်များ၊ ရေဒီယို မျှော်စင်များ၊ ဂျိုဟ်တု ထောက်လှမ်းရေး အသံဖမ်း ခွက်ကြီးများနှင့် ရိက္ခာ တဲများဖြင့် ဖွဲ့စည်း တည်ဆောက်ထားခြင်း ဖြစ်သည်။ မျက်စိ တဆုံး မြင်နေရသည့် အရပ်ခွင်မျက်နှာတွင် ဆီးနှင်းနှင့် ရေခဲများမှ လွဲ၍ ဘာမျှ မမြင်ရပါ၊ စခန်းအတွင်း နေရာတကာတွင် ဆီးနှင်းများ ဖြောင်ပုံရာဝ့် ဖြစ်နေသည်။ လေယာဉ်ကြီး နိမ့်ဆင်းနေစဉ် လောလော

www.burmeseclassic.com



လတ်လတ် ရှင်းလင်း ထားသော လေယာဉ် ပြေးလမ်းကို မြင်နေ ရသည်။

နေ့လယ် နှစ်နာရီခန့်သာ ရှိသေးသော်လည်း မှောင်ရီပျိုးနေပြီ ဖြစ်သည်။ စခန်းတွင် လေယာဉ်ကို သိမ်းထားနိုင်လောက်သည့် အဆောက်အအုံ ကြီးကြီး မားမား မရှိပါ။ သို့ဖြစ်၍ ကွင်းပြောင်ပြောင်မှာပင် လေယာဉ်ကို ဆင်းသက်လိုက်ရသည်။

'ဒီမှာ လေက ပြင်းထန် လွန်းတော့ တစ်ထပ်တိုက်ထက် မြင့်တဲ့ အဆောက်အအုံ ဆောက်လို့မရဘူး ဗျ၊ ဒီမှာ လေတိုက်နှုန်းဟာ တစ်နှစ်လုံး အနေနှင့် ခြုံကြည့်ရင် ပျမ်းမျှ တစ်နာရီမိုင် ၅၀နှုန်းလောက် ရှိတယ်၊ မုန်တိုင်း ကျတဲ့ အချိန်မျိုးမှာသာမန် လေတိုက်နှုန်းဟာ တစ်နာရီကို မိုင် ၁၀၀ကျော်ကျော်လောက် ရှိတယ်၊ ဒါဟာ လေပြင်း ကျတဲ့ အချိန် မျိုးကို ပြောတာ မဟုတ်သေးဘူး၊ တစ်ခါတလေ ဆိုရင် ကြိုးတွေနှင့် ဆိုင်းထားတဲ့ ရေဒီယို မျှော်စင်တွေကို ပြိုကျ မသွားအောင် မနည်း ထိန်းသိမ်း ထားရတယ်'

ရစ်ဒလေက ရှင်းပြသည်၊ ဟာကြူလီ လေယာဉ်ကြီးမှာ ကုန်ခြေ ရစ်ဘွာ တစ်ဖက်သို့ ကွေ့သွားပြီးမှ ရပ်တန့်သွားသည်။ ရစ်ဒလေနှင့် တဝ် တို့က ခလုတ်များကို ဟိုနှိပ် သည်နှိပ် လုပ်လိုက်ပြီးသည့် နောက်တွင် အင်ဂျင်များ ရပ်တန့်သွားတော့သည်။ ရစ်ဒလေက ထိုင်ခုံခါးပတ်ကို ဖြုတ်ပြီး မတ်တတ်ထလိုက်ရင်း



'အန္တာတိကာ တိုက်ကြီးက ကြိုဆို နေပါတယ်'

ကျွန်တော်သည် လာနာ၏ ထိုင်ခုံ ခါးပတ်ကို ဖြုတ်ပြီး သူမကို ဆွဲထူလိုက်သည်။ ရစ်ဒလေက လေယာဉ်နောက်ပိုင်းသို့ လျှောက်သွားသည်။ သူ ပြန်လာသည့်အခါ ဘွတ်ဖိနပ် ထူထူများ၊ ခေါင်းစွပ် ပါသည့် အနွေးထည်များနှင့် လက်အိတ်ထူထူများ ပါလာသည်၊

'ဒီ ပစ္စည်းတွေကို ဝတ်လိုက်ကြရင် ကောင်းမယ်'

လေကာမှန် အပြင်ဘက်သို့ ကျွန်တော် ချောင်းကြည့်သည်။ အနီးဆုံး အဆောက်အအုံ၏ အဝင်ဝမှာ ကျွန်တော်တို့နှင့် ကိုက် ၁၀၀ ပင် မဝေးပါ၊ ရစ်ဒလေက သွား အဖွေးသား ပေါ်အောင် ရယ်မောရင်း

'ခင်ဗျားက စမ်းကြည့်ချင် သေးလို့လား နစ်၊ အခု အချိန်မှာ အပြင်ဘက်က အပူချိန်ဟာ သုညအောက် ၆၃ ဒီဂရီမှာ ရှိနေတယ်'

ရစ်ဒလေ ထံမှ ပစ္စည်းများကို စကား တစ်ခွန်းမျှ မပြောဘဲ ကျွန်တော် လှမ်းယူ လိုက်သည်။ လာနာကို ဝိုင်းကူ ပေးပြီးနောက် ကျွန်တော် ကိုယ်တိုင် အနွေးထည်၊ လက်အိတ်နှင့် ဘွတ်ဖိနပ်များကို ဝတ်ဆင်လိုက်သည်။

ရစ်ဒလေ၊ တဝ်နှင့် ဇစ်ကို တို့ကလည်း သူတို့၏ အဝတ်အစား များကို အလားတူ ဝတ်ဆင်နေကြသည်။ အဆင်သင့်ဖြစ်သွားသောအခါ လေယာဉ် နောက်ပိုင်းမှ ကုန်လှောင်ရုံတံခါးကို ဖွင့်ပြီး အပြင်သို့ ထွက်လာခဲ့ကြသည်။ အပြင်ဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



လေမှာ အေးမြလွန်း သောကြောင့် အသက်ရှူ ရပ်မတတ် ဖြစ်သွား မိသည်။

အုပ်ချုပ်ရေးစခန်း ရုံးသို့ ကျွန်တော်တို့ ဦးတည် လျှောက်လာစဉ် အဝတ်အစား ထူထူထဲထဲ ဝတ်ဆင် ထားသည့် မြေပြင် အမှုထမ်းများက လေယာဉ်ပေါ်မှ ပစ္စည်းများချရန် လှုပ်ရှား နေကြသည်။ တံခါးဝ နားသို့ ရောက်လာသည့် အချိန်တွင် ကျွန်တော်၏ ပါးပြင်များမှာ ကျိန်းစပ်နေသည်။ မျက်ရည်နှင့် နှာရည်များ ထွက်လာသည်။ ခြေထောက်များ မှာလည်း အအေးဒဏ်ကြောင့် ထုံကျဉ် နေလေသည်။

စခန်းရှိ အမျိုးသမီး အမှုထမ်းများထဲမှ တစ်ဦးဖြစ်သော သူနာပြု ဆရာမက လာနာကို လာခေါ်သွားသည်။ ရစ်ဒလေ နှင့် အဖွဲ့က သူတို့ အစီရင်ခံစရာ ရှိသည့် ကိစ္စကို ဆောင်ရွက်ရန် ထွက်သွား ကြသည်။ ကျွန်တော့်ကိုမူ ဒုဗိုလ်မှူးကြီး ဂျွန် တီဘာတ်၏ ရုံးခန်းသို့ လိုက်ပို့ ကြသည်။

တီဘာတ်မှာ ကျွဲရိုင်း တစ်ကောင်ကဲ့သို့ တုတ်ခိုင်ကြီးမား သည့် ကိုယ်လုံး ကိုယ်ပေါက် ရှိသည်။ အရပ်က ခြောက်ပေ လေးလက်မ၊ ကိုယ် အလေးချိန်မှာ ပေါင် ၂၅၀ ခန့် ရှိမည်။ နက်မှောင်သည့် ဆံပင်ထူထူများ ရှိသည်။ အသား မည်းသည်။ သူ၏ မုတ်ဆိတ်မည်းမည်း ထူထူတွင် အမွေးဖြူ တစ်ချောင်းစ၊ နှစ်ချောင်းစ လောက်သာ တွေ့ရသည်။

သူ၏ ရုံးခန်း ကျဉ်းကျဉ်းကလေးမှာ စာအုပ်များ၊ မြေပုံ များနှင့် နီနေရောင်ဖြာသည့် ဖလော်ရီဒါ ကမ်းခြေပေါ်မှ ဘီကီနီဝတ် ကောင်မလေးများ၏ ပို့စကတ်များဖြင့် ပြည့်နှက်



နေသည်။ အချင်းချင်း မိတ်ဆက် လိုက်ကြပြီး နောက် ကျွန်တော်သည် ခေါင်းစွပ်ပါသည့် အနွေးထည်ကို ချွတ်ကာ တီဘာတ်၏ ရှေ့မှ ကုလားထိုင်တွင် ဝင်ထိုင် လိုက်သည်။ ကျွန်တော် စီးကရက် မီးညှိနေစဉ် တီဘာတ်က ဝီစကီကို ဖန်ခွက်နှစ်ခွက်ဖြင့် ထည့်ပြီး ထိုင်ခုံတွင် ပြန်ထိုင်သည်။

'ချီးယားစ်'ဟု တီဘာတ်က ထောမနာပြုပြီး ဖန်ခွက်ကို မြှောက်သည်။ သူ့ကို ကြည့်ရသည်မှာ ပျော်ရွှင်ပုံ မရပါ။ ကျွန်တော်က ဖန်ခွက်မြှောက် အလေးပြုပြီးနောက် နှစ်ဦးသား ဝီစကီ သောက်လိုက်ကြသည်။ တီဘာတ်က

'ဒေါက်တာ အက်ဒွပ်တော့ လေယာဉ်စီးရင်း ဒုက္ခရောက်လာတယ်လို့ ပြောတယ်'

'သူက လေယာဉ်ပျံ စီးရတာကို ကြောက်လို့ပါ၊ စိတ်ငြိမ်ဆေး ကျွေးထားပါတယ်'

'အမျိုးသမီးက နေလို့မှ ကောင်းပါ့မလား'

ကျွန်တော်က ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ပြီး

ဟိုခစန်းကို ကျုပ်တို့ ဘယ်တော့လောက် သွားကြမှာလဲ'

'မနက်ဖြန် တစ်ချိန်ချိန်ပေါ့ ဗျာ၊ တခြား စုံစမ်းရေး အဖွဲ့ဝင်တွေလည်း သူတို့ရဲ့ အခြေစိုက် စခန်းတွေကို ရောက်နေကြပြီ၊ ဒီနေ့ ညနေပိုင်းလောက် ဒီကို ရောက်လာကြမှာပဲ၊ မနက်ဖြန်ကျရင် ရှင်းပြစရာ ရှိတာ ပထမဆုံး ရှင်းပြမယ်၊ ပြီးရင် လုပ်ငန်း စကြတာ ပေါ့'

'အဲဒီမှာ ဘာတွေ ဖြစ်မှာလို့လဲဗျ ဗိုလ်မှူးကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကို ပေါလို့ပဲ ခေါ်ပါ၊ ဘာဖြစ်ခဲ့သလဲ ဆိုတာ ကျုပ်လည်း သိချင်နေတာပဲ၊ ဒါပေမယ့် အဲဒီကို ရောက်အောင် မသွားဘဲနှင့် ဘယ်လိုမှ သိနိုင်စရာ အကြောင်း မရှိဘူး ဗျ'

'ခင်ဗျားရဲ့ ရဟတ်ယာဉ်မှူးနှင့် လေတပ်သားကတော့ တော်တော် ကံဆိုးတယ် ဆိုရမှာပဲ'

'အားလုံး ကံဆိုးတာပါပဲ၊ ဒါနှင့် စုံစမ်းရေး ကော်မရှင်အဖွဲ့မှာ ဘယ်သူတွေပါမှန်း သိပြီးပြီလား'

ကျွန်တော် ခေါင်းခါပြ လိုက်ပြီး

'ကျုပ် ဒီကို ထွက်လာပြီးမှ ကော်မရှင်ကို ဖွဲ့စည်းခဲ့ကြတာပဲ'

'ဒီ့ကော်မရှင်မှာ ကျုပ်တို့ အုပ်စုဝင်တွေ အပြင် ရုရှားတစ်ယောက်၊ တရုတ် တစ်ယောက် နှင့် အရှေ့ ဂျာမန်တစ်ယောက်လည်း ပါနေတယ် ဗျ၊ ပွဲကတော့ တော်တော် ကြည့်ကောင်း ဦးမှာပဲ'

ကျွန်တော် ရှေ့ကို ကိုင်းပြီး ဝီစကီ ပုလင်းကို လှမ်းဆွဲသည်။ နောက်ထပ် တစ်ခွက်စီ ငှဲ့ထည့်သည်။

'ကျုပ်အလုပ်က ဘာလဲဆိုတာ ခင်ဗျား သိပါတယ် ပေါ၊ ခင်ဗျားရဲ့ အကူအညီကို ကျုပ် လိုအပ် လိမ့်မယ်'

'ရပါစေ မယ် ဗျာ'

'အဲဒီ စခန်းမှာ ဘာတွေ သုတေသန လုပ်နေ ကြတာလဲ'

'မျိုးရိုးဗီဇ သုတေသန...'ဟု ပေါ စပြောလာသည့် အခါ ကျွန်တော်က ကြားဖြတ်ပြီး'



'အဲဒီမှာ တကယ်တမ်း ဘာကို သုတေသန လုပ်နေသလဲလို့ ကျုပ် မေးတာ နော်၊ အဲဒီ သုတေသန လုပ်ငန်း အကြောင်းကို ဘာဖြစ်လို့ အရှေ့ အုပ်စုဝင် တွေကို အသိမခံ ချင်နေရတာလဲ'

'အဲဒါက ပြဿနာပဲ နှစ်၊ ဒီ ကိစ္စနှင့် ပတ်သက်ပြီး ကျုပ်တို့မှာ မျက်နှာ ပျက်စရာ ဘာမှ မရှိဘူး (ကျုပ်တို့ဟာ ဇီဝဗေဒ စစ်ဆင်ရေးမှာ အသုံးချတဲ့ ရောဂါပိုးတွေကို သုတ် သင်နိုင်မယ့် ဖြေဆေးတွေကို ဖော်ထုတ်နိုင်အောင် သုတေသန ပြုလုပ် နေကြတာပါ)'

'သူတို့ဟာ အန္တရာယ် ပေးလောက်တဲ့ အလားအလာရှိတဲ့ ပစ္စည်းမျိုးကို သုတေသန လုပ်နေကြလို့လား'

'ကျုပ် သိသလောက်တော့ အဲဒါမျိုး မရှိဘူး ဗျ'

ကျွန်တော် အနည်းငယ် တုံ့ဆိုင်းသွားပြီးမှ နောက်ထပ် မေးခွန်း တစ်ခု ထပ်မေးမိသည်။

'အဲဒီ စခန်းမှာ လုပ်ကိုင်နေတဲ့ လူ ၂၇ ယောက် ထဲမှာ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုပြီး လုပ် တတ် တဲ့ လူစားမျိုး မပါဘူးလား၊ စိတ်ဓာတ် အပြောင်းအလဲ များတဲ့ လူမျိုး မပါဘူးလား'

'အဲဒီ လူစားမျိုး မရှိဘူးလို့ ပြောတော့ ပြောချင်ပါတယ်၊ ဒါပေမယ့် ပြောလို့လည်း မရပြန်ဘူး၊ ကျုပ်ကလည်း အဲဒီ အချက်ကိုပဲ စိတ်ပူနေမိတယ်၊ ဒီဒေသမှာ နေရတိုင်းရ ဘာသာ လူတစ်ယောက်ကို ရန်လိုတဲ့စိတ် ဖြစ်ပေါ်စေတတ် တယ်၊ ဒီမှာက အမြဲတမ်း လေပြင်းတိုက်နေတယ်၊ မိုးလေ

www.burmeseclassic.com

www.burmeseclassic.com



ဝသက ကြမ်းတမ်းတယ်၊ မုန်တိုင်းတွေ ရှိတယ်၊ ကမ္ဘာဦးကာလက အခြေအမျိုး တွေထဲမှာ နေထိုင်ရတယ်၊ ကိုယ့်ကားပေါ် ကိုယ်တက်ပြီး ဟိုနား ဒီနား လျှောက် မောင်း လို့ မရဘူး၊ သစ်တောထဲကို အညောင်းပြေ လမ်းလျှောက်ထွက်လို့ မရဘူး မဟုတ်လား'

သည့် အဖြေမျိုးကိုပဲ ကျွန်တော် မျှော်လင့် ထားသည်။ သည်ကိစ္စက ကျွန်တော့် လုပ်ငန်းကို ခက်ခဲအောင် ဖန်တီး လာဦးမည်။

'အဲဒီမှာ တခြား ဘယ်လိုများ ဖြစ်နိုင်တာ ရှိသေးသလဲ၊ ဖောက်ခွဲ ဖျက်ဆီး သွားတာရော မဖြစ်နိုင်ဘူးလား'

'အဲသလို ဖြစ်နိုင်စရာ အလားအလာ မရှိဘူး ဗျ၊ ဒီမှာ ရှိတဲ့ လူတွေဟာ မိုးလား ကဲလား ပြော တတ်ကြပေမယ့် ယေဘုယျအားဖြင့်တော့ အေးအေးဆေးဆေး သမားတွေ ချည်း ပါပဲ၊ ဒီဒေသမှာ ဖောက်ခွဲ ဖျက်ဆီးမှုတွေ လုပ်ရ လောက်အောင် အခြေအနေတွေက မကောင်းလှပါဘူး ဗျာ'

ကျွန်တော်၏ ဒုတိယ အရက်ခွက်ကို ကုန်အောင် သောက် လိုက်သောအခါ တိဘတ်က

'ထပ် ယူဦး မလား'

'လောလောဆယ်တော့ တော်ပါပြီ၊ ကျုပ်လည်း ခရီး ပန်းနေပြီ၊ ကျုပ်ကို အိပ်စရာ နေရာ လိုက်ပြပါလား၊ နောက် လေးငါးရက်လောက်တော့ ကောင်းကောင်း အလုပ်ရှုပ်နေ လိမ့်မယ်လို့ ကျုပ် ထင်နေမိတယ်'

'စိတ်ညစ်စရာလည်း ကောင်းမှာပါပဲ'



တိဘတ်က ပြန်ပြောရင်း မတ်တတ် ရပ်သည်။ အခြေစိုက် စခန်းတွင် ရှိသည့် အဆောက်အအုံ အများစုကို အလ္လာတိတ် လိုဏ်ခေါင်းဟု ခေါ်သည့် လူသွား စင်္ကြံများဖြင့် ဆက်သွယ် ထားသည်။ တိဘတ် က ကျွန်တော့် အား စခန်းတွင်းရှိ အဆောက်အအုံများကို လိုက်လံ ပြသသည်။ ကျွန်တော့်အား အအေးဒဏ် ခံနိုင်စေမည့် အသုံးအဆောင်များ ထုတ်ပေး သည်။ စားရိပ်သာထဲတွင် အတန်အသင့် ကောင်းမွန်သည့် ထမင်းဟင်းလျာ ကျွေး မွေး သည်။ ပြီးလျှင် ကျွန်တော့် အခန်းကို လိုက်ပြသည်။ အခန်းလေးထဲတွင် ခေါက်ခုတင် တစ်လုံး၊ မှန်တင်ခုံ တစ်လုံးနှင့် ဗီရိုလေး တစ်လုံး ရှိသည်။ အပြင်မှ ခက်ထန်ကြမ်းတမ်းသည့် ရှုမျှော်ခင်းကို မျှော်ကြည့် ရန် ပြတင်းပေါက်ကလေး တစ်ချပ် ရှိသည်။

'နံဘေးက ကပ်လျက် အခန်းမှာ ဒေါက်တာ အက်ဒွပ် အိပ်နေတယ်'

'ကျေးဇူးပဲ ဗျာ' ဟု ကျွန်တော် ပြန်ပြောသည်။ ဂွမ်းကပ် ထည်ဖြင့် ရက်ထားသည့် စောင် များ ခင်း ထားသော ခေါက်ခုတင်မှာ ချက်ချင်းပင် အိပ်ရာဝင်ဖို့ ကောင်းနေပုံ ရသည်။

'ညဘက် တစ်ရေးနိုးပြီး လမ်းလျှောက်မယ်လို့ စိတ်ကူး မိရင်တော့ မထွက်လိုက်နှင့်နော်၊ ခင်ဗျား တစ်ခါတည်း သွေးခဲ သေသွား လိမ့်မယ်'

'စိတ်မပူပါနှင့် ဗျာ၊ ကျုပ်က ဒီအခန်းထဲကနေ တစ်ဖဝါးမှ မခွာပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



တိဘက် ထွက်သွားသော အခါ လာနာ၏ အခြေအနေကို ကျွန်တော် သွားကြည့်သည်။ သူမသည် ကောင်း ကောင်း အိပ်မောကျ နေချေပြီ။ ထို့နောက် ကျွန်တော့် အခန်းသို့ ပြန်လာသည်။ အဝတ်အစား ချွတ်ပြီး ခုတင်ပေါ် တက်လိုက်သည်။ ခေါင်းနှင့် ခေါင်းအုံး ထိလိုက်သည်နှင့် တစ်ပြိုင်နက် အိပ်မောကျသွား တော့သည်။

# ၃

တစ်စုံတစ်ခုသောအရာက ကျွန်တော့်ကို အိပ်နေရာမှ နှိုးလိုက်သည်။ အပြင်ဘက်တွင် လေက လေးတွဲ့တွဲ့ညည်းတွားသလို တိုက်ခတ်နေသည်။ ကျွန်တော်သည် အိပ်ရာပေါ်တွင် အသာလှဲပြီး နားစွင့်နေ လိုက်သည်။

ဘယ်ဘက်လက်ဖျံကို ကျွန်တော့်မျက်နှာရှေ့သို့ မြှောက်ကြည့်လိုက်သည်။ ကျွန်တော်၏ လက်ပတ် နာရီမှ မီးစုန်းဒိုင်ခွက်က မနက် နှစ်နာရီကျော်ကျော်မှာ ပြနေသည်။ ရေဒီယိုခန်းမှ လူများနှင့် ညလုံးပေါက် စမ်းသပ် လုပ်ကိုင်နေသော သိပ္ပံပညာရှင်တစ်ဦးတလေမှလွဲ၍ အားလုံး အိပ်မော ကျနေလောက်သည့် အချိန်မျိုးပင်။ သဘာဝမကျသည့်အသံတစ်သံကို ကြားလိုက် မိသောကြောင့် ကျွန်တော် ထထိုင်လိုက်သည်။ ကျွန်တော့်ကိုယ်ပေါ်မှ စောင်များကို တွန်းထုတ်လိုက်သည်။ ရှိုက်၍ ငိုနေသည့် အသံမျိုး။

ခုတင်ပေါ်မှ ကျွန်တော် ဆင်းလိုက်သည်။ ကျွန်တော်၏ ခြေနပ်မပါ ဗလာခြေထောက်များနှင့် ရေခဲတမျှ အေးစက်သည့် သမံတလင်းတို့ ထိတွေ့မိသည်။ ခေါင်းအုံး အောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ လူဂါ သေနတ်ကို ဆွဲထုတ်လိုက်သည်။ မလှုပ်မယှက် ရပ်ပြီး အသံဗလံ နားစွင့်သည်။

အသံက ထပ်ပေါ်လာသည်။ လာနာ၏ အခန်းထဲမှ ဖြစ်သည်။ နံရံနား ကပ်သွားပြီး နားထောင် ကြည့်သည်။ လာနာ၏ အသံ ဖြစ်သည်။ လာနာ ငိုနေသည့် အသံမျိုး။

ကျွန်တော် ရှိုက်ထားသည့် ပင့်သက်ကို မှုတ်ထုတ်လိုက်သည်။ စုံစမ်းရေး ကော်မရှင်တွင် ဘယ်သူတွေ ပါဝင်ကြောင်း တီဘတ်ထံမှ ကြားပြီးကတည်းက ကျွန်တော့် စိတ်က အနည်းငယ် ဂနာမငြိမ် ဖြစ်နေသည်။ ကျွန်တော်၏ မွေးရာပါ သံသယစိတ်ကြောင့်ဟု ထင်မိသည်။ သို့သော်လည်း သည်လို သံသယစိတ် ဝင်နေသည့်အခါ အိပ်ပျော်ဖို့ ခဲယဉ်းသည်။ လာနာ၏ ငိုသံ ကြားရုံဖြင့် ကျွန်တော့်အား အိပ်ရာမှ နိုးလာစေသည်။

သည်မိန်းမအပေါ် ကျွန်တော် သနားလည်း သနားသည်။ ဒေါသလည်း ဖြစ်သည်။ သည်ကို အလာတုန်းက လာနာ တော်တော် စိတ်သောက ပွားခဲ့မည်မှာ ထင်ရှားပါသည်။ သို့သော်လည်း သူမသည် စုံစမ်းရေး ကော်မရှင်နှင့် တွဲဖက်ပြီး လုပ်ကိုင်မည် ဆိုပါက ကော်မရှင်အဖွဲ့ဝင်များနှင့် မတွေ့ခင် သွားရောက် စုံစမ်းရမည့် စခန်းသို့ ခရီးမထွက်ခင် သူမကိုယ် သူမ စိတ်အားတင်းနိုင်ဖို့ ကောင်းသည်။

ကျွန်တော့် သေနတ်ကို ခေါင်းအုံး အောက်တွင် ပြန်ထိုးလိုက်ပြီး တံခါးပေါက်ဆီသို့ သွားကာ အနည်းငယ် ဟကြည့်လိုက်သည်။ လူသွားစင်္ကြံ ထဲတွင် မည်သူမျှ မရှိပါ။ အေးမြလွန်းသောကြောင့် ကျွန်တော်၏ ထွက်သက် ကိုပင် မြင်နေရသည်။



ဘွတ်ဖိနပ် စီးမည်ဟု စိတ်ကူးပြီးမှ အတွေး ပျောက်လိုက်သည်။ သူမ ဘာဖြစ်နေသလဲ ဆိုသည်ကို ကြည့်ဖို့ သူမကို နှစ်သိမ့်ဖို့နှင့် ပြန်အိပ်ဖို့က ကျွန်တော့်အတွက် နှစ်မိနစ်လောက်ပဲ ကြာလိမ့်မည်။ လူသွားစင်္ကြံ အတွင်းသို့ ထွက်ပြီး သူမ၏ တံခါးပေါက်ဆီသို့ လျှောက်လာခဲ့သည်။ တံခါးကို နားဖြင့် ကပ်ပြီး နားထောင်သည်။ သူမ ရှိုက်ငိုနေသံကို ကြားရသည်။ တံခါးခေါက်ရန် ဟန်ပြင်လိုက်စဉ် နောက်ထပ် အသံ တစ်သံ ကြားလိုက်ရသောကြောင့် တစ်ကိုယ်လုံး တောင့်တင်းသွားမိသည်။

သူမ၏ အခန်းထဲတွင် တခြား လူတစ်ယောက် ရောက်နေပါကလား။ ကျွန်တော် ကြားလိုက် ရသည့် အသံက ပျော့ပျောင်းပြီး မသဲကွဲလှပါ။ သို့သော် ယောက်ျား တစ်ဦး၏ အသံဖြစ်မှန်း ရိပ်စားမိနိုင်လောက်အောင်တော့ ကျယ်လောင်သည်။ ကျွန်တော် ကြားရသည့် အသံမှာ လာနာ၏ အသံ မဟုတ်ပါ။

ကျွန်တော့် အခန်းထဲ ပြန်သွားပြီး သေနတ် ယူရလျှင် ကောင်းမည်လားဟု စဉ်းစားသည်။ မယူတော့ဟု ဆုံးဖြတ်လိုက်သည်။ သည်မှာ ဘာတွေ ဖြစ်နေသည်ကို ပြော၍ မရသေးပါ။ အသက်တစ်ချက် ရှူပြီး အသက် အောင့်ထားလိုက်သည်။ တံခါး လက်ကိုင်ဘုကို စမ်းလိုက်သည်။ တံခါးမှာ သော့ မခတ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် တံခါး လက်ကိုင်ဘုကို ဂရုတစိုက် ညာဘက်သို့ တဆုံး လှည့်ပြီး တံခါးကို ဝုန်းခနဲ ဆောင့်ဖွင့်လိုက်သည်။ အခန်း မှောင်မှောင်ထဲသို့ ခုန်ဝင်ပြီး ညာဘက်သို့ ကိုယ်လုံးကို ရွှေ့ ရပ်လိုက်သည်။

'ကယ်ကြပါ'ဟူသော လာနာ၏ ခပ်အုပ်အုပ် အသံက ခုတင်ထက်မှ ထွက်ပေါ်လာသည်။ အနွေးထည်များဝတ်ဆင်ထားသော လူတစ်ယောက်၏ အရိပ် မည်းမည်းက ခုတင်ပေါ်မှ ခုန်ဆင်းပြီး ကျွန်တော့် ဆီသို့ ပြေး ဝင် လာ စဉ် ကျွန်တော်ကလည်း သူ့ ဆီသို့ အတင်း ဝင်သွားသည်။

'နစ်' ဟု လာနာ လှမ်းအော် လိုက်စဉ် ကျွန်တော်၏ နောက်စိကို တစ်စုံတစ်ခုက ခပ်ပြင်းပြင်း လာဆောင့်သောကြောင့် တစ်ခဏမျှ ဒူးညွတ် ကျသွားသည်။ ကျွန်တော်၏ ရှေ့မှ လူက လက်သီးကို နောက်သို့လွှဲပြီး ကျွန်တော့်မျက်ခွက်တည့်တည့်အား ထိုးထည့်လိုက်ပုံကို ငုတ်တုတ်ထိုင် ကြည့်နေရပြီး ကျွန်တော် လဲကျသွားသည်။ ကျွန်တော်သည် ကျွန်တော့်အား တိုက်ခိုက်နေသူကို လှမ်းဆွဲပြီး သူ၏ ရှေ့ ပိုင်း ကို လက်သီးဖြင့် ကျုံးထိုးလိုက်ပြီးနောက် မှောက်လျက် လဲကျသွားတော့သည်။

စက္ကန့်ပိုင်းမျှ အကြာတွင် လာနာ က ကျွန် တော့် ကို လာပြီး တွဲထူသည်။ စက္ကန့်ပိုင်း ဆိုသည့် အ ချိန် က လူဆိုး နှစ်ယောက် အခန်းထဲမှ ထွက်ပြီး စင်္ကြံအတိုင်း ထွက်ပြေးဖို့ လုံလောက်သည့် အချိန်ပင်။ တံခါးပေါက်ရှိရာသို့ ကျွန်တော် ဒယိမ်းဒယိုင်ဖြင့် လျှောက်သွားပြီး ချောင်းကြည့် လိုက်စဉ်



လိုက်ခေါင်းအဆုံးမှ တံခါးက ဝုန်းခနဲ ပိတ်သွားတော့သည်။ ထို့နောက် အစစအရာရာ ငြိမ်သက်သွားတော့သည်။

'ရှင် ထိခိုက်မိသွား သေးသလား ဟင်'

လာနာက ကျွန်တော့် နောက်မှ နေ၍ မေးလာသည်။ အပြင်တံခါးကို အတန် ကြာအောင် ကျွန်တော် ငေးကြည့်နေမိသည်။ ကျွန်တော့် နောက်စိ ထိခိုက်မိ သွားသလို မေးရိုးလည်း ရောင်ကိုင်းလာသည်။ သေတော့ မသေနိုင် သေးပါ။ ခဏကြာမှ ကျွန်တော် ချာခနဲ လှည့်ပြီး အခန်းမီးကို ဖွင့်ကာ တံခါးပိတ်ထား လိုက်သည်။

'ဒီမှာ ဘာတွေ ဖြစ်သွားတာလဲ'

ကျွန်တော် မေးလိုက်သည့်အခါ လာနာ ခေါင်းခါသည်။ ပြီးမှ တုန်တုန်ယင်ယင်ဖြင့်

'ကျွန်မလည်း မသိဘူး၊ ကျွန်မ အိပ်ရာက နိုးလာတော့ တစ်ယောက်က ကျွန်မ ပါးစပ်ကို လက်နှင့် ပိတ်ထားတယ်'

'သူတို့က ဘာလိုချင်လို့ တဲ့လဲ'

'သူတို့က ရှင့် အကြောင်းကို မေးကြတာပဲ၊ ရှင် ဒီမှာ ဘာလာလုပ် နေတာလဲ ဆိုတာ သိချင်တယ် တဲ့'

'ကျုပ်ကို နာမည်ဖော်ပြီး မေးကြတာလား'

'ဟုတ်တယ်၊ သူတို့က ကျွန်မကိုလည်း ရေတပ်က စုံစမ်းရေးမှူး တစ်ယောက်လို့ ထင်နေကြတယ်၊ ကျွန်မတို့နှစ်ယောက် တွဲပြီး ဘယ်လောက်ကြာကြာ အလုပ်လုပ်ခဲ့ဖူးသလဲ၊ ကျွန်မတို့ ဘာတွေ သိထားသလဲ လို့ မေးသွားကြတာပဲ'

'မင်းက ဘာတွေ ပြောလိုက်သေး သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မပြော ဘူး၊ ကျွန်မက အကြောက်လွန် နေလို့ ဘာမှ မပြောလိုက်ရဘူး၊ အဲဒီ နောက်မှာ ရှင့်ကို တစ်ယောက်က လက်သီးနှင့် ထိုးသွားတာပဲ'

'မင်း သူတို့ကို ဘာမှ မပြောလိုက်တာ သေချာတယ် နော်'

'မပြော ပါဘူး၊ ရှင်က စက္ကန့်ပိုင်း အတွင်းမှာ ရောက် လာတဲ့ တာပဲ'

'သူတို့က ဘယ်သူနှင့် တူသလဲ'

'အခန်းထဲမှာ သိပ်မှောင်နေတော့ သူတို့ရဲ့ မျက်နှာတွေ ကို မမြင်ရဘူး ရှင့်'

'သူတို့ရဲ့ လေယူ လေသိမ်းက ရော၊ ရုရှားသံ ဝဲသလား၊ တရုတ်နှင့် တူသလား၊ အရှေ့ ဂျာမန်နှင့် မတူဘူးလား'

'မပြောတတ်ဘူး နစ်၊ သူတို့ နှစ်ယောက်မှာ တစ်ယောက်ပဲ စကား ပြောခဲ့တာ၊ သူက လေသံနှင့်ပဲ ပြောတယ်'

သမ်ဘာလင်းပေါ်တွင် အနက်ရောင် ကြယ်သီး တစ်လုံးကို ကျွန်တော် သတိထား လိုက်မိသည်၊ ကျွန်တော် ရှေ့တိုး သွားပြီး ကြယ်သီးကို ကုန်းကောက် လိုက်သည်။ ပြီးမှ သူမအား

'မင်းရဲ့ ကြယ်သီးလား'

'မဟုတ်ဘူး'

ကျွန်တော်တို့၏ ရေတပ် ဝတ်စုံမှ ကြယ်သီးများမှာ ကဲ့သို့ ဝင် ယခု ကြယ်သီး တွင်လည်း အမှတ်အသား မပါရှိပါ။ ကျွန်တော့်ကို လက်သီးနှင့် ထိုးသွားသူ၏ အင္ကျီမှ ထည်ကို



ကျွန်တော် လှမ်းဆွဲလိုက်စဉ် ပြုတ်ကျန် ရစ်ခဲ့သော ကြယ်သီး ဖြစ်သည်မှာ သေချာသည်။ ကြယ်သီးမှာ များစွာ အရာ မရောက်သော်လည်း တစ်ခုခုတော့ ထူးခြားမှုနှင်း သိသာသည်။

အချင်း ဖြစ်ပွားသည့် စခန်းသို့ သွားရောက် စစ်ဆေးမည့် ကော်မရှင် တွင် ကျွန်တော် ပါဝင် နေမှန်း သိထားသူ တစ်ယောက်က ကျွန်တော့် အကြောင်းကို ပိုပြီး သိလိုနေ ကြောင်း ထင်ရှားသည်။ သည်စခန်း ကိစ္စနှင့် ပတ်သက်၍ ကျွန်တော် ဘယ်လောက် သိထားသလဲ၊ ကျွန်တော် ဘယ်သူ ဘယ်ဝါလဲ ဆိုသည်ကို သိချင်နေပုံ ရသည်။ သို့ဖြစ်လျှင် ကော်မရှင်တွင် ပါဝင်နေသော 'တစ်ယောက် ယောက် က ကျွန်တော့်ကို ကြောက်လန့် နေကြောင်း၊ သူ့တွင် ဖုံးကွယ် ထားစရာ အကြောင်းတစ်ခု ရှိနေကြောင်း အဓိပ္ပာယ် ပေါက် နေသည်၊ သို့သော်လည်း ထိုသူမှာ မည်သူ မဆို ဖြစ်နိုင် သည်။ ကျွန်တော်တို့ အထဲမှ အတွင်းလူ တစ်ဦးပင် ဖြစ်နိုင် သည်။ သည်ဒေသတွင် တသီးတခြား နေထိုင် နေရခြင်းက သိပ္ပံပညာရှင်များ၏ စိတ်ကို အများကြီး ပြောင်းလဲ စေနိုင် သည့်ဟု ဒုဗိုလ်မှူးကြီး တိဘတ်က ပြောခဲ့ဖူးသည်။

သစ္စာဖောက် တစ်ယောက်က သူ့ စိတ်ကူးရှိရာ စမ်းသပ်မှု တစ်ရပ်ကို သုတေသန ပြုလုပ်နေခြင်းလား။ ထို စမ်းသပ်ချက် ကပင် စခန်းမှ လူအားလုံးကို သတ်ဖြတ်ပစ်ခဲ့ လေသလား။ စမ်းသပ်ချက် တစ်ရပ်က မျှော်မှန်း ထားသည်နှင့် ဆန့်ကျင် ဘက်ဖြစ်လာသောကြောင့် အစိုးရ ကိုယ်တိုင် မသိနိုင်အောင် ဖုံးဖိဖို့ ကြိုးစားနေခြင်း ပေလား။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ ဖြစ်နိုင်သည့် အလားအလာ ရှိနေသည်။

'မင်း အနေနှင့် ဒီအကြောင်းကို ဘယ်သူ့ ကိုမှ ပြောမပြ စေချင်ဘူး'

ကျွန်တော်က အင်္ကျီ ကြယ်သီးကို အိတ်ထဲ ထည့်ရင်း ပြောလိုက်သည်။

'သူတို့က ရှင့်ကို သတ်ပစ်သွားရင် ရတယ်နော်'

'ရတော့ ရပါတယ်၊ သူတို့က သတ်တော့ မသွားသေးဘူး၊ သူတို့က သတင်း လောက်ပဲ လိုချင်ကြတာ ဖြစ်မယ်၊ ဒါပေမယ့် ဒီအကြောင်းကို ဘယ်သူမှ မပြောနှင့် နော်'

'ဒု ဗိုလ်မှူးကြီး တီဘတ်ကိုတော့ ပြောဖို့ သင့်တယ်'

ကျွန်တော် ခေါင်းခါပြီး 'ဘယ်သူ့မှ မပြောရဘူး' ဟု ပြောလိုက်သည်။

သူမက တစ်ဖက်လှည့်ပြီး ခေါင်းကုတ်သည်။

'ဒီမှာ ဘာတွေ ဖြစ်နေတာလဲ ဟင်'

ကျွန်တော် သူမ အနား တိုး သွား သည်။ လာနာက ကျွန်တော့်ဘက် လှည့်ပြီး ကျွန်တော့် ရင်ခွင်ထဲသို့ တိုးဝင်လာသည်။

'ကိုယ်လည်း မပြောတတ်ဘူး၊ အဲဒီကိစ္စကို အဖြေ ရှာဖို့အတွက် ကိုယ့်ကို ဒီနေရာ လွှတ်လိုက်ကြတာပဲ၊ ဒါပေမယ့် ကိုယ့်ရဲ့ အလုပ်ကို အကောင် အထည် ဖော်ရမယ် ဆိုရင် ကိုယ့်နည်း ကိုယ့်ဟန်နှင့် အလုပ် လုပ်ဖို့ လိုတယ်၊ အဲဒါကို သဘောတူ သလား'



လာနာက ကျွန်တော့်ကို မော့ကြည့်သည်။ ပြီးမှ 'သဘောတူပါတယ်' ဟု ဆိုသည်။ သူမ၏ နှုတ်ခမ်း နှစ်လွှာ မသိမသာ ဟသွားပြီးနောက် မျက်စိကို စုံမှိတ် လိုက်သည်။

ကျွန်တော် လာနာ့ကို ဖွဖွကလေး နမ်းရှုံ့ လိုက်မိသည်။ လာနာက

'နှစ်ရယ် ကျွန်မ အနားမှာပဲ နေပါနော်'

ခုနှစ် ၆း၃၀ နာရီတွင် ကျွန်တော် နိုးလာသည်။ ရေမိုးချိုးပြီး အအေးဒဏ်ခံသည့် အဝတ်အစားများကို ပြန်ဝတ်သည်။ ပြီးမှ စားသောက်ခန်းဘက်သို့ လျှောက်လာခဲ့သည်။ လာနာက စားသောက် ခန်းတွင် မရောက် နှင့် နေ သည်။ ကျွန်တော်တို့ အတွက် စားသောက်စရာ လင်ပန်း များကို တန်းစီယူလိုက်ပြီးသည့်အခါ တီဘတ်က စားပွဲရှည် ကြီး၏ အိပ်ဘွင် ထိုင်နေရာမှ လှမ်းခေါ်သည်။ သူနှင့်အတူ ထိုင်နေသူ ခြောက်ဦးတွင် အမျိုးသမီးတစ်ဦး ပါဝင်သည်။ တီဘတ်က ထိုင်နေရာမှ ထပြီး

'ဟောဒါကတော့ ဗိုလ်မှူးကြီး နစ်ကာတာနှင့် ဒေါက်တာ သာနာ့အက်ဒွပ်တို့ ပါပဲ၊ သူတို့ နှစ်ဦးကလည်း စုံစမ်းရေး ဆော်မရှင်မှာ ပါဝင်ကြမှာ ဖြစ်တယ်'

ကျန်သည့် လူများက နှုတ်ဆက်သည့် အနေဖြင့် ခေါင်း ညိတ်ပြ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမနက် ရှင်းလင်းပွဲကျရင် ဒီ ထက် ပြည့် ပြည့် စုံ စုံ ဖြစ်အောင် မိတ်ဆက် ပေးပါ့မယ်'

တိဘက် ထိုသို့ ပြောပြီးသည့်အခါ ကျွန်တော်နှင့် လာနာတို့ ထိုင်ခုံများတွင် ဝင်ထိုင် လိုက် ကြ သည်။ ကျွန်တော်တို့ အားလုံး နံနက်စာကို တိတ်ဆိတ်စွာ စားသောက် လိုက်ကြသည်။ ကျွန်တော်တို့ စားပွဲ တစ်လုံး ဥဿာ အခြေ အနေ တင်းမာနေခြင်း မဟုတ်ပါ။ တစ်ခန်း လုံးမှာ အခြေအနေ တင်းမာလျက် ရှိသည်။ သုခတာသန စခန်းတွင် တစ်စုံတစ်ခု ဖြစ်ပွားခဲ့ခြင်းကို လူတိုင်း သိနေကြသည်။ အားလုံးကလည်း ကျွန်တော်တို့ စုံစမ်းစစ်ဆေး၍ ရရှိလာမည့် အဖြေကို ပင့်သက်မရှူဘဲ စောင့်ဆိုင်းနေကြပုံ ရသည်။

ကျွန်တော်တို့ ထိုင်နေချိန်မှ တစ်နာရီခန့် ကြာသည့်အခါ တိဘက်က သူ၏ ကော်ဖီခွက်ကို တစ်ဖက်သို့ တွန်းပို့ပြီး မတ်တတ် ထသည်။

'ကိုင်း အမျိုးသမီး အမျိုးသား အားလုံးပဲ ကျုပ်နှင့် လိုက်ခဲ့ပြီး ဆွေးနွေးပွဲ ခန်းမမှာ လုပ်ငန်း စလိုက်ကြရအောင်လား၊ ကျုပ်တို့ သွားရမယ့် စခန်းကို သွားနိုင်ဖို့ မွန်းမတည့်မီ အဆင်သင့် ဖြစ်နေအောင် လိုပါ'

တိဘက်က ဆွေးနွေးပွဲ ခန်းမထဲမှ စားပွဲရှည်ကြီးထိပ်တွင် နေရာယူသည်။ ကျန်သည့် လူများလည်း ထိုင်ပြီး နေရာယူလိုက်ကြသည်။ ကျွန်တော်နှင့် လာနာ တို့က တိဘက်၏ ညာဘက်တွင် ဝင်ထိုင်သည်။



'ဆေးလိပ် သောက်ချင် ကြရင် သောက်လို့ ရပါတယ်၊ ခင်ဗျားတို့ မှတ်သားစရာ ရှိတယ်ဆိုရင် ဟောဒီမှာ မှတ်စုစာအုပ်နှင့် ခဲတံတွေ ချပေး ထားတယ်၊ ခင်ဗျားတို့နှင့် ပါလာတဲ့ ပစ္စည်း ကိရိယာတွေကိုလည်း ရဟတ်ယာဉ်တွေပေါ် တင်ပေးနေကြပါပြီ'

တိဘက် စကား စလိုက်သည့် အခါ စားပွဲ တစ်ဖက်စွန်းတွင် ထိုင်နေသည့် အမျိုးသမီးက

'အဲဒီ စခန်းမှာ ဘာတွေများ ဖြစ်ပျက်ခဲ့လို့လဲ'

'အဲဒီကိစ္စကို မိနစ်ပိုင်း အတွင်းမှာ သိရ ပါလိမ့်မယ် ဒေါက်တာ ဒီဟွန်း၊ ပထမဆုံး အနေနှင့် အချင်းချင်းမိတ်ဆက်ကြရင် ကောင်းမယ် ထင်ပါတယ်၊ ပြီးရင် အဲဒီစခန်း ကိစ္စကို လောလောဆယ် တည်ရှိနေတဲ့ အခြေအနေအတိုင်း အကျဉ်းချုံးပြီး ရှင်းပြပါ့မယ်၊ နောက်ဆုံးကျမှ ကျုပ် တို့ ဘယ် ပုံ ဘယ်နည်း စုံစမ်း စစ်ဆေးကြမလဲ ဆိုတဲ့ အပေါ် သဘောတူညီချက် ယူကြတာပေါ့'

မည်သူမျှ စကားသံ ထွက်မလာသည့် အခါ တိဘက်က လာနာကို စတင် မိတ်ဆက်ပေးသည်။ ထို့နောက် ကျွန်တော့်အလှည့် ရောက်လာသည်။ တိဘက်က ကျွန်တော်တို့ နှစ်ဦးလုံးကို မျိုးရိုးဗီဇ သိပ္ပံပညာရှင်များ အနေဖြင့် မိတ်ဆက်ပေးခြင်း ဖြစ်သည်။

တိဘက် ရှေ့ဆက် မပြောနိုင်ခင် ကျွန်တော် မတ်တတ်ထပ်သည်။ ကျွန်တော် သိပ္ပံ ပညာရှင် မဟုတ်မှန်း တစ်စုံတစ်ယောက်က သိနှင့် နေသည်။ ထိုသူမှာ သည် စုံစမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



ကော်မရှင် အဖွဲ့ဝင်များထဲမှ တစ်ဦးဦးလည်း ဖြစ်နိုင်သည်။ အဖွဲ့ဝင် တစ်ဦးဦးက ကျွန်တော့်အကြောင်း ကြိုတင်သိထား ခဲ့လျှင် ကျန်သည့် သူများလည်း အလား အတူ အခွင့်အရေး ရထားဖို့ ကောင်းသည်ဟု ကျွန်တော် ထင်သည်။

'ဒီ အခန်းရဲ့ အပြင်ဘက်မှာ ရှိတဲ့ လူတွေနှင့် ပတ်သက်လို့ ကတော့ ကျွန်တော်ဟာ ဒုဗိုလ်မှူးကြီး တီဘတ် ပြောတဲ့ လူပဲ ဖြစ်တယ်၊ ဒါပေမယ့် ခင်ဗျားတို့ သိထားရမှာက ကျွန်တော်ဟာ သိပ္ပံ ပညာရှင် တစ်ယောက် မဟုတ်ဘူး ဆိုတာပဲ၊ ကျွန်တော်ဟာ အမေရိကန် ပြည်ထောင်စု ရေတပ်မတော်က စုံစမ်းရေးမှူး တစ်ဦးပါ'

စားပွဲ တစ်ဝိုက်မှ စီစီညံညံ အသံများ ပေါ်လာသည်။ သူတို့ကို တိတ်တိတ် နေကြရန် ကျွန်တော်က လက်ထောင်ပြ လိုက်သည်။

'ကျွန်တော်တို့ရဲ့ သုတေသနစခန်း တစ်ခုမှာ မတော်တဆ ထိခိုက်မှု တစ်ရပ် ဖြစ်ပွားခဲ့တာတော့ ထင်ရှားပါတယ်၊ အဲဒီမှာ ဖြစ်ပျက်ခဲ့တာကို အတိအကျ ဖော်ထုတ်ဖို့ ကျွန်တော့်ကို စေလွှတ်လိုက်ကြတာပါ၊ ဒါဟာ သဘာဝပဲဗျ၊ တစ်ဖက်က ပြန်ကြည့်ရင် အန္တာတိကာတိုက်ဟာ နိုင်ငံ တကာ ပိုင်နက် တစ်ခု ဖြစ်နေတဲ့အတွက် ခင်ဗျားတို့ကို ကျွန်တော့်ရဲ့ စုံစမ်းရေး ကော်မရှင်မှာ ထည့်သွင်းပေးခဲ့ တာပဲ၊ ဒီမှာ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စဟာ ကျွန်တော်တို့ရဲ့ နိုင်ငံ အားလုံး အပေါ် အကျိုး သက်ရောက်မှု ရှိနိုင်ပါတယ်၊ ဒါပေမယ့် အခုလို စုံစမ်းမှုဟာ အမေရိကန် စခန်း တစ်ခုကို စုံစမ်းနေတာလို့ သတ်မှတ်ရမှာ



ဖြစ်သလို အဲဒီ အတိုင်းပဲ ဆက်လက် တည်ရှိ နေရပါ လိမ့်မယ်'

ကျွန်တော် ပြန်ထိုင် လိုက်သည်။ စားပွဲဝိုင်းမှ တချို့က ကျွန်တော့် ဝန်ခံချက်ကို သဘောကျပုံ ရသည်။ တချို့ကတော့ စိတ်ဆင်းရဲသွားပုံ ရသည်။ တီဘတ်က ကျွန်တော့်ကို ချီးမွမ်း သည့် ပုံစံဖြင့် အကြာကြီး ကြည့်နေပြီးမှ မိတ်ဆက်ပွဲကို ဆက် လုပ်သည်။

စားပွဲဝိုင်းတွင် ရှိနေသူများမှာ ဆိုဗီယက် မျိုးရိုး ဗေဒ သိပ္ပံ ပညာရှင် ဒေါက်တာ ဘောရစ်စတာနော့၊ ပြင်သစ် ဓာတုဗေဒ ပညာရှင် ဒေါက်ဘာ ဟင်နရီ ဂျင်းငယ်ရီ၊ ဗြိတိသျှ အဏုဇီဝ ပညာရှင် ဒေါက်တာ ဒေါနယ်ဘိတ်ဝီလကောက်၊ ဒတ်ချ် သမားတော် ဒေါက်တာ အယ်လဆီး ဒီဟွန်း၊ တရုတ် သမားတော်ကြီး ဒေါက်တာ ကင်တီရင်ဆင်း၊ အနောက် ဂျာမန် မျိုးရိုး ဗီဇ ပညာရှင် ဒေါက်တာ ကတ်အောဘယ်နှင့် အရှေ့ ဂျာမန် မျိုးရိုးဗီဇ ပညာရှင် ဒေါက်တာ ပီတာစထရော့ တို့ ဖြစ်ကြသည်။ နိုင်ငံ ရှစ်နိုင်ငံနှင့် သိပ္ပံပညာရပ် လေးမျိုးကို ကိုယ်စားပြုထားသည့် ကော်မရှင် အဖွဲ့ဝင်များမှာ တီဘတ်၊ သာနာနှင့် ကျွန်တော်ပါ ဆိုလျှင် အားလုံး ဆယ်ယောက် ရှိလေသည်။

ကော်မရှင် အဖွဲ့ဝင်များမှာ လူပေါင်းစုံနေရာ သီးခြား အုပ်စုလေးများ ကွဲထွက်စ ပြုနေသည်ကိုပင် မြင်နေရပြီ ဖြစ်သည်။ အဖွဲ့ဝင်များကြားတွင် ပြဿနာတွေ တက်လာ ဦးမည် ဖြစ်ကြောင်း လူတိုင်း မြင်နိုင်သည်။ စတာနော့က

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကတော့ ကန့်ကွက်ချင်တယ်၊ ကျုပ်တို့ ကော်မရှင်ဟာ နိုင်ငံတကာ သိပ္ပံ ပညာရှင်များ စုံစမ်းရေး အဖွဲ့ဖြစ်တယ်၊ အမေရိကန် ရေတပ်က စုံစမ်းရေးမှူး တစ်ယောက်ဟာ ဒီကော်မရှင်ထဲ ပါဝင်လာစရာ ဘာအလုပ်မှ မရှိဘူး'

'ခင်ဗျားရဲ့ ကန့်ကွက်ချက်ကို မှတ်တမ်းတင် ပါတယ် ဒေါက်တာ စတာနေ့'

'အဲဒီတော့'

'အဲဒီတော့ ဆိုတာဟာ ဘာများလဲ ဒေါက်တာ'

'အဲဒီ ကိစ္စကို ခင်ဗျားက ဘယ်လို လုပ်မှာလဲ ဗိုလ်မှူးကြီး'

'ဘာ လုပ်စရာ မရှိပါဘူး၊ ကိုင်း ရှေ့ဆက်ပြီး ဆွေးနွေးကြရအောင် လား'

မည်သူမျှ စကားသံ ထွက်မလာသည့် အခါ တိဘတ်က အကျဉ်းချုံးပြီး ဆက်လက် ရှင်းလင်းသည်။ သူ ရှင်းလင်းပြသမျှမှာ ကျွန်တော့်ကို ပြောခဲ့သည့် သတင်း အချက်အလက်မျိုးသာ အဓိက ပါဝင်ပါသည်။ အန္တာတိကာတိုက်တွင် ဆိုဗီယက်တို့၏ ဇီဝဗေဒ စမ်းသပ် ဆင်နွဲရေး သုတေသန လုပ်ငန်းများ ဆောင်ရွက်နေကြောင်း ကျွန်တော်တို့ သတိထားမိသည် ဆိုသည့် အချက်ကိုသာ ချန် ထား ခဲ့သည်။ ကျွန်တော်တို့၏ သုတေသန စခန်းတွင် လူကို ဥပဒ်မပေးသော မျိုးရိုး ဗီဇ စမ်းသပ်မှုမျိုး များသာ ပြု လုပ် နေ ကြောင်း ရှင်းလင်း ပြောကြားသည်။ စတာ နေ့က

'ခင်ဗျား ကသာ ဥပဒ်မပေးအူးလို့ ပြောတယ်၊ အဲဒီက လူတွေက ဘာဖြစ်လို့ သေကုန်ကြရတာလဲ'



'အဲဒါကို ကျုပ်တို့ရဲ့ ကော်မရှင်က အဆုံးအဖြတ် ပေးရမှာ ဖြစ်ပါတယ် ဒေါက်တာ'

'အဲဒီ စခန်းပေါ်ကနေ လေယာဉ်နှင့် ပျံသန်း ထောက်လှမ်းမှုတွေ လုပ်ခိုင်းခဲ့သေးသလား'

ဗြိတိသျှ အဏုဇီဝပညာရှင် ဒေါက်တာ ဘိတ်ဝီလကောက်က မေးလိုက်သည်။

'မိုးလေဝသ အခြေအနေ ကောင်းရင် လေးနာရီခြား တစ်ခေါက်နှုန်းနှင့် နာရီမလပ် ကင်းထောက် ခိုင်းထားပါတယ်'

'အဲဒီမှာ [illegible]ရှားနေတဲ့ သက်ရှိ လက္ခဏာမျိုးရော တွေ့ခဲ့ရသလား'

'တစ်ခုမှ မတွေ့ဘူး'

'အဲဒီက လေ နမူနာတွေရော ယူခဲ့ပြီးပြီလား' ဟု ပြင်သစ်အမျိုးသား ဂျင်းပယ်ရီက ဝင်မေးသည်။

'ဒီ အဆင့်မှာ လေ နမူနာ ယူဖို့က သိပ်ပြီး အန္တရာယ် များလွန်းတယ်လို့ ထင်ပါတယ်'

အခြား လူများက ဝင်ပြီး ကန့်ကွက်ရန် ဟန်ပြင်လိုက်သည့်အခါ လာနာက

'ဗိုလ်မှူးကြီး တိဘတ် သတိ ဗိရိုယ်နှင့် လုပ်ခဲ့တာဟာ အမှန်ပါပဲ၊ ရဟတ်ယာဉ်မှူးနှင့် လေတပ်သားတို့ဟာ အဲဒီ စခန်းမှာ ဆင်းသက်လို့ ပြီးပြီးချင်းမှာပဲ သေဆုံးသွားတယ်လို့ ကျွန်မတို့ သိထားရတယ်၊ လေမှာ လွင့်မျောနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကူပစ္စည်း တစ်ခုကြောင့် သူတို့ သေဆုံး သွားရတာမျိုး ဖြစ်နေခဲ့ရင် အဲဒီ အကူပစ္စည်းကို စုဆောင်းရမယ့် လုပ်ငန်းဟာ စုဆောင်းရေး လေယာဉ် အဖွဲ့သားတွေရဲ့ အသက်အန္တရာယ်ကို ထိခိုက်စေနိုင် ပါတယ်'

'ဒါဆိုရင် ကျွန်မတို့ သွားကြည့်ရမယ် ဆိုတာက သဘာဝမကျဘူးပေါ့'ဟု ဒေါက်တာ ဒီဟွန်းက ဝင်ပြောသည်။

'အဲသလို မဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်မတို့ဟာ အဲဒီ စခန်းကို သတိ ဝီရိယ ထားပြီး ချဉ်းကပ်ကြမှာပါ၊ ဘေးအန္တရာယ် အကာအကွယ် ပေးမယ့် ဇီဝ ဝတ်စုံတွေ ဝတ်သွားကြမယ်၊ လေ နမူနာ ယူပြီး စမ်းသပ်ရအောင် ကျွန် မ က ခေါင်းဆောင် လေယာဉ်နှင့် လိုက် သွား မယ်၊ အားလုံး အန္တရာယ် ကင်းရှင်းတယ်ဆိုမှ နောက်ကနေ လိုက်လာဖို့ ကျွန်မ အချက်ပေးလိုက် မှာပါ'

'ဒါဆိုရင် ရှင်နှင့် အတူတူ ကျွန်မပါ လိုက်လာခဲ့မယ်'

ဒေါက်တာ ဒီဟွန်း ပြော လိုက် သည့် အခါ လာနာ ခေါင်းညိတ်ပြပြီး နောက်မှီ ထိုင်လိုက်သည်။ တီဘတ်က

'တခြား မေးစရာ အကြံပြုစရာတွေများ ရှိသေးသလား'

'ဒီနေရာမှာ လုပ်ထုံး လုပ်နည်း တစ်ရပ်ကို အခုပဲ သတ်မှတ်ဖို့ ကောင်းပြီ'

စတာနေ့က ပြောလိုက်ရာ တီဘတ်က

'ကောင်းပြီ၊ အားလုံး ဘေး အန္တရာယ် ကင်း ရှင်းကြောင်း သိရတာနှင့် တစ်ပြိုင်နက် စခန်းထဲကို ကျုပ်တို့ ဝင်ရောက်ကြမယ်၊ ပုံမှန် အသက်ရှင် နေထိုင်ဖို့ကို အထောက်အကူပြုတဲ့ စနစ်တွေကို အရင်ဆုံး ပြန်ပြီး အသက် သွင်းပေးရမယ်၊ အနွေးဓာတ်တို့၊ ရေတို့ မီးတို့၊ ရိက္ခာ တို့၊ ရေဒီယို အဆက်အသွယ် တို့လိုဟာမျိုးတွေပေါ့ဗျာ၊ အဲဒီ လုပ်ငန်းတွေ အတွက် တာဝန် သတ်မှတ်ချက် တွေကို ကျုပ် ကျယ်ကျယ် ပြန့်ပြန့် ရေးဆွဲထား ပြီးပြီ'



တီဘတ်၏ စကားကို ကန့်ကွက်သူ မရှိပါ။

'အဲဒီ တာဝန်တွေကို ခွဲဝေပြီးတာနှင့် တစ်ပြိုင်နက် ကျုပ်တို့ဟာ အဲ အလောင်း ကောက်တဲ့ အလုပ်ကို လုပ်ကြရမယ်၊ အဲဒီက လူတွေကို သတ်ဖြတ်ပစ်လိုက်တဲ့ ပစ္စည်းဟာ ဘာပဲ ဖြစ်နေဖြစ်နေ သိပ်ပြီး မြန် ဆန် လွန်း တာ တော့ အမှန်ပဲ၊ ဒါကြောင့်မို့လည်း ရေဒီယိုနှင့် သတင်းမပို့နိုင်ခဲ့ကြတာ ဖြစ်တယ်၊ လူသတ်ပစ္စည်းဟာ အဲသလောက် မြန်ဆန်ခဲ့ရင် အလောင်းတွေဟာ စခန်းမျိုးစုံမှာ ပြန့်ကြဲ နေလိမ့်မယ်၊ အလောင်းတွေကို ဓာတ်ပုံရိုက် ယူရမယ်၊ အလောင်း တွေ့ရတဲ့ နေရာ အတိအကျနှင့် အလောင်းရဲ့ အနေအထားကို အတိအကျ မှတ်သား ရမယ်၊ ပြီးမှ အလောင်းတွေကို တစ်နေရာမှာ ထားရမယ်၊ အဲဒီ နောက်မှာ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း တစ်ခုကို ဖွင့်လှစ် ရမယ်၊ အဲဒီ ဓာတ်ခွဲခန်းကို သမားတော် နှစ်ဦးဖြစ်တဲ့ ဒေါက်တာဒီဟွန်းနှင့်ဒေါက်တာတီရင်ဆင်းရယ်၊ မျိုးရိုးဗီဇပညာရှင် တစ်ဦးရယ်၊ အဏုဇီဝပညာရှင် ဒေါက်တာ ဘတ်ဝီလကောက် ရယ်၊ သူတို့ လေးဦးကို တာဝန်ပေးဖို့ အကြံပေး ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရောဂါဗေဒ ဆိုင်ရာ မျိုးရိုး ဗီဇ ပညာရှင် အနေနှင့် ကျွန်တော် ဆောင်ရွက် ပါရစေ'

အရှေ့ ဂျာမန် ကိုယ်စားလှယ် ပီတာ စထရော့ ပြောလာသည့်အခါ တီဘတ်က သဘောတူကြောင်း ခေါင်းညိတ်ပြသည်။ လာနာက

'ကျန်တဲ့ ကျွန်မတို့ တစ်တွေကရော'

'အဲဒါကိုတော့ ရောဂါ အမျိုးအစားကို ခွဲခြား သိရှိပြီးမှပဲ ဆက်ပြောကြ တာပေါ့၊ ဒါပေမယ့် စခန်းမှာရှိတဲ့ လူတွေကို ဘယ်လို အရာဝတ္ထုမျိုးက သတ်ဖြတ်ပစ်ခဲ့သလဲ ဆိုတဲ့ ဇာစ်မြစ်ကိုတော့ ခြေရာခံရလိမ့် ဦးမယ်'

'အဲဒါတွေက သိပ္ပံပညာရှင်တွေ လုပ်ရမယ့် အလုပ်တွေပါ၊ ခင်ဗျား နှင့် ဗိုလ်မှူးကြီး ကာတာ တို့က ဘာလုပ်ကြ မှာလဲ'

'အေးအေးဆေးဆေး ဖြစ်အောင် အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းပေးဖို့ အပါအဝင် လိုအပ်တဲ့ ကိစ္စမှန်သမျှကို ဝိုင်းလုပ်ပေးရမှာ ပေါ့ဗျ'

စတာနေ့၏ အမေးကို ကျွန်တော် ခပ်ပြတ်ပြတ် အဖြေပေးလိုက်သည်။ စတာနေ့က ခပ်ပြုံးပြုံး လုပ်ရင်း

'အေးအေးဆေးဆေး ဖြစ်အောင် အခြေအနေ ထိန်းသိမ်းပေးရတဲ့ အလုပ်ကတော့ အခက်ခဲဆုံး ဖြစ်လိမ့်မယ် ထင်ပါရဲ့' ဟု ဆိုလိုက်သည်။

သိပ္ပံပညာရှင်များ အချင်းချင်း ဆွေးနွေး ညှိနှိုင်းကြပြီးနောက် နှစ်နာရီခန့် အကြာတွင် ဆွေးနွေးပွဲ ပြီးဆုံးသွားသည်။ သုတေသနစခန်းမှ သိပ္ပံပညာရှင်များကို သတ်ဖြတ်ပစ်ခဲ့ပြီးနောက် ရဟတ်ယာဉ်မှူးနှင့် လေတပ်သားတို့ကို ထပ်မံသေဆုံး စေလောက်သည် အထိ သက်တမ်း ရှည်ကြာခဲ့သော ဇီဝဓာတ် ပစ္စည်း အမျိုးအစားများကို စဉ်းစား သုံးသပ်ခဲ့ကြသည်က များသည်။

သွားရောက် စုံစမ်းရမည့် စခန်းသို့ ရဟတ်ယာဉ်ဖြင့် ချက်ချင်း ထွက်ခွာနိုင်ရန်အတွက် ကျွန်တော်တို့ အားလုံးကို တစ်နာရီ အတွင်း အထုပ်အပိုး ပြင်ဆင်ပြီး အုပ်ချုပ်ရေးရုံးခန်းတွင် စုရုံးနေကြရန် ညွှန်ကြား လိုက်သည်။ လာနာနှင့် ကျွန်တော်တို့ နောက်ချန် နေရစ် ခဲ့သည်။ တခြားသူများ ထွက်သွားကြသော အခါ တီဘတ် မဟာတဘ် ယသည်။

'ခင်ဗျား ဘယ်လို ထင်သလဲ နစ်'

'စတာ နေ့ ပြောသွားတာ အမှန်ပဲဗျ၊ သူတို့ကစ်တွေကြားမှာ အေးအေးချမ်းချမ်း ဖြစ်အောင် ထိန်းပေးဖို့ ကိစ္စဟာ အဓိက ဖြစ်မှာပဲ'

'အဲဒါနှင့် ပတ်သက်လို့ တော့ ကျုပ်တို့လည်း သိပ်ပြီးမတတ်နိုင်ဘူး ဗျာ၊ ကော်မရှင် ကတော့ ဖွဲ့စည်း ထားတဲ့အတိုင်း ဆက်လုပ်ရ မှာပဲ'

'စတာ နေ့ဟာ သိပ္ပံပညာရှင် မဟုတ်ဘူး'

လာနာ ကြားဖြတ် ပြောလာသည့် အခါ ကျွန်တော်တို့ နှစ်ဦးလုံး သူမကို လှည့်ကြည့်လိုက် ကြသည်။

'ဘာ ပြောတယ်' ဟု ကျွန်တော် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'စတာနေ့ကို ပြောတာ၊ သူဟာ ဘာပြောလို့ ပြောနေမှန်း သူ့ဟာသူ သိတာ မဟုတ်ဘူး၊ အဲဒါကို ဒေါက်တာ အောဘလ်က သဘောပေါက်ပုံ ရတယ်၊ ဒါပေမယ့် အရှေ့ဂျာမန်ကြီး စထရေ့ဘ ကြားဝင်ပြီး ဖုံးဖုံးဖိဖိ လုပ်သွားတယ်၊ ဘောရစ် စတာနေ့ ဆိုတဲ့ တကယ့် မျိုးရိုးဗီဇ သိပ္ပံပညာရှင်ဟာ အဘိုးကြီး ဖြစ်နေပြီ၊ အစကတော့ အီစတာနေ့ဟာ အဲဒီ အဘိုးကြီးရဲ့သား ဖြစ်မှာပဲလို့ ကျွန်မ ထင်နေတာ ရှင့်၊ ဒါပေမယ့် အဘိုးကြီးရဲ့ သားလည်း မဟုတ်ဘူး'

'ဒီလိုဆိုရင် ဒီလူ့ကို ကော်မရှင်ထဲမှာ ဆက်မထားနိုင်တော့ဘူး၊ ကျုပ်ဝါရှင်တန်ကို ခွင့်ပြုမိန့် လှမ်းတောင်းလိုက်ဦးမယ်၊ သူဟာ ကေဂျီဘီ အရာရှိ ဗာစ်ယောက် ဖြစ်ချင်ဖြစ်နေမှာ ဗျ'

'ဒီအတိုင်းပဲ ထားလိုက်ပါဗျာ'ဟု ကျွန်တော် ဝင်ပြောလိုက်သည်။

'ကျုပ်ကတော့ ဒီအတိုင်း မထားနိုင်....'

တီဘတ်က ကန့်ကွက်ရန် ပြင်လိုက်ရာ ကျွန်တော် သူ့ကို လက်ကာပြ လိုက်သည်။

'ကျုပ် ပြောမယ့် စကားကို နားထောင် ဦးပေါ့၊ စတာနေ့ဟာ ကေဂျီဘီ ဖြစ်ပြီး အဲဒါကို ကျုပ်တို့ သတိ မထားမိသေးဘူးလို့ သူ ထင်နေသမျှ ကာလပတ်လုံး ကျုပ်တို့ အတွက် အထောက်အကူ ရတာပေါ့ ဗျာ'

'ဘယ်လို အထောက်အကူ ရမှာလဲ'



'အဲဒီ စခန်းမှာ လူတွေ သေဆုံးခဲ့တာဟာ မတော်တဆ မဟုတ်ဘဲနှင့် တမင်တကာ လုပ်ကြံ သတ်ဖြတ်ခဲ့တာ ဖြစ်နေမယ် ဆိုရင်၊ အဲဒီ ကိစ္စဟာ ဆိုဗီယက်တွေရဲ့ လက်ချက်ဖြစ်နေမယ် ဆိုရင် စတာနေ့ဟာ အဲဒီကိစ္စကို လက်သည် မပေါ်အောင် အစဖျောက်ဖို့ ကြိုးစားလာမှာပဲ၊ ကျုပ်က သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့် နေမယ်၊ အဲဒီ စတာနေ့ ဆိုတဲ့ ငနဲက စခန်းမှာ တကယ် ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေဆီကို ကျုပ်တို့ကို လမ်းပြပေးချင် ပေးလာနိုင်မှာပေါ့ဗျာ'

'ဒါက သိပ်ပြီး အန္တရာယ်များတယ်နော် နစ်'ဟု လာနာက ဝင်ပြောသည်။ တီဘတ်က

'လာနာ ပြောဟာ မှန်တယ်၊ အပြစ် မရှိတဲ့ လူတွေ အများကြီး ဒုက္ခရောက်သွား နိုင်တယ်'

'လောလောဆယ်မှာ လုံးဝ အပြစ်မရှိတဲ့ သူတွေ အများကြီး ဒုက္ခ ရောက်သွား ကြပြီပဲ ဗျာ၊ အဲဒီမှာ တကယ်တမ်း ဘာတွေ ဖြစ်ပျက်ခဲ့သလဲ ဆိုတာကို ရှာဖွေ ဖော်ထုတ်ဖို့က ကျုပ်တို့ အပေါ်မှာ အဓိက မူတည်နေပြီ'

'ဒီ ကိစ္စကို ခင်ဗျားက တာဝန် ယူမှာလား'

ကျွန်တော် ခေါင်းညိတ် ပြလိုက်သည့် အခါ တီဘတ် တင်းခန့် သက်ပြင်း ချသည်။ ပြီးမှ နာရီကို လှမ်းကြည့်ကာ 'ခင်ဗျားတို့ရဲ့ ပစ္စည်းတွေ သွားယူ ပေတော့၊ ရဟတ်ယာဉ်တွေနှင့် မိုးလေဝသ အခြေအနေကို ကျုပ် သွားကြည့်လိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ညက ဖြစ်ပျက်ခဲ့တဲ့ ကိစ္စကို ဘာဖြစ်လို့ ပြောမပြ လိုက်တာလဲ'

ကျွန်တော်တို့၏ အခန်းသို့ ပြန်လာစဉ် လာနာက မေးသည်။

'ဘာဖြစ်လို့လဲ ဆိုတော့ တီဘတ်ဟာ အုပ်ချုပ်ရေးသမား တစ်ယောက် ဖြစ်တယ်၊ ငြိမ်းချမ်းတဲ့ အခြေအနေမှာ တာဝန်ယူ ဆောင်ရွက်ရတဲ့ အရာရှိတစ်ဦး ဖြစ်တယ်၊ ညက အဖြစ်အပျက်ကို သူ့ကို ပြောလိုက်ရင် သူက စုံစမ်းဖို့ ကိစ္စကို ချက်ချင်း ရပ်ဆိုင်းပစ်လိုက် လိမ့်မယ်'

'အဲသလို လုပ်ရင် မကောင်းဘူးလို့ ကျွန်မတော့ တပ်အပ် မပြောနိုင်ဘူး နစ်'

'အဲသလို လုပ်ရင် စခန်းမှာ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ် အမှန်ကို မသိနိုင်တော့ဘူး ပေါ့'

'ကျွန်မတော့ ကြောက်တယ် နစ်ရယ်'

'ကြောက်ရင် ဒီမှာ နေရစ်ခဲ့လေ'

လာနာ တစ်ခဏမျှ စဉ်းစားသည်။ ပြီးမှ ခေါင်းခါရင်း

'ဟင့်အင်း၊ အဲဒီမှာ ဘာတွေ ဖြစ်ပျက်ခဲ့တယ် ဆိုတာ ကျွန်မတို့ နှစ်ယောက် ပူးပေါင်းပြီး အဖြေ ရှာကြမယ်'

# ၄

မှန်းတည့် ပြီးခါစ မိနစ်ပိုင်းမျှ ရှိသေးသော်လည်း မှောင်ရီ ပျိုးနေပြီ ဖြစ်သည်။ နေလုံးကြီးသည်ပင် မိုးကုပ်စက်ဝိုင်းနား တွင် တော်တော် နိမ့်ကျ နေသည်။ လာမည့် သုံးလေးပတ် အတွင်းမှ စပြီး အောက်တိုဘာလ ရောက်၍ နွေဦး ပေါက်သည့် ကာလ အထိ ဤဒေသတွင် တစ်နေ့လျှင် ၂၄ နာရီ လုံးလုံး မှောင်မိုက် နေရတော့မည်။

ကျွန်တော်တို့ အားလုံး အအေးဒဏ်ခံ ဝတ်စုံများပေါ်မှ နေ၍ ဇီဝ ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ ကျွန်တော်တို့နှင့် တစ်ပါတည်း သယ်ယူ လာသည့် လေဘူး များနှင့် ခေါင်းဆောင်း သံခမောက်များကိုမူ စခန်းနားသို့ ချဉ်းကပ်လာသည့် အခါတွင် တပ်ဆင် အသုံးပြုရမည် ဖြစ်သည်။

လာနာနှင့် ဒတ်ချ် သမားတော် ဒီဟွန်းတို့က ဦးဆောင် ရဟတ်ယာဉ် ပေါ်သို့ တက်သွား ကြသည်။ ကျန်သည့် ကျွန်တော်တို့ 'အုပ်စုက' ဒုတိယ ရဟတ်ယာဉ်ပေါ် စုပြုံ တက်လိုက်ကြသည်။ တီဘတ်နှင့် ကျွန်တော်က လေယာဉ်မှူးနှင့် တွဲဖက် လေယာဉ်မှူး၏ နောက်ဘက်မှ ထိုင်ခုံများတွင် နေရာ

www.burmeseclassic.com



ယူသည်။ ကျွန်တော်တို့ ထိုင်ခုံ ခါးပတ်များ ပတ်ပြီးသည့်အခါ ရဟတ်ယာဉ် စတင် ပျံသန်းသည်။

ကျွန်တော်တို့သည် ဘေးအန္တရာယ် ကင်းရှင်းကြောင်း လာနာတို့ထံမှ အကြောင်းကြားသည့်အချိန်အထိ ဦးဆောင်ရဟတ်ယာဉ်၏ နောက်မှ ၁၀မိုင် ခွာပြီး လိုက်သွားကြရမည်။ ရဟတ်ယာဉ် အထက်သို့ မြင့်တက်လာစဉ် ရေခဲပြင်ကြီးနှင့် မက္ကမာဒို ရေလက်ကြားတို့ကို လှမ်းမြင် နေရသည်၊ ကုန်းတွင်းပိုင်းတွင်မူ ရေခဲ တောင်ကုန်းငယ်လေးများမှ လွဲ၍ ဘာမျှ မမြင်ရပါ။ အဆုံးမရှိ ဆန့်တန်းနေပုံ ရသော ရေခဲပြင် ဖြူဖြူဖွေးဖွေး ကိုသာ မြင်ရသည်။

ဦးဆောင် ရဟတ်ယာဉ်က ညာဘက်သို့ တစောင်း ဝဲပြီး ဆင်းသွားသည်။ အပေါ်သို့ အနည်းငယ် ပြန်၍ ထောင်တက်ပြီး ကုန်းတွင်းဘက်သို့ ဦးတည်ကာ သုတေသန စခန်းသို့ သွားရမည့် မိုင် ၁၀၀ ခရီးကို စတင် ပျံသန်း သွားသည်။

နောက်မှ လူများကို ကျွန်တော် လှည့်ကြည့်သည်။ မည်သူမျှ မော့မကြည့်ကြပါ။ အားလုံးမှာ အတွေးကိုယ်စီ ထဲတွင် နှစ်မြုပ် နေကြသည်။ ဝမ်းနည်းစရာ ကောင်းသည့် ဖြစ်ရပ်အတွက် တချို့က စိတ်မကောင်း ကြပါ။ တချို့ ကလည်း သူတို့၏ စခန်းတွင် မဖြစ်ပွားခဲ့ဘဲ အမေရိကန် စခန်းတွင် ဖြစ်ပွားခဲ့သည့် အတွက် ကျိတ်ပြီး ကျေနပ်နေပုံ ရသည်။ သူတို့ အထဲမှ တစ်ယောက်ကမူ ဖြစ်ရပ်မှန်ကို ကျွန်တော်တို့ အားလုံးထက် ပိုပြီး သိရှိ နေမည်မှာ သေချာသည်။ ညာ အဖြစ်အပျက်က ဒါကို သက်သေ ပြခဲ့ ပြီးပြီ။



မိနစ်အနည်းငယ် ကြာသောအခါ ကျွန်တော်တို့ စီးလာသည့် ရဟတ်ယာဉ်က ရှေ့ကို အရှိန်ဖြင့် ပျံသန်းစ ပြုသည်။ ဆက်သွယ်ရေး ရေဒီယိုမှ နေ၍ အသံ ထွက်ပေါ် လာသည်။ ကျွန်တော်တို့ လေယာဉ်မှူးက

'အဖွဲ့ တစ်၊ အဖွဲ့ နှစ် စကားပြောနေတယ်၊နောက်ကနေ နှန်းတူနှင့် ၁၀ မိုင် ခွာပြီး လိုက်လာ နေတယ်'

'ကောင်းပြီ အဖွဲ့ နှစ်၊ ခန့်မှန်း ပျံသန်းရမယ့်အချိန် ၄၂ မိနစ် ဖြစ်တယ်'

တိဘာဘ်က ရှေ့ကို ကိုင်းပြီး လေယာဉ်မှူး၏ ပခုံးကို ပုတ်သည်။ ပြီးမှ လေယာဉ်မှူးထံမှ စကားပြောခွက်ကို လှမ်းယူလိုက်သည်။

'အဖွဲ့ တစ်၊ ဒုဗိုလ်မှူးကြီး တိဘာဘ် စကား ပြောနေတယ်၊ စခန်းနှင့် ၁၀မိုင် အကွာလောက် ရောက်ရင် သံခမောက်တွေ ဆောင်းပြီး လေဘူးတွေ တစ်ခါတည်း တပ်ထား ကြပါ၊ နားလည်လား'

'ကောင်းပါပြီ ဗိုလ်မှူးကြီး'

'မင်းတို့ ဘာကိုမှ အရဲစွန့်ပြီး မလုပ်ကြနှင့် နော်၊ အမှိုးသမီးတွေကို အဲဒီမှာ ချထားပေးပြီးတာနှင့် ပြန်လှည့်လာကြ၊ အခြေစိုက်စခန်းကို ချက်ချင်းသာ ပြန်လာ ခဲ့ကြ'

ရေဒီယိုတွင် တစ်ခဏမျှ တိတ်ဆိတ် သွားသည်။တိဘာဘ်က

'အဖွဲ့ တစ်၊ ငါ ပြောတာ နားလည်ရဲ့လား'

'ခဏလေး ဗိုလ်မှူးကြီး၊ ကျွန်တော်တို့ အောက်ဘက်မှာ တစ်ခုခု တွေ့လိုက်မိတယ် ထင်လို့'

www.burmeseclassic.com

www.burmeseclassic.com



'ဘာများလဲ ကွ'

'အောက်ဘက်မှာ တစ်စုံတစ်ခု ရွေ့လျား နေတယ်လို့ ကျွန်တော် ထင်ပါတယ်၊ ကျွန်တော် နောက်ပြန် လှည့်ပြီး သွားကြည့် ပေးရ မလား'

'မကြည့်နှင့်၊ ရှေ့ ဆက်သွား'

'ကောင်းပါပြီ'

'တို့ကိုလည်း မှန်မှန် သတင်းပို့နော်'

'ဟုတ်ကဲ့ပါ ဗိုလ်မှူးကြီး'

တီဘတ်က စကားပြောခွက်ကို လေယာဉ်မှူးထံ ပြန်ပေးပြီး သူ၏ ဆိုလည် ကုလားထိုင်ကို လှည့်လိုက်သည်။ သို့ဖြင့် နံဘေးမှ ပြတင်းပေါက်နှင့် မျက်နှာချင်း ဆိုင် သွား ပြီး အောက်ဘက်မှ ရေခဲပြင်ကို ငုံ့ကြည့်၍ ရသည်။

'သူက အောက်မှာ ဘာကို တွေ့လိုက်တာလဲ ပေါ့'

'ကျုပ်လည်း မသိဘူး၊ ဟုတ်ချင်မှလည်း ဟုတ်မှာပါဗျာ၊ ဒီလို အလင်းရောင် အခြေအနေ မျိုးနှင့် ဒီလို တိုက် နေတဲ့ လေနှင့် အရိပ်တွေ အောက်မှာ ဘာကိုမှ မမြင်ရနိုင်ပါဘူး'

'အောက်ဘက်မှာ တစ်ခုခု မရှိနိုင်ဘူးလား'

'ဘာမှ မရှိဘူး နစ်' တီဘတ်က ကျွန်တော့်ကို လှမ်းကြည့်သည်။ ပြီးမှ ကျွန်တော်တို့အား အကဲခတ်နေသော လူတစ်စုကို လှည့်ကြည့်သည်။ 'ကျုပ်တို့ အောက်ဘက်မှာ ဘယ်လို အရာဝတ္ထုမျိုး ဖြစ်ဖြစ် လှုပ်ရှားနေဖို့ မသင့်ဘူးဗျာ၊ အခု



အချိန်က စပြီး ၂၄ နာရီ အတွင်း ရာသီဥတု ဆိုးဝါးလာလိမ့်မယ်လို့ ကျုပ် သတင်း ရထားတယ်၊ အောက် ဘက် မှာ ဘယ်လို လူမျိုးမှ ရှိမနေ သင့်ဘူး'

မည်သူမျှ စကားသံ ထွက်မလာပါ။ တီဘတ်က ပြတင်းပေါက် ဘက်သို့ ပြန်လှည့်ပြီး အောက်ဘက်မှ နယ်မြေကို အကဲခတ် နေသည်။ သို့သော်လည်း အလင်းရောင် တဖြည်းဖြည်း ပျောက်သွားပြီ ဖြစ်ရာ မိနစ်ပိုင်းအတွင်း မှောင်လာတော့မည်။

ကျွန်တော်သည် ဇီဝ ဝတ်စုံကို ဇစ်ဖွင့်ပြီး စီးကရက်တစ်လိပ် ဆွဲထုတ်လိုက်သည်။ သုတေသန စခန်းတွင် မတော်တဆ ဖြစ်ရပ်တစ်ခု ဖြစ်ပွားပြီး လူ အားလုံးကို သတ်ဖြတ် ပစ်ခဲ့ခြင်းလည်း ဖြစ်နိုင် လောက်သည်။ ဇီဝ စစ်ဆင်ရေး ဆင်နွှဲရန် သုတေသန ပြုလုပ် နေကြသော ရုရှားများ က လည်း ကျွန်တော်တို့ စခန်းတွင် ဖြစ်ပျက်ခဲ့ပုံများကို အသည်းအသန် စိတ်ဝင်စားနေ လောက်သည်။

သည် အတိုင်းသာ ဟုတ်ရိုးမှန်လျှင် ထိုစခန်းတွင် ဖြစ်ပျက်ခဲ့ပုံများကို ခြေရာဖျောက်ရန် ကျွန်တော့်အား စေလွှတ်လိုက်ခြင်း ဖြစ်မည်ဟု သူတို့ စိတ်ထဲတွင် သံသယ ဖြစ်နေကြလိမ့်မည်။

ကျွန်တော် တစ်ကိုယ်တည်း ကျိတ်ပြီး ပြုံးလိုက် မိသည်။ အချက်အလက် တစ်ခုကို ရှာပြီး ထိုးဇာတ်တစ်ခု ခင်းရမည့် အသည်က ရဲသားများ လုပ်နေကျ စိတ်ကူး တစ်ရပ်ပင်။ သို့သော် သည် ကိစ္စတွင် လက်တွေ့ကျသည့် အချက်အလက်

www.burmeseclassic.com

www.burmeseclassic.com



များထက် ဖြစ်နိုင်ခြေ ရှိသည့် အလားအလာ များကသာ ပိုများ နေပါသည်။

နာရီဝက်ခန့် ကြာသည့်အခါ ရေဒီယိုမှ စကားသံပေါ်လာ ပြန်သည်။

'အဖွဲ့ နှစ်၊ အဖွဲ့ တစ် ပြောနေတယ်၊ ကျွန်တော်တို့စခန်းနှင့် ၁၀ မိုင် အကွာမှာ ရောက်နေပြီ၊ ရှေ့မဆက်ဘဲ ခဏ ရပ်တန့်ထားပါတယ်'

'ကောင်းပြီ အဖွဲ့ တစ်'

ကျွန်တော်တို့၏ လေယာဉ်မှူးက ပြန်ဖြေပြီး ရဟတ်ယာဉ်ကို အရှိန် လျှော့လိုက်သည်။ ရေခဲပြင် အထက် ပေ ၅၀၀ အမြင့်မှ နေ၍ ရဟတ်ယာဉ်ကို မရွေ့လျားအောင် ထိန်းသိမ်းသည်။ နှစ်မိနစ်ခန့် ကြာသည့် အခါ ရေဒီယို ထဲတွင် အဖွဲ့ တစ် လေယာဉ်မှူး၏ အသံ ပေါ်လာ ပြန်သည်။

'ကျွန်တော်တို့ အဆင်သင့် ဖြစ်နေပါပြီ ဗိုလ်မှူးကြီး'

ကျွန်တော်တို့၏ လေယာဉ်မှူး နောက် လှည့်ကြည့် လိုက်သည့် အခါ တီဘာတ်က ခေါင်းညိတ်ပြ လိုက်သည်။

'အဖွဲ့ တစ်၊ ဆက်သွားပါ၊ ကျွန်တော်တို့ နောက်ကနေ လိုက်လာ ခဲ့မယ်'

'ကောင်းပြီ'

ကျွန်တော်တို့၏ ရဟတ်ယာဉ် ခရီးကို ပြန်သန်း သွားပြန်သည်။ အားလုံးမှာ စခန်းသို့ရောက်လျှင် ဘာများတွေ့ရမလဲ ဟူသော အတွေးထဲတွင် နစ်မျော နေကြ လေသည်။ မိနစ်



အနည်းငယ် အကြာတွင် အဖွဲ့ တစ် လေယာဉ်မှူး၏ အသံ ပေါ်လာပြန်သည်။

'သုတေသန စခန်းကို မြင်နေရပြီ ခင်ဗျ'

တီဘာတ်က လေယာဉ်မှူး ထံမှ စကား ပြော ခွက် ကို လှမ်းယူပြီး

'ကောင်းပြီ၊ ဂရုတစိုက် လုပ်နော်၊ အောက်ဘက်မှာ အခြေအနေ ကောင်းပုံ မရရင် အဲဒီကနေ တစ်ချိုးတည်း ပြန်လှည့် လာခဲ့၊ နားလည်လား'

'ကောင်းပါပြီ'

'အေး၊ အဲဒီမှာ မင်းတို့ လုပ်နေ ကိုင်နေပုံကို ရှင်းပြနေစမ်း ကွာ'

'ကျွန်တော်တို့ ပေ ၂၀၀ အထိ ဆင်းလာမိ ကြပြီ၊ ပေ ၂၀၀မှာ ခဏ တန့်ထားတယ်၊ ဒေါက်တာ အက်ဒွပ်က နှမူနာယူနေ သို့ပါ'

ကျွန်တော်တို့၏ လေယာဉ်မှူးကလည်း စခန်းမှ ၁၀ မိုင် အကွာတွင် ရဟတ်ယာဉ်ကို အရှိန်လျှော့လိုက်ပြီး တစ်နေရာတည်းတွင် တန့်ထား လိုက်သည်။ တီဘာတ်က အဖွဲ့ တစ် လေယာဉ်မှူးအား

'ခန်းနှင့် မင်းတို့ နှင့် ဘယ်လောက် ဝေးသလဲ'

'ဆိုက် ၂၀၀လောက် ဝေးမယ်၊ ဒေါက်တာ အက်ဒွပ် နမူနာ ယူနေပါတယ်၊ ခဏလေး စောင့်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေ ဖြစ်နေလို့လဲ ကွ'

'မသိဘူး ဆရာ၊ ခဏလေး စောင့်ပါ၊ သူတို့က တံခါး နားက အလောင်းနားမှာ ဟာစ်ခုခု လုပ်နေ ကြတယ် ဘာဖြစ်နေသလဲ ဆိုတာတော့ ကျွန်တော်လည်း မမြင်ရဘူး ခဏလေး ဆရာ သူတို့ ပြန်လာကြပြီ'

တီဘာတ်မှာ ဂနာ မငြိမ် ဖြစ်နေသည်။ ကျန် သည် ကော်မရှင် အဖွဲ့ဝင်များ ကြားတွင်လည်း အခြေအနေက တော်တော် တင်းမာနေသည်။ လာနာ၏ အသံ ပေါ်လာ ပြန်သည်။

'ဒီမှာ အန္တရာယ် မရှိပါဘူး၊ ကျွန်မတို့ ပစ္စည်းတွေ ချ ကြပြီ၊ ရှင်တို့ လာလို့ ရပါပြီ'

'အဲဒီ အဆောက်အအုံရဲ့ အမြင့်ဘက် မှာပဲ နေပ ဒေါက်တာ အက်ဒွပ်၊ ကျုပ်တို့ မရောက်မချင်း အထဲ ဝင်မသွား ပါနှင့်'

'ကျွန်မတို့ စောင့်နေပါမယ်'

တီဘာတ်က လေယာဉ်မှူးကို ရှေ့ဆက် မောင်းခိုင်းလိုက် သည်။

'ပစ္စည်းတွေချလို့ ပြီးသွားပြီ ဗိုလ်မှူးကြီး၊ ကျွန်တော် ပြန်ထွက် လာကြပြီ'

အဖွဲ့တစ် လေယာဉ်မှူး၏ အသံပေါ်လာသည်။ စခ နှင့်နီးလာစဉ် ရှေ့ဘက် အမှောင်ထုထဲမှ မြင့်တက်လာသေ မီးရောင်ကို မြင်ရသည်။ ကျွန်တော်တို့၏ လေယာဉ်မှူးက



'ခင်ဗျား ကို မြင်နေရတယ် အဖွဲ့တစ်၊ ကျွန်တော်တို့ အနိမ့်ကနေ ပျံသန်း လာခဲ့မယ်'

'ကောင်း ပါစေ'ဟု တစ်ဖက်မှ နှုတ်ဆက် သည်။ တစ်ဖက်မှ ရဟတ်ယာဉ် အမြင့်သို့ ပျံတက် သွားပုံကို ကျွန်တော်တို့ စောင့်ကြည့် နေလိုက် ကြသည်။ အဖွဲ့တစ် ရဟတ်ယာဉ်မှာ ကျွန်တော်တို့ ခေါင်းထက်မှနေ၍ အခြေစိုက် စခန်းသို့ ပြန်သွား ချေပြီ။

ကျွန်တော်တို့ ရဟတ်ယာဉ်က အောက်ဘက်သို့ ဖြည်းဖြည်း ချင်း နိမ့်ဆင်းသည်။ အုပ်ချုပ်ရေးရုံးမှ ကိုက် ၂၀ ခန့် အကွာတွင် ဆင်းသက်သည်။ တံခါးဝနားမှ အလောင်းကို တစ်ခုခု လုပ်နေသော လာနာနှင့် ဒေါက်တာ ဒီဟွန်း တို့ကို မြင်ရသည်။ တီဘာတ်က ကျန်သည့် လူများဘက် လှည့်၍

'သံခမောက်တွေ ဆောင်းပြီး လေဘူးတွေ တပ်လိုက် ကြပါ'

'လေ နမူနာ စမ်းသပ်ခဲ့တုန်းက ဘာမှ အန္တရာယ် မရှိဘူး လို့ ပြောခဲ့တာပဲဗျ'

စတာနေ့က ကန့်ကွက် လိုက်သော်လည်း ကျန် သည့် လူများက သံခမောက်ကိုယ်စီ ဆောင်းပြီး လေဘူးမှ လေ အဝင်အထွက်ကို လိုသလို ညှိလိုက် ကြသည်။ ခဏအကြာတွင် စတာနေ့သည်း ကျွန်တော်တို့ နည်းတူ လိုက်လုပ်သည်။

အားလုံး အဆင်သင့် ဖြစ်သွားသော အခါ တီဘာတ်က ရဟတ်ယာဉ် တံခါးမကြီးကို ဖွင့်လိုက်သည်။ နှစ်မိနစ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ယာဉ်၏ စက်သံနှင့်ရေဒီယိုမှ တရှဲရှဲ မြည်သံများမှ လွဲ၍ တိတ်ဆိတ်နေသည်၊ နောက်ဆုံးတွင် လာနာ၏အသံက ရေဒီယို ထဲတွင် ပေါ်လာသည်။

'ဒီနေရာမှာတော့ ဘာမှ အန္တရာယ် ရှိပုံ မရဘူး'

အာရှ ဂျာမန်ကြီး စထရေ့ာက ရှေ့ကို ခါးကိုင်းပြီး

'လေထဲတွင် အမှုန် ဘယ်လောက် အချိုးအစား ပါတာ တွေ့ရသလဲ ဆိုတာကို မေးကြည့် စမ်းပါ'

တိဘတ်က လာနာကို မေးကြည့် လိုက်သည်။

'အပုံ သန်း ၁၀၀၀မှာ တစ်ပုံနှုန်း ပါဝင်တယ်၊ ကျွန်မ မီးဖိုပေါ် တင်ပြီး ကာဗွန်ဒိုင် အောက်ဆိုဒ်နှင့်လည်း စမ်းသပ် ပြီးပြီ၊ အန္တရာယ် ကင်းပါတယ်'

တိဘတ်က စထရေ့ာကို လှည့်ကြည့်လိုက်ရာ စထရေ့ာက ခေါင်းညိတ် ပြသည်။

'ကောင်းပြီ၊ အဖွဲ့ တစ် မင်း ရှေ့ကို နည်းနည်း ထပ်တိုး သွားလို့ ရပြီ'

'ဟုတ်ကဲ့၊ ကျွန်တော် ဗဟိုဆောင် ရှေ့မှာ ရဟတ်ယာဉ် ဆင်းလိုက်မယ်'

နှစ်မိနစ်မျှ တိတ်ဆိတ်သွားပြီးမှ လာနာ၏အသံ ပေါ်လာ ပြန်သည်။

'ကျွန်မတို့ အောက်ကို ရောက်သွားပြီ၊ ဗဟိုဆောင် ကနေ ကိုက် ၂၀ လောက် ဝေးတယ်၊ လေကို စမ်းသပ်ကြည့်တော့ သန့်ရှင်းကြောင်း တွေ့ရတယ်'



'ခင်ဗျားတို့ ဘယ်လို သဘောရသလဲ'

တိဘတ်က နောက်လှည့်ပြီး တခြား သူများကို မေးလိုက် သည်။ စထရေ့ာက ခေါင်းညိတ်ပြီး

'အဆောက်အအုံ နားကို ဆက် သွားခိုင်း လိုက်ပါ၊ လေယာဉ်မှူးရဲ့ အာ....အလောင်းနားကိုပေါ့'

တိဘတ်က ရေဒီယိုမှ နေ၍

'ကောင်းပြီ ဒေါက်တာ အက်ဒွပ်၊ ခင်ဗျားနှင့်ဒေါက်တာ ဒီဟွန်းတို့ရဲ့ ပစ္စည်းတွေကို ရဟတ်ယာဉ်ပေါ်က ချလိုက်ပါ၊ ...မှ ကျုပ်ရဲ့ လေယာဉ်မှူး အခြေစိုက် စခန်းကို ပြန်လို့ ...မှာ၊ ဒါကလည်း အဲဒီမှာ စိတ်ချ ရတဲ့ အခြေအနေ ...ဘယ်လို့ ခင်ဗျား ဆုံးဖြတ်မယ် ဆိုရင်ပေါ့'

'အဆောက်အအုံ နားမှာ ကျွန်မ လေ နမူနာ တစ်ခါ ...ယူလိုက် ဦးမယ်'

'ကောင်းပြီ...အဖွဲ့ တစ်၊ ဒေါက်တာဆီက စိတ်ချရ ...ကြောင်း သိရတာနှင့် သူတို့ရဲ့ ပစ္စည်းတွေချပြီး မင်း အခြေ ...စခန်းကို ပြန်သွား ပေတော့'

'စိတ်ချပါ ဗိုလ်မှူးကြီး'

မိနစ် အနည်းငယ် ကြာအောင် ကျွန်တော်တို့ တိတ်ဆိတ် ...စွာ စောင့်ဆိုင်း နေကြသည်။ ထို့နောက် အဖွဲ့ တစ် ...လေယာဉ်မှူး၏ အသံ ပေါ်လာ ပြန်သည်။

ဒေါက်တာ အက်ဒွပ် ပြန်လာ နေပြီ...မဟုတ်သေးဘူး ...သူက ဒေါက်တာ ဒီဟွန်းကို လက်ယပ်ခေါ်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို ချပြီးသွားရာ ရဟတ်ယာဉ်လည်း ပျံတက်သွားတော့သည်။ ကျွန်တော်တို့ လူအုပ်သည် တံခါးဝနားမှ အလောင်းပေါ်တွင် ငုံ့ကြည့်နေသော လာနာနှင့်ဒေါက်တာ ဒီဟွန်း ရှိရာသို့ လျှောက်လာခဲ့ကြသည်။

သေဆုံးနေသော လေယာဉ်မှူး၏ အလောင်းမှာ မျက်လုံးများ ပြူးထွက်နေကာ မျက်နှာမှာ ထိတ်လန့်ချောက်ချားနေသည့် အမူအယာမျိုး ပေါ်နေသည်။ မေးစေ့ပေါ်တွင် သွေးကွက်စွန်း နေပုံကိုလည်း တွေ့ရသည်။ လာနာက ကျွန်တော့်တို့ကို မော့ကြည့်ရင်း ခေါင်းခါပြသည်။

'ဒီလူက ဘာကြောင့် သေရတာလဲ၊ အကြမ်းဖျင်း ခန့်မှန်းကြည့်လို့ မရဘူးလား'

ကျွန်တော် မေးကြည့်သည့်အခါ ဒေါက်တာ ဒီဟွန်းက ကျွန်တော့်ကို မော့ကြည့်ပြီး

'ပြောလို့ မရှိသေးဘူး၊ ဒါပေမယ့် ဒီလူဟာ သူ့လျှာကို ပြတ်ထွက်သွားအောင် ကိုက်ဖြတ်ထားတယ်၊ သူ့ရဲ့ကျောရိုးကလည်း သုံးနေရာလောက်မှာ ကျိုးနေတယ်၊ သူ့တစ်ကိုယ်လုံးက ကြွက်သား တစ်ဝက်လောက်ကလည်း တစ်စစီ ဆုတ်ဖြဲထားသလို ပဲ့ထွက်နေတယ်'

'ဘုရား ဘုရား'ဟု တစ်စုံတစ်ယောက်က တိုးညင်းစွာ ရေရွတ်သည်။

လာနာနှင့် ဒီဟွန်းတို့ လေးလေးပင်ပင် မတ်တတ်ရပ်လိုက်ကြသည်။



'ဒါဟာ အကုန် မဟုတ်သေးဘူး နစ်၊ ... သူ... သူဟာ သေနတ်နှင့် အပစ်ခံခဲ့ရတယ်'

လာနာက ပြောပြောဆိုဆိုနှင့် ခါးကုန်းပြီး အလောင်းကို မှောက်ပစ်လိုက်သည်။ လေယာဉ်မှူး၏ ခေါင်းစွပ်နောက်ပိုင်းတွင် အပေါက်ကလေး တစ်ခုကို သွေးစို့လျက်သား တွေ့ရသည်။

နောက်ဘက်မှ ရဟတ်ယာဉ် နှစ်စင်းကို ကျွန်တော် လှည့်ကြည့် လိုက်သည်။ ရေဒီယိုမှ တစ်ဆင့် အကူအညီ တောင်းခံနေသော လေးယံသား၏ ကိုယ်နေဟန်ထားကို မြင်နေရသည်။

'ဒီ အဆောက်အအုံထဲက လေကို စစ်ဆေး ကြည့်စမ်း၊ လျှပ်စစ် ဓာတ်အားပေး စက်တွေ အလုပ်လုပ်နေတုန်းပဲလား သိဘာ စစ်ဆေး ကြည့်လိုက်ဦး ပေါ့၊ ကျုပ်တို့က တစ်နေကုန် ရပ်စောင့် မနေနိုင်ဘူး'

လာနာနှင့် တီဘာ့ဘ်တို့ တစ်ပြိုင်တည်းလို ခေါင်းညိတ်ပြသည်။

'ဒေါက်တာ ဒီဟွန်း၊ ကျုပ်နှင့် လိုက်ခဲ့ပါ'

ကျွန်တော် ပြောလိုက်ပြီး စုပြုံရုံးနေကြသည့် လူအုပ်အနားမှ ပွတ်ဖြတ်ကာ ရဟတ်ယာဉ်များဆီသို့ လျှောက်လာခဲ့သည်။ လေတပ်သား၏ ပုံစံမှာ လေယာဉ်မှူးနှင့် အတူတူပင် ဖြစ်နေသည်။ သူသည် ဆီးနှင်းပြင်ထဲတွင် ရဟတ်ယာဉ်၏ နင်းလျှော ဖိနပ်ပြားများကို မှီလျက် ထိုင်နေသည်။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



လက် တစ်ဖက်တွင် စကားပြောခွက် ကိုင်ထားပြီး နောက်တစ်ဖက်က ဒသမ လေးဆယ့်ငါး စစ်သုံး အော်တိုမက်တစ် သေနတ် တစ်လက်ကို ကိုင်ထားသည်။ မျက်လုံးများ ပြူးထွက်နေသည့် မျက်နှာမှာ ရှုံ့မဲ့နေပြီး မေးစေ့မှ သွေးများက ခေါင်းစွပ် အောက်မှ စီးကျနေသည်။ သူသည် တခြားသူကဲ့သို့ပင် လျှာကို ပြတ်ထွက်အောင် ကိုက်ဖြတ်ထား လေသည်။ ဒေါက်တာ ဒီဟွန်း ကျွန်တော့် အနား ရောက်လာသည်။ ကျွန်တော်တို့ နှစ်ဦးသား ငေးစိုက် ကြည့်လိုက်မိ ကြသည်။ ကျွန်တော်က

'လေယာဉ်မှူးနှင့် ဒီလူနှင့်ဟာ တစ်ပုံစံတည်း သေဆုံးခဲ့သလား ဆိုတာ ကျုပ် သိချင်တယ်'

'အတိ အကျတော့ ပြောလို့ မရဘူး ဗိုလ်မှူးကြီး၊ အလောင်းတွေကို ခွဲစိတ် ကြည့်ပြီးမှ ပြောလို့ ရလိမ့်မယ်'

'ခင်ဗျားရဲ့ အကောင်းဆုံး ထင်ကြေးတော့ ပေးပေါ့ဗျာ'

'ဒီဟွန်းက ပခုံးတွန့်ပြပြီး သေဆုံးနေသည့် လေတပ်သား၏ အလောင်းကို စတင် စစ်ဆေးသည်။ လေတပ်သား၏ ခေါင်းစွပ်အနွေးသည်ကို ဇစ်ဖွင့်ပြီး ကျောမြင်ကို စမ်းသပ်သည်။ ပြီးမှ ပခုံးနှင့် လက်မောင်းများကို စမ်းသပ်သည်။ စမ်းသပ်ပြီးစီးသောအခါ ဒီဟွန်းက မတ်တတ် ရပ်ပြီး

'ထိခိုက် ဒဏ်ရာရခဲ့တဲ့ ပုံစံတွေ ကတော့ အတူတူပဲ ရှင့်၊ လျှာရယ်၊ ကျိုးနေတဲ့ ကျောရိုးရယ်၊ စုတ်ပြတ်နေတဲ့ ကြွက်သားတွေရယ်ဟာ တစ်ပုံစံတည်း ဖြစ်နေတယ်'



'အဲဒီလို ဖြစ်အောင် ဘယ်လို ပစ္စည်းက လုပ်ပေးနိုင်သလဲဗျာ'

ဒီဟွန်းက ပခုံးတွန့်ပြ ပြန်သည်။

'အာရုံ ကြောတွေ ပျက်စီးစေတတ်တဲ့ ဓာတ်ငွေ့မျိုး ဖြစ်လိမ့်မယ်၊ ဒီလို ဓာတုဗေဒ ပစ္စည်းမျိုးက အမျိုးပေါင်း ၂၀ လောက်ရှိနေ တာပဲ'

'ဇီဝဗေဒနှင့် ဆိုင်တဲ့ ပစ္စည်းမျိုး ဆိုပါတော့'

ဒီဟွန်း ကျွန်တော့် အနားသို့ တိုးလာသည်။ သူမက ကျွန်တော့်ကို နှစ်ကိုယ်ချင်း ကြားအောင် ပြောကြားနေသည်ဟု ထင်ချင် ထင်လောက်သော်လည်း တကယ်တမ်းတွင် သူမ၏ ပြောစကားကို လူတိုင်း ကြားနေ ကြရသည်။

'လောလောဆယ် မျိုးရိုးဗီဇ အင်ဂျင်နီယာ ပညာရဲ့ တိုးတက်မှုအတိုင်းဆိုရင် အခုလို ဖြစ်ပွားအောင် ဖန်တီးနိုင်တဲ့ ပစ္စည်း အမျိုး အမည်တွေကို ရေတွက်လို့ မရနိုင်ပါဘူး ဗိုလ်မှူးကြီး ကာတာ၊ ရှင် ရှာဖွေနေတဲ့ အဖြေက အဲဒါလား'

'ဟုတ်တယ်'ဟု ကျွန်တော် ပြန်ဖြေပြီး သေသူ၏ လက်ထဲမှ ဒသမ လေးဆယ့်ငါး သေနတ်ကို ကုန်းကောက် လိုက်သည်။ မောင်းထိန်း ခလုတ်ကို ပိတ်ပြီး သေနတ်ကို ကျွန်တော့် အိတ်ထဲ ထည့်ထား လိုက်သည်။

'ဘုရားရေ' ဟု ရေရွတ်လိုက်သော လာနာ၏ အသံက ကျွန်တော်၏ သံခမောက်ထဲတွင် ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ' ဟု ကျွန်တော် အော်ဟစ်ရင်း အုပ်ချုပ်ရေးရုံးခန်းဘက်သို့ လှည့်ကြည့် လိုက်သည်။ ကုန်သည် လူများမှာ တံခါးဝနားတွင် ရပ်နေ ကြသည်။

'ဘုရားရေ' ဟု လာနာ ထပ်အော် ပြန်သည်။

အဆောက်အအုံ ရှိရာသို့ ကျွန်တော် ပြေးသွားသည်။ ဒေါက်တာ ဒီဟွန်းက ကျွန်တော့် နောက်မှ ကပ်ပါလာသည်။

'အပြင်ကို ပြန်ထွက်ခဲ့စမ်း လာနာ' ဟု ကျွန်တော် အပြေးအလွှား သွားနေရင်း အော်ပြော မိသည်။

အပေါက်ဝသို့ ရောက်သော အခါ ကျွန်တော် သည် စတွာနေ့နှင့် စထခရော့ကို နံဘေးသို့ တွန်းပစ် လိုက်ပြီး အထဲသို့ ဝင်လာခဲ့သည်။ ခန်းမကျယ်ကြီးထဲတွင် လာနာ၏ လက်နှိပ်ဓာတ်မီးရောင်မှ လွဲ၍ မှောင်မည်းနေသည်။ လာနာ၏ မီးရောင်က ဟိုရောက် သည်ရောက် ဖြစ်နေသည်၊ ကျွန်တော်၏ လက်နှိပ်ဓာတ်မီးကို ဆွဲထုတ်ပြီး ခလုတ်ကို ဖွင့်လိုက်သည်။ ဧည့်ခန်းထဲမှ အပျက် အစီးများကို လက်နှိပ် ဓာတ်မီးဖြင့် ထိုးကြည့် လိုက်သည်။

နေရာတကာတွင် အလောင်းများနှင့် သွေးများကို မြင်နေရသည်။ မိန်းမ တစ်ယောက်၏ အလောင်းနှင့် တူသည့် ပုံသဏ္ဍာန် တစ်ခုက စားပွဲ တစ်လုံးပေါ်တွင် ပက်လက် လန်နေသည်၊ မီးသတ်ပုဆိန် တစ်လက်က သူမ၏ နောက်ကျော မှ ထိုးထွက် နေသည်။ ကုလားထိုင်ကြီး တစ် လုံး နား တွင် အလောင်း သုံးလောင်းက ပုံလျက်သား လဲကျ နေသည်။ သူတို့၏ မျက်နှာများမှာ သွေးလန့် သကဲ့သို့ ဖြစ်နေကာ



လျှာကို ကိုက်ဖြတ်ထားသည့် နေရာမှ နေ၍ သွေးများက မေးစေ့ အောက်သို့ စီးကျနေ လေသည်။ အန္တာတိကာ လိုက်ခေါင်း တစ်ခုသို့ ဦးတည်သည့် တံခါးပေါက် တစ်ချပ်နားတွင် အလောင်း လေးငါးခြောက်လောင်း ပုံလဲ နေသည်။ အဝေးမှ ထောင့်စွန်း တစ်နေရာတွင် လူနှစ်ဦးမှာ တစ်ဦး၏ လည်ပင်းကို တစ်ဦးက ဖျစ်ညှစ်ရင်း လဲကျ သေဆုံးနေကြလေသည်။ လာနာ မတ်တတ် ရပ်နေရာသို့ ကျွန်တော် ရောက်သွားသည်။

'မင်း လေ နမူနာ ယူပြီးပြီ လား'

လာနာက ကျွန်တော့်ကို မျက်လုံး အဝိုင်းသားဖြင့် လှမ်းကြည့်ရင်း

'ဒီမှာ ဘာတွေ ဖြစ်နေတာလဲ ဟင်'

'အဲဒါကို ကိုယ်တို့ ရှာဖွေ ဖော်ထုတ်ရမှာ ဖြစ်တယ်၊ မင်း လေ နမူနာ ယူပြီးပြီ လား'

လာနာ ခေါင်းခါ ပြသည်။

အရှေ့ ဂျာမန် သိပ္ပံပညာရှင် စထရော့ ကျွန်တော်တို့ အနားသို့ ရောက်လာသည်၊ လာနာ၏ လက်ထဲမှ လေနမူနာ စမ်းသပ်သည့် ပစ္စည်း ကိရိယာများကို ဆွဲယူ လိုက်သည်။ အပြင်မှ လေပေါက် ပိတ်သည့် အဆို့ ကို ဖွင့်ပြီး လေ နမူနာ စမ်းသပ်ချက် နှစ်ခု ပြုလုပ်သည်။ နှစ်မိနစ် အကြာတွင် စမ်းသပ်မှု ပြီးစီးသွားသည်။ စထရော့က ကျွန်တော့်ကို ကြည့်ပြီး

'လေက သန့်သန့် ရှင်းရှင်း ပါပဲ' ဟု ဂျာမန်သံ ဝဲဝဲဖြင့် ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား စမ်းသပ်ဘာက သေချာရဲ့လား ဒေါက်တာ'

'သိပ် သေချာတာပေါ့ ဗျာ'

စထရေ့က ပြောပြော ဆိုဆိုနှင့် သူ၏ သံခမောက်ကို ချွတ်သည်။ ပြီးလျှင် အခန်းထဲမှ လေကို ရှူသွင်း ပြသည်။ ကျွန်တော်ကလည်း ကျွန်တော်၏ သံခမောက်ကို ချွတ်ပစ်မည် ဟန် ပြုလိုက်ရာ စထရေ့က လက်ကာပြလိုက်သဖြင့် အသာ ရပ်နေလိုက် ရသည်။

'ကျွန်တော့်ကို နှစ်မိနစ်လောက် အချိန်ပေးပါ ဗိုလ်မှူးကြီး၊ ကျွန်တော် တစ်ခုခု ဖြစ်သွားမယ် ဆိုရင် ဒီအချိန် အတွင်းမှာ ဖြစ်မှာပဲ'

'ခင်ဗျား ဘယ်လို နေသလဲ'

'အေးတဲ့ အရသာကို ခံစားရတာ လောက်ပါပဲ၊အဲဒီထက် မပိုပါဘူး'

'ဒုဗိုလ်မှူးကြီး တိဘက် ဘယ်ရောက် နေသလဲ'

ကျွန်တော် မေးရင်း လိုက်လံ ရှာဖွေသည်။ တိဘက်၏ မျက်နှာကို မမြင်ရပါ။

'ခင်ဗျား ခိုင်းထားတဲ့ အတိုင်း သူက လျှပ်စစ်ခေတ်အားပေး စက်တွေကို သွားပြီး စစ်ဆေး နေတယ်လေ ဗျာ'ဟု ဂျင်းပယ်ရီက ပြောလာသည်။

တစ်စက္ကန့်မျှ အကြာတွင် မီးလုံးများက တစ်ချက် လင်းလာသည်။ ထို့နောက် တစ်ကြိမ် ထပ်လင်း လာပြီး မှောင်ကျ သွားသည်။ တတိယ အကြိမ် ကျမှ မီးများ လင်းလာသည်။



'ငရဲ ရောက်နေတဲ့ အတိုင်း ပါပဲလား'ဟု ဗြိတိသျှ နိုင်ငံသား ဘိတ်ဝီလကောက်က ပြောလိုက်သည်။ ကျန်သည့် လူများကလည်း တစ်စုံတစ်ခုကို ရေရွတ်နေကြသည်။ တချို့ လူများကလည်း ပါးစပ် အဟောင်းသား ဖြစ်နေကြသည်။

'ဒီမှာ ရှိတဲ့ လေက သန့်ရှင်းပုံ ရပါတယ်'ဟု စထရေ့က ဆိုသည်။

သူ့ကို ကျွန်တော် လှမ်းကြည့်ပြီး ကျွန်တော်၏ ခေါင်းဆောင်း သံခမောက်ကို ဖြည်းဖြည်းချင်း ချွတ်လိုက်သည်။ လေမှာ အေးမြလွန်းလှ သော်လည်း အန္တရာယ် ပေးမည့် အငွေ့အသက် မရှိပါ။

ကျွန်တော့် နောက်ဘက်မှ နေ၍ ခေါက်ခနဲ အသံမြည် လာသည်။ ဘယ်ဘက်မှ ချောက်ခနဲ မြည်သံ ကြားရသည်။ ထို့နောက် လေက နွေးထွေးစ ပြုလာသည်။ လျှပ်စစ်ခေတ် ကြောင့် အနွေး ပေးစက်များ ပွင့်လာခြင်း ပင်။

ဒေါက်တာ ဒီဟွန်းကလည်း သံခမောက်ကို ချွတ်လိုက်ရာ အနွေးဓာတ် ရလာသည်ကို သတိပြုမိ သွားသည်။

'ဒီ အလောင်းတွေ အရည်ပျော် မသွားခင် အပြင်ဘက်ကို ပို့လိုက်မှ ဖြစ်မယ်၊ အဲသလိုမှ မပို့လိုက်ရင် ဒုက္ခ ဖြစ်လိမ့်မယ် နော်'

တိဘက် တံခါးဝတွင် ပေါ်လာပြီး အခန်းတွင်းသို့ ဝင်လာသည်။ ခဏမျှ ရပ်တန့်ပြီး နှာခေါင်းကို ရှုံ့ချည် ပွချည် လုပ်သည်။ ပြီးမှ လူသေ အလောင်းများကို အကဲခတ်သည်။ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



'အမျိုးသမီး ပြောလိုက်တဲ့ စကားကို ခင်ဗျား ကြားသွားပဲ၊ အလောင်းတွေကို အပြင် ထုတ်လိုက် ရအောင်'

'ခဏ နေဦး' ဟု တိဘတ်က အော်ပြောသည်။ 'အလောင်းတွေကို ဓာတ်ပုံ ရိုက်ရ ဦးမယ်'

'ဓာတ်ပုံ ရိုက်ဖို့ လိုအပ် သို့လား၊ ပေါ' ဟု ကျွန်တော် မေးကြည့်သည်။

'ဒီမှာ ဘာတွေ ဖြစ်နေသလဲ ဆိုတာ ကျုပ်တို့ ရှာဖွေနိုင်ဖို့ အခွင့်အရေး ရချင်တယ် ဆိုရင် အလောင်းတွေကို ဓာတ်ပုံ ရိုက်ထား ရလိမ့်မယ်'

'ဒီမှာ ဘာတွေ ဖြစ်ပျက်ခဲ့သလဲ ဆိုတဲ့ ကိစ္စက ရှင်းနေပြီလို့ ကျုပ် ထင်တယ်'

စတော့နေ့ စကား ပြောလာသည့်အခါ တိဘတ်က ချာခနဲ လှည့်ပြီး ဒသမ လေးဆယ်ငါး အမျိုးအစား သေနတ်ကို ဇီဝ ဝတ်စုံထဲမှ ဆွဲထုတ် လိုက်သည်။ စတော့နေ့ အနားသို့ ခြေနှစ်လှမ်း တိုးသွားပြီး ရုရှားကြီး၏ နဖူးကို သေနတ် ပြောင်းဖြင့် တေ့ ထား လိုက်သည်။

'မင်း နောက်ထပ် စကားတစ်ခွန်း ထပ်ပြော လိုက်တာနှင့် မင်းရဲ့ ဦးနှောက်ကို ဟောဒီ အခန်းထဲမှာ တစ်စစီ ဖြစ်သွားအောင် ဖောက်ထုတ်ပစ် လိုက်မယ်'

'ပေါ' ဟု ကျွန်တော် လှမ်းအော် လိုက်မိသည်။

ရုရှားကြီးက မလှုပ်မရှက် မတ်တတ်ရပ်နေသည်။ တိဘတ်မှာ တစ်ကိုယ်လုံး တုန်ယင် နေသောကြောင့် မှားယွင်းပြီး သေနတ်မောင်း ဆွဲလိုက်မိမှာကို ကျွန်တော် စိုးရိမ်နေသည်။



'ပေါ၊ အဲသလို မလုပ်နှင့်၊ နောက်ဆုတ်လိုက်ပါ'

ကျွန်တော် ထပ်ပြီး အော်ပြောလိုက်သည့်အခါ တိဘတ် ဖြည်းဖြည်းချင်း နောက်ဆုတ် သွားသည်။ သေနတ်ကို အောက်စိုက်ပြီး ခလုတ်ကို ပြန်ပိတ် လိုက်သည်။ စတော့နေ့က တစ်စုံတစ်ခု ပြောမည့်ဟန် ပြင်လိုက်ရာ ကျွန်တော် ခေါင်း ခါပြ လိုက်သည်။

'ဘယ်သူမှ စကားကြော မရှည်နှင့်၊ ဒီ အလောင်းတွေ အရည် ပျော်မသွားခင် အပြင် ထုတ်လိုက် ရအောင်၊ ပြီးမှ ကျန်တဲ့ လူတွေ ကို လိုက်ရှာကြမယ်၊ အလောင်းတွေ အားလုံး အပြင်ထုတ်ပြီးရင် ဒီ အခန်းကို ဆေးကြောပြီး နောက်ထပ် ဘာလုပ်ကြမလဲ ဆိုတာ စဉ်းစား ကြမယ်'

မည်သူမျှ စကားပြန် မရပါ။

'ဘယ်သူက ဓာတ်ပုံ ရိုက်ပေးမှာလဲ' ဟု ကျွန် တော် မေး ကြည့်သည်။

'ကျုပ် ရိုက်ပေးမယ်' ဟု အနောက် ဂျာမန် ကတ်အေ ယ်ဖ ပြောလာသည်။ သူက အပြင်ဘက်ရှိ အထုပ်အပိုး များ ဆီသို့ ထွက်သွားသည်။ မိနစ် အနည်းငယ် ကြာ သည့် အခါ ၃၅ မီလီမီတာ ကင်မရာ တစ်လုံးနှင့် လျှပ် တစ် ပြက် အလင်းရောင် ပေးသည့် ကိရိယာများနှင့်အတူ ပြန်ရောက် လာသည်။

နောက် တစ်နာရီ လုံးလုံး အလောင်း ၂၄ လောင်းကို အပြင်ထုတ်၍ တန်းစီထားခြင်းဖြင့် ကျွန်တော်တို့ အချိန် ကုန်

www.burmeseclassic.com



သွားသည်။ ကတ်အေဘာယ်က မဆိုးပါ။ သူက အလောင်းများကို ဓာတ်ပုံ တစ်ပုံစီ ရိုက်ယူသည်။ တချို့ အလောင်းများကို တစ်ပုံထက် မက ပိုပြီး ရိုက်ယူထားသည်။

ဓာတ်ပုံရိုက်သည့် လုပ်ငန်း ပြီးဆုံး သွားသော အခါ အခန်းကို ဆေးကြော သန့်စင်ကြသည်။ မည်သူမျှ အပြစ်ဖို့ခြင်း မရှိပါ။ ညနေ ခြောက်နာရီ ကျော်ကျော်တွင် အခန်းရှင်းသည့် လုပ်ငန်း ပြီးစီးသွားသည်။

လာနာနှင့် ဘိတ်ဝီလကောက်တို့က ရေနှင့် ရိက္ခာများကို စမ်းသပ် စစ်ဆေးပြီးသည့် နောက်တွင် ကော်ဖီ၊ စွပ်ပြုတ်နှင့် ဆင်းဒဝစ် နည်းနည်းပါးပါး လာချပေးသည်။ တီဘတ်က စခန်းမှူး၏ ရိက္ခာတဲထဲမှ ဘရမ်ဒီ နှစ်လုံးကို ရှာပြီး ယူလာသည်။

ရုံးခန်း အနည်းငယ်၊ ထမင်း စားဆောင်၊ မီးဖိုခန်း၊ ရိက္ခာသိုလှောင်ခန်းနှင့် ရေဒီယိုနှင့် မိုးဇလ စက်ခန်းတို့ ပါဝင်သော ဗဟိုဆောင်ကြီးမှာ အတန်အသင့် နွေးထွေး လာသည်။ သို့ဖြင့် အပေါ်ယံမှ အဝတ်အစားများကို ချွတ်၍ သက်သောင့်သက်သာ နေနိုင် လာသည်။

ထမင်းစား ဆောင်ထဲတွင် စားသောက်ရန် လူပြန်စုပြီးချိန်တွင် တီဘတ်က သူသည် အခြေစိုက် စခန်းနှင့် ရေဒီယို အဆက်အသွယ် လုပ်ပြီးခဲ့ပြီ ဖြစ်ကြောင်း ကြေညာလိုက်သည်။

‘ဒီမှာ ဖြစ်ပျက်နေတဲ့ အခြေအနေကို ပြောပြလိုက်သေးသလား’



ကျွန်ဘော် မေးကြည့်သည့် အခါ အားလုံးက တီဘတ်ကို ဝိုင်းကြည့် နေကြသည်။ တီဘတ်က ခေါင်းညိတ်ပြီး

‘သူတို့ဆီကို ပဏာမ အစီရင်ခံလိုက်ပြီးပြီ၊ ဒီအဆောက်အအုံထဲက ရိက္ခာ သိုလှောင်ခန်းထဲမှာ ရောဂါ ရှာဖွေရေး ဓာတ်ခွဲခန်း တစ်ခု ဖွင့်လှစ်ပြီး ညနေပိုင်းမှာ ချက်ချင်း လုပ်ငန်း စကြမယ်’

‘ဒီ စခန်းမှာ ဓာတ်ခွဲခန်းတွေ မရှိဘူးလား’ ဟု စထရော့က မေးသည်။

‘ရှိတယ်၊ ဒါပေမယ့် ဒီက လူတွေကို သတ်ဖြတ် လိုက်တဲ့ ပစ္စည်းဟာ အဲဒီ ဓာတ်ခွဲခန်း တွေက ထွက်လာတာ ဟုတ်သလား မဟုတ်ဘူးလား ဆိုတာကို ကျုပ်တို့ တထစ်ချ မပြောနိုင်သေး ဘူးလေ၊ အဲဒါကို ဆုံးဖြတ်လို့ ရတဲ့ အချိန်အထိ ကျုပ်တို့ရဲ့ လှုပ်ရှားမှု တွေကို ဒီ အခန်း ထဲ မှာပဲ ဆောင်ရွက်ရမယ်’

မည်သူမျှ ထပ်မပြောသည့် အခါ တီဘတ်ကပင် ဆက်၍

‘ဒီဟွန်း၊ တီရင်ဆင်း၊ စထရော့နှင့် ဘိတ်ဝီလကောက်တို့က ဓာတ်ခွဲခန်း ဖွင့်လှစ်ပြီး သေမှု သေခင်းကို စစ်ဆေးကြည့်ရမယ်၊ ကျန်တဲ့ ကျုပ်တို့ တစ်ဖွဲ့က ဒီ စခန်း ထဲမှာ အခန်းဝင် တစ်ခန်းထွက် လိုက်ပြီး ရှာဖွေ စစ်ဆေးမယ်၊ ဒီ စခန်းထဲမှာ ရှိတဲ့ ပစ္စည်း တစ်ခု ချင်းကို စမ်းသပ်ပြီး မှတ်တမ်း ပြုစု ထားရမယ်’

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ရက်တွေ အများကြီး ကြာမှာ ပေါ့ဗျ' ဟု စထရေ့က ဆိုသည်။

'ဒါပေါ့ဗျာ၊ ကိုင်း နောက် ထပ် မေးစရာ ရှိ သေး သလား'

မရှိပါ။

'ဒါဆိုရင် ထမင်း ပြီးအောင် စားလိုက်ကြပါ၊ ကျုပ်တို့ စောစောစနိုင်ရင် စောစောစီးစီး လုပ်ငန်း ပြတ်မှာပဲ၊အဲဒါမှ ဒီကာခေန မြန်မြန် ထွက်နိုင်မှာ'

# ၅

…းသောက်ဆောင်မှာ 'ရှာဖွေ သတ်မှတ်ရေး' တာဝန်ဟု …အတ် နာမည်ပေးထားသည့် လုပ်ငန်းကို အကောင်အထည် …ော်ရာ ဗဟိုချက် စခန်း ဖြစ်လာလေသည်။ ရိက္ခာသိုလှောင် …းထဲတွင် ရောဂါ ရှာဖွေရေး ခေတ်ခွဲခန်း တစ်ခုကို ဖွင့်လှစ် …က်သည်။ အသား မျှင်များ၊ သွေးနှင့် အရိုး နမူနာများကို …မ အလောင်း သုံးလောင်းမှ ထုတ်ယူလာခဲ့သည်။ စမ်းသပ် …က်များမှ အဖြေ မရရှိသေးသော်လည်း ဤစခန်းမှ လူအား …အား သတ်ဖြတ် သွားသည့် တရားခံနှင့် ပတ်သက်၍ …ဘ်တစ်နေ့ နံနက်တွင် အဖြေပေးနိုင်လိမ့်မည်ဟု လာနာနှင့် …န်း တို့က တထစ်ချ ယုံကြည်နေကြသည်။

ကျန်သည့် ကျွန်တော်တို့ လူစုက စခန်းအတွင်း တစ်ခန်း …င် တစ်ခန်းထွက် ရှာဖွေ စစ်ဆေး ကြသည်။ အနွေးခေတ် …သည့် ပိုက်လိုင်းများ၊ ရေနှင့် မိလ္လာ ပိုက်လိုင်းများကို …ဆေးသည်။ ဤစခန်းတွင် အလုပ် လုပ်နေကြသည့် သိပ္ပံ …ရှင်များ၏ ကိုယ်ပိုင် အသုံးအဆောင်များနှင့် ဆောင်း …အတွက် သိုလှောင်ထားသည့် ပစ္စည်း ရိက္ခာများကိုလည်း …ဆေး ကြသည်။

ကျွန်တော်တို့သည် သုံးယောက် တစ်စု၊ လေးယောက် တစ်စု အလုပ် လုပ်နေကြပြီး ရံဖန်ရံခါ ဆိုသလို ထမင်းစား ဆောင်သို့ ပြန်လာကာ ကော်ဖီ သောက်သည်။ အစား စားသည်။ မှတ်စုများကို အချင်းချင်း တိုက်ဆိုင် ကြည့်ကြ သည်။

စတာနေ့မှာ အလွန် တော်သော စုံ စမ်း ရေး မှူး တစ်ယောက် ဖြစ်ကြောင်း ကျွန်တော် တွေ့ရသည်။ သူသည် အခန်း တစ်ခန်းထဲတွင် ဝှက် ထား သည့် ဆေး မြော တစ်အိတ်ကို ရှာတွေ့ လာသည်၊ နောက်ထပ် အခန်း တစ် ထဲမှနေ၍လည်း သိပ္ပံ ပညာဆိုင်ရာ နေ့စဉ် မှတ်တမ်း စာအ တစ်အုပ်ကို ရရှိလာသည်။ ထို နေ့ စဉ် မှတ် တမ်း ထဲ မှတ်တမ်းရှင်က သူ၏ အယူအဆများနှင့် အဝင် ခွင်ကျ အောင် စမ်းသပ်မှု ရလဒ်များအား လိုရာ ဆွဲယူခဲ့ပုံများ အကြမ်းဖျင်း ရေးသား ထားသည်။

ဤ နေ့စဉ် မှတ်တမ်းကို စတာနေ့ ကန့်ကွက်နေသ ကြားမှ တီဘာက အတင်း သိမ်းယူ သွားသည်။

'ဒီ မှတ်တမ်းကို ကျုပ် ဖတ်ကြည့်ပြီးတာနှင့် ဒေါက်တ စထရော့နှင့် ဒေါက်တာ အောဘယ်တို့ကို စစ်ဆေးခွင့် မယ်၊ မှတ်တမ်းထဲမှာ အခု ကျုပ်တို့ စုံစမ်းနေတဲ့ ကိ ပတ်သက်ပြီး သိသင့် သိထိုက်တဲ့ အကြောင်း အချက် ပါနေတယ်လို့ သူတို့ ယူဆခဲ့ရင် အဲဒီ အချက် အလက်တွေ ခင်ဗျားတို့ အားလုံး သိရအောင် ကျုပ် သတင်း ထုတ် ပေးမယ်၊ အဲဒီအချိန် မတိုင်မီမှာတော့ ဒီ နေ့စဉ်မှတ်တ



ာ အမေရိကန် အစိုးရပိုင် ပစ္စည်း တစ်ခု အဖြစ် ရှိနေ မယ်'

စတာနေ့ စိတ်ဆိုးပြေသွားပုံမှာ လွယ်ကူလွန်းသည်ဟုပင် ကျွန်တော် ထင်မိသည်။ ညနက်သည်အထိ ကျွန်တော်တို့ အလုပ် ဆက်လုပ်နေစဉ် အပြင်ဘက်တွင် လေက တဖြည်းဖြည်း အား ကောင်းလာ လေသည်။

ကျွန်တော်သည် တစ်ညနေခင်းလုံးလိုလို ဂျင်းမယ်ရီနှင့် ဗိုလ်တော်အောဘယ်တို့နှင့် အတူ တွဲပြီး အလုပ် လုပ်ခဲ့သည်။ ထမင်း စားဆောင်သို့ ကျွန်တော်တို့ ပြန်လာကြသည့် အခါ နံနက် တစ်နာရီ အချိန်ခန့် ရှိပြီ။ စတာနေ့နှင့် လာနာတို့မှာ အခန်း ထဲတွင် ရောက်နှင့် နေပြီး စားပွဲတွင် ထိုင်ရင်း ကော်ဖီ သောက်ကာ ဆင်းဒဝစ် စားနေ ကြသည်။

'ဘာတွေ ရှာလို့ တွေ့ခဲ့သေး သလဲ'

ကျွန်တော် ခေါင်းခါပြပြီး ကော်ဖီအိုးရှိရာသို့ လျှောက် သွားသည်။ ကော်ဖီ တစ်ခွက် ငှဲ့ထည့်ပြီး ဘရန်ဒီ နည်းနည်း လောင်းထည့်သည်။ ကော်ဖီခွက်နှင့် အတူ စားပွဲဆီသို့ ပြန်လာ ခဲ့ရင်း လာနာနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင် လိုက်သည်။ လာနာက

'ကျွန်မ အခုလေးတင် အယ်လဆီနှင့် ဒေါက်တာ ဇီရင် ဆင်းတို့နှင့် စကားပြောပြီး ပြန်လာတာ'

'သူတို့ဆီမှာရော ဘာများ ထူးခြားသေး သလဲ'

လာနာက ခေါင်းခါပြသည်။

www.burmeseclassic.com



'အခုက စမ်းသပ်မှုတွေကိုတော့ ဒေါက်တာ စထရော့ ပြုလုပ်နေ ပါတယ်၊ သူ့ဆီက အဖြေ တစ်ခုခု ထွက်လာမယ် ဆိုရင်တောင်မှ တော်တော် ကြာဦးမှာ'

'ဒီက လူတွေကို တစ်စုံတစ်ခုက သတ်ပစ်ခဲ့တာပဲ'

'အဲဒါကတော့ ထင်ရှားပါတယ်၊ ဒါပေမယ့် အဲဒီ ပစ္စည်းဟာ သူ့ အလိုလို ပျက်စီးသွားတတ်တဲ့ ဟာမျိုး ဖြစ်ခဲ့ ဖြစ်နေမှာ ရှင့်'

'မင်းက ဘာကို ပြောနေ တာလဲ'

ကျွန်တော် ပြန် မေး လိုက် မိ သည်။ ဂျင်းပယ်ရီနှ ဒေါက်တာ အေဘယ်တို့က အနီးတွင် မတ်တတ် ရပ်နေကြ အေဘယ်က

'ဒေါက်တာ အက်ဒွပ် ပြောချင်တဲ့ အဓိပ္ပာယ်က ဒီလို ဒီက လူတွေကို သတ်ပစ်လိုက်တဲ့ ပစ္စည်းမျိုးဟာ ဘာပဲ ဖြစ်ဖြ ခန္ဓာကိုယ်ထဲကို စိမ့်ဝင်သွားပြီး အတွင်းမှာ အလိုလို ပျက် သွားနိုင်တဲ့ ပစ္စည်းမျိုး၊ ခြေရာ လက်ရာ ချန်မထားခဲ့မ ပစ္စည်းမျိုး ဖြစ်နိုင်တယ်လို့ ဆိုလို တာပဲ'

'ဒါဆိုရင် ဒီက လူတွေကို ဘယ်လို ပစ္စည်းမျိုးက သ ဖြတ်လိုက် သလဲ ဆိုတာ ကျုပ်တို့ မသိနိုင်တော့ ဘူးပေါ့'

'အဲသလိုလည်း မဟုတ်သေးဘူး ဗျ' ဟု ဂျင်းပယ်ရီ ဝင်ပြောသည်။ 'လူ တစ်ယောက်ကို မားဒါးရာနှင့် သေ နေတာ တွေ့ရရင် အဲဒီ လူကို သတ်သွားတဲ့ လူသတ် လက်န အမျိုးအစားနှင့် အရွယ် ပမာဏကို ကျုပ်တို့ အကြမ်းဖျ ခန့်မှန်းလို့ ရနိုင်တာပဲ'



'ဒါပေမယ့် ဒီ နေရာမှာ အဲဒီလို ခန့်မှန်းရအောင် ဘာ အရိပ် နိမိတ်မှ မတွေ့ရဘူး မဟုတ်လား'

'အဲဒါ အမှန်ပဲ' ဟု အေဘယ်က ဝင်ပြောသည်။ တစ်ချက် သမ်းဝေပြီး သူ၏ ကော်ဖီခွက်ကို ချထား လိုက်သည်။ 'ဒီနေ့ အလုပ် လုပ်ရတာ အချိန်လည်း တော်တော် ကြာတယ်၊ သူသည်း ပင်ပန်းနေပြီ၊ တစ်မှေးလောက်တော့ အိပ်ကြည့် လိုက်ဦးမယ် ဗျာ'

'သိပ်ကောင်းတဲ့ စိတ်ကူးပေါ့ဗျာ' ဟု ဂျင်း ပယ် ရီ က ဆိုသည်။ နှစ်ဦးသား ထမင်းစား ဆောင်ထဲမှ ထွက်သွားကြ သည်။

ကျွန်တော်က ဒေါက်တာ အက်ဒွပ် အနားသို့ ရောက် အောင် ခါးကိုင်းလိုက်ပြီး

'ညနေတုန်းက ပေါ်ကို 'တွေ့လိုက်သေး သလား'

'စောစောကပဲ ဒီမှာ ရှိသေးတယ်'

'သူ ဘယ်ကို သွားမယ် ဆိုတာ ပြောသွားသေး သလား' သာနှာ ခေါင်းခါ ပြသည်။ ပြီးမှ ကျွန်တော့်ကို မော့ကြည့် သည်။

'လျှပ်စစ် မာတ်အားပေးစက် အတွက် လောင်စာဆီမှ ရှိသေးရဲ့လား ဆိုတာ သွားကြည့်ဦးမယ် လို့တော့ ပြောသွား တယ် ထင်တာပဲ'

'သူ အဲသလို ပြောသွားတာ သေချာရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'အသေးအချာတော့ မပြောဟတ်ဘူး ရှင့်' လာနာက စိတ်မရှည်သလို အဖြေပေးရင်း မတ်တတ် ထသည်။ 'ကျွန်မ သွားအိပ် တော့မယ်'

'ကိုယ် လိုက်ပို့မယ်လေ'

သူမ၏ အခန်းရှေ့သို့ ရောက်လာကြသော အခါ ကျွန်တော်က သူမ၏ ပါးပြင်ကို အသာနမ်းပြီး

'ကိုင်း အိပ်လိုက်ဦး၊ မနက်မှ ကိုယ် လာနှိုးတော့မယ်'

လာနာ ခေါင်းညိတ် ပြသည်။ သူမ၏ အခန်း တံခါး ပိတ်သွားသွားချင်း ကျွန်တော့် အခန်းသို့ ကပျာကယာ ပြန်လာ ခဲ့သည်။ အနွေးထည်များကို ဝတ်ဆင်ပြီး စကြံမှ တစ်ဆင့် အပြင်ဘက် တံခါးပေါက် တစ်ချပ်သို့ ထွက်လာ ခဲ့သည်။

အပြင်တွင် ခါးခါးသီးသီး အေးလှသည်။ ကျွန်တော်တို့ ရောက်လာချိန်မှစ၍ လေအားက တဖြည်းဖြည်း ကောင်းလာ သည်။ နေရာတကာတွင် ဆီးနှင်းများ လွင့်ပါးနေရာ ဘာမှ မမြင်ရသလောက် ဖြစ်နေသည်။ ကျွန်တော် မြင်ခဲ့ဖူးသည့် စခန်း မှန်ကပ်ပုံ အရ ဆိုပါက လျှပ်စစ်ဓာတ်အားပေး စက်ရုံမှာ အုပ်ချုပ်ရေးရုံး၏ တစ်ဖက်ခြမ်း ရေဒီယို အသံဖမ်း တိုင်ကြီးနှင့် ကပ်လျက်တွင် ရှိရမည်။ သည်နေရာမှ ဆိုလျှင် ကိုက် ၁၀၀ ခန့်ပင် မရှိသော်လည်း လက်ရှိ အခြေအနေမျိုး ထဲတွင် သည်ခရီးလောက်ကို ရောက်အောင်သွားဖို့ မလွယ် လှပါ။



ကျွန်တော့် တစ်ကိုယ်လုံးကို မှုန်းပစ်နေသည့် လေပြင်းထဲ တွင် ခေါင်းငုံ့ပြီး စကြံအတိုင်း လျှောက်လာရာ အုပ်ချုပ် ရေးရုံးသို့ ရောက်လာသည်။ ပြတင်းပေါက်များမှာ မီးများ ထွန်းထားသောကြောင့် အထဲတွင် လှုပ်ရှားနေသည့် လူရိပ် တစ်ခုကို မြင်နေရသည်။ စတာနေ့ ဖြစ်ချင် ဖြစ်မည် သို့မဟုတ် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းမှ သိပ္ပံပညာရှင် တစ်ဦး ဖြစ်မည်။

ကျွန်တော်သည် လေပြင်းထဲတွင် လွင့်နေသည့် ဆီးနှင်း များကြားမှနေ၍ အသံဖမ်း တိုင်ကို ကြိုးစားပြီး ရှာကြည့် မိသည်၊ လျှပ်စစ်စက်ရုံမှ မီးရောင်ကို ရှာဖွေ မိသည်။ မှောင်မိုက်လွန်း၍ ဘာကိုမျှ မမြင်ရပါ။

အုပ်ချုပ်ရေး ရုံးခန်းရှေ့ တံခါးဝမှ နေ၍ လျှပ်စစ် စက်ရုံသို့ သွားသော လူသွား လမ်းကလေး တစ်ခု တော့ ရှိသည်။ လမ်းကလေးကို ကျွန်တော် ရှာတွေ့လျှင် လျှပ်စစ် စက်ရုံသို့ သွားနိုင်လိမ့်မည်။ တော်တော်တော့ သတိထား ရသည်။ သည်လို မိုးခွလစသမျိုး ထဲတွင် လမ်းပျောက်သွား ခဲ့က အလွန် လွယ်ကူသည်။ အုပ်ချုပ်ရေး ရုံးကို ပတ်ပြီး ကျွန်တော် ရှေ့ကို တစ်လှမ်းချင်း တိုးသွားသည်။ ရှေ့ တံခါးမကြီးနှင့် တစ်ပေ နှစ်ပေခန့် အကွာသို့ ရောက်လာသည့် အခါ တစ်ခုခုနှင့် ခလုတ်တိုက်မိသဖြင့် အောက်ကို ငုံ့ကြည့် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆီးနှင်းထဲတွင် တစ်ဝက်တစ်ပျက် မြုပ်နေသော ကြိုး တစ်ချောင်း ဖြစ်သည်။ ကြိုးစကို ကိုင်ပြီး လိုက်လာရာ အုပ်ချုပ်ရေးရုံးရှေ့သို့ ရောက်လာသည်။

လျှပ်စစ်စက်ရုံနှင့် ဆက်သွယ်ထားသည့် ကြိုးများ ဖြစ်လေမလား။ ဖြစ်နိုင်လောက်စရာ အကြောင်း ရှိသည်။ အုပ်ချုပ်ရေးရုံးမှ လူများ အနေဖြင့် မည်သည့် မိုးလေဝသ အခြေအနေမျိုးမှာ မဆို လျှပ်စစ် စက်ရုံသို့ ပုံမှန် သွား ရောက်စစ်ဆေးဖို့ လိုအပ်သည်။ ထိုသို့ သွားကြည့်နိုင်ရန် လမ်းပြကြိုး တစ်ချောင်းနှင့် အဆက်အသွယ် လုပ်ထားခြင်း ဖြစ်သည်။

ကျွန်တော်သည် ကြိုးကို လက်နှစ်ဖက်ဖြင့် ခါးလယ်ခန့် အမြင့်မှ ကိုင်ရင်း နှင်းမုန်တိုင်းထဲသို့ ထွက်လာ ခဲ့သည်။ လမ်းကြောင်းလေး တစ်ခု ရှိသော်လည်း ဆီးနှင်း များက လုံးဝ ဖုံးအုပ်လုနီးပါး ဖြစ်နေသည်။ ရံဖန်ရံခါတွင် ရှေ့ဆက် မသွားနိုင်သေးဘဲ ဆီးနှင်းထဲ မြုပ်နေသည့် ကြိုးကို ဖော်ပေး ရသည်။ ရှေ့တွင် အမှောင်ထုမှလွဲ၍ ဘာမျှ မရှိပါ။ ခဏ ရပ်ပြီး နောက်သို့ လှည့်ကြည့်မိသည်။ ကျွန်တော့် နောက်ဘက် အုပ်ချုပ်ရေးရုံးမှ မီးရောင်ကိုပင် မမြင်ရတော့၊ နှင်းမုန်တိုင်း ထဲတွင် ကျွန်တော် တစ်ယောက်တည်း ရောက်နေချေပြီ။

နာရီများစွာ ကုန်ဆုံး သွားသည်ဟု ထင်ရသော်လည်း တကယ်တမ်း အားဖြင့် ၁၅ မိနစ်ပင် မပြည့်တတ်သေးချိန် တွင် ကျွန်တော့် ရှေ့ဘက်မှ လ ထီးဆောင်းသလို ဖြစ်နေ သည့် ဝိုင်းစက်ဝက် အလင်းရောင် ကလေးကို မြင်ရသည်။



ရှေ့ကို ကျွန်တော် ခပ်သွက်သွက် တိုးသွားသည်။ ဆယ်ကိုက် ခန့် သွားမိသောအခါ လျှပ်စစ် စက်ရုံ၏ ရှေ့တံခါးမကြီးသို့ ရောက်လာသည်။ တံခါးဖွင့်ပြီး အတွင်းသို့ ဝင်လိုက်သည့် အခါ လျှပ်စစ် ဓာတ်အားပေး စက်သံကို ကျယ်လောင်စွာ ကြားရသည်။

လျှပ်စစ်စက်ရုံမှာ အတန်အသင့် ကျယ်ဝန်း ကြီးမားသည်။ သမံတလင်းတွင် မူလီနှင့်စွဲထားသည့် လျှပ်စစ် ဓာတ်အားပေး စက်တစ်လုံး လည်ပတ်နေစဉ် ကျန်သည့် အရန် စက်များကို ပိတ်ထားသည်။ ကျွန်တော်သည် တံခါးကို ပြန်ပိတ်လိုက်ပြီး ခေါင်းစွပ်ကို ချွတ်လိုက်သည်။

လောလောဆယ်တွင် သည် အခန်းထဲ၌ လူ မ ရှိ သော် လည်း မကြာသေး မီက တစ်စုံ တစ်ဦး လာသွား ခဲ့သည်။ အရည်ပျော်နေသည့် ဆီးနှင်းများက တံခါးမှ နေ၍ အရန် လျှပ်စစ်ဓာတ်အားပေးစက်ကို ပတ်ပြီး အခန်းထောင့်မှ သံဗီရို ကြီး တစ်လုံးနားတွင် အဆုံးသတ် သွားသည်။ သံဗီရို လက် ကိုင်ကို ကျွန်တော် လှည့်ဖွင့် ကြည့်သည်။ ပွင့်မလာပါ။

တီဘတ် သည် နေရာသို့ ရောက်လာပြီး သံဗီရိုထဲမှ တစ်ခု ခုကို စစ်ဆေးကာ ပြန်ထွက် သွားကြောင်း ထင်ရှားသည်။ အုပ်ချုပ်ရေး ရုံးခန်း ပြတင်းပေါက်မှ တစ်ဆင့် ကျွန်တော် လှမ်းမြင်ခဲ့သူမှာ တီဘတ် ဖြစ် နိုင်သည်။ သို့သော် သူက သည် နေရာမှာ ဘာ လာလုပ်ရသလဲ။

ကျွန်တော် ခါးကုန်းပြီး သံဗီရို သော့ပေါက်ကို ငုံ့ကြည့် လိုက်စဉ် ဗီရို လက်ကိုင်က ချောက်ခနဲ မြည်သွားသည်။ သံဗီရို

www.burmeseclassic.com

www.burmeseclassic.com



တံခါး ဝုန်းခနဲ ပွင့်လာသောကြောင့် ကျွန်တော် ခေါင်းနှင့် ဆောင့်မိ သွားသည်။ ကျွန်တော် နောက်ကို ခုန်ထွက်ပြီး လူဂါ သေနတ်ဆီသို့ လက်လှမ်းလိုက်စဉ် တီဘတ်က သံဗီရိုထဲမှ ထွက်လာ လေသည်။ ကျွန်တော့်ကို မြင်သွားသောအခါ တီဘတ် မျက်လုံး ပြူးသွားသည်။

'ခင်ဗျားက ဗီရိုတွေထဲမှာ ဒီလို ငင်ပုန်း နေကျ ပဲလား ပေါ့'

ကျွန်တော် သူ့ကို မေးကြည့်လိုက်သည့် အခါ တီဘတ်က သူ့ နောက်ဘက်သို့ မလုံမလဲ လှည့် ကြည့် သည်။ သူ၏ မျက်နှာမှ အမူအရာမှာ အပြစ် ရှိနေသူ တစ်ဦးလို ဖြစ်နေသည်။

'ကျုပ်က....'

'အဲဒီထဲမှာ ဘာ ရှိလို့လဲ ဗျ၊ တခြားသူတွေ မေးလာရင် ဖြေလို့ ရအောင် ကျုပ် သိသင့် သိထိုက်တာများ မရှိဘူးလား'

တီဘတ် သက်ပြင်းချရင်း 'ခင်ဗျားက တခြား ကိစ္စတွေပါ သိထားပြီးနေမှတော့ ကိုယ်တိုင် လိုက်ကြည့်တာပဲ ကောင်းပါတယ်'ဟု ဆိုသည်။

တံခါးကို ဖွင့်ပြီး အတွင်းသို့ ပြန်ဝင်သွားကာ 'လာဗျာ' ဟု ကျွန်တော့်ကို ခေါ်သည်။ ကျွန်တော် ဝင်လိုက် သွားသည်။ တီဘတ်က ဗီရို နောက်ကျောကို တစ်စုံ တစ်ခု လုပ်လိုက်ရာ ဗီရို နောက်ကျော တစ်ပိုင်းက အတွင်းဘက်သို့ ပွင့်လာသည်။ အောက်ဘက်သို့ ဆင်းသွားသည့် လှေကား ထစ် များကို ကျွန်တော် မြင်ရသည်။



'လျှို့ဝှက် လမ်းကြောင်း ပါလား'ဟု ကျွန်တော် ပြော လိုက်မိသည်။

'အပြင် တံခါးကို ပိတ်ခဲ့၊ အလိုလို သော့ခတ် ပြီးသား ဖြစ်သွား လိမ့်မယ်'

တီဘတ်က ကျွန်တော့်ကို ပြောပြီး လှေကားထစ်များမှ ဆင်းသွား တော့သည်။ ဗီရို ရှေ့ တံခါးကို ကျွန်တော်ပြန်ပိတ်ပြီး သူ့ နောက်မှ ဆင်းလိုက် သွားသည်။ အနည်း ဆုံး ပေ ၂၀ ခန့် နက်လိမ့်မည် ထင်သည်။ လှေကား ခြေရင်းတွင် တီဘတ်က မီးခလုတ် တစ်ခုကို ဖွင့်လိုက်သည်။ တံခါးသော့ကို လျှို့ဝှက် သင်္ကေတ တစ်ခု သုံးပြီး ဖွင့် လိုက် သော အခါ တံခါး ပွင့်သွားသည်။

'ဒီစခန်းကို တည်ဆောက် တုန်းက ရေခဲထဲမှာ နက်နက်နှင့် ကျယ်ကျယ် တူးထုတ်ပြီး ဒီ အခန်းကို ဆောက်လုပ်ခဲ့တာပဲ၊ ပြီးမှ အပေါ်ကနေ သံမဏိပြားတွေခံပြီး အပေါ်ဆုံးကနေ ဆီးနှင်းတွေနှင့် ဖုံးထား လိုက်တယ်၊ လျှပ်စစ် စက်ရုံဟာ ဒီ အပေါ် တည့်တည့်မှာ ရှိတာပေါ့'

တီဘတ် အခန်းထဲ ဝင်ပြီး မီး ဖွင့်သည်၊ သူ့ နောက်မှ ကျွန်တော် လိုက်သွားသည်။ အခန်းမှာ အခန်း ကျယ်ကြီး ဖြစ်သည်။ တစ်ခါက ခွဲစိတ်ခန်းလို အခန်း တစ်ခုခု ဖြစ်ခဲ့ သည်မှာ ထင်ရှားသည်။ ယခုတော့ အခန်းထဲရှိသမျှ အားလုံး ကို ဖျက်ဆီးထားသည်။ ဖန်ပေါင်းချောင်များ၊ ဖန်ပုလင်းကြီး များနှင့် ဓာတုဗေဒ ဆေးဝါး များမှာ နေ ရာ အနှံ့ တွင် ကွဲကြေ ဖိတ်စဉ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နံရံတစ်ဖက်၏ တောက်လျှောက်မှ သံဗီရိုများမှာ အားလုံးဖွင့်နေသည်။ လက်ဆေးခွက် နှစ်လုံးထဲတွင် ပြာများကိုတွေ့ရသည်။ ဖိုင်တွဲ တချို့ကို မီးရှို့ထားခြင်းပင်။

'ဒါတွေကို ခင်ဗျား ဖျက်ဆီးထားတာ လား'

'ဟုတ်တယ်၊ တစ်ယောက်ယောက်က ဒီ ဓာတ်ခွဲ ခန်းကို ရှာတွေ့ သွားရင် အပေါ်မှာ ဖြစ်ပျက်ခဲ့ သလို ဒီမှာလည်း ဖြစ်ပျက်ခဲ့တာ နေမှာပဲလို့ ထင်သွားအောင် လို့ပါ'

ကျွန်တော် ရှေ့ကို တိုးလာပြီး သံဗီရိုများဆီသို့ လျှောက်သွားသည်။

'ဗီရိုတွေ ထဲမှာ ဘာမှ မရှိတော့ဘူး ဗျ'

တိဘတ်က ဖြေလိုက်ရာ ကျွန်တော် ချာခနဲ လှည့်ကြည့်ပြီး

'ဒီ နေရာမှာ ဘယ်လိုဟာမျိုးကို သုတေသန လုပ်နေကြတာလဲ'

'မျိုးရိုးဗီဇ အင်ဂျင်နီယာ ပညာကို သုတေသန လုပ်နေတာပါ၊ အပေါ်မှာ လိုပါပဲ'

'ဒါဆိုရင် ဒီ အခန်းကျမှ ဘာဖြစ်လို့ လျှို့ဝှက် ထားရတာလဲ၊ ဒီ အခန်း အကြောင်းကို ကျုပ်တို့ဆီက လူတွေတောင် မသိကြဘူး'

တိဘတ်က ခွေးခြေ တစ်လုံးတွင် ထိုင်ပြီး စီး က ရက် တစ်လိပ် မီးညှိသည်၊ ပြီးမှ

'ဒီ စခန်းကို ဆောက်ထားတာ ၁၀ နှစ် လောက် ရှိပြီ၊ ကျုပ် ဒီကို မရောက်ခင် ကတည်းကပဲ'



'ဒီ ဓာတ်ခွဲခန်းကို ပြောတာလား၊ အပေါ်က စခန်း တစ်ခုလုံးကို ပြောတာလား'

'နှစ်ခုလုံးပဲ၊ ဒါဟာ အစကတော့ အရပ်ဘက်က စီမံကိန်းပဲဗျ၊ မက်ဆာချူးဆက် စက်မှု တက္ကသိုလ်က လား၊ ဟားဗတ် တက္ကသိုလ်က ဦးစီးတာလားတော့ ကျုပ်လည်း မမှတ်မိတော့ဘူး၊ အဲဒီတုန်း ကတော့ မျိုးရိုး ဗီဇကို ကြိုးကိုင်ပြီး အလိုရှိသလို အသုံးချနိုင်ဖို့ တကယ်တမ်း ပြဿနာ တက်နေကြတယ်လေ ဗျာ၊ ကျုပ် သိသလောက်တော့ ရေတပ်မတော် ဟာ ဒီစခန်းအကြောင်း တရားမဝင် သိရှိထားခဲ့ ပေမယ့် မမြင်ချင်ယောင် ဆောင်နေခဲ့ကြတယ်၊ ဒီ ဓာတ်ခွဲခန်းကို နှစ်နှစ်လောက်ပဲ အသုံးပြုခဲ့ ကြတယ်၊ အဲဒီနောက်မှာ မလိုအပ်ဘဲနှင့်ဒုက္ခပေးနေတယ်လို့ ယူဆပြီး ဒီဓာတ်ခွဲခန်းကို ပိတ်ပစ်ခဲ့တာပဲ'

'ဒီ အခန်းကို ဘယ်သူက ပြန်ပြီး အသုံးချခဲ့ တာလဲ'

'ကျုပ် ပေါ့'

'ရုရှားတွေကြောင့် လား'

ကျွန်တော် ခွေးခြေ တစ်လုံးကို ရှာပြီး တိဘတ်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ တိဘတ်က ခေါင်းညိတ်ပြီး

'ရုရှားတွေဟာ အာဗွီဘီ-အေ ပစ္စည်းကို အရှိန်တိုးမြှင့်ပြီး သုတေသန ပြုလုပ်နေမှုန်း ရေတပ်မတော် ထောက်လှမ်းရေးက တစ်ဆင့် ကျုပ်တို့ သိခဲ့ ပြီးပြီ၊ အဲဒီနောက်...'

'အာဗွီဘီ-အေ ဆိုတာ ဘာလဲ ဗျ'

www.burmeseclassic.com

'အခုပြောင်းအလဲ အလွန်မြန်ဆန်တဲ့ ဇီဝ ဓာတ်ကူ ပစ္စည်း တစ်မျိုးပါ။ အလွယ်ဆုံး စကားနှင့် ပြောရမယ် ဆိုရင်တော့ ဒီ ပစ္စည်းဟာ လူ့ရဲ့ ခန္ဓာကိုယ်ထဲကို ဝင်ရောက် သွားနိုင်ပြီး သေစေလောက်တဲ့ ရောဂါ တစ်မျိုးမျိုး ဖြစ်ပေါ်စေတဲ့ ဇီဝ ပစ္စည်း တစ်မျိုး ဆိုပါတော့၊ ဒီ ပစ္စည်းဟာ သူ့ရဲ့ဂုဏ်သတ္တိကို တစ်မျိုးကနေ တစ်မျိုး မြန်မြန်ဆန်ဆန် ပြောင်းလဲပစ်နိုင်တယ်၊ အဲဒီ အရည်အချင်းဟာ အာဗွီဘီ-အေ ရဲ့ သော့ချက်ပဲ'

'အဲဒီ ပစ္စည်းအတွက် ဖြေဆေး မရှိဘူးလား'

'အဲဒီ အတွက် ဖြေဆေးကို ဒီ ဓာတ်ခွဲခန်းမှာ ကျုပ်တို့ ရှာနေကြတာ ပေါ့၊ ဖြေဆေး တစ်မျိုးကို ကျုပ်တို့ ရှာတွေ့တာနှင့် တစ်ပြိုင်နက် အာဗွီဘီ-အေ ဟာ သူ့ရဲ့အစွမ်းကို တစ်မျိုး ပြောင်းပစ် လိမ့်ဦးမယ်၊ အဲဒါက ဦးနှောက် ခြောက်စရာ ဖြစ်နေတာပေါ့ ဗျာ'

'အဲဒီတော့ အာဗွီဘီ-အေ ကို ခုခံ တားဆီးလို့ မရနိုင်ဘူး ဆိုပါတော့'

'ကျုပ် တို့က ဒီ နေရာမှာ ရောမ အောင်မြင်မှုကြီး တစ်ခု ရလာတော့မယ့် ဆဲဆဲပဲ ဗျာ၊ ကျုပ် တို့ဟာ အာဗွီဘီ-အေ တန်ပြန် ပစ္စည်းကို ဖော်ထုတ်လို့ ရခါနီးပြီ၊ ကျုပ်တို့ စမ်းသပ် နေတဲ့ အာဗွီဘီ-အေ တန်ပြန် ပစ္စည်းဟာ အာဗွီဘီ-အေရဲ့ အစွမ်းသတ္တိ ပြောင်းတာ မြန်သလောက် အမီလိုက်ပြီး အစွမ်း ပြယ်အောင် ဖန်တီးပေးနိုင်တဲ့ သတ္တိ ရှိတယ်'

'အဲဒီတော့'



'ဒါပေမယ့် ကျုပ်တို့က အဲဒီ ဖြေဆေးကို မထုတ်လုပ်ရ သေးဘူး၊ ထုတ်လုပ် နိုင်ဖို့ တစ်လလောက် အချိန် ယူနေ သေးတယ်'

'ကျုပ်က ဒါကို ဆိုလိုတာ မဟုတ်ဘူး ပေါ့'

'ဒါဆိုရင် ခင်ဗျားက ဘာကို ဆိုလိုတာလဲ'

'ခင်ဗျားတို့ အနေနှင့် ဖြေဆေးကို ဖော်ထုတ် နိုင်ဖို့ အတွက် မူလ အာဗွီဘီ-အေ ဇီဝ ပစ္စည်း အလုံအလောက် ထားမှ ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်တယ်'ဟု ဘီဘတ်က ကျွန်တော့်ကို မျက်လုံးချင်း ဆိုင်ပြီး ပြောသည်။

'ဒါဆိုရင် ခင်ဗျားတို့မှာ ရှိနေတဲ့ အာဗွီဘီ-အေ တချို့ က် ယိုစိမ့်ပြီး ထွက်သွားလို့ နေမှာပေါ့၊ ဒီမှာ လူတိုင်းကို ဖြတ်ပစ် ခဲ့တဲ့ မတော်တဆ ထိခိုက်မှု တစ်ရပ် ဖြစ်ခဲ့ '

'အဲသလို မဖြစ်နိုင်ဘူး ဗျ၊

'ခင်ဗျားက ဘယ်လို လုပ်ပြီး သေချာပေါက် ပြောနိုင် တာလဲ ပေါ့'

'ကျုပ်တို့ အသုံးပြုနေတဲ့ အာဗွီဘီ-အေ တစ်ခုချင်း ထဲမှာ အသွေး ညှိုဖျင်းတဲ့ ချူကလီးယား အမှတ် အသား ပေးထားတယ်၊ မတော်တဆ ထိခိုက်မှုတစ်ရပ် ဖြစ်လာ တရားခံဖြစ်တဲ့ ဇီဝ အကူ ပစ္စည်းကို ခြေရာ ကောက်နိုင် အောင် လို့ပါ'

www.burmeseclassic.com



'ဒါဆိုရင် အလောင်းတွေ ထဲမှာ ရေဒီယိုသတ္တိ ကြွနေတာ ရှာတွေ့တော့မှာပဲလို့ ခင်ဗျား ပြောနေတာ ပေါ့'

'ကျုပ်တို့ရဲ့ အာဗွီဘီ-အေ ဆိုရင်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲသလို ရေဒီယိုသတ္တိ ကြွတာမျိုး တွေ့ရမှာ မဟုတ်ပါဘူး၊ ကျုပ်တို့ လက်ဝယ်မှာ ရှိနေတဲ့ အာဗွီဘီ-အေ တွေဟာ တစ်ခုမှ အပျက်အစီး အထိအခိုက် မရှိဘူး၊ အားလုံးကိုလည်း ကျုပ် ဖျက်ဆီးပစ် လိုက်ပြီ'

'နျူကလီးယား အမှတ်အသား ပါမသွားတဲ့ အာဗွီဘီ-အေ တစ်ခုမှ မရှိနိုင်ဘူးလား'

'မရှိနိုင်ပါဘူး ဗျာ'

သို့ဆိုလျှင် ဖြစ်နိုင်ခြေမှာ နှစ်ခုသာ ရှိတော့သည်။ တီဘတ်က ကျွန်တော့်အား ညာပြောနေခြင်း ဖြစ်နိုင်သည်။ သို့မဟုတ် သည်စခန်း ပြင်ပမှ ပစ္စည်း တစ်မျိုးမျိုးက သည်ကလူ အားလုံးကို သတ်ဖြတ် ပစ်လိုက်ခြင်း ဖြစ်ရမည်။ တီဘတ် ကျွန်တော့်ကို လိမ်ပြောနေသည် ဟုတော့ မထင်မိပါ။

'ဒီမှာ ဘာတွေ ဖြစ်ပျက်ခဲ့တယ်လို့ ထင်သလဲ ပေါ'

'အစကတော့ အာဗွီဘီ-အေ မတော်တဆ စိမ့်ထွက်ပြီး ဒုက္ခ ပေးခဲ့တာပဲလို့ ကျုပ်လည်း ထင်မိတယ်၊ ဒါပေမယ့် အလောင်းတွေထဲမှာ နျူကလီးယား အမှတ်အသား မတွေ့ရတော့ ဒီမှာရှိတဲ့ အာဗွီဘီ-အေ တွေကို လာပြီး စစ်ဆေးကြည့်တယ်၊ အမှတ် အသား ထည့်မထားတဲ့ အာဗွီဘီ-အေ တစ်ခုမှ မရှိဘူး ဗျ၊ သူတို့ကို တစ်ယောက်ယောက်က သတ်ဖြတ်သွား တာပဲ'



'ဘာဖြစ်လို့ သတ်တာလဲ၊ ဘယ်သူက သတ်သွား တာလဲ'

'ဒါက ရှင်းမနေဘူးလား ဗျ' ဟု တီဘတ်က ဒေါသတကြီး ော်ဟစ်သည်။ 'ရုရှားတွေဟာ အာဗွီဘီ-အေကို သုတေသန နေကြတယ်၊ ကျုပ်တို့က အာဗွီဘီ-အေ တန်ပြန်ပစ္စည်းကို ထုတ်နိုင်တော့မယ့် အခြေ အနေမျိုး ရှိနေမှန်း သူတို့ သွားတယ်၊ အဲဒီတော့ အဲဒီ ဖြေဆေးကို ကျုပ်တို့ မဖော် တ်နိုင်အောင် ဟန့်တားချင်တယ်၊ အဲဒီတော့ ဒီကို လာပြီး မျှ လူအားလုံးကို သတ်သွားတယ်'

'သူတို့က ဘယ်လို နည်းနှင့် သတ်ဖြတ်သွား တာလဲ'

အာဗွီဘီ-အေနှင့် ဖြစ်မှာပေါ့'

ဒါဆိုရင် ခြေရာ လက်ရာ မကျန်တော့ ဘူးပေါ့'

ာ်ခုမှ မကျန်ရစ်ဘူး၊ ဒါပေမယ့် စုံစမ်းရေး ကော်မရှင် ို့လည်း ကျုပ်က ဖျက်ပစ်လို့ မရဘူး၊ ဒီကို အဝင်ခံ ည်း မဖြစ်ဘူး'

အဲဒါနှင့် ခင်ဗျားက စတာနေ့ကို သတ်ပစ်ဖို့ ရည်ရွယ် သား'

သူ သေသွားရင် မတော်တဆ ထိခိုက်မိတာပါလို့ ထင်ရ မယ်'

ဒါဆိုရင် ဒီ ကိစ္စဟာ ရုရှားတွေရဲ့ လက်ချက် ဟုတ် း မဟုတ်ဘူးလား ဆိုတာ ကျွန်တော်တို့ ဘယ်တော့မှ မှာ မဟုတ် တော့ဘူး'

ဒါဟာ ရုရှားတွေရဲ့ လက်ချက်—'

www.burmeseclassic.com

www.burmeseclassic.com



'နေဦး၊ ကျုပ် ပြောတာကို နားထောင်၊ ကျုပ်တို့ ဒီလောက် အထိ ဝေးအောင် လာခဲ့ပြီးမှတော့ အခုအချိန် စပြီး ဒီ ကိစ္စကို ကျုပ် ဆက်ရှင်း ပါရစေ၊ ဒီ ကိစ္စဟာ ရုရှ တွေရဲ့ လက်ချက်ဆိုရင် အဲဒါကို သေချာအောင် လုပ်ရမယ်

'ဘာဖြစ် လို့လဲ'

'အဲဒီတော့မှ သူတို့ကို ဟန့်တားထားနိုင်မှာပေါ့'

'မဖြစ်နိုင်တာပဲ ဗျာ'

ကွန်တော်က တီဘတ်၏ မှတ်ချက်ကို ဥပေက္ခာပြုပြီး

'စတာနေ့ဟာ သိပ္ပံပညာရှင် မဟုတ်ဘူး၊ သူ့ကို ဒီ ရှိတဲ့ ဖြေဆေးကို တွေ့အောင် ရှာဖွေဖို့၊ နောက်ပြီး တတ် ရင် အဲဒီ ဖြေဆေးကို လက်ရယူဖို့ ဒီကို လွှတ်လိုက်တ ဖြစ်တယ်၊ သူဟာ အဲဒီ ဖြေဆေးကို မတွေ့မချင်း သူ့ တာဝန် ကျေဦးမှာ မဟုတ်ဘူး'

'အဲဒီတော့ သူ့ကို ဟန့်တားရမယ်၊ ပြီးရင် ဘာဆက် ကြမှာလဲ'

'ကျုပ်တို့ဟာ စတာနေ့ အပြင် နောက်ထပ် ဟန့် စရာတွေ ရှိနေလိမ့်ဦးမယ်၊ ဒါပေမယ့် အဓိက သေ ကတော့ စတာနေ့ပဲ၊ ပထမဆုံး ဒီမှာ ရှိတဲ့ လူတွေကို တွေ သတ်ဖြတ်သွားတယ် ဆိုတာ ကျုပ်တို့ သက်သေ မယ်၊ အဲသလို သက်သေပြနိုင်ဖို့ လိုအပ်တဲ့ အချက်အ တွေကို စတာနေ့ဆီက သိလာနိုင်တယ်၊ ဒုတိယ အ ရုရှားတွေရဲ့ အာဗွီဘီ-အေ ဇီဝပစ္စည်း ထုတ်လုပ်တဲ့ နေ သိအောင် ရှာဖွေရမှာ ဖြစ်တယ်'



'ဒုတိယ အချက်ကတော့ လွယ်ပါတယ်၊ သူတို့ရဲ့ မာတ်ခွဲ ခန်းဟာ ဒီကနေ မိုင် ၁၅၀ လောက် ဝေးတဲ့ နေရာမှာ ရှိတယ်၊ ကျုပ်တို့ အခြေစိုက် စခန်းရဲ့ အထက်ဘက်နားလေး တင်ပါ'

'အာဗွီဘီ-အေတွေကို ရုရှားကို ပြန်ပြီး သယ်ယူသွားတာ မျိုး မရှိဘူးလား'

'ဒါတော့ မပြောတတ်ဘူး၊ ရှိမယ်လို့တော့ မထင်မိဘူး ဘူး၊ ကျုပ်တို့ သိထားရသလောက်တော့ သူတို့က စမ်းသပ် သုတေသန လုပ်ဖို့ သက်သက်ပဲ အဲဒီ ပစ္စည်းကို ထုတ်လုပ် ကြတာ ဖြစ်တယ်၊ နောက်ပြီး ရုရှားကို သယ်သွားမယ်ဆိုရင် ည်း လေကြောင်းကနေ သယ်သွားလိမ့်မယ် မထင်ဘူး၊ ဘော်တဆ တစ်ခုခုဖြစ်လာရင် လူတွေ အများကြီး အသက် အန္တရာယ် ထိခိုက်နိုင်တယ်၊ သူတို့က ဒီ ကိစ္စနှင့် ပတ်သက်ပြီး ယ်လို ဂယက်ရိုက်တာမျိုးကိုမှ ခံနိုင်ကြမှာ မဟုတ်ဘူး'

'ဒါဆိုရင် သင်္ဘောနှင့် သယ်ရမယ် ဆိုပါတော့'

'ဟုတ်တယ်၊ ဒါပေမယ့် အခု အချိန်မှာ သင်္ဘော အဝင် ထွက် လုပ်လို့ မရတော့ဘူးလေ'

'ရေငုပ်သင်္ဘော ဆိုရင်ရော၊ ရေငုပ်သင်္ဘောနှင့် ဝင်လာလို့ ဘူးလား'

တီဘတ်က ခဏမျှ စဉ်းစားသည်။ 'ဖြစ်နိုင်တယ် လို့တော့ ဘာပဲ'

'ဘယ် နေရာလောက်ကို ရောက်အောင် လာလို့ ရမယ် သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကမ်းရိုးကန်း တစ်လျှောက်မှာ ရှိတဲ့ တစ်နေရာရာပေ
ဗျာ' တီဘတ်က စကားစပြီးမှ ရပ်သွားပြန်သည်။ 'မဟုတ
သေးဘူး ဗျ၊ သူတို့က ရေလက်ကြားနား ထိအောင် ကပ်လ
မှာ မဟုတ်ဘူး၊ ရေခွစ် ပင်လယ် အထိတောင် ဝင်ချင်
ဝင်လာလိမ့်မယ်၊ အဲဒီမှာက လေကြောင်း အသွားအလ
များလွန်း နေတယ်'

'ဒါဆိုရင် သူတို့ဟာ မဏ္ဍမာဒို ရေလက်ကြားရဲ့ အရှေ့
ဘက် ဒါမှ မဟုတ် အနောက်ဘက် တစ်နေရာရာမှာ ပေ
လာ ရမှာပဲ'

ခင်ဗျားက ဘာကို ရည်ရွယ်ပြီး ပြောနေတာလဲ'

'ခင်ဗျားမှာ မဏ္ဍမာဒို ရေလက်ကြားနှင့် အရှေ့ဘ
အနောက်ဘက်က ကမ်းရိုးတန်းတွေ ပါတဲ့ မြေပုံ တစ်ချ
မရှိဘူးလား'

'အုပ်ချုပ်ရေး ရုံးခန်းထဲက နံရံမှာ ကပ်ထားတဲ့ မြေ
တစ်ချပ် ရှိပါတယ်'

ဒါဆိုရင် သွားကြည့်ကြ ရအောင် လား၊ ကျုပ်မှာ
စိတ်ကူး တစ်ခု ရှိနေလို့'

ကျွန်တော်တို့ နှစ်ယောက် မောတ်ခွဲခန်းထဲမှ ပြန်ထွ
လာခဲ့ကြသည်။ အပေါ်သို့ ပြန်တက်ပြီး ဗီရိုထဲမှ တစ်ဆ
လျှပ်စစ် စက်ရုံ အတွင်းသို့ ပြန်ဝင်လာ ကြသည်။ တီဘ
တံခါး ပြန်ပိတ် ပြီးသွားသော အခါ ခေါင်းစွပ် ပါသ
အနွေးထည်များကို ဇစ် ပြန်ပိတ်လိုက်ပြီး အပြင်သို့ ထွက်လ
ကြသည်။



နေ့ခင်း အလုပ် လုပ်သည့် အခန်းနှင့် ထမင်းစားဆောင်
တို့မှာ လူရှင်း နေသည်။ အားလုံး အိပ်ရာ ဝင်သွားကြမှန်း
သိသာသည်။ နှစ်ဦးသား စခန်းမှူး၏ ရုံးခန်း အတွင်းသို့
ဝင်လိုက် ကြသည်။

အန္တာတိကာ တိုက်ကြီး တစ်ခုလုံးကို ဖော်ပြ ထားသော
မြေပုံ တစ်ချပ်ကို စခန်းမှူး စားပွဲ နောက်မှ နံရံတွင် ချိတ်
ထားသည်။ မြေပုံဆီသို့ ကျွန်တော် ချက်ချင်း လျှောက်သွား
လိုက်ပြီး တီဘတ်အား ပေတံတစ်ချောင်း ရှာခိုင်း လိုက်သည်။

မြေပုံ ပေါ်တွင် မဏ္ဍမာဒို ရေလက်ကြား တစ်ဝိုက်မှ
စခန်းများနှင့် ယခု ကျွန်တော်တို့ ရောက်နေသည့် စခန်းတို့၏
နေရာများကို မှတ်သား ဖော်ပြ ထားသည်။ ကျွန်တော်သည်
တီဘတ် ရှာပေးသည့် တိုက်တံတစ်ချောင်း၏ အစွန်းတစ်ဖက်
ကို ဆိုဗီယက်တို့၏ ပင်မ အခြေစိုက် စခန်းတွင် ထားပြီး
တိုက်တံကို အရှေ့ဘက်သို့ ဝိုက်ကြည့်သည်။ ဆိုဗီယက် စခန်း
နှင့် မာ့ဇ် ချောခဲမြစ်ဖျားနှင့် နီးကပ်နေသော ကမ်းရိုးတန်းတို့
ကြားတွင် ဆွဲသားလိုက်သော မျဉ်းကြောင်းမှာ သည်စခန်းနှင့်
မိုင် ၅၁ အတွင်းမှာ ရှိနေသည်။ ကျွန်တော် ဘာလုပ်နေမှန်း
သဘောပေါက် သွားသော တီဘတ်က ခေါင်းခါပြီး 'ဝေး
လွန်းတယ်'ဟု ဆိုသည်။

သူ့ကို ကျွန်တော် လှမ်း ကြည့်သည်။

'သူတို့ဟာ အာဗွိဘီ–အေကို ရေငုပ်သင်္ဘောနှင့် တွေ့ဆုံဖို့
ချိန်းထားတဲ့ နေရာကို သယ်သွားရင်း လမ်းမှာ တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့မယ် ဆိုရင် ဒီစခန်းကို ဘယ်လိုမှ အန္တရာယ် မပေ
နိုင်ဘူး'

'ဘယ်လောက် နီးနီးမှာ ဖြစ်မှ အန္တရာယ် ပေးနိုင်မှာလဲ

'ဆယ်မိုင် ၁၅မိုင် လောက်ပေါ့ဗျာ၊ အတိ အက
ပြောဖို့တော့ ခက်တယ်'

မြေပုံပေါ်တွင် ကျွန်တော် ဆွဲထားသည့် မျဉ်းကြောင်း
ကျွန်တော် ပြန်ကြည့် မိသည်။ ဆယ်မိုင် သို့မဟုတ် ၁
မိုင်တဲ့။ သို့သော် သည်စခန်းနှင့် မျဉ်းကြောင်းပေါ်မှ အနီးဆုံ
နေရာမှာ မိုင် ၅၀ လောက် ဝေးသည်။ ထိုနေရာတွင်
မတော်တဆ ဖြစ်ရပ်တစ်ခု ဖြစ်ပျက်ခဲ့ နိုင်ပါမလား။ အာဗွိတ်
အေကို သယ်ဆောင် သွားသည့် ယာဉ်က သည်စခန်းနှ
ပိုပြီး နီးကပ်သည့် တစ်နေရာသို့ ရောက်လာ၍ များလား

'ခင်ဗျား စဉ်းစားနေလို့ အလကားပါပဲ ဗျာ၊ ရုရှားတ
ဟာ ကျုပ်တို့နှင့် မိုင် ၅၀ အတွင်းမှာ ရှိတဲ့ နေရာနား က
လာစရာ အကြောင်း လုံးဝ မရှိပါဘူး ဗျ'

'သူတို့က သွားရင်းနှင့် လမ်းပျောက် နေခဲ့ရင်ရော ဗျာ

ကျွန်တော် မေးကြည့် လိုက်သည်။ ကျွန်တော်သည် မိတ
သမျှ ကောက်ရိုးမျှင်ကို လှမ်းဆွဲ နေမိမှန်း ကျွန်တော် သိပ
သည်။ သို့သော်လည်း အထင်နှင့် အမြင် အံဝင်နေပုံတော
ရသည်။

'သူတို့ကို လမ်းပြဖို့ နေရာရှာတဲ့ ကိရိယာတွေ ပါမှာပေ
ဗျာ'



'အဲဒါကို ရှာခိုင်းရအောင် လေယာဉ်တစ်စင်း လွှတ်ပြီး
ကြည့်ခိုင်းရင် မကောင်းဘူးလား'

'ဒီလို မိုးလေဝသ အခြေအနေ မျိုးထဲမှာ ဘယ်လို
လေယာဉ်မှ မောင်းနှင်လို့ မရဘူး ဗျ'

'ခင်ဗျား အခြေစိုက် စခန်းကို ရေဒီယိုနှင့် ဆက်သွယ်ပြီး
ကမ်းရိုးတန်း တစ်ဝိုက်မှာ နည်းနည်း စောင့်ကြည့် ခိုင်းထား
လိုက်ပါလား၊ အဲဒီမှာ ရုရှား ရေငုပ်သင်္ဘော တစ်စင်းစင်း
များ ရှိနေမလားဆိုတာ သိချင်တယ်'

တီဘတ် တစ်ခဏမျှ တုံ့ဆိုင်း သွားပြီးမှ

'ကောင်းပြီလေ၊ အဲဒီ သတင်းကို ရိုးရိုး စကားလုံးနှင့်
တော့ ပို့လို့ မဖြစ်ဘူး၊ စကားဝှက်နှင့် ရေးပြီး ပို့ရမယ်၊
ထွစ်နာရီ အတွင်းတော့ ပို့ဖြစ် မှာပါ၊ ဒါပေမယ့် အခု
တိုက်နေတဲ့ မုန်တိုင်းဟာ ရက်တော်တော် ကြာလိမ့်မယ်လို့
မိုးဇလ ပညာရှင်တွေက ခန့်မှန်းထားတယ် ဗျ၊ မုန်တိုင်း စဲတဲ့
အထိတော့ လေယာဉ် ပျံသန်းလို့ ရမှာ မဟုတ်ဘူး'

'ခင်ဗျား တတ်နိုင် သလောက်တော့ ဆောင်ရွက် ပေးပါ
ပေါ့'

ကျွန်တော် သူ့ကို ပြောလိုက်ပြီးနောက် ချက်ချင်းလိုပင်
မြေကုန် လက်ပန်း ကျချင် လာသည်။

'ကျုပ် တစ်ရေးလောက်တော့ အိပ်လိုက်ဦးမယ် ဗျာ'

'ကောင်းတာပေါ့ဗျာ၊ ကျုပ်လည်း အခြေစိုက် စခန်းကို
ရေဒီယိုနှင့် သတင်းပို့ပြီးတာနှင့် အိပ်ရာဝင်တော့ မှာပဲ'

www.burmeseclassic.com

www.burmeseclassic.com

# ၆

ကျွန်တော် အိပ်ရာ ပေါ်တွင် နှစ်နာရီခန့် လှဲနေ မိသည်။ လူက ပင်ပန်းနေသော်လည်း အိပ်၍ မရပါ။ တီဘတ် ပြောသွားသည့် စကားကို ကျွန်တော် စဉ်းစား နေမိသည်။ အာဗွီဘီ-အေကို ရုရှားတို့ တကယ်တမ်း ထုတ်လုပ် နိုင်ခဲ့ပြီး ဖြေဆေးကို ကျွန်တော်တို့ ဘက်မှ မထုတ်ဖော်နိုင်မီ ဆိုဗီယက်သို့ အရောက် တင်ပို့နိုင်ခဲ့မည် ဆိုလျှင် ကျွန်တော်တို့ အနေဖြင့် ဒုက္ခ အကြီးအကျယ် ရောက်သွား နိုင်သည်။

လူသေ အလောင်း များနှင့် ပြည့်နက်နေသော နယူးယောက် မြို့ကြီး၏ မြင်ကွင်းက ကျွန်တော်၏ စိတ်အာရုံတွင် အဖန်တလဲလဲ ထပ် ပေါ် လာသည်။ နောက် ဆုံး တွင် ကျွန်တော် အိပ်ရာပေါ်မှ ဆင်းပြီး အဝတ်အစား ပြန်ဝတ်လိုက်မိသည်။ ဟော့ဆီသို့ ကြေးနန်း တစ်စောင် ပေးပို့ရမည်။ လူ့ အသက်ကို အန္တရာယ် ပေးမည့် ကုန်ပစ္စည်းများ တင်ဆောင် ထားသော ဆိုဗီယက် ရေငုပ် သင်္ဘောတစ်စင်း ဤ ရေပြင်မှ ထွက်ခွာ သွားမည့် အလားအလာ ရှိကြောင်း သူ့ကို တပ်လှန့် ပေးထား ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုနှင့် မိုးဇလ စက်ခန်းမှာ စခန်းမှူး ရုံးခန်း၏ တစ်ဖက်နား လေးတွင် ရှိသည်။ စက်ကိရိယာများက တတိတိ မြည်နေသော်လည်း အခန်းထဲတွင် တိဘတ်ကို မတွေ့ရပါ။ မိုးလေဝသ ကောင်းလျှင် ကောင်းချင်း လေယာဉ်ဖြင့် ကင်း လှည့်ခိုင်းဖို့ သတင်း ပို့ပြီးနောက် အိပ်ရာ ဝင်သွားခြင်း ဖြစ်မည်။ သို့သော်လည်း ရေဒီယို စက်ခလုတ်များကို မပိတ်ဘဲ ထားခဲ့ခြင်းက နည်းနည်း ထူးဆန်းသည်ဟု ကျွန်တော် ထင်နေ မိသည်။

ရေဒီယို စက်ခလုတ်ခုံ ရှိရာသို့ ကျွန်တော် လျှောက်သွား သည်။ အသံဖမ်းစက် ရှေ့မှ စားပွဲပေါ်တွင် စကားဝှက်ဖြင့် ရေးထားသော သတင်း တစ်ပုဒ်ကို ဖိုင်ကလစ်တွင် ညှပ်ပြီး တင်ထားကြောင်း တွေ့ရသည်။ တိဘတ် ရေးသား ထားသည့် ကြေးနန်းစာ ဖြစ်သည်။ သို့သော် အဘယ်ကြောင့် လူ တကာ မြင်နိုင်သည့် ဤနေရာတွင် ထားရစ်ခဲ့ရ သနည်း။ ဒါက အဓိပ္ပာယ် မရှိပါ။

အသံဖမ်းစက်မှ အသံချဲ့ ခလုတ်ကို ခပ်ကျယ်ကျယ် လှည့် လိုက်သည်။ အသံချဲ့စက်မှ တရှဲရှဲ အသံများသာ ပေါ်လာ သည်။ သည်ဘက်က ပစ္စည်း ကိရိယာများမှာ ပျက်စီး ချွတ်ယွင်း နေပုံ မရပါ။ ကျွန်တော်သည် ပြတင်းပေါက်တွင် ကပ်နေသည့် ရေခဲဖတ်များကို ခွာချပြီး အပြင်သို့ ချောင်း ကြည့် သည်။ လေမှာ ပြင်းထန် နေဆဲပင် ရှိသေးသောကြောင့် ဘာမျှ မမြင်ရပါ။



အသံဖမ်း တိုင်မှ ဒုက္ခ တစ်ခုခု ပေးလာ၍ တိဘတ် သွားကြည့် နေခြင်းလည်း ဖြစ်နိုင်သည်။ သည်ကိစ္စနှင့် ပတ် သက်၍ ကျွန်တော့် စိတ်ထဲတွင် ထူးဆန်းသလို ဖြစ်နေမိသည်။

ကျွန်တော်သည် တိဘတ်၏ ကြေးနန်း စာရွက်ကို ဆွဲဆုတ်ပြီး အင်္ကျီအိတ်ထဲ ထိုးထည့် လိုက်သည်။ နေ့ခင်း အလုပ် လုပ်သည့် အခန်းနှင့် ထမင်းစားဆောင် တို့ကို ကပျာကယာ တစ်ချက် သွားကြည့်သည်။ မည်သူမျှ မရှိပါ။ ရောဂါ ရှာဖွေရေး ဓာတ်ခွဲခန်းထဲ တွင်လည်း လူမရှိပါ။ အားလုံးမှာ အိပ်ရာထဲ ဝင်အိပ်ကုန်ကြပြီဟု ထင်ရသည်။

အိပ်ခန်းများ ကြားမှ လူသွား စင်္ကြံကလေးမှာ တိတ်ဆိတ် နေသည်။ တိဘတ်၏ အခန်း တံခါးကို နားဖြင့် ကပ်ပြီး ကျွန်တော် နားထောင် ကြည့်သည်။ တံခါးကို ညင်ညင် သာသာ ခေါက်ကြည့်သည်။ အဖြေ မရပါ။ ခဏအကြာတွင် တံခါး ဖွင့်ကြည့်လိုက်သည်။ တိဘတ်မှာ အခန်းထဲတွင် မရှိပါ။ သူ့ အိပ်ရာခင်းများ မှာလည်း လူ အိပ် စက် ထား သည့် သဏ္ဍာန် မတွေ့ရ။ သူ၏ ခေါင်းစွပ် ပါသော အနွေးထည် လည်း ပျောက်နေသည်။

ကျွန်တော့် အခန်းကို ပြန်လာခဲ့သည်။ ခေါင်းစွပ် ပါသည့် အနွေးထည်ကို ဝတ်သည်။ အုပ်ချုပ်ရေး ရုံးခန်းထဲမှ တစ်ဆင့် အပြင်သို့ ပြန်ထွက်လာ ခဲ့သည်။

တဝီးဝီး မြည်သံပေးနေသည့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ငါးဆယ် ခြောက်ဆယ်ခန့် ရှိမည်။ လေထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



လွင့်ပါနေသည့် ဆီးနှင်းထုမှာ များပြား လှသောကြောင့် ရှေ့ကို တစ်ပေ နှစ်ပေထက် ပိုပြီး မမြင်ရပါ။

တခါးပေါက် အပြင်ဘက်တွင် ဆီးနှင်းထု ထဲသို့ လက်ထိုးပြီး လိုက်ရှာကြည့် လိုက်ရာ လျှပ်စစ် စက်ရုံနှင့် ရေဒီယို မျှော်စင်တို့နှင့် ဆက်သွယ်ထားသည့် ကြိုးကို ရှာတွေ့သည်။ တိဘက် လုပ်ပုံ ကိုင်ပုံက ရှုးသွပ်သွပ် နိုင်လှသည်။ အသံလွှင့် အသံဖမ်းတိုင်တွင် တစ်ခုခု ချွတ်ယွင်း နေသည်ဟု ဆိုလျှင်ပင် သည်လို မိုးလေဝသမျိုး ထဲမှာ ချွတ်ယွင်းသည့် နေရာကို တိဘက် ဘယ်လိုရှာပြီး ဘယ်လို ပြုပြင်မည်ကို ကျွန်တော် စဉ်းစား၍ မရပါ။

ကိုက် တစ်ရာခန့် ဝေးသည့် လျှပ်စစ် စက်ရုံကို ရောက်ဖို့ နာရီဝက်လောက် သွားခဲ့ရသည်။ လျှပ်စစ် စက်ရုံထဲတွင်လည်း တိဘက် မရှိပါ။ နွေးထွေး နေသည့် လျှပ်စစ် စက်ရုံထဲတွင် အတန်ကြာအောင် ကျွန်တော် နေလိုက်ပြီးမှ အပြင် သို့ ပြန်ထွက် ခဲ့သည်။

ပေ သုံးဆယ်ခန့် လာခဲ့သည့် အခါ ရေဒီယို မျှော်စင် ခြေရင်းသို့ ကျွန်တော် ရောက်လာသည်။ အပေါ်ကို မော့ကြည့်သည်။ မီးရောင် မမြင်ရပါ။ မုန်တိုင်းကျနေ၍ မီးလုံး နီနီလေးများကို မမြင်ရခြင်းများလားဟု ကျွန်တော် ထင်လိုက်မိသည်။ နောက်မှ တစ်စုံ တစ်ခုတော့ မှားယွင်း နေပြီ ဖြစ်ကြောင်း ရိပ်မိ လိုက်သည်။

မျှော်စင် လှေကားထစ် တစ်ထစ်ကို ကိုင်ပြီး အပေါ်သို့ ကျွန်တော် စ တက်သည်။ လျှပ်စစ်စက်ရုံ၏ ခေါင်မိုးလောက် ထိုပင် မရောက်သေးမီ ငါးပေပြည့်အောင်ပင် မတက်ရသေးမီ ရေဒီယိုမျှော်စင်က တိုင်ငုတ် လေးခုသာ ကျန်တော့ကြောင်း တွေ့ရသည်။ မျှော်စင် တစ်ခုလုံး လဲကျသွား ခဲ့ပြီ။

ကျွန်တော် အောက်ကို ခပ်မြန်မြန် ပြန်ဆင်း သည်။ လေးဖက် ထောက်ပြီး စက်ရုံနှင့် ဝေးရာဘက်သို့ တွားတက် သည်။ လိမ်ကောက်နေသည့် မျှော်စင် အပိုင်း အပြတ် ားသို့ ရောက်လာသည်။ စက်ရုံနှင့် ဝေးသည့် ဘက်ခြမ်းမှ ဏ်ဓာ ရက်မများ အတိုင်း လိုက်လာခဲ့ရာ လိမ်ကောက် သော သံမဏိ ဆိုင်းကြိုးကြီး နှစ်ချောင်းကို တွေ့ရသည်။ န်တော်သည် ဆီးနှင်းပြင်ပေါ်တွင် ထိုင်ပြီး သံမဏိ ဆိုင်း းများကို လက်နှစ်ဖက်ဖြင့် ဆွဲယူလိုက်ရာ နောက်ဆုံးတွင် ျားနားကို ဆုပ်ကိုင်မိ လာသည်။

ကျွန်တော်၏ လက်နှိပ် ဓာတ်မီးကို ထုတ်ပြီး မီးရောင် န့်ထဲတွင် သံမဏိကြိုးစ ထိပ်ဖျားကို စစ်ဆေးသည်။ းများမှာ ဖြတ်ပစ်ခံထားရခြင်း ဖြစ်သည်။ ကြိုးစများ၏ ာ လိမ်ကောက်၍ မနေပါ။ ဖွာ ထွက် မနေပါ။ ်ရိရိဖြင့် ညီညာစွာ ဖြတ်တောက်ခံထားရခြင်း ဖြစ်သည်။ န်တော် အပေါ်ကို မော့ကြည့် သည်။ သည်နေရာသို့ ယောက်ယောက် ရောက်လာပြီး သံမဏိဆိုင်းကြိုးများကို ခဲ့ ခြင်းပင်။ တစ်စုံတစ်ယောက်သော သူသည် မက္ကမာဒို ခိုက် စခန်းနှင့် ကျွန်တော်တို့ အဆက်အသွယ် လုပ်မှုကို ားပုံ မရပါ။



www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓာတ်မီးကို တေးဖယ်ပြီး လူဂါကို ဆွဲထုတ်လိုက် သည်။ မောင်းထိန်း ခလုတ်ကို ဖွင့်သည်။ ပြီးမှ ရှေ့ကို တတ်နိုင်သလောက် တိုးသွားမိပြန်သည်။ တိဘတ်၏ ကိုယ်လုံး ကြီးမှာ လဲကျနေသည့် မျှော်စင် အောက်တွင် ပိနေသည်။ မျက်နှာမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီး ဆီးနှင်းပြင်ပေါ်တွင် အေးခဲနေသော သွေးကွက်များ တွေ့ရသည်။

တိဘတ် မျှော်စင်ပေါ်သို့ တက်သွားသည်မှာ ထင်ရှား သည်။ သူ အပေါ်မှာ ရှိစဉ် တစ်ယောက်ယောက်က ဆိုင်း ကြိုးများကို ဖြတ်ပြီး သူ့အား သေတွင်းသို့ ပို့ခဲ့ခြင်းပင်။ ကျွန်တော် သည်နေရာသို့ ထွက်မလာခင် တခြား သူများ၏ အိပ်ခန်းများကို မစစ်ဆေးခဲ့မိခြင်း အတွက် ကိုယ့်ကိုယ်ကို ကျိန်ဆဲ မိသည်။ သို့သော်လည်း သည်ကိစ္စက လွန်ခဲ့သည့် တစ်နာရီလောက်က ဖြစ်ပွားခဲ့ခြင်းလည်း ဖြစ်နိုင်ပေ သည်နေရာသို့ ကျွန်တော် ထွက်မလာခင် ကိုယ့်အခန်း ကိုယ် ပြန်အိပ်နေဖို့ အချိန်ရ လောက်သည်။

တိဘတ်၏ အလောင်းကို ဖိထားသည့် မျှော်စင် အစိ အပိုင်းမှာ ဆီးနှင်းထုထဲတွင် နစ်မြုပ်နေပြီး လေးလံလွ သောကြောင့် ကျွန်တော် တစ်ယောက်တည်း မ၍ မရပါ။

ကျွန်တော်သည် မျှော်စင် နံဘေးမှ နေ၍ လျှပ်စစ် စက် ဘက်သို့ ပြန်လျှောက် လာသည်။ ထို အခိုက်တွင် ကျွန်တေ ရှေ့တည့်တည့် တစ်နေရာမှ စက်နှိုးသံ တစ်ချက် ကြား သည်။ ခဏ အကြာတွင် နောက်ထပ် စက်တစ်လုံး နှိုးလ ပြန်သည်။ ထို့နောက် မီးလုံးကြီး နှစ်စုံ လင်းလာသည်။



စနိုကက်ဟု ခေါ်သည့် ရေခဲပြင်သုံး ယာဉ် များ ပါ လာ။ စနိုကက်များ ပေါ်တွင် တစ်ယောက်ယောက်ထ နေပြီ။ အင်ဂျင်စက်သံ တဖြည်းဖြည်း မြင့်လာစဉ် ကျွန်တော် သည် မီးလုံး တစ်စုံ၏ အထက်နားသို့ ချိန်ရွယ်ပြီး လူဂါဖြင့် နှစ်ချက် ဆင့်ပစ်ထည့် လိုက်သည်။ စနိုကက်က ကျွန်တော့်ဆီသို့ ဦးလှည့်လာသည်ဟု ထင်ရပြီးမှ စက်သေ သွားသည်။ မီးလုံးကြီး များက ဖွင့်လျက် သားပင်။

ဒုတိယ စနိုကက် တစ်စီးက ကျွန်တော့်ဆီသို့ လာနေပြန်ရာ သေနတ်ဖြင့် နောက်ထပ် နှစ်ချက် ထပ်ပစ်ထည့် လိုက်သည်။ ကျွန်တော်နှင့် ခြောက် လက်မ ခန့် အကွာမှ မျှော် စင် ခေါင်ကို ကျည်ဆန် တစ်တောင့် မှန်ပြီး စဉ်ထွက်လာ သည်။ ကျွန်တော်၏ နံဘေး ဘစ်ဖက်ကို မီးစဖြင့် ထိုးလိုက် သို့ ပူခနဲ ဖြစ်သွားသောကြောင့် ညာဘက်သို့ ယိုင်ပြီး လဲကျ သွားမိသည်။

ကျွန်တော် လူးလဲပြီး ပြန်ထလိုက်ချိန်တွင် စနိုကက် နှစ်စီး တစ်ဖက်သို့ ချိုးကွေ့ပြီး မှန်ဘိုင်းထဲသို့ အပြေးမောင်း ရှိလေပြီ။ တဝှီးဝှီး တိုက်နေသည့် လေထဲတွင် စက်သံ တဖြည်းဖြည်း မှေးမှိန် သွားသည်။ သူတို့ သွားနေ ထင်ရသည့် ဘက်သို့ သေနတ်ဖြင့် လေးချက် ထပ်ပစ် ပြီးမှ သေနတ်ကို ပြန်ချ လိုက်သည်။

နေ့တော့ လုံးဝ မဟုတ်ပေါ။ သို့သော် လည်း ပြောပြခဲ့သည့် စကား အရ ဆိုဗီယက် အခြေစိုက် ဘတာနေ့၏ လူများ ဖြစ်ရမည်။ စိုင်ဒနက သည်စခန်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်တို့ အလာတွင် ဦးဆောင် ရဟတ်ယာဉ်မှ မြင်တွေ့ခဲ့သည့် တစ်စုံ တစ်ရာမှာ သည် စနိုကက် တွေ ဖြစ်ရမည်။

ကျွန်တော်သည် လူဂါကို အိတ်ထဲ ပြန်ထည့်ပြီး လျှပ်စ စက်ရုံသို့ ပြန်လာခဲ့သည်။ နံရိုးများကို ကျည်ဆန် ရှပ်ထိသွား သောကြောင့် ဘယ်ဘက် တစ်ခြမ်းလုံး နာကျင် ကိုက် နေသည်။ လမ်းပြ ကြိုးကို ကျွန်တော် ကောက်ကိုင်ပြ အုပ်ချုပ်ရေးရုံးဘက်သို့ ပြန်လာ ခဲ့သည်။ ကျွန်တော် ခလုတ် တိုက်ပြီး နှစ်ခါ ချော်လဲသည်။ ဒုတိယအကြိမ် ပြန်ထလိုက်သည် အခါ ကြိုးစက ကျွန်တော့် လက်ထဲမှာ ပျော့ခွေပြီး ပါလာ သည်။ ပျော့ခွေ နေသည့် ကြိုးကို လက်တွင် ကိုင်ရင်း အတ ကြာအောင် ရပ်နေမိသည်။ နောက်ဘက်သို့ ပြန်လှည့်ကြည့်ပြ လျှပ်စစ် စက်ရုံဘက်မှ ကြိုးကို ဆွဲကြည့်သည့် အခါ ကြိုးက တောင့်ပြီး ပါလာသည်။ ကြိုးက လျှပ်စစ် စက်ရုံ ဘက်တွင် တော့ ပြတ်ထွက် မသွားသေးပါ။

ရှေ့ ပြန်လှည့်ပြီး ကြိုးကို ဆွဲယူသည့် အခါတွင်တော ကြိုးက အလိုက်သင့် ပါလာ ပြန်သည်။ အုပ်ချုပ်ရေး ရုံးခန်း ဘက်မှ ကြိုးထုံး ပြေသွား၍ လား၊ တစ်ယောက်ယောက်က ကြိုးကို ဖြတ်သွား လေသလား။

အားလွန်းသောကြောင့် ဖြောင့်ဖြောင့်တန်းတန်း စဉ်းစာ ၍ မရပါ။ ပြီးမှ ကျွန်တော် ရှေ့ ဆက် ထွက်လာ ခဲ့သည် အုပ်ချုပ်ရေး ရုံးနှင့် သိပ်မဝေးသည့် နေရာမှ နေ၍ ကြိုးကို



ဖြတ်ပစ်ခဲ့လျှင် ကြိုးစ ဆုံးသည်အထိ လိုက်သွားပြီး ဘယ်ညာ ဝေ ဝိုက် သွားကြည့်မည်။ သို့ဆိုလျှင် တင်းဖက်ဖက်တွင်တော့ တံခါးပေါက်နှင့် တိုးမိနိုင်သည်။

ဆယ်မိနစ်ခန့် အကြာတွင် ကြိုးဖြတ်ခံထားရသည့်နေရာသို့ ရောက်လာသည်။ နောက်မှ ကြိုးကို တင်းနေအောင် ဆွဲလိုက် သည်။ ပြတင်းပေါက်မှ မီးရောင် တစ်ခုခုများ တွေ့ရမလားဟု ယူဆပြီး အမှောင်ထဲသို့ ချောင်းကြည့်သည်။ ဘာမှ မမြင် ရပါ။

လမ်းကြောင်း တစ်ခုလုံးမှာ ဆီးနှင်းများ ဖုံးနေသည်။ ကျဆင်းနေသည့် ဆီးနှင်းများကလည်း တင်ပါးခန့် အမြင့်သို့ မှင် ရောက်နေသည်။ ကျွန်တော် လမ်းပျောက် နေမှန်း ရိပ်မိ လာသည်။ ကြိုးကို လွှတ်ပြီး ရှေ့ဆက် သွားလျှင် အုပ်ချုပ် ရေး ရုံးနှင့် ကောင်းကောင်း လွဲသွား နိုင်သည်။ သည်လို မိုးလေဝသ အခြေအနေထဲတွင် အပြင်မှာနေ၍ သိပ်ကြာကြာ ခံမည် မဟုတ်ပါ။

ကျွန်တော် နောက်လှည့်ပြီး လာရာ လမ်းကို ပြန်ကြည့် သည်။ လျှပ်စစ် စက်ရုံသို့ ကြိုးစကို ကိုင်ရင်း ပြန်သွားမှ ဖြစ်မည်။ စက်ရုံထဲတွင်တော့ အနည်းဆုံး မိုးဒဏ် လေဒဏ်မှ ခိုစရာ ရှိသေးသည်။ အအေးခဲပြီးတော့ မသေနိုင်ပါ။

ခြေ နှစ်လှမ်းခန့် နောက်ကြောင်း ပြန်လှည့်ရုံ ရှိသေး သည်။ လက်ထဲမှ ကြိုးက ပျော့ခွေ သွားပြန်သည်။ ကျွန်တော် ရပ်တန့်လိုက် မိသည်။ စနိုကက်တွင် ပါလာသည့် လူများ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာပြီး လျှပ်စစ်စက်ရုံ ဘက်မှ ကြိုးစကို ဖြတ်သွား
ကြောင်း ထင်ရှား နေသည်။ သူတို့က ကျွန်တော်တို့ မမြင်
သာသည့် နေရာလေးတွင် စခန်းချနေကြတာလည်း ဖြစ်နိုင်
သည်။

ကျွန်တော်သာ စခန်းထဲသို့ ပြန်သွားပြီး တခြားလူများက
သတိ မပေး နိုင်လျှင် တစ်ဖက်သား ပြုသမျှ လည်စင်းပြီး
ခံနေကြဖို့ပဲ ရှိတော့သည်။ အပြင်တွင် စောင့်နေသူ များက
ကြိုက်သည့် အချိန်တွင် တစ်ယောက်ပြီး တစ်ယောက် အပြတ်
ရှင်းပစ်၍ ရနေ ပေပြီ။

အုပ်ချုပ်ရေးရုံး ရှိသည်ဟု ထင်ရသည့် ဘက်သို့ ကျွန်တော်
လှည့်ထွက် လာမိသည်။ မည်မျှ ကြာအောင် လျှောက်သွား
နေမိမှန်း ကျွန်တော် မသိပါ။ တစ်နေရာ အရောက်တွင်
မီးရောင် တစ်ချက် မြင်လိုက်သည်ဟု ထင်မိသည်။ မှန်မှား မှာ
အလင်းရောင် မျှသာ။ ကျွန်တော်၏ ဘယ်ဘက်မှ ဖြစ်သည်
မီးရောင် မြင်ရသည်ဟု ထင်မိသည့် ဘက်သို့ လှည့်လာ မိပြ
သည်။

ရှေ့သို့ ဒယိမ်းဒယိုင်ဖြင့် ခြေလှမ်းလာ မိသည်။မီးရောင်
မမြင်ရတော့ ပြန်ပါ။ အစ ကတည်းက တကယ်မှ မြင်မိခဲ့
သလားဟု ကျွန်တော် စဉ်းစားသည်။ ထို့နောက် မီးရောင်သေ
ပြန်ပေါ်လာသည်။ နှင်းဆီသွေးလို ခပ်ဖျော့ဖျော့ အလင်း
ရောင်ကလေး ဖြစ်သည်။ ဆီးနှင်းထု ကြားမှ နေ၍ ရှေ့
အဘက် နှိုင်းဆုံး တိုးသွား မိသည်။ ပြတင်း ပေါက်သေ
တစ်ပေါက်မှ ပေါ်လာသော အလင်းရောင် ဖြစ်သည်။



ပြတင်းပေါက် နားသို့ ရောက်ရုံ လောက်ပဲ ကျွန်တော်
သွားနိုင်သည်။ ခြေကုန် လက်ပန်း ကျနေ သော ကြောင့်
ဖြစ်သည်။ ရေခဲမှုန်များ ထူထပ်စွာ ကပ်နေသည့် ပြတင်း
ပေါက်မှ မှန်ချပ်ကို ကျွန်တော် လက်ဖြင့် ခေါက်ကြည့် လိုက်
သည်။ ချက်ချင်းလိုပင် တစ်ဖက်ခြမ်းမှ လူရိပ်ကို ကျွန်တော်
မြင်ရသည်။

နောက် တစ်ခါ ထပ်ပြီး ခေါက်လိုက် သည်။ တစ်စုံ
တစ်ယောက်က အတွင်းမှ ရေခဲဖတ်ကို ခွာပြီး ကျွန်တော့်ကို
ချောင်းကြည့်သည်။ မျက်လုံးချင်း ဆုံမိ ကြသည်။ ပြတင်း
ပေါက် ပွင့်လာစဉ် ကျွန်တော် ခွေလဲ သွားပြီး ဆီးနှင်းပြင်
ပေါ်တွင် ထိုင်လိုက်မိသည်။ ကျွန်တော့်ကို ချောင်းကြည့်သူမှာ
ဘောနေ့ သာ ဖြစ်လျှင် ကျွန်တော့်ကို လာပြီး ကယ်လိမ့်မည်
မဟုတ်ဟု ထင်မိသည်။ သူ့ အနေဖြင့် သည်ဘက်ခြမ်းမှ တံခါး
များကို သော့ခတ် ထားမည် ဖြစ်ရာ ကျွန်တော့် အနေဖြင့်
အတွင်းသို့ ဝင်နိုင်တော့မည် မဟုတ်ပါ။

နာရီများလောက် ကြာသည်ဟု ထင်ရသော မိနစ်များ
အနည်းငယ် ကုန်ဆုံးသွားသောအခါ တစ်စုံ တစ်ယောက်က
ကျွန်တော့်ကို လာပြီး ဆွဲထူသည်။ မော့ကြည့်လိုက်ရာ ဒေါက်
တာ ဒီဖွန်း၏ မျက်နှာကို တွေ့ရလေသည်။ သူမက

'ရှင့် ကိုယ်လုံးကြီးက လေးလွန်းတယ်၊ ကိုယ့်ဟာ ကိုယ်
လည်း ထကြည့်ပါဦး'

ကျွန်တော် ခေါင်းညိတ်ပြပြီး မတ်တတ် ရပ်လိုက်သည်။
ဒီဖွန်းက ကျွန်တော့်ကို သူမ၏ ခုတင်ဆီသို့ ခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အနွေးထည်ကို ဆွဲချွတ်ပြီး နံဘေးသို့ လွှင့်ပစ်လိုက်သည်။ ကျွန်တော်၏ အနွေးထည်ကို ဇစ်ဖြုတ်ပြီး ချွတ်ပေးသည်။

'ရှင်က အပြင်မှာ ဘာလုပ် နေတာလဲ' ဟု ဒီဟွန်းက မေးလိုက်ပြီးမှ ကျွန်တော့် ခါးမှ သွေးများကို မြင်သွားသောကြောင့် 'ဘုရားရေ' ဟု ရေရွတ်သည်။ ပြီးမှ သူမ၏ ရှေးဦးသူနာပြု ဆေးသေတ္တာကို သွားယူလာသည်။ ကျွန်တော်၏ ဒဏ်ရာကို စစ်ဆေးရင်း

'ရှင်က သေနတ်ပစ် ခံထားရ တာပဲ' ဟု ဆိုသည်။ ကျွန်တော်၏ ခါးကို ငုံ့ကြည့် မိသည်။ အအေးဒဏ်ကြောင့် ပြာနှမ်းနေသည့် အရေပြား တစ်ခုလုံးပေါ်တွင် ကျည်ဆန် ရှပ်ထိသွားသည့် နေရာမှ နီရဲနေသော ဒဏ်ရာကို တွေ့ရသည်။

'ဘယ်သူက ရှင့်ကို သေနတ်နှင့် ပစ်သွား တာလဲ'

သူမက ပိုးသတ်ဆေး ပုလင်းကို ထုတ်ပြီး ဂွမ်း စပေါ်သို့ နည်းနည်း ဆွတ်လိုက်သည်။ 'နည်းနည်းတော့ စပ်လိမ့်မယ်'

ဒဏ်ရာကို ဂွမ်းစဖြင့် သုတ်ပေးနေစဉ် ကျွန်တော် အံကြိတ်ထားရသည်။ ဒဏ်ရာမှ အနာရှိန်ကြောင့် အူအသည်း ပြောင်းပြန်လန်ပြီး အခန်း တစ်ခုလုံး ချာလပတ် လည်နေသည်။ အနာကို ဆေးကြောပြီးသော အခါ ရှေးဦး သူနာပြု ဆေး အဆီ တစ်မျိုးဖြင့် သုတ်လိမ်းပြီး ပတ်တီးဖြင့် ခပ်တင်းတင်း စည်း ပေးသည်။



'ရှပ် ကံကောင်းတယ်၊ အရိုးတွေ တစ်ခုမှ ကျိုးမသွားဘူး၊ အရိုး ဘစ်ချောင်းတလေတော့ နည်းနည်း အက်ချင် အက်သွားမှာပေါ့၊ ကိုင်း ရှင် အိပ်လိုက် ပေတော့'

ဒီဟွန်းက ကျွန်တော့်ကို ပြောပြီး စောင်ခြုံ ပေးသည်။ သူမကို ကျွန်တော် လှမ်းကြည့် လိုက်သည်။ အရာရာကို ခပ်ဝါး ဝါးသာ မြင်နေ ရသည်။

'တီဘတ် သေသွားပြီ' ဟု ကျွန်တော် မပွင့်တပွင့် ပြောလိုက်မိသည်။ သို့သော် ဒီဟွန်း ကြားမိပုံ မရပါ။

'အိပ်တော့လေ နှစ်ကိုလတ်၊ ရှင် ပျောက်နေတဲ့ ကိစ္စကို ဘစ်ခုခု ဆင်ခြေ ပြုပြီး ကျန်တဲ့ လူတွေကို ကျွန်မ ကြံဖန် ပြောထားလိုက် ပါ့မယ်၊ ရှင် အိပ်မှ ဖြစ်မယ် နော်'

ကျွန်တော် ထထိုင်ဖို့ ကြိုးစား ကြည့်သည်။ ထ၍ မရပါ။ အခန်းက တဖြည်းဖြည်း မှောင်လိုက် လာစဉ် အိပ်မက်ပင် မမက်နိုင်ဘဲ အိပ်မောကျသွား တော့သည်။

တဝိုးဝိုး လေတိုက်ခတ်နေ သံကြောင့် ကျွန်တော် အိပ်ရာမှ နိုးလာသည်။ ပျော့ခွေနေသည့် ကြိုးစကို လက်ထဲတွင် ကိုင် ထားမိသောကြောင့် ကျွန်တော် အပြင်ဘက်မှာပဲ ရှိနေသေး သည်ဟု ကျွန်ုပ်ပိုင်းမျှ ထင်လိုက်မိ သေးသည်။

ထို့နောက်တွင် ဘာတွေဖြစ်ခဲ့၍ ကျွန်တော် ဘယ်နေရာ ရောက်နေသလဲ ဆိုသည့် အသိ တရားက အပြေး အလွှား ပြန်ပေါ် လာသည်။ ကျွန်တော် ထထိုင် လိုက်သည့် အခါ

www.burmeseclassic.com



ခါးမှ အနာက မားဖြင့် ထိုးသလို စူးခနဲ ပေါ်လာသည်။ ကျွန်တော်၏ လက်ပတ်နာရီက မွန်းတည့် ပြီး၍ မိနစ်ပိုင်းမျှ လွန်နေကြောင်း ပြနေသည်။ တစ်ကိုယ်လုံး အေးစက်နေပြီး ခါးမှ ဒဏ်ရာက ကိုက်ခဲနေသေး သော်လည်း ညကထက်စာလျှင်တော့ အများကြီး သက်သာ လာသည်။

စောင်များကို နံဘေးသို့ တွန်းထုတ်ပြီး အိပ်ရာပေါ်မှ ဆင်းလိုက်စဉ် တံခါးဖွင့်ပြီး အယ်လ်ဆီး ဝင်လာသည်။ သူမ၏ မျက်နှာမှာ စိုးရိမ်စိတ် ပေါ်လွင် နေသည်။ သူမက တံခါးကို ပြန်ပိတ်ပြီး ကျွန်တော့်ဆီသို့ လျှောက်လာကာ သွေးခုန်နှုန်း စမ်း ကြည့်သည်။ ကိုယ်အပူချိန် တိုင်းသည်။

'သက်သာလာပုံတော့ ရပါတယ်၊ ရှင် ဘယ့်နှယ် နေသေးသလဲ'

'အသက် ရှင်နေတုန်းပါပဲ လားလို့ ခံစားရ ပါတယ်'

'ဒု ဗိုလ်မှူးကြီး တိဘက် ပျောက်နေတယ်၊ အဖွဲ့ တစ်ဖွဲ့ ဖွဲ့ပြီး ရှင်တို့ နှစ်ယောက်ကို အပြင်ထွက် ရှာဖို့ အားလုံးက ပြောနေ ကြတယ်'

'ကျုပ် ဒီရောက်နေတာများ ပြောလိုက်ပြီ သေးလား'

'မပြောပါဘူး၊ ဒါနှင့် ညက ဘာတွေဖြစ်ခဲ့ တာလဲ၊ ရှင့်ကို ဘယ်သူက သေနတ်နှင့် ပစ်သွား တာလဲ၊ ဒု ဗိုလ်မှူးကြီး တိဘတ်က ဘယ်ရောက်နေ တာလဲ'

'ကျုပ် မျက်နှာသစ်နေတုန်း ကျုပ် အခန်းကို သွားပြီး အဝတ်အစား အသစ်ယူပေး ပါလား၊ ခင်ဗျား ပြန်လာရင် ကျုပ် ရှင်းပြပါမယ်'



အယ်လ်ဆီး ခေါင်း ညိတ် ပြီး လှည့် ထွက် သွား သည်။ ကျွန်တော် မတ်တတ် ထပြီး အခန်း ထောင့်ရှိ ကြွေဇလုံတွင် မျက်နှာ သစ်သည်။ သုံးလေးမိနစ် ကြာသောအခါ အယ်လ်ဆီးက အဝတ်အစားများနှင့်အတူ ပြန်လာသည်။ သူမ စောင့်ကြည့်နေစဉ် ကျွန်တော် အဝတ်အစား လဲပြီး ကျွန်တော်၏ လက်နက်များကို သိမ်းဆည်းလိုက်သည်။ အဝတ်အစား လဲပြီးသောအခါ စီးကရက် တစ်လိပ် မီးညှိပြီး ခပ်ပြင်းပြင်း ရှိုက်ရှူ လိုက်သည်။

'သိပ်ဆိုးတဲ့ အကျင့်ပဲ' ဟု အယ်လ်ဆီးက အလိုလို ပြောလာသည်။

'ဒု ဗိုလ်မှူးကြီး တိဘတ် သေသွားပြီ'

ကျွန်တော်က နိဒါန်း ချီမနေဘဲ ပြောလိုက်သည့် အခါ အယ်လ်ဆီး ဟင်ခနဲ ဖြစ်သွားသည်။

'ဘုရားရေ၊ ဒီမှာ ဘာတွေ ဖြစ်နေတာလဲ ရှင်'

သူမကို ပြောပြရန် သင့်မသင့် ကျွန်တော် အတန်ကြာအောင် စဉ်းစားသည်။ သူမကို သတိပေးထားမှ ဖြစ်မည်ဟု ဆုံးဖြတ် လိုက်သည်။

'ညတုန်းက ရေဒီယို အဆက်အသွယ် လုပ်တဲ့ နေရာမှာ အနီးနည်း အခက်အခဲ ဖြစ်ပေါ်ခဲ့တယ်၊ အသံဖမ်း မျှော်စင်ကို စစ်ဆေးဖို့ တိဘတ် ထွက်သွားတယ်၊ မျှော်စင်ပေါ် သူ တက်သွားတုန်း မျှော်စင် ပြိုကျပြီး သေသွားတာပဲ'

'မတော်တဆ ဖြစ်တာလား'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ သူ့ကို မျှော်စင်ဆီ မရောက် ရောက်အောင် မျှားခေါ် သွားတာပဲ၊ သူ မျှော်စင်ပေါ် ရောက်နေ တဲ့ အချိန်မှာ တစ်ယောက်ယောက်က မျှော်စင် လဲကျသွားအောင် သံမဏိ ဆိုင်းကြိုးတွေကို ဖြတ်ပစ်ခဲ့တာပဲ'

'ရှင့်ကို ဘယ်သူက သေနတ်နှင့် ပစ်သွားတာလဲ'

'အသေအချာတော့ ပြောလို့ မရဘူး'

ကျွန်တော် ပြန်ဖြေ လိုက်ပြီး ညက အဖြစ် အပျက်ကို ခပ်သွက်သွက် ရှင်းပြ လိုက်သည်။ အယ်လ်ဆီးက နှုတ်ခမ်းကို မဲ့ပြီး တိတ်ဆိတ်စွာ နားထောင်သည်။ ကျွန်တော် စကား ဆုံးသွားသောအခါ အယ်လ်ဆီးမှာ အသားအရေ ဖြူဖပ် ဖြူရော် ဖြစ်သွားလေသည်။

'ရှင့်မှာ စီးကရက် ရှိသေးသလား'

သူမ အတွက် စီးကရက်ဘစ်လိပ် မီးညှိပေးလိုက်ရာ အယ်လ် ဆီးက စီးကရက်ကို တုန်တုန်ယင်ယင်ဖြင့် ဖွာလိုက်သည်။

'ဒါကလည်း သူ့ကို ဘယ်သူ သတ်သွားသလဲ ဆိုတဲ့ မေးခွန်းရဲ့ အဖြေ မဟုတ် သေးဘူး၊ နောက်ပြီး ဘာဖြစ်လို့ သူ့ကို သတ်ပစ်ရတာလဲ၊ ဒါဟာ ရုရှားတွေရဲ့ လက်ချက်လို့ ထင်သလား'

'ဖြစ်နိုင်တာပဲ၊ စတာနေ့ဟာ သိပ္ပံပညာရှင် မဟုတ်ဘူး၊ သူဟာ ကေဂျီဘီ အရာရှိ တစ်ယောက် ဖြစ်နိုင်တယ်'

'သူတို့က ရှင်နှင့် ဒု ဗိုလ်မှူးကြီး တိဘတ်တို့ကို ဘာဖြစ်လို့ သတ်ပစ်ချင် ရတာလဲ'



'သူတို့က ကျုပ်တို့ အားလုံးကို သေစေချင် နေတာလဲ ဖြစ်နိုင်တာပဲ'

စီးကရက်ကို ညှပ်ထားသည့် သူမ၏ လက်မှာ တုန်ယင် လှုပ်ရှားနေသောကြောင့် စီးကရက်ပင် ပြုတ်ကျတော့ မလို ဖြစ် သွားသည်။

'ဘာဖြစ်လို့ ကျွန်မတို့ကို သတ်ပစ်ချင်နေ ရတာလဲ ဟင်' သို့ဖြင့် လျှပ်စစ်ခေတ်အားပေးစက်ရုံ အောက်မှ လျှို့ဝှက် ခတ်ခွဲခန်း အကြောင်းကို သူမအား ပြောပြ လိုက်ရသည်။ ရုရှားတို့ ထုတ်လုပ်နေသည့် အပြောင်းအလဲ အလွန်မြန်ဆန် သော ဇီဝ ခေတ်ကူပစ္စည်း အကြောင်းလည်း ပါသည်။

'ဒါကလည်း ဒီက လူတွေကို ဘယ်သူ သတ်သွားသလဲ ဆိုတဲ့ ကိစ္စရဲ့ အဖြေ မဟုတ်သေးဘူး၊ ဒု ဗိုလ်မှူးကြီး တိဘတ် ဟာ အမှန်အတိုင်း ပြောပြခဲ့တာ ဆိုရင် အဲဒီ ပစ္စည်းကို အကလီးယား အမှတ်အသား ထည့်ပေး ထားတယ် ဆိုရင် ခလောင်းတွေထဲမှာ ရေဒီယို သတ္တိ ကြွတဲ့ အမှုန့်တော့ တွေ့ရ မှာပေါ့၊ ဒါလည်း မဟုတ် သေးဘူး'

'ကျုပ် သိပါတယ်၊ ဒါဟာ တကယ်တော့ ဒီက လူတွေကို ဖက်ပြီး သုတေသန မလုပ်နိုင် အောင်လို့ သတ်သွားတာ ဆိုရင် ဖြစ်၊ မဖြစ်ရင် မတော်တဆ ကိစ္စတစ်ရပ် ဖြစ်ခဲ့တာပဲ လို့ပဲ အဓိပ္ပာယ် ရတယ်'

'ဖြေဆေး ဆိုတာက လူကို မသတ်ဖြတ်ပစ်ဘူး ရှင့်'

'အဲဒါကိုလည်း ကျုပ်သိပါတယ်၊ ဒီက လူတွေကို သတ်ပစ် လိုက်တာဟာ ဆိုဗီယက်တွေရဲ့ အာဗွီဘီ–ရွှေ့ ပဲ ဖြစ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရုရှားတွေဟာ သူတို့ရဲ့ အာဗွိဘီ–အေ တွေကို ရည်ရွယ်ချက် နှင့် ဒီ နေရာကို ပို့လိုက် တာလား၊ မတော်တဆ နည်းနှ ရောက်လာတာပဲလား၊ တစ်ခုခုပဲ’

‘ဒါဆိုရင် စုံစမ်းရေး ကော်မရှင်မှာ စတာနေ့ ပါလာ တာဟာ မတော်တဆ ဖြစ်တာကို ဖုံးဖိ ဖို့၊ ဒါမှ မဟုတ် လူသတ်မှုကို လက်စလက်န ဖျောက်ဖို့ ဖြစ်ရမှာပဲ’

‘အတိအကျ ပါပဲ ဗျာ’

‘ဒါပေမယ့် ဒု ဗိုလ်မှူးကြီး တီဘတ်ကို ဘာဖြစ်လို့ သ သွား ရတာလဲ၊ အဲဒါက အဓိပ္ပာယ် မရှိဘူး၊ အဲဒါက ရှင့်ရဲ့ အယူအဆ အတွက်ပဲ အထောက်အကူ ရတာပါ’

‘မဏ္ဍမာဒိုက အခြေစိုက် စခန်းကို ရေဒီယိုနှင့် အကြောင် ကြားဖို့ ဒု ဗိုလ်မှူးကြီး တီဘတ်ကို ကျုပ် မှာထားတယ်၊ ကမ် ရိုးတန်းကို လေကြောင်းကနေ ကင်းလှည့်ပြီး ကြည့်ခိုင်းဖို့ပ

ဆိုဗီယက်တို့သည် အာဗွိဘီ–အေများကို ရေငုပ်သင်္ဘော နှင့် ချိန်းထားသည့် နေရာသို့ သယ်ဆောင်သွားခြင်း ဖြစ်နိုင် သည်ဟု ကျွန်တော် ယူဆမိသည့် အကြောင်းရင်းကို ရှင်း လိုက်သည်။ အယ်လ်ဆီးက ခဏမျှ စဉ်းစား နေပြီးမှ

‘ရှင့်မှာ သေနတ်ဒဏ်ရာ ရထားတာက လွဲလို့ ရှင် ပြော ခဲ့တဲ့ တခြား ကိစ္စတွေဟာ သံသယ စိတ်ကြောင့် ယုံထ ကြောင်ထင် ဖြစ်နေတာပဲလို့ ကျွန်မတော့ ပြောမိမှာပဲ၊ ဒါပေ မယ့် လက်ရှိ အခြေအနေ အရ ရှင် ပြောခဲ့တဲ့ အထဲမှာ တစ်ခုခုတော့ ထူးခြားနိုင်ပါတယ်’

‘အဲဒီ အတွက် ကျေးဇူးတင်ပါ သဗျာ’



‘ရှင်က ကျွန်မကို ဘယ်လို လုပ်ပေး စေချင်သလဲ နစ်ကို လတ်၊ ကျွန်မ တတ်နိုင်တာ ဆိုရင် ကူညီမှာပါ’

‘ဘယ်သူ့ကိုမှ ဘာမှ မပြောပါနှင့်၊ ခင်ဗျားဟာ ကျုပ်ကို နေ့က ညနေတုန်းက ထမင်းစားဆောင် ထဲမှာ တွေ့ခဲ့ပြီး တည်းက ခုထက်ထိ ထပ်မတွေ့ သေးတဲ့ ပုံစံနှင့်ပဲ ဆက် နေပါ၊ အခု ပြောခဲ့ ဖြစ်ခဲ့တာတွေဟာ ဘာပဲ ဖြစ်နေနေ ခင်ဗျားဟာ ကျုပ်ကို မမြင်တာ ကြာပြီလို့ပဲ မှတ်ထားပါ၊ ကျုပ် ပြောတာကို သဘော တူရဲ့လား’

‘တူပါတယ်’

အယ်လ်ဆီးက အတန်ကြာအောင် ငေးခွဲမရ ဖြစ်နေပြီးမှ အဖြေ ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၄

နေ့လယ်ခင်း ဖြစ်နေသော်လည်း လေထဲတွင် လွင့်ပါနေသည့် ဆီးနှင်း များကို ဖြတ်ပြီး ဘာ တစ်ခုမျှ မမြင်ရပါ။ မုန်တိုင်းမှာ တစ်ညလုံး အရှိန် ကောင်းခဲ့သည်။ အုပ်ချုပ်ရေးရုံး၏ အရှေ့ဘက်ဆောင်မှနေ၍ ရှေ့မျက်နှာစာသို့ ရောက်အောင် ဆီးနှင်းပုံများ ကြားမှနေ၍ လေးဖက်ထောက်ပြီး ပတ်ထွက်လာစဉ် တိဘက်ကို သတ်သွားသူများမှာ သူတို့ ပုန်းနေသည့် ခန်းတွင် ဘယ်လိုများ နေနေကြမလဲဟု ကျွန်တော် စဉ်းစားနေမိသည်။ မုန်တိုင်းက သည်အတိုင်း ဆက်ပြီး အရှိန် ကောင်းနေလျှင် သည်ကောင်တွေ သေသွားလောက်သည့် အခွင့်အရေး ရှိသေးသည်ဟု ကျွန်တော် တွေးမိသည်။

ကိုက် ၅၀ ခန့်ဝေးသည့် ရှေ့မျက်နှာစာ တံခါးဝသို့ ရောက်အောင် နာရီဝက်ခန့် သွားရသည်။ ကျွန်တော့် အနေဖြင့် စတာနေ့ဘ်ကို အငိုက်ဖမ်းမိဖို့မှာ အယ်လ်ဆီး ဒီဟွန်း အနေဖြင့် သူမ၏ အခန်း ကဏ္ဍကို မှင်သေသေဖြင့် ကပြနိုင်ရ ပေလိမ့်မည်။ စတာနေ့ဘ်သည် စုံ စမ်း ရေး မှူး ကောင်း တစ်ယောက် ဖြစ်ကြောင်း သက်သေပြခဲ့ပြီးပြီ။ အယ်လ်ဆီး

www.burmeseclassic.com

www.burmeseclassic.com



သာ သရုပ်ဆောင် မကောင်းလျှင် စတာနေ့ သတိထားမိ သွားမည်မှာ သေချာသည်။

တံခါးမှာ အေးခဲပြီး ကျပ်နေသောကြောင့် မိနစ်အနည်း ငယ်ကြာအောင် ဖွင့်ယူရသည်။ ပြီးမှ တံခါးကို ဆွဲဖွင့်ပြီး အထဲသို့ ဝင်လိုက်သည်။ အပြင် တံခါးကို ပိတ်ပြီး အတွင်း တံခါးကို ဖွင့်ကာ အထဲသို့ လှမ်းဝင်သည်။

နေ့လယ်ခင်း အလုပ်လုပ်သည့် အခန်းထဲတွင် လူအားလုံး ရောက်နေကြသည်။ အနောက် ဂျာမန်လူမျိုး ကဘ်အေဘာယ်က ဒ သ မ မလေး ဆယ့် ငါး အော် တို မက် တစ် သေ နတ် တစ်လက်ကို တုန့်တုန့်ယင်ယင်ဖြင့် ကိုင်ထားသည်။ ကျွန်တော် ခေါင်းစွပ်ကို နောက်သို့ လှန်လိုက်မှ ကျွန်တော်မှန်း သိသွား ကြသည်။ ကဘ်အေဘာယ် သေနတ်ကို ပြန်ချပြီး လေသံ တိုးတိုးဖြင့် 'ဘုရားရေ'ဟု ရေရွတ်သည်။

'နစ်ကိုသဘ်'ဟု လာနာ လှမ်းအော်ပြီး ကျွန်တော့် ဆီသို့ လျှောက်လာသည်။ ပြီးမှ ခြေလှမ်းတုံ့ သွားသည်။ အေဘာယ်က

'ခင်ဗျားက ဘယ် သွားနေတာလဲ၊ ဒီ တစ်မနက်ခင်းလုံး ကျုပ်တို့ လိုက်ရှာနေတာဗျ'

'ကျုပ် တစ်ညလုံး လျှပ်စစ် ဓာတ်အားပေး ရုံထဲမှာ ရှိနေတယ်'

ကျွန်တော်က စတာနေ့ကို စေ့စေ့ကြည့်ရင်း ပြောလိုက် သည်။ စတာနေ့ အမူအရာ လုံးဝ ပျက်မသွားပါ။ လာနာက

'ဘာဖြစ်လို့ အဲဒီမှာ သွားနေရတာလဲ၊ ဘာတွေ ဖြစ်နေ လို့လဲ'



'ထမင်းစားဆောင်ထဲကို သွားကြရအောင်၊ ကျုပ် ကော်ဖီ သောက်ပြီး တစ်ခုခုစားလို့ ရတာပေါ့'

စားပွဲရှည်ကြီးတွင် အားလုံး ဝိုင်း ထိုင် လိုက် ကြ သည်။ ကျွန်တော် စားသောက်နေပုံကို လှမ်းကြည့်သည်။ လာနာ နှင့် အေဘာယ်တို့မှာ ဗျာယာအခတ်ဆုံး ဖြစ်နေသည်။ ညက အဖြစ်အပျက်ကို စတာနေ့ သိထားပြီး ဖြစ်နေမည် ဆိုလျှင် သူ သိနေသည့် အကြောင်းကို မျက်နှာတွင် မမြင်ရပါ။ စားသောက်ပြီးသော အခါ စီးကရက် တစ်လိပ်ကို ကျွန်တော် မီးညှိလိုက်သည်။ ကျွန်တော် ရှင်းပြမည့် စကားကို အားလုံးက စောင့်မျှော်နေ ကြသည်။

'ဒုဗိုလ်မှူးကြီး တိဘက် သေသွားပြီ' ဟု ကျွန် တော် ပြောလိုက်သည်။

စတာနေ့မှာ တခြား သူများ လိုပင် လန့်ဖျပ်သွားပုံ ရသည်။ သူက ရှေ့ကို ခါးကိုင်းရင်း

'ဒီမှာ ဘာတွေ ဖြစ်နေသလဲ ဆိုတာ ခင်ဗျား ရှင်းပြရင် ပြီး ကောင်းမယ် ထင်တယ် ဗိုလ်မှူးကြီး ကာတာ'

'သူက ဒီမှာ တွေ့ရှိရတဲ့ အခြေအနေကို အခြေစိုက်စခန်းကို သတင်းပို့ဖို့ ကြိုးစား ခဲ့တယ်၊ အသံဖမ်းတိုင်မှာ တစ်ခုခု ချွတ်ယွင်းနေပုံရလို့ သူက သွားပြီး စစ်ဆေးတယ်၊ ဒါပေမယ့် သူ ပြန်မလာတာနှင့် သူ့နောက်ကို ကျုပ် လိုက်သွားတာပဲ'

'သူက ဘာဖြစ်သွားလို့လဲ'ဟု မေးလိုက်သော လာနာ၏ မျက်နှာပေါ်တွင် ကြောက်လန့် နေသည့် အမူ အရာများ ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက မတော်တဆ ဖြစ်သွားတာပါ၊ သူက မျှော်စင်ပေါ် တက်သွားတယ်၊ လေပြင်းဒဏ်ကြောင့် မျှော်စင်ကို ဆိုင်းထားတဲ့ သံမဏိကြိုးတွေ ပြတ်ထွက်သွားပြီး မျှော်စင် ပြိုကျတယ်၊ အဲဒီ မျှော်စင် ပိပြီး တိဘက် သေဆုံးသွားရတယ်'

'ဘုရားရေ'ဟု အယ်လ်ဆီး ဒီဟွန်း ရေရွတ်ပြီး ပါးစပ်ကို လက်အစ်ဖက်ဖြင့် ပိတ်လိုက်သည်။ သူမ သရုပ်ဆောင်နေပုံက ပြောင်မြောက် ပါသည်။ လာနာက

'ဒါပေမယ့် ရှင်က ဘာဖြစ်လို့ ပြန်မလာရတာလဲ'

'မုန်တိုင်းက သိပ်ပြီး အားကောင်း နေတဲ့ အတွက် လမ်းပျောက်သွားမှာ စိုးလို့ပေါ့'

'အခုဆောက်အအုံ နှစ်လုံးကြားမှာ လမ်း ပြ ကြိုး တစ်ချောင်းနှင့် ဆက်ပေး ထားမှာတော့ သေချာပါတယ်'

စတာနေ့ ပြောလာသည့် အခါ ကျွန်တော်က

'ကြိုးကို ရှာလို့ မတွေ့ဘူးဗျ၊ ဆီးနှင်းထဲမှာ မြုပ်နေသလား မသိဘူး'

'ကျွန်မတို့ကို အကူအညီပေးဖို့ ရေဒီယိုနှင့် ဆက်သွယ်ရင် ကောင်းမယ်'

'ရေဒီယို မျှော်စင်က ပြိုကျ သွားပြီ လေ ဒေါက်တာ အက်ဒွပ်'

လာနာ၏ စကားကို စတာနေ့က ဝင်ထောက် လိုက်သည်။ ကျွန်တော်က



'ဆီးနှင်းထဲ မြုပ်နေတဲ့ ရဟတ်ယာဉ် တစ်စင်းကို ကျုပ်တို့ တူးဖော်ပြီး ရဟတ်ယာဉ်က ရေဒီယိုကို အသုံးချရ မှာပဲ၊ ဒါပေမယ့် အကူအညီတော့ တောင်းမနေဘူး၊ တောင်းစရာလည်း မလိုဘူးလေ၊ ကျုပ်တို့က ဒီမှာ အလုပ်လုပ်ဖို့ ရောက်လာတာဆိုတော့ အဲဒီ အလုပ်ကို ပြီးဆုံးအောင် လုပ်ရလိမ့်မယ်'

လာနာက ဆင်ခြေတက်ရန် ဟန်ပြင်လိုက်ရာ ကျွန်တော်က လက်ကာပြ လိုက်ပြီး

'ဒေါက်တာ ဒီဟွန်း၊ အလောင်းတွေကို စစ်ဆေးကြည့်တာ အဖြေ ထွက်ပြီလား'

'အဖြေ မထွက်သေးဘူး ရှင့်'

ရောဂါ ရှာဖွေရေး အဖွဲ့တွင် ပါဝင် ဆောင် ရွက်နေသော ဒေါက်တာ စထဲရော့က ပါးစပ်မှ ဆေးတံကို ချွတ်ပြီး

'ညတုန်းက ကျမ် အသားမျှင် နမူနာထဲ ကနေ မျိုးပွားအောင် မွေးယူထားခဲ့တယ်၊ သုံး လေး နာရီလောက် ကြာရင် အဖြေ တစ်ခုခု သိရမှာပါ'

'ဒါ ဆိုရင် ဒီက လူတွေကို ဘယ်လို ပစ္စည်းက သတ်ဖြတ်လိုက်မှန်း သိရတော့မယ် ဆိုပါတော့'

ကျွန်တော် မေးကြည့်လိုက်သည်။ ပထမဆုံး အကြိမ်အဖြစ် စတာနေ့၏ မျက်နှာတွင် စိုးရိမ်သည့် အမူအရာ ပေါ်လာသည်။ စထဲရော့က ခေါင်းခါပြီး

www.burmeseclassic.com

'ကျုပ်က အဲသလို ပြောတာ မဟုတ်ဘူး ဗိုလ်မှူး ကြီး အဖြေ တစ်ခုခု သိရလိမ့်မယ်လို့ပဲ ကျုပ် ပြောတာပါ၊ ဒါထ မပိုပါဘူး၊ အစတော့ ပေါ်လာတာ ပေါ့ဗျာ'

'ကျွန်တော် နားလည်ပါပြီ' ဟု ကျွန်တော် ပြောပြီး မော့ကြည့်ကာ 'လောလောဆယ်မှာတော့ အပြင်ကို ဘယ်သူ ဘာ အကြောင်းနှင့်မှ ထွက်မသွားစေ ချင်ဘူး၊ မုန်တိုင်း သိပ်ပြီး ဆိုးဝါး နေတယ်၊ နောက် ထပ်ပြီး မတော်တ ထိခိုက်မှု မဖြစ်စေချင်ဘူး'

'ဒီ နေရာမှာတော့ ကျုပ်တို့အလုပ် ပြီးသွားပြီ၊ အခုဒီတော ဓာတ်ခွဲခန်းတွေ မှာ လုပ်ငန်း စကြရ အောင်၊ ဒါကလည် ရဟတ်ယာဉ်ကို ဆီးနှင်းထဲက ဖော်တဲ့ အချိန်မှာ အကူ အ မလိုဘူး ဆိုရင် ပြောတာပါ'

ဒေါက်တာ အေဘယ်က ပြောလိုက်ရာ ကျွန်တော်က

'ကျွန်တော့်ဟာ ကျွန်တော် လုပ်နိုင်ပါတယ် ဒေါက်တာ ခင်ဗျားတို့ကတော့ ဓာတ်ခွဲခန်းတွေမှာပဲ အချိန်ကုန် ခံ ကောင်းပါတယ်၊ ဒီက လူတွေကို ဘာ ပစ္စည်းက သတ် လိုက်တာလဲ ဆိုတာ ကျွန်တော် သိချင်တယ်၊ အဲဒီ ပစ္စည်းဟ ဘယ်က ရောက်လာတာလဲ ဆိုတာကိုလည်း သိချင်တယ်'

စတာနေ့ မတ်တတ် ထရပ်သည်။

'ခင်ဗျားက ဘယ်လို အဓိပ္ပာယ်နှင့် အဲဒီ စကားမျိုး ပြောရ တာလဲ'

'ဒီက လူတွေကို သတ်ပစ်လိုက်တဲ့ ပစ္စည်းဟာ ဒီ ခန်း လာတာ မဟုတ်ဘူး ဗျ'



'ရှင် ဘာတွေ ပြောနေတာလဲ နစ်ကိုလတ်'ဟု လာနာက မေးသည်။

'ဒီက လူတွေကို သတ်ပစ်နိုင်တဲ့ ပစ္စည်းမျိုး ဒီမှာ မရှိဘူး'

'ကျုပ်တို့ရဲ့ စမ်းသပ်မှုတွေ မပြီးသေးဘဲ နှင့် တပ် အပ် ပြောလို့ ဘယ် ရမလဲ ဗျ'

စတရော့က ပြတ်ပြတ် သားသား ပြော လိုက် သည်၊ မတ်တတ် ထပြီး တံခါးရှိရာသို့ လျှောက်သွားသည်။ တံခါးဝ အားတွင် ခဏ ရပ်ပြီး နောက်လှည့် ကြည့်သည်။

'သေချာတာ တစ်ခုရှိတယ်၊ ဒီမှာထိုင် ကော်ဖီသောက်ပြီး ထင်တာ လျှောက်ပြောနေလို့တော့ ဘာ တစ်ခုမှ ထူးခြား လာမှာ မဟုတ်ဘူး'

မည်သူမျှ ဖြေသံ မပေးသော အခါ စတရော့က ဆက်၍

'ခင်ဗျားရဲ့ အစိုးရ အပေါ် ခင်ဗျား သစ္စာရှိတာကိုတော့ ကျုပ် ချီးကျူးပါတယ် ဗိုလ်မှူးကြီး ကာတာ၊ ဒါပေမယ့် ကျုပ်တို့ ကော်မရှင်ဟာ နိုင်ငံတကာ ကော်မရှင် တစ်ရပ် ဖြစ်တယ်၊ ဒီက လူတွေကို ဘယ်လို ပစ္စည်းက သတ်ဖြတ်ပစ် လိုက်တယ် ဆိုတာကို ရှာဖွေ ဖော်ထုတ် ဖို့က ကျုပ်တို့ရဲ့ အလုပ်ပဲ၊ ဒါမှလည်း ဒီမှာ ဖြစ်ပျက်ခဲ့တာမျိုး တခြားနေရာ မှာ မဖြစ်ပွားအောင် ဟန့်တားနိုင်မှာပေါ့၊ ကျုပ် ကတော့ ကျုပ် အလုပ်ကိုပဲ လုပ်မယ့် လူတစ်ယောက် ဖြစ်တယ်'

စတရော့ အခန်းထဲမှ ထွက်သွားသည်။ ခဏအကြာတွင် လာနာမှလွဲ၍ အားလုံး ထွက်သွားကြတော့သည်။ ကျွန်တော် နှင့် နှစ်ဦးတည်း ကျန်ရစ်ခဲ့သောအခါ သူမက ကျွန်တော့်အား

www.burmeseclassic.com



ကော်ဖီတစ်ခွက် ထပ်ငှဲ့ပေးသည်။ ပြီးမှ ကျွန်တော်နှင့် မျက်နှ
ချင်းဆိုင်တွင် ဝင်ထိုင်သည်။ သူမ၏ မျက်နှာမှာ စိတ်ပို
ဖြတ်ထားပုံ ပေါ်နေသည်။ သူမက လေသံ တိုးတိုးဖြင့်

'အဲဒီမှာ တကယ်တမ်း ဘာတွေ ဖြစ်ပျက်ခဲ့တာလဲ-ဟ

သည်အဖွဲ့တွင် အယ်လ်ဆီ၊ ဒီဟွန်းမှ လွဲလျှင် ကျွန်တေ
ယုံကြည်စိတ်ချသူမှာ လာနာ ပေါ်ဦးပဲ ရှိသည်။ ကျွန်တေ
မပြောချင် သော်လည်း သတိ ပေးမှ ဖြစ်မည်ဟု စိတ်ထဲတ
ထင်နေသည်။

'တီဘက်ဟာ လူသတ် ခံလိုက်ရတာပဲ'

လာနာမှာ သွေးဆုတ် သလို ဖြစ်သွားပြီး 'ဘယ်
အသတ် ခံလိုက်ရ တာလဲ'

ကျွန်တော့်ကို တစ်ယောက် ယောက် က သေနတ်
ပစ်သွ[illegible]ပုံနှင့် အဆောက်အအုံ နှစ်လုံးကို ဆက်သွယ်ထားသ
ကြိုးအား နှစ်ဖက်လုံးမှ ဖြတ်ပစ်သွားကြပုံ အပါအဝ
အဖြစ်အပျက် အလုံးစုံကို သူမအား ပြောပြလိုက်သည်။

'ဒါဆိုရင် ရေဒီယိုနှင့် အကူအညီ တောင်းမှ ဖြစ်မှာပေ
ရှင်'

'ကိုယ်လည်း ဆက် သွယ် ကြည့် မှာ ပါ၊ ဒါပေမဲ့
လောလောဆယ်မှာ တစ်ယောက်ယောက်က ကိုယ်တို့ကို သ
ဖြတ်ဖို့ ကြိုးစား လာမယ် ဆိုရင် အကူအညီ ရအောင
လက်နက် တစ်ခုခုတော့ ရှာထား စေချင်တယ်'

'ဒီကိစ္စကို တခြား ဘယ်သူ သိသေးသလဲ'

'ဒေါက်တာ ဒီဟွန်း သိတယ်'



'ဒါဟာ ရုရှား တွေရဲ့ လက်ချက်ပဲ မဟုတ်လား၊ တော
နေ့ဟာ ဒီ ကိစ္စကို ဖုံးဖိဖို့ ဒီကို ရောက်နေ တာပဲ'

ကျွန်တော် ခေါင်းညိတ် ပြပြီး သူမ ဆီသို့ လက်လှမ်း
လိုက်သည်။

'ကိုယ့်ကိုယ်ကိုယ်တော့ ရုပ်မပျက်အောင်နေနော် လာနာ၊
င်း တစ်ခုခုသိသွားတယ်လို့ စတာနေ့ သံသယဝင်သွားရင်
င်းကို သတ်ပစ်ဖို့ လက်နှေး နေမှာ မဟုတ်ဘူး'

'ရှင် သူ့ ကို ဘာဖြစ်လို့ မဖမ်းသေး တာလဲ'

'ဖမ်းလိုက်ရင် ဒီမှာ တကယ် ဖြစ်ပျက်ခဲ့ တာ တွေကို
ကိုယ်တို့ ဘယ်သိနိုင်တော့ မလဲ၊ နောက်ပြီး သူ့ ရဲ့ အဖော်
တွေက အပြင်မှာ ရှိနေကြတယ်'

ဆိုဗီယက်တို့က အာဗွီဘီ-အေ ဆိုသည့် ပစ္စည်းကို ဖော်
ဘာ်နေကြပုံနှင့် ကျွန်တော်တို့ဘက်မှ ဖြေဆေး ဖော်ထုတ်ရန်
ကြိုးပမ်းနေပုံကို လာနာအား ခပ်သွက်သွက် ရှင်းပြ လိုက်
ရသည်။

'ဒါဆိုရင်တော့ မှန်နေပြီ၊ အဲသလို ဖြစ်နိုင်တဲ့ အလား
အလာရှိမှန်း ကျွန်မတို့ ဆွေးနွေးခဲ့ကြ သေးတယ်၊ ဒါပေမယ့်
ဒီ စွည်းက ဒီလောက် အထိ ဝေးဝေး ရောက်လာ လိမ့်မယ်
ထင်ဘူး'

'ရောက်လာတဲ့ပုံတော့ ပေါ်နေတာပဲ'

'ဒါပေမယ့် ဒီက လူတွေကို ရုရှားတွေက ဘာဖြစ်လို့
သတ်ပစ်ရမှာလဲ၊ ရှာဖွေ စုံစမ်းမှု တစ်ရပ် လုပ်လိမ့်မယ်
ဆိုတာကို သူတို့ သဘောပေါက်ရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'သူတို့က ရည်ရွယ်ချက်နှင့် လုပ်ခဲ့ဘယ်လို့တော့ ကိုယ် လည်း မထင်ပါဘူး၊ သူတို့က အာဗွီဘီ-အေ တွေကို ယာ တစ်စီးစီးနှင့် တင်ပြီး ချိန်းထားတဲ့ ရေငုပ် သင်္ဘောဆီ သွားပို့ဘာ ဖြစ်ရမယ်၊ သွားပို့ရင်းနှင့် မတော်တဆ အဲ အာဗွီဘီ-အေတွေ စိမ့်ထွက်လာတာ ဖြစ်မှာပဲ'

'ရှင်က ကျွန်မကို ဘာလုပ်စေချင် သလဲ'

'လက်နက် တစ်ခုခု ရှာထား၊ ပြီးရင် ဘာမှမသိတဲ့ပုံစံနှ ကိုယ့်အလုပ်ကို ဆက်လုပ်၊ ဆီးနှင်းထဲ မြုပ်နေတဲ့ ရဟတ်ယာ တစ်စင်းစင်းကို ပြန်ဖော်ပြီး မဏ္ဍမာဒို အခြေစိုက်စခန်း ရေဒီယိုနှင့် သတင်းပို့လိုက်မယ်၊ ရေလက်ကြားထဲမှာ ရေငု သင်္ဘောတစ်စင်း ရောက်နေရင် ရရှားတွေ ပျောက်သွားတဲ့ အာဗွီဘီ-အေ တွေကို ပြန်ရှာပြီး သင်္ဘောနှင့် အသယ်ခံလို မဖြစ်ဘူး၊ အဲဒီ ပစ္စည်းဘွေကို မော်စကို ရောက်အောင် တစ်နည်းနည်းနှင့် သယ်သွားနိုင်လို့ ရှိရင် ကိုယ်တို့ အနေနှ ပြန်ပြီး ခုခံနိုင်စွမ်း မရှိတဲ့ လက်နက် တစ်ခုကို သူတို့ ရသွား တာနှင့် အတူတူပဲ၊ လောလောဆယ် ကိုယ်တို့မှာ ဖြေဆေး မရှိသေးဘူး မဟုတ်လား'

'ဒါဆိုရင် စစ်ဖြစ်လာမှာ ပေါ့'

'စစ်က ချက်ချင်းလိုလို ဖြစ်လာမှာ ကွ'

နှစ်ဦးသား မတ်တတ်ထပြီး တံခါးနားသို့ လျှောက်သွား ကြသည်။

'ကျွန်မတော့ ကြောက်လာပြီ နှစ်ရယ်'



'စတာ နေ့ခ့နှင့် လွတ်လွတ်ကင်းကင်း နေနော်၊ အားလုံး အဆင်ပြေ သွားမှာပါ'

ကျွန်တော် လာနာကို နမ်းရှုပ် လိုက်သည်။ လာနာက ကျွန်တော့်ကို မော့ကြည့်ပြီး ခေါင်းညိတ်ပြသည်။ ပြီးမှ စင်္ကြံ အတိုင်း လျှောက် သွားသည်။ ကျွန်တော်တို့မှာ ကျဉ်းထဲ ကျပ်ထဲ ရောက်နေသည်။ စတာနေ့ခ့က အတွင်းလူ ဖြစ်နေ သည်။ သူ့လူများက အပြင်တွင် စောင့် နေသည်။ သည် အကြောင်းကို လာနာအား ပြောပြ၍လည်း ဘာမျှထူးခြား မည် မဟုတ်ပါ။

ပစ္စည်းများ သိမ်းထားသည့် အခန်းသို့သွား၍ ကျွန်တော် မွှေနှောက် ရှာဖွေခဲ့ရာ ဆယ်မိနစ်ခန့် အကြာတွင် ဂေါ်ပြား တစ်လက်နှင့် ကြိုးတစ်ခွေ ရှာတွေ့သည်။

ကျွန်တော် အပြင်ဘက်သို့ မထွက်မီ လူဂါထဲသို့ ကျည်ကပ် အသစ် ထည့်ပြီး အနွေးထည် အိတ်ထဲမှာ သိမ်းထားလိုက် သည်။ ပြီးမှ ကြိုးခွေနှင့် ဂေါ်ပြားကို ကောက် ယူကာ အပြင်ဘက်မှ မုန်တိုင်းထဲသို့ ထွက်လာ ခဲ့သည်။

လေမှာ ပြင်းထန်လွန်းသောကြောင့် မတ်တတ် ရပ်၍ပင် မရနိုင်ပါ၊ ကျွန်တော်သည် ဂေါ်ပြားကို အောက်ချပြီး ကြိုးစတစ်ဖက်ကို တံခါး လက်ကိုင် ဘုတွင် ချည်လိုက်သည်။ ကျန်သည့် တစ်ဖက်ကို ခါးတွင် ချည်နှောင်သည်။ ဂေါ်ပြား ကို ပြန်ကောက်ပြီး ရဟတ်ယာဉ် နှစ်စင်းရှိမည်ဟု ထင်ရသည့် နေရာသို့ ထွက်လာ ခဲ့သည်။ ရဟတ်ယာဉ်များမှာ ဆီးနှင်း ထဲတွင် နစ်နေလောက်ပြီ။ သို့သော်လည်း ဆီးနှင်းပုံအပြင်သို့

www.burmeseclassic.com

www.burmeseclassic.com



ထိုးထွက်နေမည့် ပန်ကာ ဒလက် တစ်ခုများ တွေ့ရမလား ရဟတ်ယာဉ်ဟု ယူဆရသည့် ဆီးနှင်းပုံမျိုးများ တွေ့ရမလား ဟုတော့ မျှော်လင့်ချက် ထားမိသည်။

တစ်နာရီခန့် ကြာ၍ ကျွန်တော့် ကြိုးတစ်ဆုံး နေရာ ရောက်လာသော်လည်း ရဟတ်ယာဉ်၏ အရိပ် အယောင်ကို မတွေ့ရ သေးပါ။ ကျွန်တော်သည် ထွက်လာသည့် အဆောက် အအုံမှ အနည်းဆုံး ကိုက် ခြောက်ဆယ် ခုနစ်ဆယ်ခန့် ဝေး လာပြီ ဖြစ်သည်။ ရဟတ်ယာဉ်များ ကလည်း သည်အကွာ အဝေးလောက်မှာပင် ရှိရမည်။ သို့သော် ကျွန်တော် ရှာ မရ သေးပါ။

ကြိုးစကို တင်းနေအောင် ထားပြီး ဘယ်ဘက်သို့ ထွက် လာသည်။ တစ်နေရာတွင် ခဏ ရပ်ပြီး နားစွင့် ကြည့်သည်။ စန္ဒိုကက် တစ်စီး၏ စက်သံကို သဲ့သဲ့ ကြားလိုက်ရသည်ဟု ထင်သည်။ သို့သော် ထပ်မကြားရတော့ပါ။ ဆယ်မိနစ်ခန့် အကြာတွင် လေသံမှလွဲ၍ တခြား ဘာသံမျှ ကြားမိသည် မထင်တော့ပါ။

အအေးဒဏ်က အသားထဲသို့ စိမ့်ဝင်လာသည်။ သေနတ် ရှပ်ထိသည့် နေရာမှာ စိုထိုင်းထိုင်း ဖြစ်နေမှန်း သတိထား သည်။ အနာပြန်ပွင့်ပြီး သွေးထွက်လာမှန်း သိသာသည်။ သည်နေရာတွင် ကျွန်တော် အကြာကြီး နေ၍ မဖြစ်ပါ။ အကြာကြီး ရပ်ပြီး နားနေမည်ဆိုလျှင် သွေးခဲပြီး သေလောက် သည်။



ကြိုးစက အုပ်ချုပ်ရေးရုံးနှင့် ကျွန်တော့် ကြားတွင် ရှိသော တစ်စုံတစ်ခုနှင့် ငြိသွားသည်။ သို့ဖြင့် ရပ်ပြီး ကြိုးကို ဖြုတ် ကြည့်သည်။ နှစ်မိနစ်ခန့် ကြာသွားသော်လည်း ငြိနေရာမှ ဖြုတ်ထွက် မသွားပါ။ ကျွန်တော် နောက်ကြောင်း ပြန်လျှောက် သည်။

ဆယ်မိနစ်ခန့် အကြာတွင် မာကျောသည့် အရာဝတ္ထု တစ် ခု နှင့် ကျွန်တော် ခလုတ်တိုက် မိသည်။ ကျွန်တော် နောက်လှည့်ကြည့် လိုက်သည်။ ဆီးနှင်းထဲမှ တစ်ပိုင်းတစ်စ ထိုးထွက်နေသော ပန်ကာဒလက် တစ်စိတ်တစ်ပိုင်းကို မြင်ရ သည်။ ပန်ကာဒလက် အဖျားနှင့် ကြိုးငြိနေခြင်းပင်။

ပန်ကာဒလက်နှင့် လွတ်သွားအောင် ကြိုးကို ဖြုတ်သည်။ ထို့နောက် ဂေါ်ပြားကို သုံးကာ ပန်ကာအုံ ပေါ်လာ အောင် တူးဖော်သည်။ မိနစ်အနည်းငယ် ကြာသည့် အခါ တစ်ကိုယ်လုံး ပူနွေးပြီး ချွေးပြန်လာသည်။ သို့သော်လည်း ရဟတ်ယာဉ်၏ နံဘေးတစ်ခြမ်း ပေါ်လာအောင် ဖော်ခဲ့ပြီ ဖြစ်ရာ သေဒဏ်မှ အတန်အသင့် အကာအကွယ် ရလာသည်။ နှင်းများကတော့ ဆက်လက် ကျဆင်းနေပြီး ကျွန်တော် တူးထားသည့် တွင်းကို ဖြည့်ပေး နေသည်။

နောက်ဆုံးတွင် ရဟတ်ယာဉ် နံဘေးမှ ကုန်တင်သည့် တံခါးအထိ တူးဖော်မိသည်။ မျောက်လက်ကို ဂေါ်ပြားနှင့် ... မိသွားခြင်းကြောင့် တံခါးက အတွင်းဘက်သို့ ... ပွင့်သွားသည်။ ရဟတ်ယာဉ် အတွင်း ထဲသို့ ဆီးနှင်းများ သလဟော ထိုးဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ယာဉ်ထဲ သို့ ကျွန်တော် ဝင် လိုက်သည်။ စက်ခလုတ်ကို အတန် ကြာအောင် လေ့လာပြီး မိန်းဆွစ်ကို ဖွင့်လိုက်သည်။ ဘက်ထရီ အင်အား ပြသည့် မြားတံက ဘက်ထရီအား တစ်ဝက်ရှိသေးကြောင်း ပြနေသည်။ ရေဒီယို ခလုတ်ကို ဖွင့်လိုက်သည့်အခါ ဆက်သွယ်ရေး အသံဖမ်းခွက်မှ တရှဲရှဲ မြည်သံ ပေါ်လာသည်။ စကားပြောခွက်ကို ရှာပြီး ကောက်ကိုင်သည်။ စကားပြောရန် တွန်းရွှေ့ရသည့်ခလုတ်ကို နှိပ်ရန် ဟန်ပြင်လိုက်စဉ် လေယာဉ် ဆီနံ့ကို ရှူရှိုက်မိသည်။ ကျွန်တော့် ခါးမှ ကြိုးကို ဖြေလိုက်သည်။

စက်ခလုတ်ခုံ ပေါ်ရှိ မီးလုံးလေးများ၏ အလင်းရောင်မှလွဲ၍ ရဟတ်ယာဉ်ထဲတွင် မှောင်မည်း နေသည်။ သို့ဖြင့် စကားပြောခွက်ကိုချပြီး လက်နှိပ်ဓာတ်မီးကို ဆွဲထုတ်သည်။ ခလုတ်ကိုဖွင့်ပြီး ကုန်တင်သည့် နေရာတစ်ဝိုက်ကို ဓာတ်မီးဖြင့် ထိုးကြည့် လိုက်သည်။

ပထမတွင် ဘာမျှမမြင်ရပါ။ ထို့နောက် ကြမ်းပြင်ပေါ်မှ စိုထိုင်းထိုင်း အကွက်တစ်ကွက်ကို တွေ့ရသည်။ အထက်မှနေ၍ ကြမ်းပြင်ပေါ်သို့ အရည်များ တပေါက်ပေါက်ကျနေသည်ကို တွေ့ရသည်။ လေယာဉ်မှူး ထိုင်ခုံမှ ကျွန်တော် ထပြီး ကုန်လှောင်ရုံခန်းသို့ ထွက်လာခဲ့သည်။ သည်နေရာတွင် လေယာဉ် ဆီနံ့ မွှန်နေသည်။ အရည် တပေါက်ပေါက် ကျနေသည့် နေရာကို ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ဆီပိုက်ပွင့်ပြီး ဆီများ ယိုကျနေခြင်းပင်။ လေယာဉ်ဆီ များက ကုန်လှောင်ခန်း အတွင်းပိုင်းတွင် နေရာအနှံ့ ပန်းထွက်နေသည်။



လေယာဉ်ဆီများ ပန်းထွက်နေသည်ကို စက္ကန့် အတော်ကြာအောင် ကျွန်တော် ငေးကြည့်နေမိသည်။ ရဟတ်ယာဉ်မှာ တစ်ခုခုတော့ ချွတ်ယွင်း နေပြီ။ လောင်စာဆီ ပိုက်ခလုတ်နားမှ မိန်းဆွစ်ကို ကြိုးတိုအောင် ဖြတ်ပြီးမှ ပြန်ဆက်ထားသည့်။ တစ်ချိန်ဘည်းမှာပင် ဆီက ယိုထွက် နေသည်။

ဖြစ်လာနိုင်စရာ ရှိသည့် အလားအလာများမှာ မရတွက်၍ပင် ကုန်နိုင်မည် မဟုတ်ပါ။ စက်ခလုတ်ခုံကို ကျွန်တော် ပြန်ကြည့် လိုက်သည်။ လားရာ ပြသည့် ညွှန်တံများ အားလုံး အလုပ် လုပ်နေကြသည်။ မီးလုံးများ လင်းနေသည်။ မီးပွား တစ်ချက်များ ပေါ်လာခဲ့လျှင်...။ ရဟတ်ယာဉ်မှာ လေယာဉ်ဆီငွေ့များ ပြည့်လာသည်နှင့် တစ်ပြိုင်နက် ဘယ်လို မီးပွား တစ်ချက် ပွင့်လာလာ ဝုန်းခနဲ ထပေါက် တော့မည်။

ရဟတ်ယာဉ်ထဲသို့ ကျွန်တော့်ထက် ဦးပြီး လူတစ်ယောက် သာသွားခဲ့မှန်း ယခုမှ ကျွန်တော် ရိပ်စားမိသည်။ လက်နှိပ်ဓာတ်မီးကို ပြန်ထည့်သည်။ ကြိုးစကို ကောက် ကိုင်သည်။ ရဟတ်ယာဉ် အပြင်ဘက်သို့ ကမျာကယာ ပြန်ထွက်ပြီး တွင်း အပေါ်သို့ တက်သည်။ တွင်း နှုတ်ခမ်းစပ်မှ နေ၍ တစ်ဖက်သို့ တစ်ကိုယ်လုံး လိမ့်ဆင်း လိုက်သည်။

ရဟတ်ယာဉ် ထ ပေါက် လောက်အောင် လေယာဉ်ဆီငွေ့များ စုလာမိဖို့ရာ များစွာ ကြာမြင့်တော့မည် မဟုတ်ပါ။ ကြိုးစကို လက်နှစ်ဖက်ဖြင့် ကိုင်ပြီး အုပ်ချုပ်ရေးရုံး ဘက်သို့ လေးဖက်တွား တက်လာစဉ် သည်လိုပင် ကျွန်တော် တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုက် နှစ်ဆယ် အစိတ်လောက်ပဲ ရောက်ဦးမည်။ ကြီးမား သည့် အင်အား တစ်ရပ်က ကျွန်တော့်ကို မြေပြင်နှင့် လွတ် သွားအောင် မြှောက်တင်လိုက်ပြီး ရှေ့ကို ဆယ်ပေခန့် လွင့် သွားအောင် လွှင့်ပစ် လိုက်စဉ် ဝုန်းခနဲ ပေါက်ကွဲ သံကြီး တစ်ချက် တစ်ပြိုင်တည်းလိုလို ပေါ်လာသည်။ လေပူတစ်ချက် တိုက်လာပြီး အရည်ပျော်သွားသည့် ဆီးနှင်းများက မိုးရွာ သလို သွန်ဆင်း လာသည်။

ရဟတ်ယာဉ်တွင်းမှာ တုန်းက ကျွန်တော့် ကိုယ်ပေါ် စဉ်ထွက်လာသည့် လေယာဉ်ဆီငွေ့များကို မီး လာဟပ်သဖြင့် အနွေးထည် မီးစွဲ လောင်သည်။ သို့သော်လည်း ကျွန်တော့် တစ်ကိုယ်လုံး ဆီးနှင်းတောထဲတွင် လိမ့်ပစ်လိုက်နိုင် သော ကြောင့် အလွယ်တကူ မီးပြန် ငြိမ်းသွားသည်။

ရဟတ်ယာဉ်ပျက်မှ အစိတ်အပိုင်းများက ကျွန်တော့်အနီး တစ်ဝိုက်တွင် ပြန့်ကြဲနေသည်။ အနွေးထည် မီးကျွမ်းသွား သည်မှ လွဲ၍ ကျွန်တော့်တွင် အထိအခိုက် မရှိပါ။ ကျွန်တော် လေးဖက် ပြန်ထောက်လိုက်သည်။ ရဟတ်ယာဉ် ပေါက်ကွဲရာမှ ထွက်ပေါ်လာသည့် မီးတောက်များကလည်း မီးညွန့် ကျိုး ပြီပြီ။

ဆီးနှင်းထဲတွင် နစ်နေသည့် နောက် ရဟတ်ယာဉ်တစ်စင်း ကိုလည်း အလားတူ ထောင်ချောက် ဆင်ထားမှာ သေချာ သည်။ ကျွန်တော်သာ လေယာဉ်ဆီနံ့ မရခဲ့လျှင် ရဟတ်ယာဉ် ပေါက်ကွဲသည့် အထဲ ပါသွားပြီး သေနေ လောက်ပြီ။

ယခု ကျွန်တော် ဆုံးဖြတ်ချက် တစ်ခု ချရတော့မည်။



သည်လို မုန်တိုင်းထဲတွင် မလေယာဉ် ပေါက်ကွဲရာ၌ ကျွန် တော် ပါသွားခြင်း ရှိမရှိကို မည်သူမျှ မသိနိုင်ပါ။ စခန်း အတွင်း တစ်နေရာရာတွင် ကျွန်တော် လျှို့ဝှက်ပြီး နေနိုင်ခဲ့ လျှင် ကျွန်တော် သေသွားပြီဟု စတာနော့နှင့် အဖွဲ့က ထင်မှတ်စား ကြလိမ့်မည်။ ကျွန်တော် ပြန်သွားပြန် လျှင်လည်း စမ်းရေးလုပ်ငန်းကို ရပ်တန့်သွားအောင် တစ်စုံတစ်ယောက် က ကြိုးစားနေမှန်း ကျွန်တော် သတိထားမိ သွားပြီဟု စတာနော့ သိရှိ လာလိမ့်မည်။

နှစ်ခုလုံးတွင် အကျိုးရော အပြစ်ပါ ရှိနေသည်။

ကျွန်တော် လူယောင် မပြခဲ့လျှင် စတာနော့မှာ ထင်ရာ ၍ ရတော့မည်ဟု ယူဆပြီး အမှား တစ်ခုခု ကျူးလွန်လာ သည်။ သို့သော်လည်း ကျွန်တော် လူယောင် မပြခဲ့လျှင် အနေဖြင့် အထိန်းအကွပ် ရှိတော့မည် မဟုတ်ပါ။ တခြား အားလုံးကို သတ်ပစ်ကောင်း သတ်ပစ် နိုင်သည်။

အုပ်ချုပ်ရေးရုံးသို့ ကျွန်တော် ပြန်သွားခဲ့လျှင် စတာနော့ နေဖြင့် သတိဝီရိယ ထားသွားမည် မှန်သော်လည်း တခြား များကို သတ်ပစ်ရန် ကြိုးစားလိမ့်မည် မဟုတ်ပါ။ ကျွန်တော် သေသေးသမျှ တခြား လူများကို သတ်ပစ်ဦးမည် မဟုတ်ပါ။

ကျွန်တော် ကုန်းကုန်းကွကွဖြင့် ကြိုးစကို လိုက်ရှာ ကြည့် သည်။ ထို့နောက် ကျွန်တော် ဖြုန်းခနဲ ရပ်တန့်လိုက်မိသည်။ တော် လုပ်နိုင်တာ တစ်ခု ရှိနေသေးသည်။ သည် အလုပ် အန္တရာယ် များသော်လည်း တခြားလူများအား အန္တရာယ်

www.burmeseclassic.com



မဖြစ်စေလောက်ပါ။ နောက်ပြီး စတာနေဇ့်၏ လူများကိုလည်း အနိုင် အရှုံးကို အဆုံးအဖြတ် ပေးမည့် လှုပ်ရှားမှု တစ်ခု မဖြစ်ခနေ လုပ်လာရအောင် ဖန်တီး ပေးလိမ့်မည်။

ကျွန်တော် လှုပ်ရှားမည့် ကိစ္စနှင့် ပတ်သက်၍ ဖြစ်နိုင်မည့် တုံ့ပြန်မှု အားလုံးကို စဉ်းစားကြည့်သည်။ ဒါက စစ်တုရင် ထိုးခြင်းနှင့် တူသည်။ တစ်ကွက်ကောင်း ရွှေ့နိုင်လျှင် တစ်ဖက်မှ တန်ပြန် တိုက်ခိုက်လာမည့် အကွက် များစွာကို ဖန်တီး ပေးလာ လိမ့်မည်။ တစ်ဖက် ရန်သူက ဘာများ လုပ် မလဲ ဟု သိနိုင်ရန် အသေချာဆုံး နည်းမှာ ကိုယ့်ဘက်က တစ်ကွက် ရွှေ့ပြီး တစ်ဖက်မှ တန်ပြန် တိုက်ကွက်ကို စောင့် ဆိုင်း နေခြင်းပဲ ဖြစ်သည်။

ကျွန်တော့် နောက်ဘက်မှ မီးတောက် မီးလျှံများ တစ် မကျန် ငြိမ်းသွားသောအခါ ကြိုးစအတိုင်း အုပ်ချုပ်ရေး ရုံးဆီသို့ ပြန်လာခဲ့သည်။ တံခါးဝသို့ ရောက်ရန် ၁၅ မိနစ် ကြာသည်။ တံခါးဝမှ တစ်ဆင့် ခန္ဒခင်း အလုပ် လုပ်သည့် အခန်းထဲသို့ ကျွန်တော် ဒယိမ်းဒယိုင်ဖြင့် ဝင်လာခဲ့သည်။

အခန်းထဲတွင် စတာနေဇ့် ရှိနေသည်။ ကျွန်တော့် ဆီသို့ စတာနေဇ့် ကပျာကယာ လျှောက်လာ သည်ကို မြင်ရသော ကြောင့် လူဂါကို ကျွန်တော် ဆွဲဘုတ်လိုက်သည်။ သို့သော် စတာနေဇ့်က ကျွန်တော့်ကို ဆွဲထူပေးရန် လာခြင်းပင်။

'ဝုန်းခနဲ ပေါက်သွားတာ တစ်ခု မြင်လိုက်ရတယ်၊ ဘာ ဖြစ်တာလဲ ဗျ'



စတာနေဇ့်က ကျွန်တော့်ကို မေးသည်။ စထဲရှေ့နှင့် အေဘယ်တို့က စကြံမှ နေ၍ အပြေးအလွှား ရောက်လာ ကြသည်။

'ဘာဖြစ်လို့လဲ ဗျ'

'ခင်ဗျား ဘာမှ မဖြစ်ဘူး နော်' ဟု သူတို့က အော်ဟစ်ပြီး မေးလာ ကြသည်။

စတာနေဇ့်မှာ အင်မတန် သရုပ်ဆောင် ကောင်းသူ တစ်ဦး ဖြစ်ချင် ဖြစ်မည်။ သို့မဟုတ်ကလည်း ရဟတ်ယာဉ်တွင် ထောင်ချောက် ဆင်ထား ခြင်းကို တကယ် မသိ၍ လည်း ဖြစ်မည်။

'ရဟတ်ယာဉ်ထဲက ဆီပိုက် ယိုနေလို့ ဗျ၊ ရ ဟတ် ယာဉ် အမပေါက်ခင် ကျုပ် လွတ်ရာကို မြန်မြန် ထွက်ပြေး နိုင်လို့'

'ခင်ဗျား သဘင်း ပို့ ဖြစ်သေး သလား'

'ဟင့်အင်း၊ ဒါပေမယ့် အခြေစိုက် စခန်းကို ကျုပ်ကိုယ်တိုင် သွားဖို့ ဆုံးဖြတ်လိုက်ပြီ'

ကျွန်တော်က စတာနေဇ့်၏ မျက်နှာကို စေ့စေ့ကြည့်ရင်း ပြန်ဖြေ လိုက်သည်။

'ခင်ဗျားက ဘယ်လို သွားမှာလဲ'

'ဒီမှာ စနိုကက်တွေရှိမှာ သေချာတယ်၊ စနိုကက် တစ်စီး ယူပြီး မက္ကမာဒိုကို ရောက်အောင် မောင်းသွား ရမှာပဲ'

'ဒီလို မိုးလေဝသမျိုးနှင့်တော့ လုံးဝ မဖြစ်နိုင်ဘူး' ဟု အေဘယ်က ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်နိုင်ပါတယ်၊ မက္ကမာဒို အခြေစိုက် စခန်းရှိတဲ့ နေရာကို ပြမယ့် နေရာရှာ ကီရိယာ တစ်ခုတော့ တပ်သွားရမှာပေါ့'ဟု စတာနေ့က ဝင်ပြောသည်။

'ကျုပ်ကလည်း အဲသလို စဉ်းစား ထားတာပဲ'

အနောက်ဘက်စကြံ မှနေ၍ တစ်စုံတစ်ယောက်က တင်ခုခု အော်ပြောနေသည်။ ခဏ အကြာတွင် အခန်းထဲသို့ လာနာ ဝုန်းဝုန်းဒိုင်းဒိုင်း ဝင်ရောက် လာသည်။

'နှစ်....အယ်လ်ဆီး....အယ်လ်ဆီး သေသွားပြီ ရှင့်'

စထရေ့ာက ချာခနဲ လှည့်ပြီး 'ဘာပြောတယ်'ဟု အော်ဟစ်လိုက်သည်။

'အယ်လ်ဆီး သေသွားပြီ ရှင့်၊ သိပ်ပြီး ကြောက် စ ရာ ကောင်းတာပဲ'

လာနာမှာ ထိန်းမနိုင် သိမ်းမရ အော်ဟစ် နေ ခြင်း ဖြစ်သည်။ စထရေ့ာက သူမ အနားသို့ အရင်ဆုံး ရောက်သွားပြီး မျက်နှာကို ခပ်ဆတ်ဆတ် ကလေး ရိုက်လိုက်မှ အော်သံ ရပ်သွားသည်။ ကျွန်တော်လည်း လာနာ အနားသို့ရောက် သွားသည်။

'ဘာဖြစ်လို့လဲ လာနာ'

'အယ်လ်ဆီး....ဒေါက်တာ ဒီဟွန်း သေသွားပြီ'

ဘယ်နေရာမှာ သေသွား တာလဲ'

'ဓာတ်ခွဲခန်း ထဲမှာ'

'ကိုယ့်ကို လိုက်ပြစမ်း'



'မသွားနှင့်'ဟု စထရေ့ာက အော်ပြောသည်။ ကျွန်တော် ကို လှမ်းကြည့်သည်။ 'ဒီ အကြောင်းကို ကျုပ်တို့ ဆွေးနွေး ပြီးပြီ၊ ဗိုလ်မှူးကြီး ကာတာ၊ အလောင်းတွေနှင့်ပတ်သက်ပြီး တော်တဆ တစ်ခုခု ဖြစ်လာနိုင်မှန်း ကျုပ်တို့ သိထားတယ်'

'ခင်ဗျားက ဘာတွေ ပြောနေတာလဲ'

'ကျုပ် မွေးထားတဲ့ မျိုးပွား ပစ္စည်းတွေ ပြန်ထလာတာ သေချာတယ်၊ ဒီမှာရှိတဲ့ လူတွေဟာ လေထဲမှာ လွင့်ပါလာတဲ့ ပစ္စည်းတွေကို ရှူရှိုက်မိလို့ သေဆုံးခဲ့ကြ တာပဲ၊ ဒါပေမယ့် အရေးအကြီးဆုံး အချက်က ဒီပစ္စည်းတွေဟာ ခန္ဓာကိုယ်တွေ ထဲကို စိမ့်ပြီး ဝင်သွားကြတယ်'

'ခင်ဗျားက ဘာကို ပြောချင်တာလဲ ဗျ'

'အလောင်းတွေ အားလုံးက လူကို သေ လောက် တဲ့ အန္တရာယ် ပေးနိုင်ကြသေးတယ်၊ အလောင်း တွေမှာ အဲဒီ ပစ္စည်းတွေ တွယ်နေ တုန်းပဲ'

စတာနေ့မှာ တခြား လူများ နည်းတူ အံ့အား သင့်နေပုံ ရသည်။

'ကျုပ်နှင့် လိုက်ခဲ့ကြပါ' ဟု စထရေ့ာက ဆက်ပြောသည်။ ဒါပေမယ့် ဇီဝ ဝတ်စုံတွေ ဝတ်သွားမှ ဖြစ်မယ်'

ကျွန်တော်က လာနာကို လှည့်ကြည့်ပြီး

မင်းရော၊ အဲဒီ အခန်းထဲက တစ်ခုခုကို သွားကိုင်မိသေး သလား'

'ဟင့်အင်း၊ ကျွန်မက အယ်လ်ဆီးကို စကား ပြော ဖို့ ဝင်သွားတာ၊ ဒါပေမယ့် အယ်လ်ဆီး ဟာ စားပွဲ ရှေ့က

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းမှာ လဲကျနေတယ်၊ သူ....သူက တခြား လူတွေ လို
သေနေတယ်'

ကျွန်တော် စထရော့ကို ခေါင်းဆတ်ပြပြီး ကျွန်တော်တို့
လာစဉ်က ဇီဝ ဝတ်စုံများ ချွတ်ထားခဲ့သော နေရာသို့ ထွက်
လာကြသည်။ သုံး လေး မိနစ်အတွင်း ဝတ်စုံများ ဝတ်ဆင်ပြီး
သွားကြသည်။ သံခမောက်များကို အလုံ ပိတ်ပြီး လေ
များနှင့် ဆက်သွယ် လိုက်သည်။

စထရော့က တခြားလူများကို နေ့ခင်း အလုပ် လုပ်သည်
အခန်းထဲတွင် နေရစ်ခဲ့ရန် အရိပ် အခြည် ပြ လိုက် သည်
အနောက်ဘက် စင်္ကြံမှ တစ်ဆင့် ရောဂါ ရှာဖွေရေး ဓာတ်
ခန်းသို့ ကျွန်တော်တို့ နှစ်ယောက် ထွက်လာကြသည်။

အခန်းအလယ်မှ စားပွဲတစ်လုံး ပေါ်တွင် ယောကျာ်း
လူသေ အလောင်း တစ်လောင်း ရှိသည်။ စားပွဲ ဘေး
ကြမ်းပြင်ပေါ်တွင် အယ်လ်ဆီး ဒီဟွန်းမှာ ပက် လက် လ
လဲကျ နေသည်။ မျက်လုံးများ ပြူးထွက် နေကာ လျှာ
အပြင်သို့ ထွက်နေသည်။ မေးစေ့မှ နေ၍ သွေးများ စီးက
နေသည်။ သူမ မသေခင် ဝေဒနာ အကြီးအကျယ် ခံစားခဲ့ရ
ပေါ်သည်။

ဒေါက်တာ စထရော့က အယ်လ်ဆီး၏ အလောင်းနား
ကပျာကယာ လျှောက်သွားပြီး ခပ်သွက်သွက် စစ်ဆေးလိုက်
သည်။ သူ မတ်တတ်ထလိုက်သော အခါ သံခမောက်ဆောင်
ထားသည့် မျက်နှာပေါ်မှ စိုးရိမ် ပူပန်သည့် အမူအရာ
ကျွန်တော် မြင်ရသည်။



'ခါးရိုး ကျိုးနေပြီး ကြွက်သားတွေ စုတ်ပြတ် ထွက်နေ
တယ် ဗျ'

စထရော့၏ အသံက ကျွန်တော်၏ ဝတ်စုံမှ ရေဒီယိုထဲတွင်
ပေါ်လာသည်။

'တခြား လူတွေကို သတ်လိုက်တဲ့ ပစ္စည်းမျိုးက သတ်ပစ်
လိုက်တာပဲ လား'

စထရော့က အယ်လ်ဆီးကို ငုံ့ ကြည့် သည်။ ပြီးလျှင်
စားပွဲပေါ်မှ အလောင်းကို လှမ်းကြည့်သည်။

'ဟုတ်တယ်၊ အတူတူပဲ၊ ဒီပစ္စည်းတွေဟာ အခုထက်ထိ
အာနိသင် ပြယ်မသွား သေးဘူး'

www.burmeseclassic.com

www.burmeseclassic.com

# ၈

ယာဉ်ပြုပြင် ထိန်းသိမ်းသည့် ကားရုံသို့ မြေပုံများနှင့် အတူ စတားနေ့ ပြန်ရောက် လာချိန်တွင် မှောင်စ ပျိုး နေ ပြီ ဖြစ်သည်။ ကျွန်တော်တို့သည် မက္ကမာဒို ပင်လယ်အော်သို့အရောက် ခိုင် ၁၅၀ ခရီးကို သွားရောက်နိုင်ရန် အတွက် အဆင်သင့် ဖြစ်အောင် စနိုကက် တစ်စီးကို ညနေခင်း တစ်ခုလုံး ပြင်ဆင်မှု ပြုလုပ်ခဲ့ကြသည်။ ရေဒီယို ခန်းထဲတွင် ရှာတွေ့သော ပစ္စည်း ကိရိယာ များဖြင့် နေရာ ရှာသည့် ကိရိယာ အကြမ်းထည် တစ်ခုကိုလည်း စနိုကက်တွင် တပ်ဆင်လိုက်သည်။

'ခင်ဗျား သွားရမယ့် လမ်းဟာ အဖြောင့် သက်သက် မဟုတ်ဘူး နော်၊ ဒါပေမယ့် အခြေစိုက် စခန်းနှင့် နီးသွားလေ ကိရိယာက ပိုပြီး မှန်ကန် တိကျလေပဲ ဆိုတာ တွေ့ရ သိမ့်မယ်'

စတားနေ့က ကျွန်တော့်ကို သတိပေးသည်။ စနိုကက်ကို ဆီအပြည့် ဖြည့်သည်။ အရေးပေါ် ရိက္ခာများ တင်သည်။ အာတိတ် လေဒဏ် မိုးဒဏ် ခံသည့် တဲ တစ် လုံး နှင့် မီး ဖို တစ်လုံးလည်း ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်က ခလက ဒေါ်သတကြီး တိုက်ခတ်နေသည်။ စတာနေ့က ကျွန်တော့်ဆီသို့ လျှောက်လာစဉ် စနိုကက်တံခါးပေါက်များကို ကြည့်ပြီး ခေါင်းခါသည်။

'အပြင်ထွက်ဖို့တော့ အခြေအနေ သိပ်မကောင်းဘူး ဗျ' ဟု ကျွန်တော် ပြောလိုက်သည်။

'ဒီအချိန်မှာ ခင်ဗျားဟာ ဘာဖြစ်လို့ မက္ကမာဒို အခြေစိုက်စခန်းကို ပြန်ချင်ဘဲ့စိတ်တွေ ပေါက်နေရသလဲ ဆိုတာ ကျုပ်တော့ နားကို မလည်ဘူး၊ မုန်တိုင်းစဲသွားတဲ့အထိ ဘာဖြစ်လို့ စောင့်မနေတာလဲ'

'အဲဒီ ကိစ္စကို ဆွေးနွေးပြီးပြီပဲ ဗျာ၊ ဒီမှာ အားလုံး အဆင်ပြေနေတယ် ဆိုတာ သူတို့ သိအောင်လို့ စခန်းကို ကျုပ် ပြန်သွားချင်တာ ဖြစ်တယ်၊ ဒီမှာ ပထမဆုံး ဖြစ်ခဲ့တဲ့ကိစ္စ နောက်ပိုင်းမှာ ခင်ဗျားတို့ အစိုးရ အပါအဝင် လူတိုင်းက သိပ်ပြီး ချောက်ချား နေကြမှာပဲ၊ မုန်တိုင်း စဲသွားတာနှင့် ကျုပ် ရဟတ်ယာဉ် တစ်စင်းနှင့် ရေဒီယို အသစ် တစ်လုံး ယူပြီး ပြန်လာခဲ့မယ်'

စတာနေ့က ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေသည်။ ကျွန်တော့် ပြောစကားထဲတွင် အမှန် ဘယ်လောက်ပါသလဲ၊ ကျွန်တော် ဘယ်လောက် သိထား၍ ဘယ်လောက် ထွက်ကိန်း ထုတ်ထားသလဲဟု စဉ်းစားနေခြင်း ဖြစ်သည်။

'ဒါဆိုရင်တော့ ခင်ဗျား သိပ်ပြီး သတိ ဝီရိယ ထားသွားရလိမ့်မယ် ဗိုလ်မှူးကြီး ကာတာ'



စတာနေ့က ပြောပြီး စနိုကက် ယာဉ်၏ နောက်ဘက် ကုန်တင်ခန်း ပေါ်တွင် မြေပုံကို ဖြန့်လိုက်သည်။ ပြီးလျှင် မက္ကမာဒို ရေလက်ကြားနှင့် ကျွန်တော်တို့ကြားတွင် ရေခဲပြင် ပပ်ကြားအက်ကြီးများ ရှိနေသည့် နယ်မြေ လေးခုကို လက်ညှိုးထိုး ပြသည်။

'ခင်ဗျားရဲ့ စက်ပေါ်မှာ ပင်ကြားအက်ရှိတဲ့ နေရာကို ထောက်လှမ်းပေးမယ့် ကိရိယာတစ်လက် ပါတယ်၊ ပဲ့တင်သံရှာတဲ့ စက်လိုပဲ အလုပ်လုပ်တယ်၊ ဒါပေမယ့် အခြေခံအားဖြင့်တော့ ကျုပ်တို့ အသုံးပြုတဲ့ ကိရိယာနှင့် အတူတူပဲ၊ ရာခိုင်နှုန်းပြည့် လုံးဝ စိတ်ချရတဲ့ ပစ္စည်းမဟုတ်ဘူး၊ အဲဒီနေရာတွေကျရင် ခင်ဗျား ဖြည်းဖြည်းချင်းပဲ မောင်းသွားရမယ်၊ ထောက်လှမ်းရေး ကိရိယာ အလုပ် လုပ်နိုင်အောင် အချိန် ပေးဖို့အတွက်ပါ'

မြေပုံကို အတန်ကြာအောင် ကျွန်တော် လေ့လာသည်။ ရေခဲပြင် ပပ်ကြားအက်များကို သည် စခန်းမှ ဆယ်မိုင်ခန့် အကွာတွင် စတင်ပြီး တွေ့ရသည်။ စတာနေ့၏ တပ်ဖွဲ့မှာ သည်စခန်းနှင့် ရေခဲပြင် ပပ်ကြားအက်တွင် စခန်းချကောင်း ချနေနိုင်သည်။ ပထမဆုံး ရေခဲ ပပ်ကြားအက်များ ရှိသည့် နေရာကို ကျော်ဖြတ်နိုင်လျှင် ကျန်သည့် ခရီးကို အန္တရာယ်ကင်းစွာ သွားနိုင်လောက်သည်။ နောက်ဆုံးတွင် ကျွန်တော်သည် မြေပုံကို ခေါက်ပြီး စနိုကက် ယာဉ်အတွင်းမှာ သိမ်းထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ကူညီတဲ့အတွက် ကျေးဇူးတင် ပါတယ်'

စတာနေ့က ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး

'ခင်ဗျား ကံကောင်းပါစေလို့ ဆုတောင်းလိုက်ပါတယ် ဗိုလ်မှူးကြီး'

'အခြေစိုက် စခန်းကို ကျုပ် ရောက်သွားမှာပါ၊ အဲဒါကိုတော့ ကျုပ် ဘယ်လိုမှ သံသယ မရှိဘူး၊ ဒါပေမယ့် ကျုပ်သွားနေတုန်း ကျန်ခဲ့တဲ့ လူတိုင်းကို ခင်ဗျား အနီးကပ်စောင့်ကြည့်ပေးပါ၊ နောက်ထပ် မတော်တဆ ထိခိုက်မှုတွေ မဖြစ်စေချင်ဘူး ဗျာ'

'ကျုပ် နားလည်ပါတယ်' စတာနေ့က ပြန်ဖြေပြီး သူ၏ အနွေးထည်ထဲမှ နေ၍ ဘရန်ဒီ တစ်ပုလင်း ဆွဲထုတ်သည်။ 'ဒီလို မိုးလေဝသထဲမှာ ခင်ဗျားဟာ ဆယ်နာရီ လောက် ခရီးသွားရမှာ ဖြစ်တယ်၊ ခင်ဗျား တစ်နေရာရာမှာ ခဏ နားရင် အရက်များ သောက်ချင့်မလား ဆိုပြီး ကျုပ် ယူလာခဲ့တာပဲ'

သူ့လက်ထဲမှ အရက်ပုလင်းကို ကျွန်တော် လှမ်းယူလိုက်သည်၊ ပုလင်းမှ ချိပ်ပိတ် အဖုံးက အပျက်အစီး မရှိပါ။ သို့ဖြစ်၍ သူသည် အရက်ထဲတွင် မဟုတ်တရုတ် တစ်ခုခု ထည့်ထားမည် မဟုတ်ဟု ယူဆလိုက်သည်။ သေမိန့်ချမှတ်ပြီး ခံထားရသူအတွက် နောက်ဆုံး သောက်ချင် သောက်ပါစေ ဆိုသော သဘောဖြင့် လက်ဆောင် ပေးလိုက်သည်လား မသိပါ။



'ကျေးဇူးပဲ ဗျာ' ဟု ကျွန်တော်ပြောပြီး အရက်ပုလင်းကို ရှေ့ထိုင်ခုံ နောက်ကျောတွင် သိမ်းထားလိုက်သည်။ ပြီးလျှင် စက်ခန်းတွင်းသို့ ဝင်လိုက်သည်။

'နှုတ်ဆက်လိုက် ပါတယ် ဗိုလ်မှူးကြီး'

'နောက်မှ တွေ့ကြတာပေါ့'ဟု ကျွန်တော် ပြန်ဖြေပြီး တံခါးကို ဆောင့်ပိတ် လိုက်သည်။ ကျွန်တော် စက်နှိုးနေစဉ် စတာနေ့က ခေါင်းစွပ်ကို ပြန်စွပ်ပြီး တံခါးဆီသို့သွား၍ တံခါးကို ဖွင့်ပေးသည်။

စနိုးကက်ကို ဂီယာ ထိုးလိုက်ရာ ယာဉ်ကလေးက ရှေ့ကို ထိုးတက်သွားသည်။ အပြင်သို့ ကျွန်တော် ရောက်လာသည်။ စနိုးကက်မှ ရှေ့မီးလုံးကြီးများက ဆီးနှင်းနှင့် အမှောင်ထုကို ဆယ်ပေ ၁၅ပေထက် ပိုပြီး မထိုးဖောက် နိုင်ပါ။

ပင်မ အဆောက်အအုံကြီးကို ပတ်ပြီး ကွေ့လိုက်သည်။ လျှပ်စစ် စက်ရုံနှင့် ရေဒီယို အသံဖမ်းတိုင်ကို ဖြတ်ကျော်ကာ စခန်းနှင့် ဝေးရာသို့ ဦးတည် မောင်းနှင် လာသည်။ မိုင်ဝက်ခန့် ရောက်သော အခါ ဘာကိုမျှ မမြင်နိုင်အောင် ဖြစ်နေသည့် မှုန်တိုင်းထဲတွင် စနိုးကက်ကို ရပ်တန့်ကာ နေရာရှာ ကိရိယာကို မက္ကမာဒို့မှ မိုးလေဝသ ဆက်သွယ်ရေး ရေဒီယို စခန်းနှင့် တန်းနေအောင် ချိန်လိုက်သည်။ သည်မျှ ခရီးကွာ လှမ်းသည့် နေရာတွင် သင်္ကေတများက ပီပီပြင်ပြင် မရှိပါ။ မကြာခဏ ဆိုသလို ပြတ်တောက် သွားသေးသည်။ သို့သော်လည်း နေရာရှာ ကိရိယာဖြင့် ညွှန်ထောင့်ကို အကြမ်းဖျင်း ခန့်မှန်း၍တော့ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မြေပုံကို ပေါင်ပေါ်တွင် ဖြန့်ပြီး အမေ ရိကန် အခြေစိုက် စခန်း၏ တည်နေရာ ညွှန်ထောင့်ကို ဆွဲခ လိုက်သည်။ ကမ်းရိုးတန်း အထက် မိုင် ၅၀ ခန့် အကွာရှိ ဆိုဗီယက် စခန်း၏ ညွှန်ထောင့် ကိုလည်း မျဉ်းတစ်ကြောင်း ဆွဲယူလိုက်သည်။ သည်မျှ အကွာအဝေး အတွင်း ညွှန်ထောင့် နှစ်ခု ခြားနားသည့် ဒီဂရီမှာ တစ် ဒီဂရီလောက်သာ ရှိသည်။ သို့ဖြစ်၍ ညွှန်ထောင့် ရှာသည့် ကိရိယာမှ ပြနေသော လမ်း ကြောင်း၏ ညာဘက်သို့ မသိမသာ တိမ်းစောင်းသွားသည်နှင့် တစ်ပြိုင်နက် ဆိုဗီယက် စခန်းသို့ ရောက်သွားနိုင်သည်။

ကျွန်တော်သည် မြေပုံကို နံဘေးသို့ ချပြီး ခေါင်းထက်မှ မီးကို ပိတ်လိုက်သည်။ ရေခဲပြင် ပပ်ကြားအက်ကို ရှာဖွေနေ သည့် ကိရိယာကလည်း ကျွန်တော့် ရှေ့တွင် ရှိနိုင်သည့် ပပ်ကြားအက်ကြီးများကို လိုက်ရှာပေးနေသည်၊ ရှေ့မီးလုံး ကြီးများ ကလည်း အဖော်ရသည် ဆိုရုံမျှသာ။ တဝိုးဝိုး တိုက် နေသည့် လေသံမှ လွဲလျှင် စနိုကက်၏ စက်သံကိုသာကြားရ သည်။

စနိုကက်ကို မောင်းနှင် လာစဉ် ကံ ဆိုးသူ အယ်လ်ဆီး ဒီဟွန်း၏ အကြောင်းကို စဉ်းစား နေမိသည်။ သူမသည် သည် စစ်ပွဲထဲတွင် အပြစ်မရှိဘဲ သေဆုံး သွားသူများ ထဲ၌ အယောက် ၃၀ မြောက် ဖြစ်သည်။ ပေါ်တီဘတ် သည် အဖြစ်အပျက်ကို အနည်းအကျဉ်း ရိပ်စားမိပြီး သူ့ကိုယ်သူ ကာ ကွယ်နိုင်သည့် အရည်အချင်းတော့ ရှိသေးသည်။ သူသည်



အမှား တစ်ခုကို ကျူးလွန်မိခဲ့ပြီး ထို အမှား ကြောင့်ပင် အသက်ခံလိုက်ရခြင်း ဖြစ်သည်။

မညီညာသည့် ရေခဲပြင်နှင့် ဆီးနှင်းထု ကြားမှ နေ၍ တစ်နာရီလျှင် ၁၅ မိုင်၊ မိုင် ၂၀ နှုန်းဖြင့်စနိုကက်ကိုကျွန်တော် မောင်းနှင် လာသည်။ နာရီဝက်ခန့် အကြာတွင် ကျွန်တော် ခဏ ရပ်တန့်သည်။

မြေပုံပေါ်တွင် စတာနေ့ မှတ်သား ပေး လိုက် သည့် ရေခဲပြင် ပပ်ကြားအက်ကြီးများနှင့် ကျွန်တော် နီးကပ်လာပြီ ဖြစ်သည်။ သို့ဖြစ်၍ နောက်ထပ် သုံး လေး မိုင်ကို သတိ ကြီးစွာ ထားပြီး သွားဖို့ လိုသည်။

မဏ္ဍမာဒိ မိုးလေဝသစခန်းမှ အသံကို ပီပီပြင်ပြင် မကြားရ သေးပါ။ သို့သော်လည်း ဒုတိယ အကြိမ် ကျွန်တော် ယူထား သည့် ညွှန်ထောင့် အရ လမ်းကြောင်း အမှန်နှင့် အနီးစပ်ဆုံး ရှိနေကြောင်း သိရသည်။

မြေပုံကို တစ်ခဏမျှ ကျွန်တော် လေ့လာသည်။ ရေခဲပြင် ပပ်ကြားအက်ကြီးက ကျွန်တော် သွားနေသည့် လမ်းကြောင်း ကို ကန့်လန့်ဖြတ် ခံနေပုံ ရသည်။ သို့ဖြစ်၍ ရေခဲပြင် ပေါ်မှ ကျွန်တော် စိတ်ချ လက်ချ သွားလိုလျှင် အ ရှေ့ ဘက် သို့ ကွေ့၍ နှစ်မိုင်ခန့် သွားပြီးမှ အနောက်မြောက်ဘက်သို့ ပြန်ကွေ့ ရမည်။

စနိုကက်၏စက်သံက ခပ်လေးလေး မြည်နေသည်။ မြေပုံကို နံဘေးသို့ အသာ ချလိုက်စဉ် စနိုကက်၏ ကလပ်ချ်ကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ဖြင့် ကျွန်တော် ဖိနင်း ထားသည်။ ကျွန်တော် ရှေ့ ဆက်ထွက်ရန် ဟန်ပြင်လိုက်စဉ် ရှေ့ လေကာ မှန်တွင် လှုရိပ်တစ်ခု ပေါ်လာသဖြင့် ကျွန်တော် မော့ကြည့်မိသည်။

အဖြူရောင် အင်္ကျီထည်များကို ဝတ်စား ထား သော လူတစ်ဦးက ကလက်ရှနီကော့ ရိုင်ဖယ်သေနတ်ဖြင့် ကျွန်တော့်ကို ချိန်ထား နေပါကလား။

ကျွန်တော်သည် စတီယာရင်ကို ကိုင်ထားသည့် လက်များအား လွှတ်လိုက်ပြီး ခေါင်းပေါ်သို့ တဖြည်းဖြည်း မြှောက်လိုက်သည်။ လေကာမှန် ရှေ့မှ လူက ခေါင်းဆတ် ပြပြီး စက္ကန့်ပိုင်းမျှ အကြာတွင် ကျွန်တော့်နံဘေးမှ တံခါး ပွင့်စပြုလာသည်။ ထိုအခိုက်မှာပင် ကျွန်တော်သည် တစ်ကိုယ်လုံးကို ဘယ်ဘက်သို့ နှိမ့်ချလိုက်ပြီး လီဗာကို နင်းကာ ကလပ်ချ်ကို လွှတ်လိုက်သည်။

စနိုကက် ရှေ့သို့ ဝေါခနဲ သည်ထွက်သွားစဉ် ကျည်ဆန် တစ်တောင့်က ရှေ့ သေကာမှန်ကို လာရောက် ထိမှန်သည်။ စနိုကက်၏ ဘယ်ဘက်ခြမ်းမှ စကီပြား ဖောက်စွပ်ထားသည့် ဘီးများက ရိုင်ဖယ်နှင့် လူကို ဖြတ်ကြိတ် ပစ်လိုက် ကြောင်း သတိထား မိသည်။

လူကိုကို ကျွန်တော် ဆွဲထုတ် လိုက်သည်။ စနိုကက်၏ ဘယ်ဘက်ခြမ်းမှ ဘီးတပ် စကီပြားများ မလိမ့် နိုင်အောင် သော့ခတ်လိုက်သည်။ သို့ဖြစ်၍ စနိုကက်မှာ ဘယ် ဘက် သို့ မရပ် မနား လည်လိုက် နေလေ တော့သည်။ ထို့နောက်



ကျွန်တော်သည် ခရီးသည် ထိုင်ခုံဘက် ခြမ်းသို့ လေကာမှန် အောက်ဘက်နားမှ တွားတက်သွားပြီး တံခါး ကန့်လန့်ကို ဖြုတ်သည်။ တံခါးကို ငုန်းခနဲ ဖွင့်ပြီး အပြင်ဘက်သို့ ခုန်ဆင်းသည်။

စနိုကက်၏ ဘယ်ဘက်ခြမ်းမှ နေ၍ သေနတ် လေး ငါး ချက်ချက် ပစ်ခတ်သံ ပေါ်လာသည်။ ခဏ အကြာတွင် ကျွန်တော် ဒူးထောက်လျက်သား ဖြစ်သွားပြီး သေနတ်သံ ကြားရာ ဘက်သို့ လေးချက် တိတိ ဆက်တိုက် ပစ်ခတ်လိုက်သည်။

လေပြင်းတိုက်သံ ကြားမှ နေ၍ လူ တစ်ယောက် အော်သံ ကြားရသည်။ မျောလွင့်တ် လည်နေသည့် စနိုကက် ဘက်သို့ ကျွန်တော် ဝမ်းလျားမှောက် ဝပ်ချ လိုက်စဉ် ကျွန်တော် စောစောက ရှိခဲ့သည့် နေရာသို့ ကျည်ဆန်များ ဖွဲဖွဲ လာရောက် ထိမှန်နေသည်။

ကျွန်တော် လူးလဲ ထပြီး ဖြည်းဖြည်းချင်း ရွှေ့နေသည့် ဘက်နှင့် ဘေးချင်း ယှဉ်၍ လှည့်ပတ်သည်။ စနိုကက်၏ အသံနှင့် လေတိုက်သံမှလွဲ၍ ဘာမျှ မကြားရပါ။ နှစ်မိနစ်ခန့် ကြာမှ နောက်ထပ် အသံ တစ်သံ ကြားရသည်။

ကျွန်တော်၏ စနိုကက် ခေါင်မိုးကို ကျည်ဆန် တစ်ချက် ထိသွားသည်။ ကျွန်တော့် ကိုယ်ကို အနည်းငယ် ထပ်ညွှတ်၍ ဒုတိယ ကြားရသည့် အသံကို နားစွင့် ကြည့်သည်။ ၎င်း၏ ဇာစ်မြစ်ကို ကျွန်တော် နားလည် သွားသည်။ ၎င်းနေရာတွင် စက်ကို အသာအယာ နှိုးထားသော ယာဉ်တစ်စီး

www.burmeseclassic.com



စနိုကက် တစ်စီး၏ အသံကို ကြားရသည်။ ကျွန်တော်နှ
များစွာ ဝေးလိမ့်မည် မဟုတ်။ ဝေးမည် ဆိုလျှင် သည့်
လေတိုက်နေပုံမျိုးနှင့် စက်သံကို မကြားရ လောက်ပါ။

ကျွန်တော်၏ ညာဘက် လှမ်းလှမ်းသို့ နောက်ထပ် ပစ်ခ
လာကြ ပြန်သည်။ ကျွန်တော် နောက်လှည့်ပြီး နှစ်ချက်ပြန်ပ
လိုက်သည်၊ ပြီးလျှင် ကျွန်တော့် စနိုကက်၏ ခေါင်းပိုင်းရှေ့
ခပ်သွက်သွက် ပတ်လျှောက်သည်။ စနိုကက်၏ ရှေ့မှ လိုက်ပြ
တစ်ဖက်ခြမ်းသို့ ရောက်အောင် ကူးသွားသည်။ တစ်ဖက်ခြ
ရောက်မှ ဆီးနှင်းပြင်ထဲတွင် ဝပ်ချ လိုက်သည်။

ကျွန်တော်၏ စနိုကက် မြင်ကွင်းမှ ပျောက်သွားစ
ကျွန်တော်၏ ညာဘက်မှနေ၍ လှမ်းပါသည့် စနိုကက်ဆီ
သေနတ်ဖြင့် နှစ်ချက် ပစ်ခတ်သံ ပေါ်လာသည်။ ကျွန်တေ
နောက်မှ စနိုကက်၏ စက်သံ လေးပင်စွာ ပေါ်လာသည်
ကျွန်တော် နောက်လှည့်ပြီး စနိုကက်ဆီသို့ တွားတက် ခဲ့သည

ပေနှစ်ဆယ်ခန့် လာမိသောအခါ ရှေ့မီးပိတ်ပြီး မော
လာသည့် စနိုကက် အနားသို့ ရောက်လာသည်။ စနိုကက်
နောက်ကျောဘက် ပြဘင်းပေါက်ဆီသို့ ရောက် အော
တွားတက် ခဲ့သည်။ သတိကြီးစွာ ထားပြီး မတ်တတ်ရပ်ခ
ခေါင်းခန်းထဲသို့ ချောင်း ကြည့်သည်။ အနွေးထည်မျ
ဝတ်ဆင်ထားသည့် လူတစ်ယောက်က စတီယာရင် နော
တွင် ထိုင်နေသည်။ ကျွန်တော် စောင့်ကြည့်နေစဉ် ထို လူ
စကားပြောခွက်ကို ကောက်ကိုင်ပြီး တစ်စုံတစ်ခု ပြောလို
သည်။ သူ ဘာပြောလိုက်မှန်း ကျွန်တော် မှန်းဆ၍ မရပ



သို့သော်လည်း စနိုကက်ထဲရှိ ရေဒီယိုမှ ပေါ်လာသည့် အသံ
ကိုမူ ပီပီသသ ကြားရသည်။

'ဟို လူက သူ့ရဲ့ စနိုကက် နောက်မှာ ရောက်နေတယ်'

'အဲဒီ စနိုကက်ကို ဖျက်ဆီး ပစ်လိုက်' ဟု စတီယာရင်
နောက်မှ လူက ပြန်ပြောသည်။

ကျွန်တော်သည် နောက်ကျောမှ ပြင်တင်းပေါက် ထက်
မိအောင် ခါးကုန်းပြီး ခရီးသည် ထိုင်ခုံဘက်ခြမ်းမှ တံခါး
ပေါက်ရှိရာသို့ ရောက်အောင် လာခဲ့သည်။ ပြီးမှ တစ်ခါ
ပြားစွင့် ကြည့်သည်။

'မြန်မြန် ဖျက်ဆီး လိုက်'ဟု အတွင်းမှ လူက ပြောသည်။
ရေဒီယိုမှ နေ၍

'အဲဒီ စနိုကက် နောက်ကို ကျွန်တော်တို့ ရောက်နေ ကြပြီ'
ဟုသော အသံ ပေါ်လာသည်။

ကျွန်တော် တံခါးကို ဆောင့် ဖွင့်ပြီး အထဲမှ ရုရှား၏
ခေါင်းကို လူဂါဖြင့် ထိုးချိန် လိုက်သည်။ လူ၏ နဖူးနှင့်
သုံးလေးလက်မခန့်ပဲ ဝေးမည်။

'စကားပြောခွက်ကို ခလုတ် နှိပ်လိုက်တာနှင့် မင်းဟာ
သေလူ ဖြစ်သွားလိမ့်မယ် ရဲဘော်'

သူ့ကို ကျွန်တော် ရုရှားလို ပြောလိုက်သည်။ ထို သူက
ကျွန်တော့်ကို ချက်လုံး ပြူးကျယ်စွာဖြင့် လှမ်း ကြည့်သည်။
ကျွန်တော့် လက်ထဲမှ သေနတ်ကို မျက်လုံးထောင့်ကပ် ကြည့်
သည်၊ သူသည် စကားပြောရန် တွန်းရွှေ့ရသည့် ခလုတ်ကို
နှိပ်ချင်နေကြောင်း ကျွန်တော် သတိထား မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းရဲ့ ဦးနှောက်ကို ဖောက်ထွက်သွားအောင် ပစ်ထည့် လိုက်မှာ နော်၊ မယုံ မရှိနှင့်'

'သူ့ စနိုကက် ချာလပတ် လည်နေတယ် ဗျ' ဟု ရေဒီယို အသံ ပေါ်လာသည်။

'အဲဒီ စနိုကက် နောက်ကို တစ်ဖက်ခြမ်းကနေ ဝင်က လိုက်' ဟု နောက်ထပ် အသံ တစ်သံက အသံချဲ့စက်တွင် ပေါ် လာပြန်သည်။ ကျွန်တော်က

'မင်းရဲ့ စကား ပြောခွက်ကို ချလိုက်ပါ ရဲဘော်'

ယာဉ်မောင်းက ကျွန်တော် ပြောသည့်အတိုင်း လုပ်သည်။ စနိုကက် အတွင်းသို့ သတိထားပြီး ကျွန်တော် ဝင်သွားသည်။ တံခါးကို ဆောင့်ပိတ်သည်။ ရုရှား ယာဉ်မောင်းက

'ခင်ဗျားက ဘာလုပ်ချင် လို့လဲ'

'အပြင်မှာ မင်းတို့ လူ ဘယ်နှစ်ယောက် ရှိသလဲ'

'သုံးယောက်' ဟု အတန်ကြာ တုံ့ဆိုင်း နေပြီးမှ သူက အဖြေ ပေးသည်။

'မင်းတို့ စခန်းမှာရော ဘယ်နှစ်ယောက် ကျန်ခဲ့ သလဲ'

'တစ်ယောက်မှ မကျန်ခဲ့ဘူး'

'မင်းက ငါ့ကို ညာပြောနေ တာပဲ၊ မင်းတို့ အုပ်စုမှာ အနည်းဆုံး လူ ဆယ်ယောက် ရှိတယ်လို့ စတာနေ့ကို င သတ်မပစ်ခင် သူက ဖွင့်ပြောသွား ပြီးပြီ'

'ကျွန်တော် အခုပဲ သူနှင့်....'

ယာဉ်မောင်းက စကား စပြီးမှ သူ့ အမှားကို ရိပ်မိသွား သဖြင့် တစ်ဝက် တစ်ပျက်နှင့် ရပ်သွားသည်။ ကျွန်တော်



းမိပြီး လူဂါ သေနတ်ပြောင်းကို သူ့ နားထင်နား ကပ်ထား က်သည်။

'မင်း ငါ မေးတာကို စိတ်ပါ လက်ပါ ဖြေပါ၊ မဖြေရင် စ်ခါတည်း မင်းကို သတ်ပစ်လိုက်မယ်၊ မင်းတို့ စခန်းမှာ ဘယ်နှစ်ယောက် ရှိသလဲ'

'နောက်ထပ် ငါးယောက်တစ်ဖွဲ့ ရှိတယ်၊ တစ်ယောက်က က်ရာ အကြီးအကျယ် ရထားတယ်'

'မင်းတို့ စခန်းက ဘယ်နားမှာလဲ'

'ခင်ဗျား လာတုန်းက ဖြတ်လာခဲ့ ပြီးသားပဲ'

'ဒီမိထရီကို ရှာတွေ့ပြီ' ဟု ရေဒီယိုမှ အသံ ပေါ်လာ န်သည်။ ရုရှား ယာဉ်မောင်းက စကား ပြော ခွက် ကို ကောက်ကိုင်ရန် ဟန်ပြင်လိုက် သဖြင့် ကျွန်တော် ခေါင်းခါ ပြလိုက်သည်။

'ပီတာရေ....ပီတာ...ဒီမိထရီကို ကျွန်တော် ရှာတွေ့ပြီ ဗျ၊ ကောင် သေနေပြီ'

မုန်တိုင်းထဲသို့ သေနတ်ဖြင့် အချက်ပေါင်း များစွာ စ်ခတ်နေကြ ပြန်သည်။ ခဏအကြာတွင် ရေဒီယိုမှ အသံ ပေါ်လာသည်။ 'သူ့ စနိုကက်ကို ကျွန်တော် ရပ်ပစ်လိုက်ပြီ'

'အသုံးမကျတဲ့ တိရစ္ဆာန်၊ ဒီကောင့်ကို နှင်းတောထဲမှာ သွေးခဲ့ပြီး သေအောင် ပစ်ထားခဲ့ရင် ကောင်းမယ်' ဟု အခြား တစ်ယောက်၏ အသံက ရေဒီယိုမှ ပေါ် လာ ပြန် သည်။

www.burmeseclassic.com



'သွားကြစို့'ဟု ကျွန်တော် ပြောလိုက်သည်။

'ဘယ်ကို သွားမှာလဲ'

'မက္ကမာဒို ရေလက်ကြားကို သွားကြမယ်'

'အို သူတို့ကို ဒီအတိုင်း ပစ်ထားခဲ့လို့ ဘယ် ဖြစ်ပါ့မလဲ ဗျ သေကုန်မှာပေါ့'

'မသေပါဘူး ကွာ၊ ငါ့ စနိုကက်ပေါ်မှာ အရေးပေါ် ရိက္ခာတွေ ပါလာတယ်၊ တဲတစ်လုံးနှင့် မီးဖိုတစ်လုံးလည်း ပါသေးတယ်၊ မုန်တိုင်းစဲသွားတဲ့ အထိတော့ ခံကြမှာပါ ကိုင်း သွားကြစို့ ရဲဘော်'

ရုရှား ယာဉ်မောင်းက တွန့်ဆုတ်ဆုတ် ဖြစ်နေသည် သေနတ်‑ကျည်တိုးသည့် ခလုတ်ကို ကျွန်တော် ဖြောင်းခနဲ ရွေ့လိုက်သံက စနိုကက် အတွင်းမှာ အကျယ်ကြီး ပေါ်လာ သည်။

'မင်း မောင်းရင် မောင်း၊ မမောင်းရင် သေသွားမယ်'

ရုရှားက စနိုကက်ကိုဂီယာ ထိုးလိုက်ရာ ရှေ့သို့ တရွေ့ရွေ့ တိုးလာ ခဲ့သည်။

'ပီတာလား ဟေ့'ဟူသော အသံက ရေဒီယိုတွင် ပေါ် လာပြန်သည်။

'မြန်မြန်မောင်း'ဟု ကျွန်တော် ဟောက်လိုက်သည်။

'ဗာစီလီ ရေ၊ အဲဒါ ပီတာပဲ ဗျ၊ ဒီကောင် လစ်ပြေးတော့ မလို့'

'ပီတာလား ဟေ့'ဟု တစ်ဖက် လူက အော်ပြော နေ သည်။



ကျွန်တော် ရေဒီယို ခလုတ်ကို လှမ်းပိတ် လိုက်သည်။ ...မှ နောက်မှီထိုင်ကာ လက်တစ်ဖက်ဖြင့် စီးကရက် တစ်လိပ် ...ထုတ်သည်။

'မက္ကမာဒို ရေလက်ကြားကို သွားမှာ နော်၊ ဒါပေမယ့် ...ခဲပြင်ပေါ်က ပပ်ကြားအက်ကြီး တွေကို သတိ ထားပါ၊ ...တော်တဆ ထိခိုက်မိရင် တို့ နှစ် ယောက် လုံး အတွက် ...ကောင်းဘူး'

'ကျွန်တော့်ရဲ့ နေရာရှာ ကိရိယာကို ကျွန်တော်တို့ စခန်း ...ပဲ ချိန်းကိုက်ထားတာ ဗျ၊ ဒီ ကိရိယာကို ခင်ဗျား စခန်းဆီ ...ရောက်အောင် ပြောင်းချိန်လို့ မရဘူး'

'အဲဒါ ကောင်းတာပေါ့ ကွာ၊ ငါက မင်းတို့ စခန်းကို သွားမလို့'

ရုရှားက ကျွန်တော့်ကို ခပ်ဆတ်ဆတ် လှမ်းကြည့်သည်။ သူ့ကို ကျွန်တော် ပြုံးပြရင်း

'မင်းတို့ စခန်းမှာရှိတဲ့ လူတွေကို ငါ မေးချင် စမ်းချင်တာ လေးတွေ နည်းနည်း ရှိနေလို့ ပါ ကွ'

ကျွန်တော်သည် စကားပြောခွက်ကို ကြိုးနှင့် တစ်ပါတည်း ...ဖြုတ်လိုက်ပြီး ပြတင်းပေါက်ကို ဖွင့်ကာ အပြင်သို့ လွှင့်ပစ် ...ကိုက်သည်။ ယခုဆိုလျှင် ဘာပဲ ဖြစ်ဖြစ် စတာနေ့ာနှင့်ရော၊ ...က္ကမာဒို အခြေစိုက် စခန်းနှင့်ပါ အဆက်အသွယ် လုပ်၍ ...ရတော့ပါ။ သည်နေရာတွင် ကျွန်တော်တို့ နှစ်ဦးပဲ ရှိသည်။ ...င် တစ်ရာ့ အစိတ် ကျော်ကျော် ဝေးသည့် ကမ်း ခြေ သို့ ...ရောက်သည် အထိ သူနှင့်ကျွန်တော် နှစ်ဦးပဲ ရှိတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏမျှ အကြာတွင် ရေခဲပြင် ပပ်ကြားအက်ကြီးမျာ ကို ရှာဖွေသည့် ကိရိယာမှ တီ တီ တီ ဟူသော အာ မြည်လာသည်။ ရုရှား ယာဉ်မောင်းက စနိုကက်ကို ဘယ ဘက်သို့ ကိုက် ၁၀၀ ခန့် ကွေ့မောင်းသွားပြီးမှ ညာဘက် ဆတ်ခနဲ ချိုးကွေ့သည်။ တစ်မိနစ် နှစ်မိနစ်ခန့် အကြာတွ လမ်းမှန်ပေါ်သို့ ပြန်ရောက် လာသည်။

ရေခဲပြင် ပပ်ကြားအက်ကြီးများ ရှိနေသည့် နယ်မြေ ဖြတ်သန်းလာမိသည် အထိ အလားတူ ဖြစ်ရပ်မျိုး အနည်းဆုံ ခြောက်ကြိမ်ခန့် လုပ်ကိုင် ခဲ့ရသည်။

'မင်းတို့ လူတွေက တို့ရဲ့ စခန်းနားမှာ စခန်းချပြီး ဘာ လာလုပ်နေကြ တာလဲ'

ရုရှား ယာဉ်မောင်းက ကျွန်တော့် လှမ်းကြည့်သော်လည် ဘာမျှ မပြောပါ။ သူသည် လူရွယ်လေး တစ်ဦးသာ ဖြ သည်။ သူ့ အတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိသည် သူသည် သူ့ကို ပေးထားသည့် အမိန့်နှင့် ကျွန်တော် ချိန်ထာ သည့် သေနတ် နှစ်ခုကြားတွင် မလှုံးသာ မလှန်သာ ဖြစ်နေ သည်။ သို့သော်လည်း သည်နေရာတွင် ဆိုဗီယက်များ လာလု နေသည့် ကိစ္စကြောင့် လူကောင်းတွေ အများကြီး သေခဲ့ရပြ သေဆုံးသူ အရေအတွက်ကို ဆက်ပြီး မတိုးစေချင်ပါ။

'ငါဟာ အင်မတန် စိတ်တိုတတ်တဲ့ လူမှန်း မင်း အသိ ပီတာ၊ မင်း ငါ့ မေးခွန်းကို ဖြေချင် ဖြေ၊ မဖြေရင် မင်းတ ငါ သတ်ပစ်ရလိမ့်မယ်၊ ဒီ စနိုကက်နှင့် ဆိုရင် မက္ကမာဒို စခန်



ကို ရောက်အောင် ငါ တစ်ယောက်တည်း မောင်းသွားလို့ ရတယ်'

'ခင်ဗျားက ဘာလိုချင် လို့လဲ'

'မင်းတို့ လူတွေ ဒီမှာ ဘာလာလုပ်နေကြတာလဲ'

'ခင်ဗျားတို့ အားလုံး စခန်းက ခွာမရအောင် ပြင်ပနှင့် ဆက်သွယ်လို့ မရအောင် လုပ်ပေးဖို့ပါ'

'ဘာဖြစ်လို့ မင်းတို့က အဲသလို လုပ်ရတာလဲ'

'ဒါတော့ ကျွန်တော် မသိဘူး'

'မင်း ပြောပုံက မဟုတ်သေးဘူး ကွ'

'ကျွန်တော် ကျိန်တွယ် ပြောရဲပါတယ် ဗျာ၊ တကယ် မသိတာပါ'

'မင်းတို့က ဒီမှာ ဘယ်လောက် ကြာကြာ နေရမယ်လို့ တွက်ထားသလဲ'

'ကျွန်တော်တို့ရဲ့ လုပ်ငန်း ပြီးဆုံးပြီလို့ အမိန့်မရမချင်းပဲ ဗျ'

'အဲဒီ အမိန့်ကို ဘယ်သူက ပေးမှာလဲ ကွာ'

'ရဲဘော် စတာ့နော့ ပါ၊ သူက ရေဒီယိုနှင့် လှမ်းပြီး အမိန့် ပေးမှာပါ'

စတာ့နော့ က ရေဒီယိုဖြင့် အမိန့်ပေးသည် ဆိုပါကလား။ ဆိုင်ခုံကို နောက်မှီပြီး ထိုင်ရင်း ကျွန်တော် စဉ်းစားသည်။ တီဘာဘဲ ရေဒီယို စက်ခန်းထဲမှ ထွက်ပြီး အသံဖမ်းတိုင် ဆီသို့ ထွက်သွားပုံကို စတာ့နော့ စောင့်ကြည့်ခဲ့ခြင်းက အများကြီး ဖြစ်နိုင်စရာ ရှိသည်။ မျှော်စင်ပေါ်သို့ တီဘာဘဲ ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



မှန်း သေချာသည်နှင့် သံမဏိ ဆိုင်းကြိုးများကို ဖြတ်ပစ်ဖို့ စတာနေ့က သူ့လူများအား အမိန့် ပေးခဲ့ခြင်း ဖြစ်မည်။ လွယ်လွယ်ကလေး ပါကလား။

'ရေဒီယို မျှော်စင်က ဆိုင်းကြိုးတွေကို ဘယ်သူ ဖြတ်ပစ်ခဲ့တာလား၊ မင်း လား'

'မဟုတ် ပါဘူး၊ ကျွန်တော် .... ကျွန်တော် မသိဘူး၊ ကျွန်တော် တို့ဟာ အမိန့်ပေး ခံရတဲ့ သူတွေ ဖြစ်ပါတယ်၊ ကျွန်တော်တို့က စစ်သားတွေပါ'

'စခန်းမှာ ကျန်ရစ်ခဲ့တဲ့ တခြား လူတွေကိုရော စတာနေ့က သတ်ပစ်ခိုင်းဦး မှာလား'

'သူတို့ ထွက်ပြေးဖို့ မကြိုးစားရင် သတ်ပစ်မှာ မဟုတ် ပါဘူး'

'ငါ့လို ထွက်ပြေးမှ သတ်ပစ်မှာ ဆိုပါတော့'

ရုရှား လူရွယ်က ဘာမျှ မပြောပါ။ ကျွန်တော် ကလည်း သူ့ကို နောက်ထပ် ဇွတ် မမေးတော့ပါ။ သူသည် စစ်သား ဖြစ်သည်။ သူ့ တာဝန် သူ ထမ်းဆောင်ခြင်း ပေပဲ။

နံနက် ရှစ်နာရီခန့်တွင် လေအားက အနည်းငယ် ပျော့သွားသည်။ မက္ကမာဒို ရေလက်ကြားမှ ဆိုဗီယက် စခန်းသို့ ရောက်ရန် တစ်နာရီစာခန့် သွားရဦးမည်။ နေရာရှာ ကိရိယာမှ အချက်ပေးသံများက အလွန် ကျယ်လောင်ပြီး မှန်မှန် ပေါ်

ထွက် နေသည်။ ရေခဲပြင်မှ ပပ်ကြားအက်ကြီးများကို ကျွန် တော်တို့ လွန်လာခဲ့ပြီ။

ကျွန်တော် ဆက်လုပ်ရမည့် လုပ်ငန်းက အလွန် အန္တရာယ် များသည်။ ပြဿနာကို စတင် ဖော်ပေးလာသည့် နေရာသို့ လာဘဲနှင့် ဖြစ်နေသမျှ ကိစ္စ အဝဝကို သိရှိနိုင်မည့် တခြား နည်းလမ်း ကျွန်တော် ရှာမတွေ့ပါ။ ဆိုဗီယက် စခန်းသို့ ကျွန်တော်တို့ ရောက်သွားချိန်တွင် သုံးနာရီ ကျော်ကျော်ခန့် သာ ရှိဦးမည် ဖြစ်ရာ ညဆိုင်း အလုပ်သမားများ ဖျတ်လတ်မှု အနည်းပါးဆုံး အချိန်ပင် ဖြစ်သည်။ ကျွန်တော် သိသလောက် ဆိုလျှင် ဆိုဗီယက် စခန်းမှ လူများမှာ ကျွန်တော်တို့ အလာကို မျှော်နေကြမည် မဟုတ်ပါ။ ဆိုဗီယက်တို့၏ စခန်းမှာ စစ်အခြေ ကျ စခန်း မဟုတ်ခြင်းကြောင့် အစောင့်အကြပ်လည်း နည်း ပါး မည်ဟု ခန့်မှန်းရသည်။

'တံခါးမကြီးနားမှာ အစောင့် ချထား သလား'

ကျွန်တော့် အသံကို ကြားလိုက်ရသော ရုရှား လူရွယ်မှာ တွန့်ဖျပ်သွားပြီး ကျွန်တော့်ကို မော့ကြည့်သည်။

'ဘာ ပြောလိုက်တာလဲ ဗျာ'

'မင်းတို့ စခန်းမှာ အစောင့်အကြပ်တွေ ချထားသလား'

'ချမထား ပါဘူး'

'ကင်းစောင့် ချထားတဲ့ နေရာတို့ တာဝါမြှစ် နယ်မြေတို့ မရှိဘူးလား'

'ခေတ်ခွဲခန်းတွေ နားမှာတော့ ရှိပါတယ်'

'ဆက်သွယ်ရေး ရုံးခန်းမှာ ရော'

www.burmeseclassic.com

www.burmeseclassic.com



'ဆက်သွယ်ရေး ရုံးခန်း မှာလည်း အစောင့် မရှိဘူး တံခါးနဘွကို သော့ပဲ ခတ်ထား ပါတယ်'

'မင်းကို ငါ တစ်ခု ပြောမယ် ပီတာ၊ နောက်ပြီး ငါ ပြောတာကိုလည်း ယုံယုံကြည်ကြည်နှင့် နားထောင်၊ ဘာ ဖြစ်လို့လဲ ဆိုတော့ ငါက ပြောတဲ့ အတိုင်း လုပ်မှာမို့ လို့ပဲ ငါ ပြောတဲ့ စကားကို မင်း နားလည် ရဲ့လား'

ရုရှား လူရွယ်က မနေမရာ ခေါင်းညိတ် ပြသည်။

'မင်းဟာ ငါ့ကို ဆက်သွယ်ရေး ခန်းမထဲ ခေါ်သွား ရမယ်၊ အဲဒီမှာ တာဝန်ကျ အော်ပရေတာနှင့် စကား ပြောစရာ ရှိတယ်'

'ခင်ဗျား ဒါအဲသလို လုပ်လို့ မရ ...'

'လုပ်လို့ ရတာပေါ့ ကွာ၊ အေး အခု မင်း နားလည် ထားရမယ့် အရေးကြီးတဲ့ ကဏ္ဍကို ငါ ပြောပြမယ်၊ မင်းတို့ စခန်းမှာ ရှိတဲ့ ပစ္စည်း ကိရိယာတွေကို တစ်ခုမှ ငါ ဖျက်ဆီး ပစ်မှာ မဟုတ်ဘူး၊ မင်းရဲ့ လူတွေကိုလည်း နာကျင်အောင် ငါ မလုပ်ဘူး၊ ငါက သတင်းပဲ လိုချင်တာ'

'ကျွန်တော် အဲသလို ဆောင်ရွက် မပေးနိုင်ဘူး'

'နောက်ဆုံး ငါ ပြောခဲ့တဲ့ စကားကို ငါ နည်းနည်း ပြင်ပြောမယ်၊ ငါ့ အခနေနှင့် အတင်းအကျပ် လုပ်စရာ မလို ခဲ့ရင် မင်းတို့ တစ်တွေကို နာ ကျင်ထိ ခိုက် အောင် ငါ မလုပ်ဘူး၊ မင်းနှင့် မင်းရဲ့ လူတွေက ငါ့ကို သတ်ဖြတ်ဖို့ ကြိုးစား ခဲ့တယ်၊ ငါကတော့ ဘယ်သူ့ ကိုမှ နာကျင်စေချင်တဲ့ ဆန္ဒ မရှိဘူး၊ ငါက သတင်းပဲ လိုချင်တာ'



'ကျွန်တော် ခင်ဗျားကို ကူညီလို့ ရှိရင် သစ္စာဖောက်လို့ အပြောခံရမှာပေါ့ ဗျ'

'မင်းရဲ့ နောက်ကျောကို သေနတ်နှင့် ထောက်ပြီး ခိုင်း နေရင်တော့ ဘယ်သူကမှ မင်းကို သစ္စာဖောက်လို့ မပြော ပါဘူး ကွာ၊ မင်း လူတွေကလည်း အဲသလောက် မမြင်ရ အောင် ကန်းနေမယ့် လူတွေ မဟုတ်ပါဘူး'

ရုရှား လူရွယ် တိတ်ဆိတ် သွားပြန်သည်။ စနိုကက်ကို သူ မေ့မောင်းနှင့်နေစဉ် လူဂါကို ကျည်ကပ် အသစ်လဲ တပ်လိုက် သည်။ ပြီးမှ ကောင်းဘီထဲ လက်လျှိုပြီး ပေါင်တွင် အထူး ချုပ်လုပ်ထားသော အိတ်ကလေးထဲမှ မာတင်ဒွေ ဗုံး သေး သေး ကလေးကို ဆွဲထုတ်သည်။ ပြီးမှ ကျွန်တော်၏ ကောင်းဘီ အပြင် အိတ်ထဲ ထည့်ထား လိုက်သည်။

ဆိုဗီယက် စခန်းမှ ငါးမိုင်ခန့် အကွာသို့ ရောက်လာသော အခါ ပလတ်စတစ်တိုင် တစ်လုံးတွင် ချိတ်ထားသော အလံ တစ်ချပ် တွေ့ရသည်။ လူရွယ်က စနိုကက်ကို ဘယ်ဘက်သို့ ချိုးကွေ့သည်။ ကိုက် ၁၀၀ ခန့် သွားမိသောအခါ ဒုတိယ အလံကို တွေ့သည်။ နောက်ထပ် ကိုက် ၁၀၀ တွင် တတိယ အလံ ရှိသည်။ ပီတာက နေရာရှာ ကိရိယာကို ပိတ်လိုက်ပြီး

'ဒီနေရာကစပြီး အလံတွေက လမ်းပြ သွားလိမ့်မယ်'ဟု ဆိုသည်။

'မင်း သူရဲကောင်းတော့ မဆန်နှင့် နော်၊ မင်းကို ငါ အနာတရ မဖြစ်စေချင်ဘူး၊ ဒါပေမယ့် မင်း ငါ့ကို သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



ဖောက်မယ့် အရိပ်အယောင်ကလေး နည်းနည်းပြလိုက်တာနှင့် မင်းကို သတ်ပစ်ဖို့ လက်နှေးနေမှာ မဟုတ်ဘူး’

ဆယ်မိနစ်ခန့် အကြာတွင် ဘယ်ဘက်မှနေ၍ အလင်းရောင်တစ်ချက် ဖွေးခနဲ လက်သွားသည်ကို မြင်ရသည်။

‘အဲဒါက ဘာလဲ ကွ’

‘လေယာဉ်ပြေး လမ်းပါ၊ မျှော်စင်က ပေါ်လာတဲ့ မီးရောင် ဖြစ်ပါတယ်’

မိနစ်အနည်းငယ် အကြာတွင် လမ်းညာဘက်ဘေးမှ အမိုးနိမ့်နိမ့်နှင့် အဆောက်အအုံ တစ်လုံးကို ဖြတ်ကျော် မိသည်။ မဏ္ဍမာဒို ရေလက်ကြားရှိ ဆိုဗီယက် စခန်းသို့ ရောက်လာကြပြီ။ စတီယာရင်ကို လက်ဖြင့် ဆုပ်ထားသော ရုရှားလူရွယ်၏ လက်ဆစ်များမှာ ဖြူရော် နေသည်။

‘သူ့ရဲကောင်း မဆန်နှင့်နော် ပီတာ၊ ငါက မိနစ် ၂၀ အတွင်း ပြန်ထွက်သွားမှာ၊ အဲဒီ အချိန်ကျမှ သတိပေးဥသြဆွဲရင်ဆွဲပေါ့ကွာ၊ ဒါပေမယ့် အဲဒီ အချိန် မတိုင်ခင်တော့ ဘယ်သူ့ကိုမှ အန္တရာယ် ဖြစ်အောင် ငါ မလုပ်ပါရစေနှင့်’

အသံဖမ်းတိုင်များဖြင့် ရှုပ်ယှက်ခတ်နေသော အဆောက်အအုံ တစ်လုံး ရှေ့တွင် စနိုကက်ကို ရပ်တန့် လိုက်သည်။ တံခါးဖွင့်ပြီး အပြင်ဘက်သို့ ကျွန်တော် ဆင်းလိုက်သည်။

‘စက်ကို နှိုးရက်အတိုင်း ထားခဲ့ပါ၊ ပြီးရင် ငါ့ဆီ လာခဲ့၊ သတိထားနော် ပီတာ’

ကျွန်တော်တို့ နှစ်ဦးသား အဆောက်အအုံ အတွင်းသို့ ဝင်လာကြသည်။ ရုံးခန်းလို အခန်းတစ်ခုထဲသို့ ကျွန်တော်တို့



ရောက်လာကြသည်။ မီးလုံး များ က အလွန် နိမ့်သည်။ အဆောက်အအုံ တစ်ခုလုံးကို လူသွားစင်္ကြံတစ်ခုက ဖောက် လျှောက် ဖြတ်သွားသည်။ လူဂါကို အိတ်ထဲ ထိုးထည့်လိုက်သော်လည်း သေနတ် မောင်းခလုတ်ပေါ်တွင် လက်ညှိုးကို အဆင်သင့် ထည့်ထား လိုက်သည်။

‘တာဝန်ကျ အရာရှိက ဒီအချိန်မှာ ဘယ်နေရာမှာ ရှိမလဲ’

‘နောက်ဘက်မှာ ရှိမယ် ထင်တယ်’

‘သွားကြစို့’

ပီတာက စိတ်မပါဘဲနှင့် စင်္ကြံ အတိုင်း လျှောက်သွားသည်။ စင်္ကြံအဆုံးမှ သံတံခါး တစ်ချပ်နားတွင် ရပ်တန့်သည်။ တံခါးတွင် လူခေါ် ခေါင်းလောင်းနှင့် ချောင်းကြည့်ပေါက် တစ်ခု တပ်ထားသည်။

ပီတာ လူခေါ် ခေါင်းလောင်း နှိပ်လိုက်စဉ် ကျွန်တော်က လူဂါကို ထုတ်ပြီး သူ၏ ခါးကို သေနတ် ပြောင်းဖြင့် ထောက်ထား လိုက်သည်။ ပြီးမှ လေသံဖြင့် သူ့ကို ခပ်တိုးတိုး ပြောရသည်။

‘အခု ချက်ချင်း ပေးပို့ရမယ့် သတင်း တစ်ခု၊ စတော့နော့ ဆီက ရလာတယ်လို့ ပြောနော်’

တစ်ခဏမျှ အကြာတွင် တံခါး နားသို့ လူ တစ်ယောက် ရောက်လာသည်။ မျက်နှာကြက် ပေါ်ရှိ အသံချဲ့စက်မှနေ၍ အသံ တစ်သံက ‘ဘာကိစ္စလဲ’ဟု မေးလာသည်။

‘သတင်း ပေးစရာ တစ်ခု ရှိလို့ပါ’

www.burmeseclassic.com

www.burmeseclassic.com



'မနက်ကျမှ လာပေးကွာ'

ကျွန်တော် ပီဘာ၏ ခါးကို သေနတ် ပြောင်းဖြင့် ခပ်နာနာ ဖိထားလိုက်သည်။

'သတင်းကို အခုပဲ ပေးရမှာဗျ၊ မနက်ကျရင် ခင်ဗျား သတင်း ပို့ပြီးသား ဖြစ်နေရမယ်၊ သတင်းက ရဲတော် စတာနေ့ ဆီက သတင်းပဲ'

'ကောင်းပြီ'

မျက်နှာကြက်မှ အသံ ပေါ်လာပြီး တံခါး သော့ဖွင့်သံ ပြည်လာသည်။

# ၉

တံခါးဝမှ တစ်ဆင့် ဆက်သွယ်ရေး ခန်းမထဲသို့ ပီတာ ဝင်သွားသည်။ တံခါး ပေါက်မှ ကျွန်တော် ဝင်လိုက်သွားစဉ် ပီတာက ဘယ်ဘက်သို့ ရုတ်တရက် ခုန်ထွက် လိုက်သည်။

'သူ့မှာ သေနတ် ပါတယ်' ဟု ပီတာက လှမ်းအော်သည်။

ပီတာ့ကို ကျွန်တော် နောက်မှ တွန်းထည့်လိုက်ရာ ရှေ့သို့ ယိုင်ထိုး လဲကျ သွားသည်။ အခန်းထဲ ရောက်သွားအောင် ကျွန်တော် ခုန်ဝင်လိုက်ပြီး သံမဏိ တံခါးကို နောက်ပြန် ဆောင့်ပိတ် လိုက်သည်။ ကျွန်တော် သေနတ်ကို မြှောက်ပြရင်း

'သတိပေး ခုညွှ ဆွဲငိုက်တာနှင့် အားလုံး အသေပဲ' ဟု အော်ပြော လိုက်သည်။

ကျွန်တော်တို့ကို တံခါး လာဖွင့်ပေးသူ အပြင် အခန်း ထဲတွင် နောက်ထပ် လူလေးယောက် ရှိသည်။ အခန်းထဲတွင် ကျဉ်းဝေး ကြေးနန်း သတင်းပို့သည့် တယ်လီပရင်တာနှင့် ရေဒီယို ဆက်သွယ်ရေး ပစ္စည်းများ ရှိနေသည်။ အခန်း ထောင့်ဖက်ခြမ်းမှ ရေဒီယို အော်ပရေတာ တစ် ယောက် က စကားပြောခွက် တစ်ခုကို ကောက်ကိုင်ပြီး စကားပြောရန် ခလုတ်ဖွင့်လိုက်စဉ် ကျွန်တော်က သူ့ကို ငေါက်ပြီး ရေဒီယို

www.burmeseclassic.com

www.burmeseclassic.com



စက်ထဲသို့ ကျည်ဆန် တစ်တောင့် ပစ်ထည့် လိုက်သည်။ ပြီး
'အောက်ချ ထားလိုက်' ဟု အော်ပြော လိုက်သည်။

ထိုသူက ကျွန်တော့်ကို ချာခနဲ လှည့် ကြည့် သည်
ကျွန်တော့် ထံမှနေ၍ တံခါး ဖွင့်ပေးသူကို လှမ်းကြည့်သည်
ပြီးမှ ကျွန်တော့်ကို ပြန်ကြည့်သည်။ နောက်ဆုံးကျမှ စကာ
ပြောခွက်ကို စားပွဲပေါ် ပြန်ချထား လိုက်သည်။

'ဒီ အခန်း အလယ်ကို လာခဲ့' ဟု ကျွန်တော် လှမ်းဟော
လိုက်သည်။

သူက လက်နှစ်ဖက်ကို မြှောက်ရင်း အခန်း အလယ်သို့
ထွက်လာသည်။

'ကျန်တဲ့ လူတွေပါ အလယ်မှာ လာစုနေကြ'

ပီဘာ အပါအဝင် ကျန်သည့် လူ အားလုံး အခန်း
အလယ်သို့ ကြောက်ကြောက်ရွံ့ရွံ့ ဖြင့် စုလာ ကြသည်။

'ဒီ မနက် ဒီ အခန်းရဲ့ တာဝန်ခံ ဘယ်သူလဲ'

မည်သူမျှ စကားသံ ထွက်မလာပါ။ ကျွန်တော်က လူဂါကို
မြှောက်ပြီး ကျွန်တော်တို့ကို တံခါး ဖွင့်ပေးခဲ့သူအား လှမ်း
ချိန်လိုက်သည်။ သူက ဆိုဗီယက် ရေတပ် ဝတ်စုံ ဝတ်ထား
သည်။ နားသယ် နားတွင်လည်း ဆံပင် အနည်းငယ် ဖြူနေ
သည်။ ထိုသူက 'ကျုပ်ပဲ' ဟု ပြောလာသည်။

'မင်း နာမည်နှင့် ရာထူး ကရော'

'ဗိုလ် နီလိုင် ပီထရို ဗီနော့ ပါ'

'ကောင်းပြီ ဗိုလ် ပီထရို ဗီနော့၊ မင်းကို ငါ မေးစရာရှိတာ
မေးမယ်၊ ငါ မေးတာကို ချက်ချင်း ပြန်ဖြေပါ၊ အဲသလို



ရင် ငါ ချက်ချင်း ပြန်သွားမယ်၊ ငါ ပြောတဲ့ အတိုင်း
ရင် ဘယ်သူမှ အနာတရ ဖြစ်မှာ မဟုတ်ဘူး'

ပီထရို ဗီနော့ ခေါင်းညိတ်သည်။ အပြင်ဘက် လူသွားစင်္ကြံ
မှ ဥဩဆွဲသံ ပေါ်လာသည်။ ပီထရို ဗီနော့ ပြုံးသည်။

'ပြုံးစရာ အကြောင်း ဘာမှ မရှိဘူး ကိုယ့်လူ၊ အခု
အချိန်မှာ ငါဟာ သေမထူး နေမထူးတဲ့ လူတစ်ဦး ဖြစ်နေပြီ၊
ဒီတော့ လူ သတ်သင့်ရင် သတ်ရ မှာပဲ'

ပီထရို ဗီနော့၏မျက်နှာမှ အပြုံး ပျောက်ကွယ် သွားသည်။

'ခင်ဗျား ဒီ အခန်းထဲကနေ အသက် ရှင်လျက်နှင့် ပြန်ထွက်
သွားနိုင်ပါ့ဘူးဗျာ'

'ကမ်းရိုးတန်း အလွန်က တစ်နေရာမှာ မင်းတို့ နှင့်
ချိန်းထားတဲ့ ရေငုပ်သင်္ဘော တစ်စင်း ရှိနေတယ်၊ အဲဒီ ရေငုပ်
သင်္ဘော ရောက်နေပြီလား၊ မရောက်သေးဘူးလား၊ ဘယ်နေ့
ဘယ်အချိန်မှာ ရောက်လာမှာလဲ၊ ဘယ်နေရာမှာ စတည်းချ
မှာလဲ၊ အဲဒါတွေ ငါ သိချင်တယ်'

အပြင်ဘက် လူသွား စင်္ကြံထဲတွင် တစ်စုံ တစ်ယောက်
ပြေးလာနေသည်။ တစ်စက္ကန့်မျှ အကြာတွင် ထိုသူက တံခါးကို
တဒုန်းဒုန်း ထုနှက် နေသည်။

'မြန်မြန် ပြောပါ ဗိုလ်လေး'

ကျွန်တော်က လူဂါကို လက်နှစ်ဖက်ဖြင့် မြှောက်ပြီး
ပီထရို ဗီနော့၏ မျက်ခွက်ကို ထိုးချိန် လိုက်ကာ သေနတ်
မောင်းကို ဆွဲဟန်ပြင် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မပစ်ပါနှင့်၊ ရေငုပ်သင်္ဘောက ဒီကို ၄၈ နာရီ အတွင်း ရောက်လာမှာ ဗျ'

'ဘယ်နေရာကို ရောက်လာမှာလဲ၊ အတိအကျ ပြောမ'

'မြေလက်ကြား အဆုံးမှာ ရှိတဲ့ ဆာဗိုင်း တောင် မှာပါ'

'ဒီ အခန်းအပြင်ကို ထွက်လို့ရတဲ့ တခြား လမ်းပေါ ရှိသေး သလား'

သူက ပြုံးပြီး 'မရှိဘူး' ဟု ဆိုသည်။

တံခါးကို ထုနှက်သံက ပိုပြီး ကျယ်လောင် လာသ နံရံ ဖြိုချသည့် တုံးမောင်း တစ်ခုကို အသုံးပြု၍ တံခါး ဖွင့်ရန် ကြိုးစားနေကြခြင်း ဖြစ်မည်။ အခန်းကို ကျွန်တေ လှည့်ပတ် ကြည့်သည်။ မျက်နှာ ကြက်ထိအောင် မြင့်တ သွားပြီး မလွယ်ပေါက် တစ်ခုထဲ ဝင်ရောက် ပျောက်ကွ သွားသည့် သံမဏိ ကြိုးထုံး တစ်ထုံးကို တွေ့ရသည်။

'အားလုံး တစ်ဖက်လှည့်ပြီး ကြမ်းပြင်ပေါ်မှာမှောက်

ရုရှား အားလုံး လေးဖက်ထောက်ပြီး ကြမ်းပြင်ပေါ် လျင်မြန်စွာ ဝပ်ချ လိုက်ကြသည်။

'ခြေထောက်တွေကို ခွဲ ထားပြီး နောက်စေ့မှာ လက် ယှက် ထားကြ'

ကျွန်တော် သူတို့ကို လှမ်းပြောရင်း ကုလားထ တစ်လုံးကို မျက်နှာကြက်မှ မလွယ်ပေါက် အောက်နား ရွှေ့ထား လိုက်သည်။ တံခါးကို ထုနှက်နေသံက ပို ကျယ်လောင် လာသည်။ ကြားရသည့် အသံ အတိုင်း ဆို



ခါးပွင့်ရန် သိပ်ကြာတော့မည် မဟုတ်ပါ။ ကုလားထိုင် ပေါ် ကျွန်တော် တက်ပြီး မလွယ်ပေါက် အဖုံးကို နောက်သို့ န်တင် လိုက်ရာ အဖုံးက ထပ်ခိုး နောက်ဘက်သို့ လန်ကျ သွားသည်။

ကြမ်းပြင်ပေါ်မှ လူ တစ်ယောက်က မော့ကြည့်ရာ ကျွန်တော်က ပစ္စတိုဖြင့် ထိုးချိန် လိုက်သည်။ ထို သူ တစ်ဖက် လှည့်ပြီး မျက်နှာကို ကြမ်းပြင်တွင် အပ်ကာ တောင့်တောင့် ကြီး ဖြစ်သွားသည်။ သူ့ကို အချိန် မရွေး သေနတ်နှင့် ပစ်တော့မည်ဟု ထင်သွားသလား မသိ။

ကျွန်တော်သည် လူဂါကို အနွေးထည် အင်္ကျီအိတ်ထဲသို့ လျင်မြန်စွာ ထိုးသွင်းပြီး ဓာတ်ငွေ့ဗုံးကို ဆွဲထုတ် လိုက်သည်။ ဗုံးမှ အထိန်း ခလုတ်ကို ဖွင့်ပြီး အောက်ဘက် ကြမ်းပြင်ပေါ်သို့ ပစ်ချ လိုက်သည်။ တစ်စက္ကန့် အကြာတွင် ကျွန်တော်သည် ထပ်ခိုး အတွင်းဘက်သို့ တက်ရောက်ပြီးသား ဖြစ်သွားသည်။

တံခါး ပွင့်သွားသည့် အချိန်မှာပင် ဓာတ်ငွေ့ဗုံးက ခနဲ ထပြီး ပေါက်ကွဲသည်။ ကျွန်တော်သည် မလွယ်ပေါက် မှ နေ၍ ဝေးရာသို့ တွားတက်သွား ခဲ့သည်။ သံကြိုး များနှင့် ခလုတ် ဝင်တိုက်မိ သလို အပေါ်မှာ ရက်မ နှင့် ဆောင့်မိသည့် အခါလည်း ရှိသည်။

ညြသံက ဆက်လက်ပြီး ပေါ်ထွက် နေသည်။ ဆက်သွယ် ခန်းမထဲမှ ဆူဆူညံညံ အသံများကမူ တစ်ခါတည်း ကျသွားပြီ ဖြစ်သည်။ အောက်မှ လူများမှာ အနည်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီခန့် သတိလစ်နေကြ လိမ့်မည်။ သတိပြန်လည်လာ ကြသည့် အခါတွင်လည်း ခေါင်းများ အုံခဲပြီး ရက်ပေါ် များစွာ ကြာသည် အထိ ဖျို့ချင် အန်ချင် သလို ဖြစ်နေ လိမ့်မည်။

ထပ်ခိုး တစ်ဖက်စွန်းတွင် လေဝင်ပေါက်ကလေး တ ရှိရာ ကျွန်တော် လုံးဝ တုံ့ဆိုင်း မနေဘဲ ခြေထောက် ကန်ဖွင့် လိုက်သည်။ ကျွန်တော်သည် အဆောက် အအုံ နောက်ကျော ဘက်မှာ ရောက်နေသည်။ အပေါက်၏ တစ်ဖက်တွင် နောက်ထပ် အဆောက်အအုံ တစ်လုံး ရှိ သည်။ ကျွန်တော် ရောက်နေသည့် အဆောက်အအုံနှင့် ရွယ် လောက် ရှိမည်။ အုပ်ချုပ်ရေးရုံး ပုံစံမျိုး ရှိသည်၊ ပြ ပေါက်များမှာ မည်းမှောင် နေသည်။

စနိုကက် နှစ်စီးက လမ်းသွယ် တစ်ခုထဲမှ နေ၍ မောင်း သွားသည်။ ခဏြာတွင် လေဝင်ပေါက် အမြင့်ဘ ကျွန်တော် ထွက်ပြီး အောက်ဘက် ဆယ်ပေခန့်အမြင့်မှ ဆီး ပြင်ထဲသို့ ခုန်ချ လိုက်သည်။ ကျွန်တော်သည် ကိုယ်ကို ထားပြီး ဆက်သွယ်ရေးရုံး ထောင့်သို့ ပြေးလာခဲ့သည်။ ရုံးရှေ့ဘက်ကို အသာချောင်း ကြည့်သည်။ ဆက်သွယ် ရုံးရှေ့တွင် လှုပ်လှုပ် ရှားရှား ဖြစ်နေပုံကို တွေ့ရ အနည်းဆုံး စနိုကက်ယာဉ် ခြောက်စီး ရှိနေကြောင်း၊ အ ထည်များ ဝတ်ဆင်ထားသူ အားလုံးမှာ ရိုင်ဖယ်များ ဆောင်ထားကြောင်း တွေ့ရသည်။



ကျွန်တော် ဖောက်ခွဲခဲ့သည့် ဓာတ်ငွေ့ဗုံး အငွေ့ပြယ် က နှစ်မိနစ်လောက်ပဲ ကြာမည်။ သည် လူတွေ ဆက်သွယ် ရေး ခန်းမအတွင်း ဝင်ရောက် သွားနိုင်သည်နှင့် တစ်ပြိုင်နက် ထပ်ခိုးမှ တစ်ဆင့် ကျွန်တော် လွတ်မြောက် သွားကြောင်း သိရှိသွားကြလိမ့်မည်။ သို့ဆိုလျှင် နယ်ချဲ့ပြီး ရှာဖွေကြတော့ မည်။ ကျွန်တော့် အနေဖြင့် အမေရိကန် အခြေစိုက် စခန်းသို့ သွားရောက်နိုင်မည့် အခွင့်အရေး ရချင်သေးပါက သူတို့ မရိပ် မိခင် ဦးအောင်ထွက်ပြေးဖို့ လိုသည်။

ကျွန်တော် နောက်လှည့်ပြီး ဆက်သွယ်ရေးရုံး၏ တစ်ဖက် ထောင့်သို့ ပြန်ပြေး လာသည်၊ ရုံး နောက်ကျော ပိုင်းကို အသာ ချောင်းကြည့်သည်။ သည်ဘက်မြမ်းတွင် စနိုကက်နှင့် ကားများ ပိုများ နေသည်။ ကျွန်တော့် အနေဖြင့် နှစ်ဖက် လုံးမှ ထွက်ပြေး၍ မရနိုင်ပါ။

ကျွန်တော်သည် ကြားလမ်းလေး အတိုင်း ခပ်သုတ်သုတ် လျှောက်လာပြီး အုပ်ချုပ်ရေးရုံးမှ ပြတင်းပေါက် တစ်ချပ်ကို ချောင်းကြည့် လိုက်သည်။ ရုံးတွင်း၌ လူမရှိဘဲ မှောင်မည်း နေကြောင်း တွေ့ရသောကြောင့် မှန်ချပ်များကို တံတောင် ဆစ်ဖြင့် ရိုက်ခွဲလိုက်သည်။ စနိုကက်များ၏ စက်သံကို ကျော် လွန်ပြီး ပြတင်းပေါက် မှန်ကွဲသံကို ရှေ့မှ လူများ ကြားနိုင် သည် မထင်ပါ။

စက္ကန့်ပိုင်း အတွင်း အခန်းထဲသို့ ကျွန်တော် ရောက်သွား သည်၊ အိတ်ထဲမှ လူဂါကို ထုတ်ပြီး တံခါးပေါက် ရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com



သွားကာ ရှေ့ဘက်မှ အသံဗလံများကို နားစွင့်သည်။ ဘာ
သံမျှ မကြားရသဖြင့် တံခါးကို အသာအယာ ဖွင့်လိုက်သည်
ရုံးခန်း၏ အပြင်ဘက်တွင် စားပွဲ ခြောက်လုံးနှင့် သံ
အနမြောက်အမြား နေရာ ချပေးထားသော အခန်းကျယ်ကြ
တစ်ခန်း ရှိသည်။ အခန်းမှာ မှောင်မည်းပြီး တိတ်ဆိတ်
လေသည်။ နောက်ထပ် တံခါး တစ်ချပ် ဆီသို့ ကျွန်တေ
လျှောက်သွားပြီး နားစွင့် ကြည့်သည်။ အဆောက်အအ
အတွင်း ဘာသံမျှ မကြား ရပါ၊ တံခါးကို ဖွင့်လိုက်
အဆောက်အအုံ တစ်ခုလုံးကို ဝဲ ယာ နှစ်ဖက်သို့ တော
လျှောက် ဖောက်ထွက်သွားသည့် စင်္ကြံ တစ်ခု ဆီသို့ ရော
လာသည်။

နည်းနည်းလေး ဆက်ပြီး ကံကောင်း လိုက်မယ်ပါ
ကျွန်တော် တစ်ကိုယ်တည်း ပြောမိသည်။ ယခု အထိ ကျ
တော် ကံကောင်း နေသေးရာ နောက်ထပ်နည်းနည်းဆက်
ကံကောင်းဖို့ပဲ လိုသည်။ စင်္ကြံ ထဲသို့ ကျွန်တော် ထွက်လာ
အဆောက်အအုံ ရှေ့ဘက်သို့ လျှောက်လာ ခဲ့သည်။ အပြ
ဘက်မှ မီးရောင်နှင့် ဆူဆူညံညံ အသံများက နေ့ခင်း အလု
လုပ်သည့် အခန်း၏ ပြတင်းပေါက်များ ဆီမှ နေ၍ စင်္ကြံ
ဆီသို့ ပျံ့လွင့်လာသည်။

အခန်းကို ကျွန်တော် ဖြတ်လျှောက် လိုက်သော အခါ
ပြတင်းပေါက် တစ်ပေါက်နားတွင် ကျွန်တော့်ကို ကျောခိုင်း
ရပ်နေသော လူရိပ် တစ်ခုအား ရုတ်တရက် တွေ့မြင် လိုက်
မိသည်။ အခန်းထဲတွင် တခြား မည်သူမျှ မရှိပါ။ ဒါက



သချာသည်၊ ကျွန်တော်၏ ညာဘက်တွင် ပထမထပ်သို့
က်သွားသော လှေကားထစ်များ ရှိသည်။ ဘယ်ဘက်တွင်
ကြာ်ငြာ သင်ပုန်း တစ်ချပ်နှင့် အန္တာတိကာ မြေပုံတစ်ချပ်
သည်။

'ဒီမီသရီ' ဟု ကျွန်တော်တိုးတိုးကလေးခေါ်ကြည့်မိသည်။
ပြတင်းပေါက်နားမှ လူက ချာခနဲ လှည့်ပြီး
'ဘယ်သူလဲ၊ လီယိုနစ် လား' ဟု မေးလာသည်။
'ဟုတ်တယ်' ဟု အသံ ခပ်အုပ်အုပ်ဖြင့် ကျွန်တော် ပြန်ဖြေ
က်သည်။

'ဒီမီသရီ ပြန်သွားပြီကွ၊ ငါက ယူရီ ပါ'
ယူရီ ရုတ်တရက် စကား ဖြတ်လိုက်သည်။ ကျွန်တော်မှာ
ထင်နေသူ မဟုတ်ပါ။
'ခင်ဗျားက ဘာလိုချင် လို့လဲ'
'အပြင်ထွက်ချင်တယ်၊ ခင်ဗျားမှာ ရေခဲပြင်ပေါ် သွားတဲ့
ဥ်တစ်စီးစီး မရှိဘူးလား'
'နောက်ဘက်မှာ ရှိတယ်'
ခင်ဗျားရဲ့ အနွေးထည် ရော'
'ဟောဒီ မှာပါ'
'ဒါဆိုရင် ခင်ဗျားရဲ့ အနွေးထည်ကို ယူလိုက်ပါ ယူရီ၊
ကျုပ်တို့ ကား နည်းနည်း ပါးပါး လျှောက်စီးစရာ ရှိနေတယ်၊
ကျုပ် ပြောတဲ့ အတိုင်း အတိအကျ လိုက်လုပ်ရင် ဘာမှ
ဘ်ကူးယဉ် ဆန်ဆန် လုပ်ဖို့ မကြိုးစားရင် ခင်ဗျားရဲ့
သူငယ်ချင်းတွေကို အင်မတန် စိတ်ဝင်စားစရာ ကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်ဏ္ဍစ်ပုဒ် ပြောပြနိုင် လောက်အောင် အသက်ရှည်နေဦးမယ်’

‘ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျုပ်က ထမင်းချက် ပါ၊ ကျုပ် သေနတ်လည်း မရှိဘူး၊ သေနတ်လည်း မပစ်တတ်ပါဘူး

‘ဒါဆိုရင် အဆင်ပြေတာ ပေါ့’

ယူရီက အနွေးထည်ကို ဆွဲဝတ် လိုက်ရင်း

‘ကျွန်တော့်ရဲ့ စက်က နောက်ဘက်မှာ ရှိတယ်၊ အဆုံး မှာပါ’

ကျွန်တော် သူ့ကို လမ်းဖယ်ပေးပြီး လူဂါကို ဝေ့ယ လိုက်တာ

‘ခင်ဗျား ရှေ့က သွား၊ ကျုပ် နောက်ကနေ ကပ်လိ ခဲ့မယ်’

‘ခင်ဗျားက ကျုပ်ကို ဘယ်ကို ခေါ်သွား မှာလဲ’

အပြင်ဘက် လူသွားစင်္ကြံ အရောက်တွင် ယူရီက လှ မေးသည်။

‘အမေရိကန် စခန်းကို ခေါ်သွားမလို့’

‘အမေရိကန် စခန်းက ဒီကနေ မိုင် ၅၀ လောက် တယ်၊ ကျုပ်....ကျုပ်ရဲ့ စက်က သေးသေးလေး ဗျ၊ ဟို သည်နား မောင်းလို့ ရရုံလောက်ပဲ ရှိတာ၊ လောင်စာဆီလ သယ်သွားလို့ မရဘူး’

ကျွန်တော် တောက်ခေါက် လိုက်မိသည်။

‘ပိုပြီး ကြီးတဲ့ စက် တစ်စီးကို ဘယ်နားမှာ ရနိုင် ဘယ်သူမှ သတိ မထားမိတဲ့ နေရာမှာလည်း ရှိရမယ်’



‘စက်ပြင် ရုံထဲမှာ ရှိပါတယ်၊ ဒီ အချိန် အဲဒီမှာ လူရှိမယ် မထင်ဘူး’

‘ကိုင်း ဒါဆို အဲဒီကို သွားကြရအောင်’

အဆောက်အအုံ နံဘေးမှ ယူရီ၏ စက်ကလေး ရပ်ထားသည့် နေရာသို့ ကျွန်တော်တို့ ထွက်လာခဲ့ကြသည်။ ယူရီက စတီယာရင်ခွ နောက်မှာ ဝင်ထိုင်သည်။ ကျွန်တော်က သူ့ နောက်တွင် ဝင်ထိုင်ပြီး နောက်ကျောကို သေနတ် ဖြင့် ထောက်ထား လိုက်သည်။

‘ကျုပ် ခင်ဗျားကို မသတ်ချင်ဘူး ယူရီ၊ ခင်ဗျား မှန်မှန် ကန်ကန် လိုက်လုပ်နေသမျှ ကျုပ်က ခင်ဗျားကို သတ်မစ်မှာ မဟုတ်ဘူး’

ယူရီက စကားမပြောဘဲ သူ၏ ခရီးတိုသုံး ရေခဲပြင်သွား ယာဉ်ကလေးကို မောင်းထွက် လာသည်။ ယူရီက တန်းစီ နေသည့် အဆောက်အအုံများ၏ အစွန်ဆုံး အဆောက်အအုံ ရှေ့တွင် ယာဉ်ငယ်ကလေးကို ရပ်တန့်ပြီး ကျွန်တော့်ကို သမင် လည်ပြန် လှည့်ကြည့်သည်။

‘စနိုကက်တွေကို ပြင်ဆင်တဲ့ စက်ရုံက ဒီဟာပဲ’

‘အထဲ ဝင်ပြီး သွားကြည့် ကြစို့’

ကျွန်တော် ပြန်ပြောပြီး သူ့ကို အဆောက်အအုံ ဘက်သို့ သွားခိုင်း လိုက်သည်။ ယူရီက ရှေ့ တံ ခါး မှ တစ် ဆင့် အဆောက်အအုံ အတွင်း ဝင်သွားသည်။ ကျွန်တော် သူ့ နောက်မှ ကပ်လိုက် သွားသည်။ တံခါးပေါ်မှ ဖြတ်ဝင်လာသည့် မီးခလုတ်ကို လိုက်စမ်းပြီး မီးဖွင့်လိုက်သည်။ သည်နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



စနိုကက်များကို ပြင်ဆင်ထိန်းသိမ်းသည့် နေရာဖြစ်ကြောင်း သိသာသည်။ အထဲတွင် စနိုကက် ၁၂ စီးခန့် ရှိနေသည်။ သို့သော် တစ်စီးမျှ အင်္ဂါ အစုံ အလင် မရှိပါ။ စနိုကက်အားလုံးမှ အင်ဂျင်စက်များ၏ အဖုံးများကို ခွာချထားသည်။ တချို့ စနိုကက်များတွင် ချိန်းကြိုးများ မရှိပါ။ နှစ်စီးတွင် အင်ဂျင် လုံးဝမရှိ။ စနိုကက်များမှ အစိတ်အပိုင်း များနှင့် ကိရိယာ တန်ဆာပလာ များမှာ နေရာတကာတွင် ပြန့်ကြဲနေသည်။

ယူရိုက စနိုကက်များကို တစ်လှည့် ကျွန်တော့်ကို တစ်လှည့် ကြည့်နေသည်။ ကျွန်တော် မီး ပြန်ပိတ်လိုက်သည်။

'သွားကြစို့'ဟု သူ့ကို ကျွန်တော် ပြောပြီး တံခါးဝသို့ ပြန်လှည့်လာသည်။ တံခါးကို ဖွင့်ပြီး အပြင်ကို ချောင်းကြည့်သည်။ ထို အခိုက်မှာပင် ယူရိုက စနိုကက်များ နံဘေးမှ ခေါင်းငုံ့ပြီး ကျွန်တော်နှင့် ဝေးရာသို့ သုတ်ခြေတင်သည်။

သူ့နောက်မှ လိုက်သွားလျှင် ကောင်းမလားဟု ကျွန်တော် တစ်ယောက်တည်း အငြင်းအခုံ လုပ်ကြည့်သည်။ မလိုက်တော့ဟု ဆုံးဖြတ်သည်။ အချိန်မရှိတော့ပါ။ မကြာမီ ဆက်သွယ်ရေး ခန်းမမှ တပ်ဖွဲ့များက ကျွန်တော့်ကို လိုက်ရှာကြတော့မည်။ အေးမြသည့် အပြင်ဘက်သို့ ကျွန်တော် ပြန်ထွက်ခဲ့သည်။ လူဂါကို အိတ်ထဲ ပြန်ထည့်ပြီး ယူရို၏ ယာဉ်ငယ်ပေါ်သို့ တက်လိုက်သည်။ စက်နှိုးသည့် သော့ ပေါက် တွင် သော့ မတပ်ထားပါ။



အခြေစိုက် စခန်းဆီမှ ဥဩသံ ပြန် ပေါ် လာ သည်။ ကျွန်တော့်ဘက်သို့ ဦးတည် လာနေသော တစ်ဒါဇင်ထက် မနည်းသည့် စနိုကက်များ၏ ရှေ့ မီးကြီး များမှ အလင်းရောင်များကို ခပ်လှမ်းလှမ်းတွင် တွေ့ရသည်။ လောလောဆယ် အသိ ကောင်းခဲ့သည့် ကျွန်တော့် ကံက ကျွန်တော့်ထံမှ ထွက်ပြေးရန် ဟန်ပြင်လျက် ရှိပြီ။

နံဘေးမှ အဆောက် အအုံ တစ်လုံး ဆီသို့ ကျွန်တော် ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ သည် အဆောက် အအုံတွင် တံခါးမကြီး များကို အပြင်ဘက်သို့ တွန်းဖွင့် ထားသည်။ လေယာဉ် ငယ်များနှင့် ရဟတ်ယာဉ်များ သိမ်းဆည်းသည့် လေယာဉ်ရုံ တစ်ခုနှင့် ပုံစံ တူသည်။

ဘယ်ဘက် တံခါးလေးပေါ်တွင် မီးလုံး တစ်လုံး လင်းနေသည်။ အတွင်းသို့ ကျွန်တော် ဝင်လိုက်စဉ် အခြေစိုက်စခန်းဘက်မှ ထွက်လာသည့် ပထမဆုံး စနိုကက်မှာ လေယာဉ်ကွင်းကိုပင် ပတ်မိလာ ချေပြီ။

ကျွန်တော် ဝင်လာခဲ့သည့် အဆောက်အအုံမှာ လေယာဉ်ရုံ တစ်ခု ဖြစ်သည်။ အပေါ်မှ လင်းနေသည့် မီးရောင် မှိန်မှိန်အောက်တွင် ရဟတ်ယာဉ် နှစ်စီး ရပ်ထားကြောင်း တွေ့ရသည်။ ရဟတ်ယာဉ် တစ်စီးမှ အင်ဂျင်ကို တစ်စစီ ဖြုတ်ခဲ့ထားသည်။ နောက် တစ်စီးမှာမူ အကောင်းပကတိ ရှိနေသည်ကို တွေ့ရသည်။

ရဟတ်ယာဉ် အကောင်းဆီသို့ ကျွန်တော် လျှောက်လာစဉ် အပြင်ဘက်တွင် စနိုကက်များ ဖြတ်သွား နေကြသည့် အသံ

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ရုံ၏ နောက်ကျောနားတွင် တံခါးပေါက်များ ဆီသို့ တက်သွားသည့် လှေကား ထစ်များ တွေ့ရသည်။ သည်နေရာမှာ လေယာဉ်ရုံ တစ်ခုသာ မဟုတ်ဘဲ လေယာဉ် မှူးများ အဆင်သင့် စောင့်ဆိုင်းနေရသည့် နေရာ ဖြစ်နိုင်သည်ဟု ကျွန်တော် ထင်မိသည်။

ရဟတ်ယာဉ်ငယ် ဆီသို့ ရောက်လျှင် အတွင်း ဘက်သို့ ကျွန်တော် ချောင်းကြည့်သည်။ ရဟတ်ယာဉ်မှာ ပျံသန်းဖို့ အဆင်သင့် ဖြစ်နေပုံ ရသည်။ စက်နှိုး သည့် သော့ ပေါက်တွင် သော့များ တပ်လျက်သား တန်းလန်း တွေ့ရသည်။

ရဟတ်ယာဉ် အတွင်းသို့ ကျွန်တော် လက်လျှိုပြီး နေရာ အသီးသီးသို့ လျှပ်စစ်ဓာတ် ဖြန့်ပေးသည့် မာစတာ ဆွစ် ခလုတ်ကို ဖွင့်လိုက်သည်။ စက်ကိရိယာ ခုံပေါ်မှ ပစ္စည်းမျိုးစုံက တစ်ခါတည်း အသက် ဝင်လာသည်။ ဘက်ထရီအား အခြေအနေ ပြသည့် မြားတံက တက်လာသည်။ လေယာဉ်ဆီ တိုင်ကီ နှစ်လုံးတွင် ဆီ အပြည့် ရှိကြောင်း တွေ့ ရ သည်။ ရဟတ်ယာဉ်မှာ ပျံသန်းရန် အသင့် အနေအထားတွင် ရှိနေသည်။ ကျွန်တော့် အတွက် လေယာဉ်မှူး တစ်ယောက်ရဖို့ပဲ လိုအပ်သည်။

ကျွန်တော်သည် လှေကားကို တစ်ထစ် ကျော် တက် လာနေစဉ် နောက်ထပ် စနိုကက်များက လေယာဉ်ရုံကို ဖြတ်သန်း မောင်းနှင်သွားကြသည်။ လှေကားထိပ်သို့ အ ရောက် တွင် လူဂါကို ထုတ်ပြီး ပထမဆုံး တွေ့ရသည့် တံခါး နားသို့ ကပ်လာသည်။ တံခါးကို ကပ်ပြီး နားစွင့်သည်။ အတွင်းမှ



အသံ မကြားရသဖြင့် တံခါးကို ဖွင့်လိုက်သည်။ အခန်းမှာ လူ မရှိပါ။

နောက် နှစ် ခန်း က လည်း အတူတူပင်၊ စတုတ္ထမြောက် အခန်းတွင်မူ ခုတင်ပေါ်တွင် လူ တစ် ယောက် အိပ် နေကြောင်း တွေ့ရသည်။ ကျွန်တော် တံခါးဖွင့်လိုက်သည့် အခါ ထိုသူက ထထိုင်ပြီး 'ဘာလဲဗျ' ဟု လှမ်းမေးသည်။

ကျွန်တော် တံခါးကို နောက်ပြန် ပိတ်ခဲ့ပြီး သေနတ်ကို မြှောက်ချင်း အခန်းထဲသို့ ဖြတ်လျှောက်လာ ခဲ့သည်။

'မင်းက လေယာဉ်မှူးလား ရဲဘော်'

'ဟုတ်ဘာယ် ဆိုပါတော့၊ ခင်ဗျားက ဘယ်လိုထင်...'

သူက ပြောလိုက်ပြီးမှ ကျွန်တော့် လက်ထဲတွင် သေနတ် တစ်လက် ကိုင်ထားမှန်း ရိပ်မိသွား သဖြင့် စကား ပြတ်သွားသည်။

'မင်း ဆူဆူညံညံ လုပ်တာနှင့် အသေပဲ'

'ခင်ဗျားက ဘယ်သူလဲ၊ ဒီမှာ ဘာလိုချင်တာ ရှိလို့လဲ'

'ငါဟာ အမေရိကန် တစ်ယောက် ဖြစ်တယ်၊ ငါ့ စခန်းကို ပြန်သွားချင်လို့'

'ခင်ဗျားက ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ'

'ဒါက မင်း အလုပ် မဟုတ်ပါဘူး၊ မင်း ထပြီး အဝတ် အစား ဝတ်လိုက် ကွာ၊ ငါ့ကို အမေရိကန် စခန်း ရောက် အောင် မင်း လိုက်ပို့ ရလိမ့်မယ်'

'တစ်သက်လုံး လိုက်မပို့ ဘူး'

'ဒါ ဆိုရင်တော့ မင်းကို ငါ သတ်ပစ်ရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်မှူးက ခပ်ပြုံးပြုံး ယုပ်ရင်း 'ခင်ဗျား ကျုပ်ကို သတ်ပစ်ရင် ခင်ဗျား ဒီစခန်းကနေ ဘယ်တော့မှ ထွက်ပြေးနိုင်တော့မှာ မဟုတ်ဘူး'

'မင်း သေသွားပြီးမှ ဖြစ်လာမယ့် ကိစ္စကို စိုးရိမ်စရာ မလိုပါဘူး ကွ၊ မင်း အတွက် ချီးမြှင့်မယ့် ဆုတံဆိပ်ကိုတော့ မင်းရဲ့ မိသားစုဆီကို ပို့ပေးချင် ပို့ပေးမှာပေါ့ လေ'

'ကောင်း ပြီလေ၊ ခင်ဗျား အတွက် လေယာဉ် မှူး တစ်ယောက် ရပြီပဲ ထားလိုက်ပါတော့၊ ခင်ဗျား အတွက် ရဟတ်ယာဉ်က ဘယ်မှာလဲ'

'အောက်မှာ တစ်စင်း ရှိတာပဲ ကွ'

'လေယာဉ်မှူး ခေါင်းခါ ပြသည်။

'ဒါဟာ လေယာဉ် ပြုပြင်ထိန်းသိမ်းဘဲ့ရုံ ဗျ၊ အောက်က ရဟတ်ယာဉ် တစ်စင်းရဲ့ အင်ဂျင်ကို တစ်စစီ ဖြုတ်ထားတယ်၊ နောက် တစ်စင်း ကလည်း စက်စမ်းရအောင်လို့ မနေ့ကမှ ရောက် လာ တာ၊ အင်ဂျင်က ကြာကြာ အမောင်းခံမှာ မဟုတ်သေးဘူး'

'ဘာပဲ ဖြစ်ဖြစ် အဲဒီ လေယာဉ်ကို ယူသွားရမယ်'

'ခင်ဗျားတော့ ရူးနေပြီ၊ မိနစ်ပိုင်း အတွင်းမှာ အင်ဂျင် ကျပ်သွား လိမ့်မယ်'

'အင်ဂျင် ကျပ်မသွားပါစေနှင့်လို့ မင်း ဆုတောင်းရင် ပိုပြီး ကောင်းလိမ့်မယ် ရဲဘော်၊ ဘာ ဖြစ်လို့လဲဆိုတော့ တို့က အဲဒီ ရဟတ်ယာဉ်ကို ယူသွားမှာမို့ လို့ပဲ'

'ဟင့်အင်း ဗျာ....'



ကျွန်တော် သူ့ အနား ကပ်သွားပြီး သူ၏ မေးစေ့ကို သေနတ်ပြောင်းဖြင့် ထောက်ထား လိုက်သည်။

'ငါ့ အတွက်က ဘာ ဖြစ်ဖြစ် မထူးတော့ဘူး ကိုယ့်လူ၊ အခုလိုက်ခဲ့၊ မလိုက်ရင် မင်း ခေါင်းကို ပစ်ခွဲလိုက်မယ်'

'ကောင်းပါပြီ ဗျာ ...ခင်ဗျား ပြောတဲ့အတိုင်း လုပ်ပါ့မယ်'

'အဝတ်အစား မြန်မြန် ဝတ်လိုက်စမ်း ကွာ'

ငါးမိနစ် အတွင်း အဝတ်အစား အပြည့်အစုံ ဝတ်ဆင်ပြီး သွားသည်။ ကျွန်တော် တံခါးနားသို့ လျှောက်သွားပြီး အသာတကြည့် ကြည့် သည်။ လေယာဉ်ရုံထဲတွင် မီး များ လင်းထိန် နေသည်။အောက်ဘက်တွင် လက်နက်ကိုင် တပ်ဖွဲ့ဝင် အနည်းဆုံး ခြောက်ဦးလောက် ရှိနေ သည်။ ကျွန်တော် တံခါးနားမှ ပြန်လှည့်လာပြီး လေယာဉ်မှူးကို ဝရန်တာသို့ ထွက်လာရန် အချက်ပြ လိုက်သည်။

'အောက်မှာ သူတို့တစ်တွေ ငါ့ကို လိုက်ရှာနေ ကြတယ်၊ သူတို့ ပြန်သွားအောင် လုပ်လိုက်စမ်း'

လေယာဉ်မှူး တွန့်ဆုတ်ဆုတ် ဖြစ်သွား ပြန်သည်။

'သူရဲကောင်း မဆန်ချင်နှင့် ရဲဘော်၊ ငါ့ကို ဒီမှာ သူတို့ ရှာတွေ့သွားရင် မင်းကို ငါ အလျင်ဆုံး သတ်ပစ်မယ်'

လေယာဉ်မှူးက ခေါင်းညိတ်ပြီး ကျွန်တော့် နံဘေးမှ ပွတ်ဖြတ်ကာ ဝရန်တာသို့ ထွက်သည်။ ပြီးမှ

'အောက်မှာ ဘာတွေ ဖြစ်နေကြတာလဲ ဟေ့'ဟု အော် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်အားကောင်းသည့် မီးရောင် များက လေယာဉ်မှူး အပေါ်သို့ စုပြုံ ကျရောက် လာသည်။

'ခင်ဗျား အပေါ်မှာ တစ်ယောက်တည်း လား'

'မဟုတ်ဘူး ကွ၊ ငါနှင့် အတူ မိန်းမ လေးယောက်တောင် ရှိနေတယ်'

အောက်ဘက်မှ ဘစ်စုံဘစ်ယောက်၏ ရယ်သံ ပေါ်လာသည်။

'သူတို့ကို လေယာဉ်ရဲ့ တံခါး ဖွင့်ခိုင်း ထားပဲ' ဟု ကျွန်တော်က တံခါးဝမှ နေ၍ သူ့ကို မလေသံဖြင့် သတိပေးလိုက်သည်။

'မင်းတို့ အောက်က လူတွေ လေယာဉ်ရဲ့ တံခါး ဖွင့်ပေးထားခဲ့ပါ ကွာ'

'ဘာလုပ်ဖို့လဲ ဗျ'

'လေယာဉ်ရဲ့ တံခါးပိတ်ထားရင် ငါက အပြင်ကို ဘယ်လိုလုပ်ပြီး ရဟတ်ယာဉ် မောင်းထွက်လို့ ရပါ့မလဲ ကွ'

စက္ကန့်ပိုင်းမျှ အကြာတွင် လေယာဉ်ရဲ့ တံခါး ပွင့်သွားသည်။

'မင်းတို့က အချိန်မတော်မှ ဘာ လာလုပ်နေကြ တာလဲ'

လေယာဉ်မှူး မေးကြည့် လိုက်သည့် စကားကို မည်သူမျှ ပြန်မဖြေပါ၊ စက္ကန့် အနည်းငယ် ကြာသော အခါ စနိုကက်များ စက်နှိုးသံ ကြားရသည်။ မကြာမီ အဝေးသို့ မောင်း ထွက်သွား ကြသည်။

'အားလုံး သွားကုန်ကြ ပြီလား'



'သွားကုန်ကြပြီလို့ ထင်တယ်'

'ဒါဆိုရင် တို့လည်း သွားကြစို့'

လေ ယာဉ် ရှိ တွင် လူ တစ် ယောက် မျှ မ ရှိ တော့ ပါ။ လေယာဉ်ရဲ့ အဝင် အထွက် တံခါးမကြီးကို ဖွင့်ထားခဲ့သော ကြောင့် အထဲတွင် ခါးခါးသီးသီး အေးစိမ့် နေသည်။ ရဟတ်ယာဉ်ဆီသို့ နှစ်ဦးသား ခပ်သွက်သွက် လျှောက်သွားလိုက်ကြသည်။ လေယာဉ်မှူးက ပန်ကာ ဆိုင်းကြိုး များကို ဖြေသည်။ ဆီးပုံး နှစ်လုံးကို ကောက်ယူသည်။ အဖုံးကို ဖွင့်ပြီး အင်ဂျင်ထဲသို့ လောင်း ထည့်သည်။

ကျွန်တော်သည် အပြင်မှ ကြည့်လျှင် မမြင်ရ စေရန် ရဟတ်ယာဉ်ကို ကွယ်ပြီး ရပ်နေ လိုက်သည်။ လေယာဉ်မှူး ဆီဖြည့်နေစဉ် အပြင်ဘက်တွင် စနိုကက်များက လေယာဉ်ရှေ့မှာ ဖြတ်သွားနေကြ လေသည်။

'သူတို့က ခင်ဗျားကို အသည်းအသန် ရှာနေကြတာပဲ ဗျ'

'သူတို့က ငါ့ကို မိရင် မင်းကိုလည်း မိသွားမှာပဲ၊ ကိုင်း သွားကြစို့'

'ဒီ ရဟတ်ယာဉ်နှင့် ခင်ဗျားတို့ စခန်းကို ရောက်အောင် ဘယ်လိုမှ မောင်းနိုင်မှာ မဟုတ်ဘူး'

'ကြိုးစား ကြည့်ကြတာပေါ့ ကွာ'

ရဟတ်ယာဉ်ပေါ်သို့ သူ တက်သွားစဉ် ကျွန်တော်လည်း ခရီးသည် ထိုင်ခုံရှိရာ ဘက်သို့ ပတ်လျှောက်လာပြီး ရဟတ်ယာဉ်ပေါ် တက် လိုက်သည်။ ပြီးလျှင် ထိုင်ခုံ ခါးပတ် ပတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်မှူးက ရဟတ်ယာဉ်ကို စက်နှိုးပြီး ဒိုင်ခွက်များကို တစ်ခုချင်း စစ်ဆေးနေချိန်မှာပင် လေယာဉ်ရဲ့ တံခါးဝ၌ စနိုကက် တစ်စီး ထိုးဆိုက်လာပြီး လူလေးဦး ဆင်းလာသည်။

'အချိန် မရှိဘူး၊ သွားကြစို့'

လေယာဉ်မှူးက ကျွန်တော့်ကို လှမ်းကြည့်သည်။ ပြီး အပြင်ဘက်မှ လူလေးဦးကို လှမ်းကြည့်သည်။ လေးယောက်လုံးမှာ ရိုင်ဖယ်များ ကိုင်ထားကြပြီး ကျွန်တော်တို့ ဆီသို့ အပြေး အလွှား လာနေကြလေသည်။

လေယာဉ်မှူးက လီဗာတံကို ဆွဲလိုက်သည်။ ရဟတ်ယာဉ်က ရှေ့သို့ ထိုးထွက် သွားပြီး ကြမ်းပြင်မှ အနည်းငယ် ကြွလာသည်။ လက်နက်ကိုင်များ အနားမှ ကျွန်တော်တို့ ဝေါခနဲ ဖြတ်ပျံသွားစဉ် တစ်ယောက်က ရိုင်ဖယ်ဖြင့် ထိုးချိန်လိုက်သည်။ လေယာဉ်ရဲ့ အပြင်ဘက် အရောက်တွင် လေယာဉ်မှူးက စက်ကုန် မြှင့်သည်။

ညကောင်းကင်ထဲသို့ ကျွန်တော်တို့ ပျံတက်လာကြသည်။ လေက ကျွန်တော်တို့ကို ဘယ်ဘက်သို့ တိုက်ထုတ် နေသည်။ ဆိုဗီယက် စခန်းနှင့် ဝေးရာသို့ တဖြည်းဖြည်း မြင့်တက်လာသည်။ အင်ဂျင်ဝိုင် အခြေအနေ ပြသည့် ဒိုင်ခွက်မှ အနီရောင် သတိပေး မီးလုံးကလေး ကလည်း မှိတ်တစ်ခါ လင်းတစ်လှည့် ဖြစ်နေချေပြီ။

## ၁၀

နှစ်မိနစ် သုံးမိနစ်အတွင်း ဆိုဗီယက် စခန်းနှင့် ကျွန်တော်တို့ လွတ်ကင်း လာသည်။ ငါးမိနစ် မပြည့်မီ လေယာဉ် ကွင်းကို အမှတ် အသား ပြထားသည့် မီးရောင်ကိုပင် မမြင်တော့ပါ။ ကောင်းကင် တစ်ခွင်လုံးမှာ မိုးသားများ အုံ့ဆိုင်းနေသည်။ အပြင်ဘက်တွင် တစ်မျှော် တစ်ခေါ် ဆန့်တန်းနေသော ရေခဲပြင်ကြီးနှင့် ရေခဲတောင် ကုန်းလေးများ ကိုသာ မြင်ရသည်။

စောစောပိုင်းက ဆက်သွယ်ရေး ရေဒီယိုကို ကျွန်တော် ပိတ်ထား ခဲ့သည်။ ယခု အမေရိကန် စခန်းနှင့် အဆက်အသွယ် လုပ်သည့် လိုင်းကို ပြန်ဖွင့်ထား လိုက်သည်။

'ကျွန်တော်တို့က နိမ့်နိမ့်က ပျံသန်း နေတာ တောင်မှ ဘာ အမှတ်အသားမှ အခုထိ မတွေ့ရ သေးဘူး'

'လေကြောင်းပြ အထောက်အကူ ပေးတဲ့ အသံဖမ်းစက် ဖွင့်ထား ရင်ရော'

'ကျွန်တော် အခု အဲဒီ စက်ကို သုံးပြီး ပျံသန်းနေတာပဲ' သူက ပြောပြီး အသံဖမ်းစက်မှ အသံချဲ့ ခလုတ်ကို နည်းနည်း ထပ်ချဲ့ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆက်သွယ်ရေး ရေဒီယိုနှင့် ဆက်သွယ်လို့ ရမယ့် အကွာအဝေး ရောက်အောင် ဘယ်လောက် ကြာဦးမလဲ'

'အဲသလောက်ကို ရောက်အောင် ကျွန်တော်တို့သွားနိုင်မှာ မဟုတ်ဘူး၊ ခင်ဗျားကို ကျွန်တော် ပြောခဲ့ပြီးပြီပဲ' လေယာဉ်မှူးက အင်ဂျင် အပူချိန်ပြ ကိရိယာကို လက်ညှိုးထိုးပြသည်။ ကိရိယာမှ မီးနီ ပြနေကြောင်း တွေ့ရသည်။ 'အင်ဂျင်က အချိန်မရွေး ကျပ်လာတော့မှာပဲ ဗျ'

နောက်ထပ် ဆယ်မိနစ် ၁၅ မိနစ် ဆက်သွားလျှင် အမေရိကန် စခန်းသို့ ကျွန်တော်တို့ ရောက်နိုင်သည်။ သို့သော်လည်း အောက်ဘက်မှ ရှုခင်းကို ကျွန်တော် ငုံ့ကြည့်နေစဉ် မှာပင် ရဟတ်ယာဉ်၏ အင်ဂျင်စက်သံက ဘဖြည်းဖြည်း နှေးလာသည်။

'အချိန် မနှောင်းခင် ဒီနေရာမှာ ထိုးဆင်း လိုက်ပါရစေဗျာ၊ အရေးပေါ် နေရာရှာတဲ့ ခလုတ်ကို ကျွန်တော် ဖွင့်ထားရင် ကျွန်တော်တို့ရဲ့ လူတွေက ၁၅ မိနစ်အတွင်း ကျွန်တော်တို့ကို လာကယ်လို့ ရပါတယ်'

'ငါ့ကို ဖမ်းမိသွားရင် မင်း လူတွေက သတ်ပစ် ကြမှာပေါ့'

'ဘာဖြစ်လို့ သတ်ရမှာလဲ၊ ခင်ဗျားက ဘာလုပ်ခဲ့လို့လဲ'

'ဘာမှ မလုပ်ခဲ့ပါဘူး၊ စကားစပ်လို့ ပြောရရင် ငါက တစ်စုံ ဘစ်ခု ဖြစ်ပွားမလာအောင် ဟန့်တားဖို့ ကြိုးစားနေတာ ပါကွာ'



အင်ဂျင် အပူချိန် ပြသည့် မြားတံ လေးမှာ ဒိုင်ခွက်၏ ညာဘက်ဘွင် ကပ်နေပြီ ဖြစ်သည်။ ဆီပူနံ့ နှင့် သတ္တုချေးနံ့များပင် ပေါ်ထွက်လာချေပြီ။ အမေရိကန် စခန်းနှင့် နီးသည့် တစ်နေရာရာသို့ ရောက်အောင် ကျွန်တော်တို့ သွားနိုင်မည့် လမ်း မမြင်ပါ။

'တို့ ထွက်လာတာ ဘယ်လောက် ဝေးဝေး ရောက်လာပြီလဲ'

'အတိအကျ ပြောလို့ မရဘူး ဗျ'

လေယာဉ်မှူးက ပန်ကာကို အရှိန် ပိုရရန် ကြိုးစားသည်။ သို့သော် အပူ လွန်ကဲနေသည့် အင်ဂျင်က မလိုက်နိုင်တော့ပါ။ အင်ဂျင် လည်နှုန်းမှာ တဖြည်းဖြည်း ကျဆင်းနေသည်။

'ကျွန် တော် တို့ စခန်း ကနေ ၁၅ မိုင်၊ မိုင် နှစ်ဆယ် လောက်တော့ ရောက်....'

လေယာဉ်မှူး စကား ဆက်ပြောလိုက်စဉ် ကျွန်တော်တို့ နောက်ဘက်ရှိ အင်ဂျင်ထဲမှ ဝုန်းခနဲ အသံ ပေါ်လာသည်။ စက်ခလုတ် ခုံပေါ်မှ သတိပေး ခေါင်းလောင်းသံ မြည်လာသည်။ လေယာဉ်မှူးက သမင်လည်ပြန် လှည့် ကြည့် ပြီး 'မီးလောင်နေပြီ' ဟု ပြောသည်။ လေယာဉ် ထိန်းသိမ်းသည့် လက်ကိုင်ကို လက်တစ်ဖက်ဖြင့် ထိန်းရင်း လက်တစ်ဖက်က မီးသတ်ဘူး ခလုတ်ကို ဖွင့်လိုက်သည်။

ရဟတ်ယာဉ်က ဘယ်ဘက်သို့ စောင်းပါသွားပြီး နောက် အောက်ဘက် ရေခဲပြင်ဆီသို့ ခေါင်းစိုက် ဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ယာဉ်နှင့် ရေခဲပြင် ဆောင့်မိ တော့မည့် အဖြစ် ကို မျှော်လင့်ရင်း ကျွန်တော်၏ လက် နှစ်ဖက်ကို တင်းတင်း ယှက်ထား လိုက်သည်။ နောက်ဆုံး အချိန် ကလေးတွင် လေယာဉ်မှူးက ရဟတ်ယာဉ်၏ ဦးကို မော့လိုက်နိုင်သော ကြောင့် ရေခဲပြင်ကို ရဟတ်ယာဉ် အမြီးပိုင်းဖြင့် အရင်ဆုံး ဆောင့်မိ သွားသည်။

ရဟတ်ယာဉ်က လေယာဉ်မှူး ထိုင်ခုံ ရှိ သည့် ဘက်မှ စောင်း မှောက်သွား ပြီးမှ ပက် လက် လန် သွား သည်။ ရဟတ်ယာဉ် ခေါင်းခန်းမှာ တစ်စစီ ကွဲထွက်ကာ ပြိုလဲလာသည်။ ရဟတ်ယာဉ် အတွင်းဘက်သို့ အိကျသလို ဖြစ်နေစဉ် ကျွန်တော့် ပခုံးကို တစ်စုံတစ်ရာက လာတိုးသည်။ ထို့နောက်တွင် ကျွန်တော်သည် ရဟတ်ယာဉ်ထဲမှ ကိုယ်တစ်ပိုင်း အပြင် ထွက်ကာ ဆီးနှင်းထဲတွင် မျက်နှာ အပ်လျက်သား ဖြစ်နေလေတော့သည်။

ကျွန်တော် ရဟတ်ယာဉ်ထဲသို့ ဖြည်းဖြည်းချင်း ပြန်ဝင်ပြီး ထိုင်ခုံ ခါးပတ်ကို ဖြုတ်လိုက်သည်။ ထို့နောက် ရဟတ်ယာဉ် ပျက်ထဲမှ လေးဖက်တွား ထွက်ခဲ့ပြီး တစ်ပတ်ချင်း လှိမ့်ထွက် လိုက်သည်။ လေယာဉ်မှူး သေဆုံးသွားခြင်းမှာ သိသာလှသည်။ သူ၏ တစ်ကိုယ်လုံးမှာ အင်ဂျင် အောက်တွင် ပိနေလေသည်။ လေယာဉ်ဆီများက နေရာတကာတွင် ဖိတ်စဉ်နေသည်။ ပူနေတုန်း ရှိသေးသည့် အင်ဂျင်မှ တချက်ချက်မြည်သံကို ကျွန်တော် ကြားနေရသည်။



ကျွန်တော် တစ်ပတ် လှိမ့် လိုက် သည်။ လူး လဲ ထပြီး ရဟတ်ယာဉ်နှင့် ဝေးရာသို့ ဒယိမ်းဒယိုင်ဖြင့် လျှောက်လာသည်။ ရဟတ်ယာဉ်မှာ ချက်ချင်းလိုလို မီးစွဲလောင်သည်။ ကျွန်တော် ကိုက် ၅၀ ခန့် သွားမိသည့်အခါ ဆီ တိုင် ကီ က ပေါက်သဖြင့် နောက်သို့ လှည့်ကြည့်မိသည်။ ရဟတ်ယာဉ်မှ မီးတောက် မီးလျှံ များက လေထဲသို့ ပေ ၅၀ ခန့် မြင့်အောင် ထိုးတက် နေလေသည်။

ရဟတ်ယာဉ်မှာ ဘာတစ်ခုမှ မကျန်ရစ်အောင် မီးလောင် သွားခဲ့ပြီ။ ယခု ကျွန်တော် ကိုယ့်အား ကိုယ် ကိုး ရ တော့မည်။ မက္ကမာဒို အမေရိကန် စခန်းက ကျွန် တော် နှင့် မိုင် သုံးဆယ်လောက် ဝေးချင် ဝေးနိုင်သည်။ ကမ္ဘာပေါ်တွင် အကြမ်းတမ်း အခက်ဆန်ဆုံးသော နယ်မြေထဲတွင် လျှောက် လှမ်းရမည့် မိုင် ၃၀ ခရီးပါ တကား။ လောလောဆယ်တွင် တောနေ့မှာ ကုန်းတွင်းပိုင်းရှိ ကျွန်တော်တို့၏ သုတေသန စခန်းတွင် ရှိနေသည်။ ကမ်းခြေ တစ်နေ ရာတွင် အချိန်း အချက် လုပ်ထားသည့် နေရာသို့ ဆိုဗီယက် ရေငုပ်သင်္ဘော တစ်စင်း ရောက်လာဖို့ကလည်း ၄၈ နာရီပဲ လိုတော့သည်။

ကျွန်တော် နောက်လှည့်ပြီး ကျွန်တော်တို့ လာခဲ့သည့် ဘက်သို့ ပြန်ကြည့် မိသည်။ ကျွန်တော့်အတွက် အခွင့်အရေး လုံးဝမရှိပါ။ ဒါကို ကျွန်တော် သိသည်။ သို့သော်လည်း သည်နေရာမှာတင် နေပြီး သေရမည့် အချိန်ကို စောင့်မနေနိုင်ပါ။ ကျွန်တော် ကြိုးစား ကြည့်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏမျှ ကြာသည့်အခါတွင် ကျွန်တော်သည် ခေါင်းစွပ်ကြိုးစ နှစ်ဖက်ကို တင်းတင်း ဆွဲချည်ရင်း ဆီးနှင်းထုထဲ၌ နေ၍ ရဟတ်ယာဉ်ပျက်နှင့် ဝေးရာသို့ တတ်နိုင်သလောက် ခပ်သွက်သွက် လျှောက်လာ ခဲ့သည်။ ကျွန်တော့် အနေဖြင့် ဆက်ပြီး သွားနေနိုင်သေးသမျှ အသက်ရှင်နိုင် သေးသည်။ ကျွန်တော် အသွားရပ်လိုက်လျှင် သေဖို့ များသည်။ ရိုးရိုးလေးပင်၊ ကျွန်တော် နောက်ပြန် လှည့်ကြည့်သည်။

ကျွန်တော့် အနေဖြင့် နာရီ အတော်များများကြာအောင် လမ်းလျှောက်ခဲ့ ပြီးပြီဟု ထင်ရသော်လည်း တကယ်တမ်းတွင် ရဟတ်ယာဉ် ပျက်ကျသည့် နေရာမှ တစ်မိုင်ခန့် ဝေးသည့် နေရာသို့သာ ကျွန်တော် ရောက်လာ သေးသည်။ တစ်မိုင်ပင် ရှိပါ့မလား။

ကျွန်တော် ခေါင်းတဆတ်ဆတ် ခါရင်း တစ်ဖက်ပြန်လှည့်ရန် ဟန်ပြင်လိုက်စဉ် ရဟတ်ယာဉ်ပျက်၏ နောက်ဘက်နားမှ မှိတ်တုတ် မှိတ်တုတ် အလင်းရောင် နှစ်ခုကို ဖျတ်ခနဲ မြင်လိုက်သည်။ ထို့နောက် အလင်းရောင် ပျောက် သွားသည်။

အလင်းရောင် မြင်လိုက် ရသည်ဟု ထင်လိုက်မိသောဘက်သို့ အတန်ကြာအောင် ကျွန်တော် ဝေးကြည့်နေမိသည်၊ အလင်းရောင်ကို ထပ်ပြီး မြင်ရသည်။ ပို၍ နီးကပ်လာသည်၊ ပို၍ နိမ့်လာသည်။ နောက်ဆုံးတွင် ရဟတ်ယာဉ် တစ်စင်း၏ အင်ဂျင်စက်သံက လေသံကို ကျော်ပြီး ကျွန်တော့်ဆီသို့ ရောက်လာသည်။ ရဟတ်ယာဉ်ပျက်ပေါ်မှ ခပ်နိမ့်နိမ့်ပျံသန်းလာသော ရဟတ်ယာဉ်ကို အကဲခတ် နေစဉ် ဆီးနှင်းထဲတွင် ကျွန်တော် အလိုလို ဝပ်ချလိုက် မိသည်၊ ရဟတ်ယာဉ်က အပျက်အစီး ပုံ အလွန်တွင် ဆင်းသက်သည်။

ရောက်လာသည့် ရဟတ် ယာဉ်မှ ဆင်းလာ ကြသော လူရိပ် မည်းမည်းများကို မီးညွှန့်များ၏ အလင်းရောင်ထဲတွင် မြင်နေရသည်။ ဆိုဗီယက် စခန်းမှ လူများဖြစ်ကြောင်း အထင်မှားစရာ မရှိပါ။ ကျွန်တော် စောင့်ကြည့် နေစဉ် ဒုတိယ ရဟတ်ယာဉ် တစ်စင်း ပေါ်လာ ပြန်သည်။ ထို့နောက် တတိယ တစ်စင်း၊ ရဟတ်ယာဉ် တစ်စင်း ဆင်းသက် လာစဉ် ကျန်သည့် တစ်စင်းက အနားမှ ဝဲပြီး အောက် ဘက်မှ ရဟတ်ယာဉ်ပျက်ကို မီးမောင်းဖြင့် ထိုးပြ ထားသည်။

ရဟတ်ယာဉ်ပျက်ထဲတွင် အလောင်း တစ်လောင်းသာ ရှိကြောင်း သူတို့ ရိပ်မိသွားဖို့ရာ သိပ်ကြာမည် မဟုတ်ပါ။ ကြည့်ရသည့် ပုံစံအရ သူတို့သည် ကျွန်တော့်ကို သည်နေရာတွင် ထင်ရာ လျှောက်သွားခွင့် ပြုလိမ့်မည် မထင်ပါ။

ကျွန်တော် ဘယ်သူ ဘယ်ဝါ ဖြစ်မှန်း သူတို့ ကောင်းကောင်း သိထားသည်။ သို့မဟုတ်ကလည်း ခန့်မှန်း၍တော့ ရနေကြလောက်သည်။ ကျွန်တော်သည် ဆက်သွယ်ရေး ခန်းထဲသို့ တန်းပြီး သွားခဲ့သောကြောင့် ရေဒီယိုသတင်းအကြောင်းနှင့် ရေဒီယိုသတင်း၏ လာရင်း ကိစ္စကို ကျွန်တော် သိနေပြီဟု ခန့်မှန်း မိကြလိမ့်မည်။

ရုရှားများ အားလုံး ကျွန်တော့်ကို ထွက်ရှာနေကြသည့် အချက်က ပေါ်တီဘတ် သံသယဖြစ်နေခဲ့သည် ကိစ္စ ... လိုက်သည်နှင့် အတူတူပင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်ဖက်လှည့်ပြီး ဆီးနှင်းထုထဲမှ တစွပ်စွပ် လျှောက်ထွက်လာခဲ့သည်။ ကျွန်တော့် ခေါင်းထဲတွင် အကြံ တစ်ခု ရှိနေသည်။

ပထမဆုံး အနေဖြင့် ကျွန်တော်သည် လေယာဉ်ပျက်မှ တတ်နိုင်သလောက် ဝေးအောင် သွားရမည်။ ကျွန်တော် *ဝေးဝေး ရောက်သွားလေ သူတို့က ကျွန်တော့်ကို ပိုပြီး* ဖြန့်ကြက်ရှာရလေ ဖြစ်မည်။ သို့ဆိုလျှင် ရဟတ်ယာဉ် များက တစ်စင်းနှင့် တစ်စင်း နေရာချင်း အတော် လှမ်း သွား ကြလိမ့်မည်။

ကျွန်တော် မတ်တတ်ရပ်နေခဲ့ဖူးသည့် ကုန်းထိပ်၏ နောက်ဖက်တွင် ရေခဲနှင့် ဆီးနှင်းများက အမှောင်ထုထဲသို့ ထိုးဆင်း သွားသည်။ ကျွန်တော်သည် တောင်ကုန်း တစ်ခု၏ တစ်ဖက် ခြမ်းမှာများ ရှိနေသလားဟု စဉ်းစား ကြည့်သည်။ သည် ကုန်းစောင်းသည် အောက်သို့ ပို၍ နက်ဆင်းပြီး ကျွန်တော့် အား ချောက်ထဲသို့ ကျစေနိုင်ခြင်း ရှိမရှိ မသိနိုင်ပါ။

သို့သော်လည်း နောက်ကြောင်း ပြန်လှည့်ခြင်းက သေမင်း ကို လက်ယပ်ခေါ်ခြင်းနှင့် အတူတူပင်။ ကျွန်တော့်တွင် အခွင့်အရေး တစ်ခု ရှိသေးသည်။ ဘယ်လောက်ပဲ စွန့်စား ရသည်ဖြစ်စေ သည် အခွင့်အရေးကို ကျွန်တော် အသုံးချ ရမည်။

ကျွန်တော် လျှောက်လှမ်းနေသည့် နယ်မြေက အောက် ဖက်သို့ ဆက်ပြီး လျှောဆင်းနေသည်။ တစ်ခါတလေတွင် ခပ် ပြေပြေလေး လျှောဆင်း သော်လည်း တစ်ခါတလေမှာတော့



မတ်စောက်သည်။ သို့သော်လည်း နောက်ထပ် တစ်မိုင်ခန့် သွားမိသော အခါ ကျွန်တော်သည် ကမ်းရိုးတန်း အထိ ရောက်အောင် ဆင်းသွားသည့် တောင်ကုန်းငယ် ကလေး များ အကြားတွင် သွားနေခြင်း ဖြစ်ကြောင်း ရိပ်မိလာ သည်။

နောက်ထပ် ကုန်းမြင့်ကလေး၏ ထိပ်သို့ ရောက်သော အခါ နောက်ပြန် လှည့်ပြီး အမှောင်ထုထဲကို လိုက်ရှာကြည့် မိသည်။ ကျွန်တော်၏ ညာဘက် ယွန်းယွန်းမှ ရဟတ်ယာဉ် တစ်စင်းမှ မီးရောင်ကိုပဲ မြင်ရသည်။

ရုရှား များက ကျွန်တော့်ကို စတင် ရှာဖွေ နေကြပြီ။ ကျွန်တော်သည် လေယာဉ် ပျက်ကျ၍ မသေဘဲ သည်နေရာ တစ်ဝိုက်တွင် ရောက်နေကြောင်း သူတို့ ရိပ်စားမိသွားကြပြီ။ နောက်ထပ် ဆင်ခြေလျှော တစ်ခုကို ကျွန်တော် ဆက်ဆင်း သည်။ ချက်ချင်းလိုလို ခလုတ်တိုက်လဲပြီး အောက်ဖက်သို့ ကိုက် ၅၀ ခန့် လိမ့်ဆင်းသွားသည်။ ကျွန်တော့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသော်လည်း ထိခိုက်မှုတော့ မရှိပါ။ ခဏ အကြာတွင် ကျွန်တော် အသက်ရှူပြီး မတ်တတ်ထရပ် သည်။ ထိုအခိုက်မှာပင် ကျွန်တော့် အထက်မှ ရဟတ်ယာဉ်သံ ကို နီးနီးကပ်ကပ် ကြားလိုက်ရသည်။ ကျွန်တော် ပြန်ထိုင်ချ လိုက်သည်။

ရဟတ်ယာဉ်က ကျွန်တော့် အထက်မှ ကပ်ပြီး ဖြတ်ကျော် သွားသည်။ ပန်ကာမှ မှုတ်ထုတ်လိုက်သည့် လေဝဲကြောင့် ဆီးနှင်းများပင် အပေါ်သို့ လုံးတက်လာသည်။ စက္ကန့်ပိုင်းမျှ

www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် ရဟတ်ယာဉ် ပြန်ရောက်လာသည်။ ကျွန်တော့် နောက်ဘက်နားတွင် ဆင်းသက်သည်။ နှစ်မိနစ်ခန့် အကြာ တွင် သူတို့က ကျွန်တော့်ကို ပက် လက် လှန် လိုက် ကြ ပြီး မျက်နှာကို မီးဖြင့် ထိုးကြည့်သည်။ လူ တစ် ယောက် က ကျွန်တော့် ခန္ဓာကိုယ် တစ်ခုလုံး လိုက်ရှာပြီး လူဂါ သေနတ် ထုတ်ယူ သွားသည်။ ခဏ အကြာတွင် လူ နှစ်ယောက်က ကျွန်တော့်ကို ဆွဲထူသည်။ ကျွန်တော်က ခန္ဓာကိုယ်ကို ပျော့ခွေ ချထားရာ သူတို့ကကျွန်တော့်ကို ရဟတ်ယာဉ်ဆီသို့ တရွတ်ဆွဲ ခေါ်သွားကြ ရသည်။

'ဒါဟာ အမေရိကန် ပဲ'ဟု တစ်ယောက်က ဆိုသည်။

'သူ့ ဆီက လက်နက် သိမ်းပြီး ပြီလား'

ရဟတ်ယာဉ် နားသို့ ကျွန်တော် တို့ ချဉ်းကပ် လာစဉ် ရဟတ်ယာဉ်ထဲမှ လူတစ်ယောက်က လှမ်းမေးသည်။

'သူ့ သေနတ်ကို ကျွန်တော် သိမ်းပြီးပါပြီ'ဟု ကျွန်တော့် ညာဘက်မှ လူက ပြန်ဖြေသည်။

သူတို့က ကျွန်တော့်ကို ရဟတ်ယာဉ်နောက် ခုံပေါ်သို့ တင်ပေးလိုက်ကြသည်။ ကျွန်တော်သည် ဦးခေါင်းကို ရှေ့သို့ ငိုက်ကျသွားစေပြီး ပါးစပ်မှ ဆက်၍ ညည်းနေလိုက် မိသည်။ လေယာဉ်မှူးက

'ခေါင်းဆောင် နီဘစ်၊ တပ်ဖွဲ့ နှစ် ခေါ်နေတယ်၊ သူ့ကို မိထားပြီ'

'သူ့ကို သတိထားနော် ဗာစီလီ၊ ဒီကောင်က အန္တရာယ် များတယ်'ဟု ရေဒီယိုမှ အသံ ပေါ်လာသည်။



'သူ့ရဲ့ လက်နက်လည်း ရထားပြီးပါပြီ၊ သူက သတိရ တစ်ချက် မရ တစ်ချက် ဖြစ်နေတယ်'

'သူ့ကို အုပ်ချုပ်ရေးရုံးကို တစ်ခါတည်း ခေါ်ခဲ့၊ အခု တို့ အားလုံး ပြန်ကြမယ်'

'ကောင်းပါပြီ ဆရာ'

အားလုံး ရဟတ်ယာဉ်ပေါ် တက်လိုက် ကြသည်။ ရဟတ် ယာဉ် ပျံတက်လာစဉ် ကျွန်တော် မျက်စိ တစ်ဖက်ကို မသိ မသာ ဖွင့်ကြည့်သည်။

ကျွန်တော့် ဘေးတွင် လူတစ်ယောက် ကပ်ထိုင်နေသည်။ ရှေ့ဘက်တွင် ဝဲဘက် ထိုင်ခုံ၌ လေယာဉ်မှူး ထိုင် နေ ပြီး တွဲဖက် လေယာဉ်မှူးက ညာဘက်မှာ ထိုင် နေသည်။ ကျွန်တော် သိသလောက် နောက်ထပ် မည်သူမျှ မရှိပါ။

ဆိုဗီယက် စခန်းမှ နေ၍ ရဟတ်ယာဉ်ကို ကျွန်တော် ဗွာ်အတင်း မောင်းခိုင်း ခဲ့သည့် လေယာဉ်မှူး အတွက် ကျွန်တော် စိတ်မကောင်းပါ။ သည် ရဟတ်ယာဉ်ထဲမှ အနည်း ဆုံး လူတစ်ယောက် သေရလိမ့်ဦးမည် ဟူသော အသိကြောင့် လည်း စိတ်မကောင်းပါ။ သို့သော် ယခု ကိစ္စက စစ်တိုက်နေ ကြခြင်းပင် ဖြစ်သည်။ သူတို့က ကျွန်တော်တို့ စခန်းတွင် လူ ၃၁ ယောက်ကို သတ်ပစ်ခဲ့ပြီးပြီ။ ကျွန်တော့်ကိုလည်း သတ် ပစ်ဖို့ စိတ်ကူး ထားကြသည်။ လူ့ အသက်ကို အန္တရာယ် ပေးမည့် အာဗွိဘီ-အေ များကိုလည်း မော်စကိုသို့ ပြန်ယူ သွားရန် ကြံစည် နေကြသည်။ တခြား ဘာပဲ ဖြစ်နေ ဖြစ်နေ သည်ကိစ္စကိုတော့ ကျွန်တော် အဖြစ် မခံနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင် ရဟတ်ယာဉ်က လေအိတ် မိပြီး ပြုတ်ကျသွားသည်။ ထိုအခိုက်မှာပင် ကျွန်တော်က ထိုင်ခုံခါးပတ်ကို ဖြုတ်ပြီး ရှေ့ကို လဲကျဟန် ပြင်လိုက်သည်။ ကျွန်တော်၏ သွယ်လျလျ ဓားမြှောင်လေးကို ဓားအိမ်ထဲမှ အသာချွတ်ပြီး ညာဘက် လက်ဖြင့် အသာ ဆကိုင် လိုက်သည်။

ကျွန်တော့် နံဘေးမှ လူက ကျွန်တော့်ကို လှမ်းဆွဲသည်။ ကျွန်တော်က ညာ လက်သီးကို ဆုပ်ပြီး သူ့ မျက်ခွက်ကို နှစ်ချက် ဆင့်ထိုး ပစ်လိုက်သည်။ ထိုလူ၏ ခေါင်းက နောက်သို့ လန်သွားပြီး ရဟတ်ယာဉ်၏ နောက်ပိုင်းနှင့် သွားဆောင့်မိသည်။

တွဲဖက် လေယာဉ်မှူးက နောက်သို့ လှည့်ကြည့်ပြီး ခြောက်လုံးပြူးကို ဆွဲထုတ်ရန် ပြင်လိုက်သည်။ ကျွန်တော် ရှေ့သို့ ခါးကိုင်းပြီး ချွန်မြနေသည့် ဓားမြှောင်ဦးဖြင့် လေယာဉ်မှူး၏ လည်ပင်းကို ထောက်ထား လိုက်သည်။

'မင်းရဲ့ သေနတ်ကို ချလိုက်၊ မချရင် မင်း ဆရာ သေသွားလိမ့်မယ်'

တွန့်ဆုတ်ဆုတ် ဖြစ်သွားသည့် တွဲဖက် လေယာဉ်မှူး၏ လက်မှ ခြောက်လုံးပြူးက နောက်ခုံ၏ ကျောမှီနှင့် တပြေးညီ ဖြစ်နေသည်။

'ငါ ပြောသလို လုပ်ပါ ရဲဘော်၊ တို့အားလုံး အသက် မသေစေ ချင်ဘူး'

တွဲဖက် လေယာဉ်မှူးက နောက်ဆုံးတွင် ခေါင်းညိတ်ပြီး ရှေ့ကို ပြန်လှည့် သွားသည်။



'နောက်ကို ပြန်လှည့်၊ ငါ မင်းရဲ့ သေနတ်ကို လိုချင်တယ်'

ကျွန်တော့် နံဘေးမှ လူမှာ သတိ ပြန်မရ သေးပါ။ တွဲဖက် လေယာဉ်မှူးက သူ့ကို လှမ်းကြည့်သည်။ ပြီးမှ ထိုင်ခုံပေါ်မှ အသာ ကျော်ပြီး ခြောက်လုံးပြူးကို ကျွန်တော့် ခြေထောက်နားသို့ ပစ်ချ ပေးသည်။ ကျွန်တော်သည် ဓားမြှောင်ကို ဘယ် လက်ဖြင့် ပြောင်းကိုင်လိုက်သည်။ ဓားဦးကိုမူ လေယာဉ်မှူး၏ လည်ပင်းသို့ ချိန်ထားဆဲပင်။ ပြီးမှ ခြောက်လုံး ပြူးကို ကုန်း ကောက် လိုက်သည်။

'လေယာဉ်မှူးရဲ့ နောက်စေ့ကို ငါ သေနတ်နှင့် ချိန်ထား တယ်နော်၊ ဒါပေမယ့် ငါ ပြောတဲ့ အတိုင်း မင်း လုပ်ရင် ဘယ်သူမှ အနာတရ မဖြစ် စေရဘူး'

'ခင်ဗျားက ဘာလုပ်ချင် လို့လဲ'ဟု လေယာဉ်မှူးက မေး လာသည်။

ကျွန်တော်က ညာဘက်ကို လက်လှမ်းပြီး သတိလစ်နေသူ ထံမှ သူ၏ သေနတ်နှင့် ကျွန်တော်၏ လူဂါကိုပါ ပြန်ယူ လိုက်သည်။

'မင်းရဲ့ ရဟတ်ယာဉ်ကို အမေရိကန် စခန်းဆီ ဦးတည်ပြီး ပျံသန်းပါ၊ အခု ချက်ချင်း လှည့်လိုက်'

လေယာဉ်မှူး နှစ်ယောက် အချင်းချင်း ကြည့်သည်။ ရဟတ်ယာဉ်က ညာဘက်သို့ ကွေ့သွားသည်။ အတန်ကြာ အောင် ကွေ့နေပြီးမှ တည့်တည့် ပျံသန်းသည်။

'မင်းရဲ့ ရေဒီယိုကို အမေရိကန် စခန်းရဲ့ လှိုင်းနှင့် ညှိလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏမျှ တုံ့ဆိုင်း သွားပြီးမှ တွဲဖက် လေယာဉ်မှူးက ရေဒီယို လှိုင်းရှာသည့် ခလုတ်ကို လှည့်သည်။ ကျွန်တော်က ဆက်ပြီး

'စကား ပြောခွက်ကို ငါ့ဆီ ပေးစမ်း'

ကျွန်တော့်ဆီ ကမ်းပေးသည့် စကားပြော ခွက်ကို ပါးစပ်နား တေ့ပြီး စကားပြော ခလုတ်ကို ရှေ့ထိုးလိုက်သည်။

'မက္ကမာဒို စခန်းက လား၊ မက္ကမာဒို စခန်းက လား၊ ဗိုလ်မှူးကြီး ကာတာ စကား ပြောနေတယ်၊ ကြားလား'

တရှဲရှဲ အသံမှ လွဲ၍ အသံချဲ့စက်တွင် ဘာသံမျှ ပေါ်မလာပါ။

'ရဟတ်ယာဉ်ကို အပေါ် နည်းနည်း ထပ်တက်ပြီး ပျံလိုက်စမ်း'

ကျွန်တော် ပြောလိုက်သည့် အခါ ရဟတ်ယာဉ်က အပေါ်သို့ မြင့်တက် သွားသည်။

'မက္ကမာဒို စခန်းက လား၊ ဗိုလ်မှူးကြီး ကာတာ ခေါ်နေတယ်၊ ကြားသလား၊ ဒါပဲ'

'မက္ကမာဒို စခန်းက ပြောနေတယ်'ဟူသော အမေရိကန် လေသံ တစ်ခုက အသံချဲ့စက်တွင် ပေါ်လာသည်။ 'ဘယ်သူလဲ ဆိုတာ ထပ်ပြောပါ'

'မက္ကမာဒို၊ အခု စကား ပြောနေတာ ဗိုလ်မှူးကြီးကာတာ ဖြစ်တယ်၊ ငါဟာ ဒု ဗိုလ်မှူးကြီး တီဘတ်နှင့် အတူ စုံစမ်းရေး အဖွဲ့မှာ ပါဝင်သူ ဖြစ်တယ်'



'ကောင်းပါပြီ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီးတို့ ဆီကို အဆက်အသွယ် လုပ်ကြည့်နေတာ ၁၂ နာရီလောက် ရှိပြီ၊ အခြေအနေ အထား ဘယ်လို ရှိသလဲ၊ ဒု ဗိုလ်မှူးကြီး တီဘတ်ရော ပါလာသလား'

'မပါဘူး၊ ကိုင်း အခု ငါ ပြောမယ့် စကားကို သေသေချာချာ နားထောင် စမ်း၊ ငါဟာ မင်းတို့နှင့် မိုင် ၂၀လောက် အကွာမှာ ရှိတဲ့ ဆိုဗီယက် ရဟတ်ယာဉ် တစ်စင်းပေါ် ရောက်နေတယ်၊ လေယာဉ်မှူးနှင့် တွဲဖက် လေယာဉ်မှူးကို ငါ သေနတ်နှင့် ချိန်ထားတယ်၊ နောက် တစ်ယောက်ကတော့ အခုထိ သတိ ပြန်မရ သေးဘူး၊ ငါတို့ဟာ စခန်းက လေယာဉ်ကွင်း လယ်ကောင်မှာ ဆင်းသက်မယ်၊ အဲဒီမှာ ငါတို့ကို ကြိုဆိုဖို့ လက်နက်ကိုင် အစောင့်တွေ ချထားပေးပါ'

အတန်ကြာအောင် အသံတိတ် သွားသည်။ ထို့နောက် ဒုတိယ အသံ တစ်ခု ပေါ်လာသည်။

'ကာတာ၊ ဒါဟာ ရယ်စရာ ပြောနေ တာလား'

'မဟုတ်ဘူး ကွ'ဟု ကျွန်တော်က ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။ 'ငါတို့နှင့် တွေ့ဆုံဖို့ လက်နက်ကိုင် အစောင့်တွေ ချပေး ထားပါ၊ လေယာဉ် ဆီဖြည့်တဲ့ ထရပ်ကား တစ်စီးလည်း လွှတ်ထားပါ၊ ငါ့ကို လေယာဉ်ကွင်းမှာ ချပေးပြီးတာနှင့် သူတို့ကို ပြန်လွှတ်လိုက် ချင်တယ်၊ ငါ ပြောတာ နားလည် လား'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ ဗိုလ်မှူးကြီး၊ နားလည်ပါပြီ၊ ကျွန်တော် ကတော့ ဗိုလ်မှူးကြီး ရယ်စရာ လုပ်နေတာ ဖြစ်ပါလို့ ဆုတောင်း ပါတယ်'

'ငါက ရယ်စရာ လုပ်နေတာ မဟုတ်ဘူး၊ ကိုင်း လုပ်စရာ ရှိတာ ဆက်လုပ်၊ လေယာဉ်ကွင်းကို တို့ ရောက်လာမယ့် ခန့်မှန်းခြေ အချိန်က....'

ကျွန်တော် စကားပြောခွက်ကို ပိတ်ပြီး လေယာဉ်မှူးကို ရှိရှားလို့ လှမ်းမေး လိုက်သည်၊ ကိုးမိနစ်ဟု အဖြေ ရသည်၊

'...တို့ ရောက်လာဖို့က ခန့်မှန်းခြေ ကိုး မိ နစ် လောက် ကြာဦးမယ်၊ နားလည် လား'

'ရပြီ၊ ဗိုလ်မှူးကြီးတို့ရဲ့ ရဟတ်ယာဉ်ကို ရေဒါမှာ ဖမ်းမိ ထားပြီ'

ကျွန်တော်က စကားပြော ခွက်ကို ရှေ့သို့ ပြန်ပေး လိုက်ရင်း

'ဘာမှ ညာဏ်နီ့ ညာဏ်နက် မများ နှင့်နော်၊ တို့က လေယာဉ်ကွင်း အလယ်ကောင် တည့်တည့်ကို ဆင်းမယ်၊ အဲဒီမှာ လက်နက်ကိုင် အစောင့်တွေ ချထား လိမ့်မယ်၊ ငါ ဆင်းနေ ခဲ့မယ်၊ မင်းတို့ ရဟတ်ယာဉ်ကို အမေရိကန် ရေတပ်က စေတနာနှင့် လေယာဉ်ဆီ အလကား ဖြည့်ပေး လိုက်မယ်၊ မင်းတို့ကို မင်းတို့ရဲ့ စခန်း ပြန်သွားခွင့် ပေးမယ်၊ ငါ ပြောတာ ရှင်းပါတယ် နော်'

'ရှင်းပါတယ်' ဟု လေယာဉ်မှူးက ပြောသည်။ တွဲဖက် လေယာဉ်မှူးက ခေါင်းညိတ် ပြသည်။



သုံး လေး မိနစ်ခန့် ဆက်သွားမိသော အခါ အမေရိကန် ...း မှ မီးရောင်များကို မြင်လာရသည်။ လေယာဉ်မှူးက ...က် လေယာဉ်မှူးကို တစ်ချက် လှမ်း ကြည့်သည်။ နှစ်ဦး ...း ခေါင်းညိတ်သည်။ ပြီးမှ လေယာဉ်မှူးက

'ဗိုလ်မှူးကြီး ကာဘာ' ဟု ကျွန်တော့်ကို ခေါ်သည်။

'ဘာလဲ'

'ကျွန်တော်...ကျွန်တော်တို့ စခန်းကို မပြန်ချင် တော့ဘူး'

'ခင်ဗျားက ကျွန်တော့်ကို ဘာပြောနေ တာလဲ'

'ကျွန်တော်တို့ စခန်းကို မပြန်ချင်တော့ ဘူးလို့ ပြော ...ပါ'

'ခင်ဗျားတို့က ကျုပ်တို့ ဘက်ကို ထွက်ပြေးချင် လို့လား၊ ...သလို ပြောတာ လား'

တွဲဖက် လေယာဉ်မှူးက ခေါင်းညိတ် ပြသည်။

'ကျုပ် ဘေးက လူကို ဘယ်လို လုပ်မလဲ'

'သူ လည်း ကျွန်တော် နှင့် အတူ တူ လိုက် မှာ ပါ၊ ...အကြောင်းကို အစတုန်း က တည်း က ကျွန်တော်တို့ ...ဆွေးနွေးဖူး ပါတယ်'

...မီးထွန်းထားသည့် လေယာဉ် ကွင်းသို့ ကျွန်တော်တို့ ...ချင်အမြန် ရောက်လာ ကြသည်။ သူတို့က ကျွန်တော်တို့ ...ပတ်ရိုက်ဖို့ ကြံတာ များလား၊ မဖြစ် နိုင်ပါ။

'ရဟတ်ယာဉ်ကို ဂရုတစိုက် ဆင်းနော်'

'ကျွန်တော်တို့ နောက်ကြောင်း မပြန် ချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကို ကျုပ် စဉ်းစားရ ဦးမယ်၊ ဒါပေမယ့်
ကိစ္စဟာ ခင်ဗျားတို့ အနေနှင့် ဘယ်လောက် ပူးပေ
ဆောင်ရွက်သလဲ ဆိုတဲ့ အပေါ်မှာ တည်တယ်၊ နားအ
ရဲ့လား'

'နားလည်ပါတယ်'ဟု နှစ်ဦးက အဖြေ ပေးသည်။

လေယာဉ်မှူးက လေယာဉ်ကွင်း အလယ် ကေ
တည့်တည့် ဆင်းသက်သည်။ အင်ဂျင် စက်ကို ရပ်သ
ကျွန်တော်တို့ကို လက်နက်ကိုင်များ လာဝိုင်းထားပြီး သေ
များဖြင့် အသင့် ချိန်ရွယ် ထားသည်။ ကျွန်တော်က ရ
ယာဉ် တံခါးကို ဖွင့်ပြီး

'ငါဟာ ဗိုလ်မှူးကြီး ကာတာ ပဲ' ဟု အော်ပြော
သည်။

ကျွန်တော်တို့ သုံးယောက် အောက်ကို ဆင်းပြီး
လစ်နေသည့် လူကို အောက်သို့ တွဲချ လိုက်သည်။ ခေ
အရာရှိ တစ်ယောက်က

'ဗိုလ်မှူးကြီး ကာတာ ပါလား၊ ဘယ်ကနေ ဘ
ရောက်လာ တာလဲ'

'ဆိုဗီယက် စခန်းက ငါ ထွက်လာတာ၊ မင်းကို ရှင်း
အချိန် မရှိဘူး၊ ဒီ ရဟတ်ယာဉ်ကို လူ မမြင်နိုင်တဲ့ နေ
သွားသိမ်းထား လိုက်စမ်း ကွာ၊ ဒီ လူသုံးယောက်ကိ
စစ်ချက် ယူလို့ ရမယ့် အခန်း တစ်ခန်းထဲ ပို့ထား
သူတို့ထဲက တစ်ယောက်ကို ဆေးဝါး ကုသပေးဖို့ ဆ
တစ်ဦးပါ ခေါ်ပေး လိုက်ပါ၊ သူ နာခေါင်း ကျိုးသ



တို့ကို ထမင်း ဟင်းလည်း ကျွေးထား လိုက်ပါ၊ နောက်ပြီး
အနေနှင့် ဆက်သွယ်ရေး ခန်းမကို ချက်ချင်း အသုံးပြု
င်တယ်၊ ငါ စားဖို့ တစ်ခုခု အဲဒီ အခန်းထဲကို လာပို့ပါ'

'နောက်ထပ် ဘာလိုချင်သေးသလဲ ဗိုလ်မှူးကြီး'

'စီးကရက် တစ်ဘူးနှင့် ဘရန်ဒီ တစ်ပုလင်း လိုချင်တယ်၊
င်း သွားကြစို့၊ ငါတို့မှာ အချိန် သိပ် ရတာ မဟုတ်ဘူး'

ရေဘပ် အရာရှိက ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်
ပြီးမှ ခေါင်းခါသည်။ ပြီးမှ

'ကောင်းပြီ၊ ဗိုလ်မှူးကြီး ပြောတာ မင်းတို့ ကြားတယ်
နော်၊ လေယာဉ် အဖွဲ့က ဒီ ငှက် ကို သွား သိမ်း ထား
လိုက်ကြ၊ စမစ်ဘီ...မင်းက လူနှစ်ယောက် ခေါ်ပြီး ဟောဒီက
လူတွေကို အုပ်ချုပ်ရေးရုံးထဲ ခေါ်သွား၊ သူတို့ကို ပြုစုပြီး
ကျွေးမွေး ထားလိုက်'ဟု သူ့ လူများကို အမိန့် ပေးလိုက်
သည်။

ပြီးမှ ကျွန်တော့်ဘက် လှည့်ပြီး

'ဗိုလ်မှူးကြီး ကိုတော့ ဆက်သွယ်ရေး ရုံး ခန်း အထိ
ကျွန်တော် ကိုယ်တိုင် လိုက်ပို့ပါမယ်'

သူ့ နောက်မှ နေ၍ စနိုကက် တစ်စီးဆီသို့ ကျွန်တော်
လိုက်သွားသည်။ စနိုကက်ပေါ် တက်ပြီး လေယာဉ် ကွင်းမှ
ထွက်လာခဲ့ကြသည်။

'ကိုင်း ဗိုလ်မှူးကြီးတို့ ဆီမှာ ဘာတွေ ဖြစ်ပျက်နေခဲ့သလဲ
ဆိုတာ ကျွန်တော့်ကို ပြောပြပါလား၊ ဒု ဗိုလ်မှူးကြီး တိဘတ်
ဘယ်ရောက် နေသလဲ ဆိုတာက စပြီး ပြောပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ပေါ်တီဘတ် သေသွားပြီး သူဟာ လူသတ် ခံ လိုက်တာပဲ'

'ဘုရားရေ၊ အဲဒီမှာ ဘာတွေ ဖြစ်နေတာလဲဗျာ'

'မင်း ဆီမှာ လက်နက်ကိုင် အားလုံး ဘယ် နှစ်ယော ရှိသလဲ'

'၂၂ ယောက်၊ အဲဒီ လူ အားလုံးကို ဗိုလ် မှူး မြင်ပြီး ပါပြီ'

'ဒီပြင် လက်နက်တွေရော ရှိသေးသလား'

'ဒီမှာ ရှိတဲ့ လူတွေဟာ သိပ္ပံ ပညာ ရှင်တွေ များ တယ်'

'နောက် တစ်နာရီ-နှစ်နာရီ အ တွင်း မှာ ဒီ စခန်း လာပြီး တိုက်ခိုက်ချင် တိုက်ခိုက်ကြလိမ့်မယ်၊ မင်းရဲ့ ရေ သမားတွေကို ဆိုဗီယက် စခန်း ရှိတဲ့ဘက်ကို သေသေချာ စောင့်ကြည့် ခိုင်းပါ'

'အဲသလို မဖြစ်နိုင်ပါဘူး ဗျာ'

'ဖြစ်နိုင်လို့ ဖြစ်နေပြီပဲ ကွ၊ သူတို့ ငါ့ နောက်ကို လိုက်လာ ကြလိမ့်မယ်၊ ဒါပေမယ့် ငါက တစ်နာရီ အတွင်း ဒီက ပြန်ထွက် သွားမှာ၊ ငါ့ အတွက် စနိုကက် ကောင်းကောင်း တစ်စီးရယ်၊ ရိုင်ဖယ် နှစ်လက်နှင့် ကျည်ဆန်တွေရယ်၊ စားနပ် ရိက္ခာ၊ အသက်ကယ် ပစ္စည်းတွေ၊ ရေဒီယို အသံ ဖမ်း စက် တစ်လုံးနှင့် နေရာရှာတဲ့ ရေဒီယို စက် တစ်လုံး လိုချင်တယ် ဒါမှ ငါ သုတေသနစခန်းကို ရောက်အောင် ပြန် သွား လို့ ရမှာ'



'ဘာတွေ ဖြစ်နေလို့လဲ ဗိုလ် မှူး ကြီး၊ ဒုဗိုလ် မှူး ကြီး တီဘတ်ကို ဘယ်သူတွေက သတ်သွား တာလဲ၊ ရုရှားတွေ လား'

ဆက်သွယ်ရေး ခန်းမကို ကျွန်တော်တို့ ရောက်လာကြ သည်။

'ငါ ဝါရှင်တန်ကို သတင်း တစ်ပုဒ် ပို့ စ ရာ ရှိ တယ်၊ ငါ သတင်းပို့နေတုန်း ငါ လိုချင်တဲ့ ပစ္စည်းတွေကို အဆင် သင့် လုပ်ထားပါ၊ ပြီးရင် ဟို ရုရှား သုံး ယောက် နှင့် ငါ စကား ပြောမယ်၊ အဲ ဒီ နောက် မှ အ ချိန် ရ ရင် မင်း ကို ငါ ရှင်းပြမယ်'

'ကောင်းပါပြီ ဒါပေမယ့် ဗိုလ်မှူးကြီး တွက်ကိန်း လွဲနေ ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်'

'ငါလဲ မင်းလိုပါပဲ ကွာ'

ကျွန်တော် ပြန်ဖြေ လိုက်သည်။ သို့သော် ကျွန် တော့် တွက်ကိန်း မလွဲပါချေ။

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

ဗိုလ်မှူး ဘော့သီရစ်ဆင်က ဆက်သွယ်ရေး ခန်းမအတွင်းရှိ လျှို့ဝှက်ဌာနစိတ်၏ တံခါးပေါ်မှ လူခေါ် ခေါင်း လောင်းကို နှိပ်လိုက်သည်။ တစ်စက္ကန့်မျှ အကြာတွင် အသက် ငယ်ငယ် ဒုဗိုလ် တစ်ယောက်က ဘုမသိ ဘမသိ အမူအရာဖြင့် တံခါး လာဖွင့်ပေးသည်။

ကျွန်တော်တို့က သူ့ကို ပွတ်ဖြတ်လာပြီး အခန်းတွင်းသို့ ထောက်လျှောက် တန်းဝင်လာသည်။ အခန်းထဲတွင် စကားဝှက် ရေးသည့် ဖော်သည့် ကိရိယာ များနှင့် အ ဝေး နှင့် ကြေးနန်း ဆက်သွယ်သော တယ်လီပရင်တာ စက် ခြောက်လုံးခန့် ရှိနေသည်။ သီရစ်ဆင်က ဒုဗိုလ်လေးအား

'ဒါဟာ ဗိုလ်မှူးကြီး ကာတာပဲ၊ ရေတပ် ထောက်လှမ်းရေး ဌာနက။ လျှို့ဝှက် ကိစ္စ တွေနှင့် ပတ်သက်ပြီး ထိပ်တန်း စိတ်ချရသူ တစ်ယောက်လို့ သတ်မှတ် ခံထား ရပြီးတဲ့ သူပဲ၊ သူ လိုချင်တာ အားလုံး လုပ်ပေး လိုက်ပါ'

'ကောင်းပါပြီ ဗိုလ်မှူး'

ဒုဗိုလ်လေးက ပြန်ဖြေပြီး ကျွန်တော့်ကို မရေ မရာဖြင့် လှမ်းကြည့်သည်။ သီရစ်ဆင်က ကျွန်တော့်ဘက် လှည့်၍

www.burmeseclassic.com

www.burmeseclassic.com



'ဗိုလ်မှူးကြီး တောင်းထားတဲ့ ပစ္စည်းကို နာရီဝက်အတွင်း ရအောင် လုပ်ပြီး ကျွန်တော် လာခဲ့ ပါမယ်၊ ဒါနဲ့ အချိန် လုံလောက်ပါတယ် နော်'

'ကောင်းကောင်း လုံလောက် ပါတယ်၊ ဒါပေမယ့် မင်းရဲ့ လူတွေကို စုထားလိုက်ရင် ကောင်းမယ်၊ အရပ်သား ဘက်က ကိုယ်စားလှယ် တစ်ယောက် နှစ်ယောက်လည်း ပါပလေ့စေ၊ ငါ ခေါ်လာတဲ့ လူသုံးယောက်ကို မေးမြန်းပြီးတာနဲ့ မင်းတို့ အားလုံးကို အကျဉ်းရုံးပြီး ရှင်းပြမယ်'

'သူတို့က ဒီမှာ ပစ်လား ခတ်လား လုပ်ကြဦး မှာလား'

'သူတို့ကို သာမန် ခုခံရုံလောက်ပဲ တုံ့ပြန်ခဲ့ ရင်တော့ ပစ်လား ခတ်လား သိပ်ရှိမယ် မထင် ပါဘူး၊ ငါ မရှိတော့ မှန်း သိတာနဲ့ သူတို့တွေ ပြန်ထွက်သွားကြ မှာပဲ'

ကျွန်တော်က အခန်းထဲမှ ပစ္စည်းကိရိယာများကို ဝေ့ဝိုက် ကြည့်ရင်း

'ငါ ဒီမှာ စကား ပြောဆိုလို့ ပြီးတာနဲ့ ဒီက ပစ္စည်း တွေကို ဖျက်ဆီးပစ် လိုက်ပါ'

'ဘာဖြစ်လို့...' ဟု ဒုဗိုလ်က စကား စသည်။

'ဒီ လူ ပြောတဲ့ အတိုင်း လုပ်စမ်း ကွာ'

သီရစ်ဆင်က ဒုဗိုလ်လေးကို ငေါက်လိုက်ပြီး ချာခနဲ လှည့်ကာ ပြန်ထွက် သွားသည်။

'ပင်တဂွန်နှင့် စိတ်ချ လက်ချ ဆက်သွယ်လို့ ရတဲ့ နည်း ဘယ်နှစ်နည်း ရှိသလဲ'



'နှစ်နည်း ရှိပါတယ် ဆရာ၊ တစ်နည်းက ရေဒီယိုနှင့် ဆက်သွယ်တဲ့ နည်းပါ၊ ဒုတိယ နည်းကတော့ တယ်လီပရင်တာနှင့် ဆက်သွယ်တဲ့ နည်း ပါပဲ'

'ငါ့ ကို တယ် လီ ပ ရင် တာ နှင့် လွတ် လွတ် လပ် လပ် ဆက်သွယ်လို့ ရမယ့် လိုင်းကို ချိန်ပေးစမ်း ကွာ၊ ငါ အဆက် အသွယ် လုပ်ပြီးရင် ဒီမှာ ရှိတဲ့ ကိရိယာတွေကို ဖျက်ဆီး ပစ်၊ ပြီးရင် မင်းရဲ့ တန်းလျားမှာ သွားပြန်နေ ပေတော့'

'ဟုတ်ကဲ့ ဗိုလ်မှူးကြီး'

ဒုဗိုလ်လေးက ကျွန်တော့်ကို ပြန်ဖြေပြီး စက်တစ်လုံးဆီသို့ ထွက်သွားသည်။ ပြီးမှ ခလုတ် တစ်ခု နှစ်ခုကို ပိတ်ကာ ရုတ်တရက် အသံတိတ်သွားသည့် တယ်လီပရင်တာ တစ်လုံး ဆီသို့ လျှောက်သွားသည်။ စားပွဲပေါ်မှ ကြေးနန်း စာရွက် အလွတ်တစ်ရွက်ကို ကျွန်တော် ကောက်ယူကာ အေအိုက်စ်အီး စစ်ဆင်ရေးရုံးခန်းသို့ ပင်တဂွန်မှ တစ်ဆင့် ဆက်သွယ်နိုင်မည့် အမှတ်အသားများကို ချရေး လိုက်သည်။

တစ်ဖက်နှင့် တစ်ဖက် အဆက် အသွယ် လုပ်၍ ရမည့် အမှတ် အသား များကို ကျွန်တော် လှမ်းပေး လိုက်စဉ် ဒုဗိုလ်လေးက ပင်တဂွန်ရှိ အော်ပရေတာနှင့် အဆက် အသွယ် ရသွားပြီ ဖြစ်သည်။

'ပထမ ဂဏန်း လေးလုံးဟာ နည်းပညာ ထိန်းချုပ်ခန်း အတွက် ရေးပေး ထားတာလို့ ပြောလိုက်၊ အဲဒါဆိုရင် သူတို့က နေရာမှန်ကို ဆက်သွယ်ပေး လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောလိုက်သည့်အခါ ဒု ဗိုလ်လေးက မော့ကြည့်ပြီး ခေါင်းညိတ် ပြသည်။ သူသည် တစ်ကိုယ်လုံး တုန်ယင် နေသော်သည်း ကျွန်တော် ရေးပေးထားသည့် အတိုင်း တစ်ဖက်သို့ သတင်း ပို့ပေး လိုက်သည်။ စက္ကန့်ပိုင်းမျှ အကြာတွင် အိတ်စ် စာလုံး လေးလုံးနှင့် ခေါင်းလောင်းသံ လေးချက် ကြားရ မြင်ရပြီး တယ်လီပရင်တာတွင် အသင့် ဟူသော စာလုံး ပေါ်လာသည်။

'ကောင်းပြီ ဗိုလ်လေး၊ မင်း ကော်ဖီ သွား သောက် ပေတော့'

ကျွန်တော် နှင်လိုက်သည့်အခါ သူက 'ဟုတ်ကဲ့'ဟု ဆိုပြီး ကုလားထိုင်မှ ထသွားသည်။ တယ်လီ ပရင်တာ ရှေ့တွင် ကျွန်တော် ဝင်ထိုင်လိုက်ပြီး ခလုတ်များကို စ နှိပ်လိုက်သည်။

'ဟော့ ကို ခေါ်ပေးပါ၊ ကာတာ ဒီမှာ ရှိနေတယ်'

'ဟော့ အထက် အရာရှိနှင့် သွား တွေ့နေသည်၊ သတင်း စ ပို့ပါ ကာတာ'

ကျွန်တော် အတတ်နိုင်ဆုံး ခလုတ်များကို ခပ်သွက်သွက် နှိပ်ကာ မက္ကမာဒို ရေလက်ကြားသို့ စ ရောက် ချိန်မှ စ၍ တွေ့ကြုံရသော အဖြစ်အပျက် အားလုံးကို သတင်း ပို့လိုက်သည်။ သည်ဒေသတွင် ဆိုဗီယက်တို့ အနေဖြင့် အားဗွိဘီ-အေကို ထုတ်လုပ်ပြီး မော်စကိုသို့ သယ်ဆောင်ရန် ကြိုးပမ်းနေသည်ဟု ဒု ဗိုလ်မှူးကြီး တိဘတ် ခန့်မှန်း ခဲ့ပုံကိုပါ ထည့်ပြီး သတင်း ပို့ သည်။ ၄၈ နာရီအတွင်း အန္တာတိတ် ကမ်းခြေ တစ်နေရာတွင် ဆိုဗီယက် ရေငုပ်သင်္ဘော တစ်စင်း လာစောင့်



နေဖို့ အချိန်းအချက် လုပ်ထားပုံလည်း ပါသည်။ အားလုံး ၁၅ မိနစ်ပင် မကြာပါ။ လူရွယ် ဒု ဗိုလ်ကလေးက အခန်း တစ်ဖက်ခြမ်းမှ စားပွဲတွင် ထိုင်ပြီး စိတ်ပူသည့် မျက်နှာပေး နှင့် ထိုင်စောင့် နေသည်။

'သတင်း လက်ခံ ရရှိပြီး'ဟု တစ်ဖက်မှ အကြောင်း ပြန်သည်။ 'ဟော့ ဒီမှာ ရောက်နေပြီ၊ ဆိုဗီယက်တို့၏ ရည် ရွယ်ချက်နှင့် ပတ်သက်၍ သင်၏ ထင်မြင်ချက်ကို ပြောပြပါ'

'ဆိုဗီယက်တို့သည် မည်သည့် နည်းဖြင့် မဆို သူတို့၏ ရေငုပ်သင်္ဘောနှင့် ချိန်းထားရာသို့ ရောက်အောင် သွားကြ လိမ့်မည်။ ကျွန်တော့်အား ရှာဖွေ ဟန့်တားနိုင်ရန် ဤစခန်း သို့ အတင်းအကျပ် ဝင်ရောက် သိမ်းပိုက် ကြမည်ဟု ယူဆ ရသည်'

'ခေတ္တ ဆိုင်းငံ့ ထားပါ'ဟု တစ်ဖက်မှ အကြောင်း ပြန်သည်၊

ကျွန်တော် ကုလားထိုင်ကို နောက်ပြန် မှီပြီး ငံ့ကာ ရက် တစ်လိပ် မီးညှိသည်။ လောလောဆယ် အေအိတ်စ်အီး စစ်ဆင် ရေး ဌာနချုပ် ရုံးတွင် ခေါင်းချင်း ရိုက်နေကြမည့် အခြေ ကို ကျွန်တော် စိတ်ထဲမှ ခန့်မှန်း ကြည့်နေသည်။ အတဲဖြတ် သမားများက ဖြစ်နိုင်သည့် စီမံကိန်း မှန်သမျှ ဆွဲကြည့်နေကြ လိမ့်မည်။ ဟော့က လက်လှမ်း မီသမျှ နေရာ အားလုံးမှ အကူအညီ တောင်းနေ ချေ့မည်။

နောက်ထပ် ၁၀ မိနစ် အကြာတွင် တစ်ခါမှ ထူခေါ် ခေါင်းလောင်းသံ မြည်လာသည်။ ဒု ဗိုလ်လေးက ထပြီး

www.burmeseclassic.com

www.burmeseclassic.com



တံခါး ဖွင့်ပေးသည်။ ဗိုလ်မှူး သီရစ်ဆင်က လက်တစ်ဖက်တွင် ထမင်းဘူးဟု ထင်ရသည့် စက္ကူဘူးကလေးကို ကိုင်ပြီး နောက် တစ်ဖက်က ဘရန်ဒီ တစ်လုံးကို ဆွဲလာသည်။ ပစ္စည်းများကို စားပွဲ ပေါ်တွင် ချပြီး ကျွန်တော့် ဆီသို့ လျှောက်လာသည်။

'အသားညှပ်မုန့် နည်းနည်း ပါးပါးပဲ ရှာလို့ ရတယ်ဗျာ၊ အချိန် ရရင်တော့ နာရီဝက်လောက် ကြာရင် မနက်စာ ရလောက် ပါပြီ'

'ငါ မှာထားတဲ့ ပစ္စည်းတွေ ရပြီလား'

သီရစ်ဆင်က ဘယ်လီပရင်တာ ပေါ်မှ သတင်းကို ငုံ့ကြည့်ရင်း 'ရပြီ' ဟု ဖြေသည်။

တယ်လီပရင်တာက အသံက် ဝင်လာ ပြန်သည်။

'မဲလဘုန်းမှ နေ၍ ရေအောက် အကူအညီ အဖွဲ့များ လှကြီးမင်းထံ အစောဆုံး ရောက်ရှိလာမည့် အချိန်မှာ အနည်းဆုံး နာရီ ၆၀ လောက် ကြာဦးမည်၊ ပတ်ဝန်းကျင် တစ်ဝိုက်မှ ရေခဲတောင် များကြောင့် သင်္ဘောများ စေလွှတ်၍ ရေလေကြောင်းမှ တိုက်ခိုက်ပေး၍ အကျိုး သက်ရောက်မှု မရှိဟု ယူဆ၊ အကူ တပ်ဖွဲ့များ ရောက်သည်အထိ တင်ဖက် ရန်သူတို့ အချိန်းအချက် လုပ်ထားသည့် ကိစ္စကို ရပ်တန့် သွားအောင် သို့မဟုတ် နှောင့်နှေးအောင် ဆောင်ရွက် နိုင်ပါမည်လား၊ အကြံ ပေးပါ'



သီရစ်ဆင်က ကျွန်တော်ပို့လိုက်သည့် သတင်းနှင့် တစ်ဖက်မှ အကြောင်း ပြန်ပုံကို စောင့်ကြည့် နေသူ ဖြစ်ရာ လေတစ်ချက် ချွန်ပြီး

'ကျွန်တော်တို့မှာ စစ်တပ် မရှိဘူး နော်' ဟု ဆိုသည်။

'ဆောင်ရွက် နိုင်သည်' ဟု ကျွန်တော် အကြောင်းပြန် လိုက်သည်။

'ကံကောင်း ပါစေ' ဟု တယ်လီပရင်တာတွင် ပေါ် လာသည်။

ကျွန်တော်သည် ကြေးနန်း စာရွက်ရှည်ကြီးကို စက်ထဲမှ ဆုတ်ယူ လိုက်ပြီး သေးခေါက် ခေါက်သည်၊ ပြီးမှ မတ်တတ်ထရှင်း၊ သီရစ်ဆင်ကို လှမ်းပေး လိုက်သည်။

'ဒီ သတင်းဟာ ထိပ်တန်း လျှို့ဝှက် ဖြစ်နေတော့ ချက်ချင်း ဖျက်ဆီး ပစ်လိုက်ပါ'

သီရစ်ဆင်က ကြေးနန်း စာရွက်ကို အခန်းထောင့်မှ ခရီးဆောင် စက်တစ်လုံးဆီသို့ သွားထည့်ပြီး စာရွက်ကို အပိုင်းပိုင်း အစစ ဖြစ်အောင် ဆုတ်ခြေ ပစ်လိုက်သည်။ ကျွန်တော်က ဒု ဗိုလ်လေး အား

'ဒီနေရာကို ဆိုဗီယက်တွေ လာပြီး တိုက်ခိုက် စရာ အကြောင်း ရှိနေတယ်၊ သူတို့က ငါ့ကို ရှာဖို့ လာကြမှာပဲ၊ ဒါပေမယ့် သူတို့ တွေ့သမျှ အားလုံး သိမ်းပိုက်ထားဖို့ အမိန့် ရချင် ရထားကြမယ်၊ အဲဒီတော့ စက်ကို ဖျက်ဆီးပစ်ပြီး မင်းရဲ့ တန်းလျားကို ပြန်ပေတော့' ဟု အမိန့် ပေးလိုက် သည်။ ဒုဗိုလ်လေးက သီရစ်ဆင်ကို မော့ကြည့် လိုက်ရာ

www.burmeseclassic.com



သီရစ်ဆင့်က ခေါင်းညိတ်သည်။ ကျွန်တော်က ထမင်းဘူးနှင့် ဘရန်ဒီ ပုလင်းကို ဆွဲပြီး 'သွားကြစို့'ဟုဆိုလိုက်သည်။

သီရစ်ဆင်က ကျွန်တော်နှင့် အမီ လိုက်လာသည်။ စော့စော က ကျွန်တော့်ကို လိုက်ပို့သည့် စနိုကက် ပေါ်သို့ တက်လိုက်ကြသည်။ စနိုကက် နောက်ပိုင်းတွင် ကျွန်တော် မှာထားသည့် ပစ္စည်း ကိရိယာများ တင်ဆောင်ထားသည်။

'မင်းရဲ့ လူတွေကို ငါ ရှင်းစရာရှိတာ ရှင်းပြဖို့ အဆင်သင့် စုထားပြီး ပြီလား'

'အစည်းအဝေး ခန်းထဲ ရောက်နေကြ ပါပြီ'

'ကောင်းပြီ၊ ဒါပေမယ့် ဟိုရုရှား သုံးယောက်ကို င[ါ] အရင်ဆုံး မေးစရာ ရှိတာ မေးလိုက် ဦးမယ်'

သီရစ်ဆင် စက်နှိုးသည်။ ကျွန်တော် ဆင်းဒဝစ် စားပြီး သွားချိန်တွင် အုပ်ချုပ်ရေး ရုံးခန်း ရှေ့သို့ ရောက်လာကြသည်။ ရုံးခန်း အတွင်းသို့ ကျွန်တော်တို့ ဝင်ရောက်ပြီး ဒုဗိုလ်မှူးကြီး တိဘတ်၏ ရုံးခန်း နံဘေးမှ အခန်း ထဲသို့ တောက်လျှောက် တန်းဝင် ခဲ့ကြသည်။ တံခါး ဝ တွင် ရေတပ်သား တစ်ယောက် ကင်းစောင့် နေသည်။

'ရေဒါက ဘာတွေ ထူးခြားသေး သလဲ'

'ဘာမှ မထူးခြား သေးဘူး၊ သူတို့က လာချင်မှ လာမှာပါ'

'လာမှာပါကွာ'

ရုရှား သုံးယောက် ထိုင်နေ ကြသည့် အခန်း ထဲသို့ ကျွန်တော်တို့ ဝင်ရောက်သည်။ သူတို့ကလည်း ကျွန်တော်



[နည်]းတူ စားသောက် ပြီးခါစ ရှိသေးသည်။ တစ်ယောက် [က]ယောက် ယူလာပေးသည့် ဗော့ဒကာ တစ်ပုလင်းကို ဝိုင်း [သော]က်နေကြကြောင်း တွေ့ရသည်။

သူတို့က မော့ကြည့် လိုက်ရာ ကျွန်တော့်ကို ချက်ချင်း မှတ်မိသွား ကြသည်။ ကျွန်တော်သည် သူတို့နှင့် မျက်နှာချင်း ဆိုင်တွင် ဝင်ထိုင်ပြီး ကျွန်တော် ယူလာသည့် ဘရန်ဒီ တစ်ခွက် [င]ှဲ့ထည့်သည်။ သီရစ်ဆင်က တံခါးဝမှာ ရပ်နေသည်။

သည်လူတွေကို ကျွန်တော် အသုံးချ ရမည်။ ဒါကို ကျွန်တော် မနှစ်မြို့ပါ။ သို့သော်လည်း သည်စခန်းကို သူတို့ လူများ လာတိုက် လိမ့်မည်ဟု သံသယ ဝင်သွားလျှင် သူတို့က ကျွန်တော့်ကို ဘာသတင်းမျှ ပေးတော့မည် မဟုတ်ပါ။ သူတို့သည် ကျွန်တော်တို့ ဘက်သို့ ထွက်ပြေး ခိုလှုံလာသူများ ကဲ့သို့ မပြုမူ ကြတော့ဘဲ သာမန် အဖမ်း ခံထားရသူများ လိုသာ ပြုမူ ကြတော့မည်။

'မင်းတို့နှင့် ပတ်သက်ပြီး ဘာလုပ်ရင် ကောင်းမလဲလို့ တို့ဘက်က မဆုံးဖြတ်သေးခင် မင်းတို့ဆီက မှန်မှန်ကန်ကန် နှင့် မြန်မြန်ဆန်ဆန် အဖြေ ပေးစရာ တချို့ ရှိတယ်'

ကျွန်တော် ရုရှားလို ပြောလိုက်ရာ သူတို့က ခေါင်းညိတ် ပြသည်။

'ကောင်းပြီ၊ ဆာဗိုင်း တောင်ခြေ နားမှာ မင်းတို့နှင့် တွေ့ဖို့ ရောက်လာမယ့် ရေငုပ်သင်္ဘော အကြောင်းကို မင်းတို့ ဘယ်လောက် သိထား သလဲ'

www.burmeseclassic.com

www.burmeseclassic.com



သူတို့က အချင်းချင်း လှမ်းကြည့် ပြီးနောက် လေယာဉ်မှူးက

'ဘာမှ မသိပါဘူး၊ အဲဒီ အကြောင်း မကြားမိ ပါဘူး' ဟု အဖြေပေးသည်။ သူတို့ အမှန်အတိုင်း ပြောနေခြင်း ဖြစ်မည်ဟု ကျွန်တော့် စိတ်ထဲက ထင်လိုက်သည်။

'လွန်ခဲ့တဲ့ သုံးလေးငါးရက် အတွင်းက မင်းတို့ စခန်းမှာ ထူးထူးခြားခြား လှုပ်ရှားနေတာတွေ သတိထားမိသလား'

အားလုံး ခေါင်းညိတ်ပြသည်။ တွဲဖက် လေယာဉ်မှူးက

'လောလောဆယ် ရက်ပိုင်း အတွင်း အများကြီး ထူးခြားတာ တွေ့ရပါတယ်'

'ဘယ်လို ထူးခြားတာ မျိုးလဲ'

'လုံခြုံရေးတွေ ပိုပြီး တင်းကျပ် ထားတယ်၊ ကမ်းတက်တပ်ဖွဲ့တွေ လက်နက်တွေ အများကြီး ထပ်ဖြည့်ထားတယ်'

'ကေဂျီဘီကလည်း ရုံးတစ်ရုံး ဖွင့်ထားသေးတယ်' ဟု လေယာဉ်မှူးက ဝင်ပြောသည်။

'သူတို့က အကျိုးအကြောင်း ရှင်းပြကြသေး သလား'

အားလုံး ခေါင်းခါပြသည်။

'သိပ္ပံပညာရှင်တွေ ကြားတွေ့မှာရော'

'အခြေစိုက် စခန်းမှာ သိပ္ပံပညာရှင် သိပ်မရှိတော့ပါဘူး'

'သူတို့က ဘာဖြစ်သွား လို့လဲ'



'လွန်ခဲ့တဲ့ တစ်လလောက်ကပဲ သူတို့ တစ်တွေ စပြီး ပြန်ကုန်ကြတယ်၊ တစ်ခေါက်ကို နည်းနည်းစီ ပြန်သွားကြတာပါ၊ ဒါပေမယ့် လူစား ပြန်မရောက် လာဘူး'

ရုရှားတို့၏ သုတေသနလုပ်ငန်း ပြီးစီးသွား၍ ဖြစ်ရမည်။ သူတို့သည် အာဗွိုဘီ-အေ များကို လိုအပ် သလောက် ထုတ်လုပ်ယူ သွားခဲ့ကြောင်း ထင်ရှားသည်။ ယခု ထုတ်လုပ်ထားသည့် အာဗွိုဘီ-အေများ ရုရှားသို့ ပြန်သယ်ပြီး အသုံးချဖို့ပဲ လိုတော့သည်။

ကျွန်တော် ခေါင်းခါပြီး ဘရန်ဒီ တစ်ခွက် ထပ်ငှဲ့သည်။ ခွက်ကို မော့သောက်ပြီးမှ မတ်တတ် ရပ်သည်။ ကျွန်တော်သည် ရုရှား သုံးယောက်အတွက် စိတ်မကောင်းပါ။ သူတို့မှာ ဆုပ်လျှင်စူး စားလျှင်ရူး အခြေအနေမျိုး ထဲတွင် ရောက်နေသည်။ သို့သော်လည်း သူတို့သည် ကျွန်တော့်ကို အမှန်အတိုင်း ပြောခဲ့ကြသည်ဟု ယူဆမိရာ သူတို့ကိုလည်း အမှန်အတိုင်း အသိပေးသင့်သည်ဟု ထင်ပါသည်။

'ဒီလိုရှိတယ်၊ မင်းတို့ အတွက် ပို ကောင်း အောင် ငါ ဆောင်ရွက်ပေးနိုင်ပါစေလို့ ဆုတောင်းချင်တယ်၊ ဒါပေမယ့် မင်းတို့အတွက် သိပ် ကောင်းအောင် ငါလုပ်မပေး နိုင်ဘူး၊ မင်းတို့ရဲ့ လူတွေက ငါ့ကို အသေရရ အရှင်ရရ လိုချင်နေကြတယ်၊ ငါ့ရဲ့ အထင်အတိုင်း ဆိုရင် မင်းတို့ရဲ့ ကမ်းတက် တပ်သား တချို့ဟာ မကြာခင် ဒီစခန်းကို ရောက်လာကြလိမ့်မယ်၊ အဲဒီ အချိန်ကျရင် ငါက ဒီမှာ မရှိတော့ဘူး၊ နယူး

www.burmeseclassic.com



ဇီလန်ကို ရောက်နေ လောက်ပြီ၊ သူတို့က မင်းတို့ကို ဒီမှာ တွေ့သွားရင်....'

ကျွန်တော့် ပြောစကားကို သူတို့ သဘော ပေါက် ကြ သည်။ မျက်နှာ အားလုံး သွေးဆုတ်သွားကြသည်။

'မင်းတို့မှာ ရွေးစရာ နှစ်ခု ရှိတယ်၊ ဒီမှာ တို့နှင့် အတူ နေပြီး တို့ ဘက်က ခံတိုက် မလား၊ ဒါမှ မဟုတ် မင်းတို့ကို အချုပ်ခန်း တစ်ခန်းထဲမှာ ထည့်ပြီး ချုပ်ထားပေးရမလား၊ တို့ရဲ့ အကျဉ်းသား အဖြစ်နှင့်ပေါ့ ကွာ၊ မင်းတို့ လူတွေ ရောက် လာလို့ မင်းတို့ ပြန်လွတ်သွားကြရင် တို့က မင်း တို့ ကို မေး ခွန်းတွေ မျိုးစုံ မေးတယ်၊ မင်းတို့က ဘာမှ ပြန်မဖြေဘူးလို့ ပြောပြ ပေါ့၊ မင်းတို့ အချင်းချင်း နှာခေါင်းသွေး ထွက် အောင် လက်သီးနှင့် ထိုးထားကြပေါ့ ကွာ၊ သွား တွေ ပါ တစ်ချောင်း နှစ်ချောင်း ကျွတ်အောင် လုပ်ထားကြရင် ပိုပြီး ယုတ္တိရှိလိမ့်မယ်လို့ ငါ အကြံ ပေးချင်တယ်'

ရုရှား သုံးဦး အချင်းချင်း ပြန်ကြည့်နေကြသည်။ သီရစ်ဆင် က

'ဗိုလ်မှူးကြီး သူတို့ကို အဲသလို လွတ်ပေးထားသို့ ဘယ် ဖြစ်ပါ့မလဲ'

'အို...ဖြစ်တာပေါ့ကွာ၊ ဖြစ်အောင် ငါ လုပ်ပြမယ်'

'ခင်ဗျားက ကျွန်တော်တို့ အတွက် လုပ်ပေးနေတာပဲ' ဟု လေယာဉ်မှူးက ပြောရာ ကျွန်တော် ခေါင်းညိတ် ပြလိုက် သည်။



'ဒါက သိပ်ပြီး အရာရောက်လှမယ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒါက သိပ်ပြီး အရေးကြီးတယ်၊ ကမ္ဘာစစ် တစ်ခု တောင် ဖြစ်ချင် ဖြစ်လာနိုင်တယ်၊ ငါ သိသလောက်တော့ ဒါတွေဟာ အမှန် အကန်ပဲ ရဲဘော်တို့'

ရုရှားများ အချင်းချင်း ကြည့်လိုက် ကြပြန်သည်။

'ကျွန်တော်တို့ကို အမေရိကန် စစ် ဝတ်စုံတွေ ပေးလို့မရ ဘူးလား'

ကျွန်တော် ခေါင်းညိတ် ပြလိုက်စဉ် သီရစ်ဆင်က

'ကျွန်တော် စီစဉ်ပေးပါ့မယ်' ဟု ဆိုသည်။

'ဒါဆိုရင် ကျွန်တော်တို့ ဒီမှာ နေပြီး ခင် ဗျား တို့ နှင့် ဆုံးတူ ကောင်းဖက် မျှဝေ ခံစားကြပါ့မယ်'

'မင်းတို့ သဘောပဲ၊ ဒါပေမယ့် မင်းတို့ကို လက်နက်တွေ တော့ ထုတ်ပေးမှာ မဟုတ်ဘူး နော်'

'ကျွန်တော်တို့ နားလည် ပါတယ်'

'ဒါဆိုရင်လည်း ကံကောင်းကြပါစေ'

'ခင်ဗျားလည်း ကံကောင်းပါစေလို့ ဆုတောင်းပါတယ်'

သီရစ်ဆင်နှင့် ကျွန်တော်တို့ အခန်းထဲမှ ထွက် လာ ကြ သည်၊ သီရစ်ဆင်က သူ့ လူ တစ်ယောက်အား ရုရှားများ အတွက် ဝတ်စုံ ထုတ်ပေးဖို့နှင့် စေးရာတွင် ရှောင်နေကြဖို့ မှာလိုက်သည်။

'ဗိုလ်မှူးကြီးက နယူးဇီလန် သွားမှာ မဟုတ်ပါဘူးနော်'

ဆွေးနွေးခန်း အတွင်းသို့ မဝင်မီ သီရစ်ဆင်က ကျွန်တော့် ကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်အင်း၊ ငါက သုတေသန စခန်းကို ပြန်သွားခဲ့ယ်၊ ဒါပေမယ့် မင်းဆီက လူနှစ်ယောက်လောက် ကိုတော့ နယူးဇီလန်ကို လေယာဉ်တစ်စင်းနှင့် ပို့သွားခိုင်းပါ၊ သူ့စိတ်နှင့် သူ ပြန်သွားချင်တဲ့ လူမျိုး ပေါ့ကွာ'

'ဗိုလ်မှူးကြီး ပြောတာ တွေက မှန်နေပြီး ဗိုလ်မှူးကြီး လေယာဉ်နှင့် ပါသွားမယ်လို့ ရုရှားတွေ ယုံကြည်နေကြမယ် ဆိုရင် သူတို့က လေယာဉ်ကို ပစ်ချကြ လိမ့်မယ်'

'အဲဒါကြောင့် စိတ်လိုလက်ရ ပြန်သွားမယ့် လူနှစ်ယောက် ထည့်ပေးလိုက်ဖို့ ပြောတာပေါ့'

'ဗိုလ်မှူးကြီး နာရီ ၅၀ လောက် စောင့်နေ လိုက် ရင် ပြီးသွား မှာပါ'

'နာရီ ၆၀ ဆိုတာ အကြာကြီးပဲ ကွ၊ အဲဒီ အချိန် အတိုင်း အတာ အတွင်းမှာ အများကြီး ဖြစ်ပျက်လာနိုင်တယ်'

သီရစ်ဆင် ခေါင်းညိတ် ပြပြီး ဆွေးနွေးခန်း အတွင်း ဝင်သွားသည်။ အခန်းထဲမှ စားပွဲတွင် လူ ခြောက်ယောက် ရှိနေသည်။ နှစ်ယောက်မှာ အရပ် သား များ ဖြစ် သည်။ သီရစ်ဆင်က ကျွန်တော့်ကို မိတ်ဆက် ပေးရာ ကျွန်တော်က စကားစ ဖြတ်ခိုင်း လိုက်ပြီး—

'မိတ်ဆက် နေဖို့ အချိန် မရှိဘူး၊ ခင်ဗျားတို့ ဘယ်သူ ဘယ်ဝါမှန်း သိရလို့လည်း ဘာမှ ဖြစ်မလာဘူး၊ ကျုပ်ဟာ ရေတပ် ထောက်လှမ်းရေးက ဗိုလ်မှူးကြီး ကာတာ၊ ဒုဗိုလ်မှူးကြီး ပေါ်တိဘတ်နှင့် အတူ စုံစမ်းရေး ကော်မရှင်မှာ ပါဝင်တဲ့ လူတစ်ယောက်ပဲ'



အရပ်သား တစ်ယောက်က ရှေ့ကို ကိုင်းရင်း

'ဗိုလ်မှူးကြီးက ဒီကို ပြန်ပြီး ဘာလာ လုပ်နေတာလဲ၊ ဟိုမှာ လုပ်စရာ ရှိတာ လုပ်ပြီးသွား လို့လား၊ ဘာတွေ ဖြစ်ပျက်ခဲ့တယ် ဆိုတာ ရှာလို့ တွေ့ပြီလား'

'ဒုဗိုလ်မှူးကြီး တီဘတ် ရော'ဟု နောက် တစ်ယောက်က ထပ်မေးသည်။

'ဒုဗိုလ်မှူးကြီး တီဘတ် သေသွားပြီ'

'ဘုရားရေ၊ ဒါဆို သူတို့ကို သတ်ပစ်လိုက်တဲ့ ပစ္စည်းဟာ အငွေ့အသက် မကုန်သေးလို့ ဖြစ်ရမယ်'

ထိုသူ စကားသံ စဲသွားသည် အထိ ကျွန်တော် စောင့်သည်။ စားပွဲ တစ်ဝိုက်မှ လူများက ကျွန်တော် ပြောလာမည့် စကားကို စောင့်မျှော် နေကြသည်။ သူတို့က အကျိုးအကြောင်း သိချင် နေသည်။

'ခင်ဗျားတို့ကို ကျုပ် ပြောပြမယ့် စကားဟာ ထိပ်တန်း လျှို့ဝှက် သတင်း တစ်ခု ဖြစ်တယ်၊ အဲဒီတော့ ကျုပ် ပြောပြမှာကို လေးလေး စားစား နားထောင် ကြပါ၊ ခင်ဗျားတို့ရဲ့ အသက်တွေ ဒီ စခန်းမှာ ရှိတဲ့ လူတိုင်းရဲ့ အသက်တွေဟာ ကျုပ် ပြောမယ့် စကားပေါ်မှာ တည်မှီ နေနိုင်တယ်၊ ကျုပ် ပြောတာ ရှင်းရဲ့လား'

ကျွန်တော်သည် ဒေးဗစ် ဟော့ကို ရှင်းပြစဉ်က အတိုင်း သူတို့ကို တစ်ဆင့်ပြီး တစ်ဆင့် ရှင်းပြ လိုက်သည်။ သုတေသန စခန်းမှ မြေအောက်တွင် ဆောက်လုပ် ထားသော လျှို့ဝှက် ခုတ်ခွဲခန်း အကြောင်းလည်း ပါသည်။ ဒေါ်ဝိုင်း

တောင် အနားသို့ ဆိုဗီယက် သင်္ဘော ရောက်လာပြီး နောက်ထပ် အနည်းဆုံး ၁၂ နာရီ ကြာသည်အထိ ကျွန်တော်တို့ထံ အကူအညီ ရောက်မလာ နိုင်ကြောင်း ကိုလည်း ပြောပြလိုက်သည်။

ကျွန်တော့် စကား ဆုံးသွားသောအခါ အားလုံး တိတ်ဆိတ် သွားသည်။ အားလုံး အတွေး ကိုယ်စီ နစ်မျောပြီး ကြောက်လန့် နေကြသည်။ နောက်ဆုံးတွင် ပထမဆုံး စကားစ ပြောသည့် အရပ်သား သိပ္ပံ ပညာရှင်က မတ်တတ်ရပ်ပြီး

'ဒါဆိုရင် ကျုပ်တို့ တစ်တွေ ချေမှုန်း မခံရ သေးခင် လုပ်စရာတွေ အများကြီး ရှိသေးတယ်'

အားလုံး မတ်တတ် ရပ်လိုက် ကြသည်။ တစ်ယောက်က

'ဗိုလ်မှူးကြီး အနေနှင့် ရုရှား ရေငုပ် သင်္ဘောကို ဘယ်နည်းနှင့် ဟန့်တားမယ်၊ နှောင့်နှေး အောင် လုပ်မယ်လို့ စိတ်ကူး ထားသလဲ'

ကျွန်တော် မတ်တတ် ထရင်း ခေါင်းခါ ပြလိုက်သည်။

'ရိုးရိုးသားသား ပြောရရင်တော့ ကျုပ် ကိုယ်တိုင်လည်း မသိဘူး၊ ခင်ဗျားတို့ အနေနှင့် ဟန်ပြ လောက်ကလေး ခုခံခဲ့မယ် ဆိုရင် ဆိုဗီယက်တွေက ခင်ဗျားတို့ကို အနာတရ ဖြစ်အောင် လုပ်မှာ မဟုတ်ဘူးလို့ ထင်ပါတယ်၊ ဒါပေမယ့် သူတို့က ကျုပ်ကို အလိုရှိနေ ကြတယ်၊ ကျုပ် နယ္ူးဇီလန်ကို ပြန်သွားပြီ ဆိုတာ ရုရှားတွေကို ယုံလောက်အောင် ပြောနိုင်ဖို့ အရေးကြီးတယ်'



'ကျုပ်တို့ တတ်နိုင်သလောက် ဆောင်ရွက်ပါ့မယ် ဗိုလ်မှူးကြီး၊ ဒါပေမယ့် ဖြစ်မြောက် အောင်မြင်ဖို့က ဗိုလ်မှူးကြီး အပေါ်မှာပဲ မူတည်ပါတယ်၊ ဘုရားသခင် စောင်မပါစေ'

'ကျေးဇူး တင်ပါတယ်'

တခြား ဘာပြောရမှန်း မသိသောကြောင့် သည်လောက်ပဲ ကျွန်တော် ပြန်ပြော လိုက်သည်။ သိရစ်ဆင်နှင့် ကျွန်တော်တို့သည် စနိုကက်ဆီသို့ သွားရန် တဲခါးမကြီး နားသို့ ထွက်လာ ကြသည်။ တဲခါးမကြီးနား ရောက်သောအခါ

'ဗိုလ်မှူးကြီး အနေနှင့် သူတေသန စခန်းကို ပြန်သွားမယ် ဆိုတာ ရုရှားတွေ အနံ့ရ သွားရင် ဗိုလ်မှူးကြီးကို ဟန့်တားကြ လိမ့်မယ်'

'မိုးလေဝသ အခြေအနေ ဘယ်လို ရှိသလဲ'

'နောက် ၂၄ နာရီ အတွင်းတော့ သာသာယာယာ ပါပဲ၊ ဒါပေမယ့် ရေခဲပြင်လယ်ပြင် ကနေ မိုင် ၁၀၀ လောက် အကွာမှာ နောက်ထပ် မုန်တိုင်း တစ်ခု ဖြစ်လာ နိုင်တယ်၊ ဟို စခန်းမှာ ကျန်ရစ်ခဲ့တဲ့ လူတွေ ကျတော့ ဘယ်လို လုပ်ကြမယ် ထင်သလဲ'

သူတို့ အကြောင်းကို ယခုမှ ကျွန်တော် ပြန်ပြီး သတိရလာသည်။

'အတိ အကျတော့ မပြော တတ်ဘူး၊ ဒါပေမယ့် အဲဒီမြေ စတာနေ့က သူတို့ကို စောင့်ကြည့် နေတယ်၊ သူတို့ ထွက်ပြေးဖို့ မကြိုးစား သမျှတော့ အခြေအနေ မဆိုးဘူးလို့ ထင်ပါတယ်'

www.burmeseclassic.com



'ကျွန်တော်လည်း အဲသလို ဖြစ်ပါစေလို့ ဆုတောင်းပါတယ်'

'ဗိုလ်မှူး သီရစ်ဆင်...ဗိုလ်မှူး သီရစ်ဆင်၊ ၃၁၅ ကို ပြန်ဆက်ပါ...၃၁၅ ကို ပြန်ဆက်ပါ'

တံခါးဝရှိ အသံချဲ့စက်မှ အသံ ပေါ်လာသည်။ သီရစ်ဆင် အုပ်ချုပ်ရေး ရုံးခန်းထဲသို့ ပြန်ဝင် သွားကာ တယ်လီဖုန်း တစ်လုံး ကောက်ကိုင်ပြီး နံပါတ်များ လှည့်သည်။ စက္ကန့် အတန်ကြာမျှ တယ်လီဖုန်းဖြင့် စကားပြောသည်။ တယ်လီဖုန်း ချလိုက်သော သူ့ မျက်နှာတွင် စိုးရိမ် ပူပန်နေပုံ ရသည်။

'ဗိုလ်မှူးကြီး ပြောတာ မှန်တယ်'

'ရေဒါ စခန်းကို ဖုန်းဆက်တာ လား'

'ဟုတ်တယ်၊ ဆိုဗီယက် စခန်းကနေ ဒီဘက်ကို ပျံသန်းလာတဲ့ လေယာဉ် အနည်းဆုံး ၁၂ စင်း လောက်ကို ရေဒါပေါ်မှာ မြင်ရတယ်တဲ့'

'ကောင်းပြီလေ ဗော့၊ ငါ အချိန် ရတုန်း ဒီကနေ လစ်တော့မယ်၊ ခင်း အဘတ်နိုင်ဆုံး လေယာဉ် တစ်စင်းကို နယူးဇီလန်ကို ခပ်မြန်မြန် ပြန်လွှတ်လိုက်ပါ'

'ဗိုလ်မှူးကြီးသာ သွားပါတော့'

သီရစ်ဆင်က ခပ်ပြတ်ပြတ် မြွှာပြီး နောက်ထပ် နံပါတ် တစ်ခုကို လှည့်သည်။

'ကံကောင်းပါစေ'ဟု ကျွန်တော် နှုတ်ဆက် ထွက် ခွာလာသည်။ သီရစ်ဆင်မှာ ကျွန်တော့် စကားကို ကြားပုံမရဘဲ တယ်လီဖုန်းဖြင့် အမိန့်ပေးရင်း ကျန်ရစ်ခဲ့လေသည်။



အုပ်ချုပ်ရေး ရုံးပြင်သို့ ကျွန်တော် ထွက်လာပြီး စနိုကက်ယာဉ်ပေါ်သို့ တက်သည်။ စက်နှိုးသည်။ လောလောဆယ် ဆီးနှင်းများ ဖယ်ရှားထားသည့် လမ်း အ တိုင်း စခန်း နှင့် ဝေးရာသို့ မောင်းလာသည်။ နေ့ အလင်းရောင်က မှေးမှိန်စပြုပြီ။ နောက် နှစ်နာရီလောက်ဆိုလျှင် မှောင်လာရော့မည်။ ဒါက ကျွန်တော့်အတွက် အဆင်ပြေသည်။ ကျွန်တော့် အတွက် ရုတ်တရက် အကာအကွယ် ယူထားဖို့ လိုသည်။

အမေရိကန် အခြေစိုက် စခန်းတွင် ကျွန်တော် မရှိမှန်း သိသွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် နယူးဇီလန်သို့ ထွက်ခွာမည့် လေယာဉ်ဖြင့် ပါသွား လိမ့်မည်။ သို့မဟုတ် သုတေသနစခန်းသို့ ပြန်သွားလိမ့်မည်ဟု ရုရှားတို့ ယူဆမှာ သေချာသည်။

သူတို့ ကျွန်တော့်ကို လိုက်မရှာခင် သူတို့ ရှေ့မှ နှစ်နာရီမျှ ကျွန်တော် ကြာနေပါစေ ဟုသာ ဆုတောင်းရသည်။ စခန်းတွင် ကျန်ရစ်သူများ အထိအခိုက် မရှိပါစေနှင့် ဟုလည်း ဆုတောင်းရသေးသည်။ စခန်းမှ နောက်ပိတ်ဆုံး အဆောက်အအုံကို မိနစ်ပိုင်း အတွင်း ကျော်ဖြတ် လာသည်။ ရှင်းနေသည့် လမ်းကြောင်း အတိုင်း ကုန်းတွင်းဘက်သို့ အသားကုန် မောင်းထွက်လာသည်။ ကမ်းရိုးတန်းမှ နေရှိ ပထဝီ အနေအထားက တဖြည်းဖြည်း မြင့် တက် သွား သော ကြောင့် စနိုကက်ကလေးမှာ မညီညာသည့် ဆီးနှင်းခဲ များနှင့် ခေါင်ဘောင်ပူစာခုလေးများပေါ်တွင် ဦးဆောင်လိုက် ခေါင်းငိုက်လိုက် ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေစိုက် စခန်းသို့ ဆိုဗီယက် လေယာဉ်များ မရောက်ခ
သည့် ရေခဲတောင်တန်းကလေးများကို ကျော်ဖြတ်မိပါစေ
ကျွန်တော် ဆုတောင်းသည်။ သည် မျှ လောက် ဝေးဝေ
ရောက်သွားခဲ့လျှင် တစ်လမ်းလုံး မည်သူမျှ သတိမထားမိ
သုတေသနစခန်းကို အရောက် သွားနိုင်ဖို့ အခွင့် အရေးက
၅၀ ရာနှုန်း မက ပိုများလာနိုင်သည်။

သည့် ရေခဲတောင်ကုန်းကလေးများကို ကျော်မိသည့်အခါ
ဘာတွေ ဖြစ်လာမလဲ ဆိုသည်က တွေးချင် သလို တွေး
ရသည့် ကိစ္စ မဟုတ်ပါလား။

# ၁၂

အခြေစိုက် စခန်းမှ နှစ်မိုင်ခန့် ကွာသည့် ပထမ တောင်ကုန်း
ပေါ် အရောက်တွင် စနိုကက်ပေါ်မှ ကျွန်တော် ဆင်းပြီး
ကုန်းထိပ်သို့ ကျွန်တော် ပြန်လျှောက်လာသည်။ ကုန်း ထိပ်မှ
ကြည့်လျှင် အောက်ဘက်တွင် ပြန့်ကြဲနေသည့် စခန်း တစ်ခု
လုံးကို မြင်ရသည်။

ကျွန်တော် အလာတုန်းက စီးလာသည့် စီ ၁၃၀ လေယာဉ်
ကြီးက လေယာဉ်ပြေး လမ်း အဆုံးသို့ လျှောတိုက်သွား
နေစဉ် ရောမ ပန်ကာကြီးများက ဆီးနှင်းများကို မွှေ့ထုတ်
နေလေသည်။ လေယာဉ်ကြီး ဖြည်းဖြည်းချင်း ကွေ့သွား
သည်။ ပြေးလမ်း အလယ်သို့ ရောက်လာသည်။ ဆိုဗီယက်
ရဟတ်ယာဉ် တစ်စင်းကို ပထမဆုံး စမြင်ရချိန်တွင် လေယာဉ်
ကြီး အရှိန် ရလာသည်။

ရုရှား ရဟတ်ယာဉ် နှစ်စင်းက တာကြူလီ လေယာဉ်
ကြီး ဆီသို့ တန်းတန်းမတ်မတ် ပျံသန်းလာသည်။ ရုရှားတို့
တာကြူလီ လေယာဉ်ကြီးကို ပစ်ချတော့မည်ဟု တစ်အော
ကျွန်တော် ထင်လိုက် မိသည်။ ထိုစဉ် ခိုက်တွင် စီ ၁၃၀
လေယာဉ်ကြီးက မြေပြင်မှ ကြွတက်လာသည်။ ညာဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



စောင်းပြီး အမြင့်သို့ ပျံတက်သည်။ ဆိုဗီယက် ရဟတ်ယာဉ်များက အုပ်ချုပ်ရေး ရုံးနားမှ လေယာဉ်ကွင်းတွင် ဆင်းသက်ကြသည်။

ကျွန်တော်တို့၏ တပ်သားများက ရဟတ်ယာဉ်မှ ဆင်းလာသည့် ရုရှားများနှင့် ရင်ဆိုင်ရန် ပြေးထွက်လာကြ ပုံကို အဘန်ကြာအောင် ကျွန်တော် စောင့်ကြည့်နေမိသည်။ ပစ်သံ ခတ်သံ မကြားရပါ။ ရုရှား အင်အားက ကျွန်တော်တို့ထက် အများကြီး သာသည်။ သီချစ်ဆင်မှာ လုပ်ရိုးလုပ်စဉ် ခုခံမှုမျိုးဖြင့် အချိန်ဆွဲနေခြင်း ဖြစ်ကြောင်း ကျွန်တော် စဉ်းစားမိသည်။

စနိုးကက်ပေါ် ကျွန်တော် ပြန်တက်ပြီး ကမ်းရိုးတန်းနှင့် ဝေးရာသို့ ကျွန်တော် မောင်းထွက် လာသည်။ မက္ကမာဒ် စခန်းမှ နေ၍ သုတေသန စခန်းသို့ သွားရမည့် ညွှန်ထောင့်ကို နေရာရှာ ရေဒီယို စက်က ပြသပေး နေသည်။

အစတွင် မြေပြင်က ပြေပြေကလေး မြင့်တက်လာသည်။ နောက်ဆုံးတွင် ပြန့်ပြူးသည့် ရေခဲနှင့် ဆီးနှင်း ပြင်သို့ ရောက်လာရာ ရေခဲပြင် ပပ်ကြားအက် ထောက်လှမ်းရေး ကိရိယာမှ သတိပေးသံက ချက်ချင်း ပေါ်ထွက် လာသည်။ စနိုးကက်ကို ချက်ချင်းရပ်ပြီး သီရစ်ဆင် ပေးလိုက်သည့်မြေပုံကို ထုတ်ကြည့် လိုက်သည်။ သုတေသန စခန်းသို့ သွားရမည့် လမ်းကြောင်းက လက်ရှိပပ်ကြားအက်ကြီးနှင့် နောက်ထပ် ပပ်ကြားအက် နှစ်ခုကြားမှ နေ၍ မြွေလိမ် မြွေကောက် ဖြတ်ထွက်သွားသည်။



ကျွန်တော်သည် မြေပုံကို နှံအေးတွင်ချပြီး လမ်းကြောင်း အသစ်ပြောင်းကာ နောက်ထပ် နှစ်မိုင်ခန့်ခရီးကို ဖြည်းဖြည်း ချင်း မောင်းလာခဲ့သည်။ နာရီဝက် အတွင်း ရေခဲပပ်ကြား အက်များရှိရာ နယ်မြေကို ချောချောမောမော ဖြတ်ကျော်မိသည်။ လောလောဆယ်တွင် စနိုးကက်ကို မကြာခဏ ရပ်တန့်ပြီး နေရာရှာ ရေဒီယိုစက်မှ ညွှန်ထောင့်ကို မကြာ ခဏ စစ်ဆေးသည်။

ဒုတိယ ရေခဲပြင် ပပ်ကြားအက်များ နယ်မြေသို့ ကျွန်တော် ရောက်လာချိန်တွင် လမ်းမှန်ပေါ်သို့ ရောက်နေဖို့လိုအပ်သည်။ သို့မဟုတ်က ကြိုတင် တွက်ချက်ယူထားသည့် လမ်းကြောင်းကို ကျွန်တော် ရှာတွေ့တော့မည် မဟုတ်ပါ။

ကျွန်တော့် ဘယ်ဘက် ခပ်လှမ်း လှမ်းတွင် လေယာဉ် တစ်စင်းမှ မှိတ်တုတ်မှိတ်တုတ် မီးရောင်ကို မြင်လိုက်မိသည်ဟု ထင်သည်။ စနိုးကက်ကို ရပ်ပြီး ရှေ့မီးကြီးများကို ချက်ချင်း ပိတ်ကာ ကျွန်တော် စောင့်နေလိုက်သည်။ ကျွန်တော်မြင်လိုက်ရသည်မှာ လေယာဉ်တစ်စင်း ဖြစ်လျှင် လေယာဉ် ပေါ်မှ လူများက ကျွန်တော့်ကို မြင် သွား ကြမည် မထင်ပါ။ အကြောင်းမှု လေယာဉ်က ထပ်ပြီး ပေါ်မလာသောကြောင့် ဖြစ်သည်။

သုံးမိနစ်ခန့် စောင့်နေပြီးမှ ရှေ့မီးကြီးများကို ပြန်ဖွင့် လိုက်သည်။ ကျွန်တော့် လမ်းကြောင်းအတိုင်း ဆက်မောင်း လာသည်။ တောင်းကင်တွင် မိုးသားများ အုံ့ဆိုင်းနေရာ

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရောင် များပင် ပျောက်သွားချေပြီ။ လေကလည်း ပြင်းစပြုလာသည်။

သုခကသန စခန်းမှ ၁၀မိုင်ခန့် ဝေးသည့် ရေခဲပပ်ကြားအက်ကြီးများ ရှိရာ နယ်မြေကို နောက်ဆုံး ဖြတ်ကျော်လာသည့် အချိန်တွင် ညနက်နေပြီ ဖြစ်သည်။ သန်းခေါင်ယံပင် ကျော်နေ ချေပြီ။ ကျွန်တော်သည် သေလုမျောပါး မောပန်းနွမ်းနယ်နေသည်။ မျက်လုံးများက ပူစပ်နေသည်။ တစ်ကိုယ်လုံး နာကျင် ကိုက်ခဲနေသည်။ ကျွန်တော် မအိပ်ရသည်မှာ တစ်နှစ်ခန့်ရှိပြီဟုပင်ထင်မိသည်။ သို့သော် လောလောဆယ်တွင် နားရှုမရသေးပါ။ သုခတသန စခန်းတွင် အားလုံး အဆင်ပြေနေသည်ဟု အသေအချာ မသိရသေးမီ အနားမယူနိုင်သေးပါ။

တစ်နေရာ အရောက်တွင် မက္ကာမာဒို စခန်းနှင့် ရေဒီယို အဆက်အသွယ် လုပ်ကြည့်လျှင် ကောင်းမလားဟု စဉ်းစားကြည့်သေးသည်။ မဆက်တော့ဟု ဆုံးဖြတ်သည်။ ဆိုဗီယက်တို့က စခန်းမှာ ရှိနေသေးပြီး ကျွန်တော် အဆက်အသွယ် လုပ်သည်ကို ကြားဖြတ် ဖမ်းယူ သွားလျှင် သည် နေရာသို့ နာရီဝက်အတွင်း ရောက်လာ ကြလိမ့်မည်။ အင်နှင့်အားနှင့် ရောက်လာကြ လိမ့်မည်။

နောက်ဆုံး တောင်ကုန်းမှ ဆင်ခြေလျှောကို ဆင်းလာသည့်အခါ လျှပ်စစ်စက်ရုံ နောက်ဘက်သို့ ရောက်လာသည်။ တိဘက်၏ အသေင်း ရှိနေသေးသည့် ရေဒီယို မျှော်စင်ကို ဖြတ်ကျော်လာပြီးနောက် အုပ်ချုပ်ရေးရုံး ရှေ့တွင် ရပ်တန့်လိုက်သည်။



မည်သည့် ပြတင်းပေါက်တွင်မှ အလင်းရောင် မမြင်ရပါ။ အစတွင် ကျွန်တော် မတွေးမိသေး။ အားလုံး အိပ်ပျော်နေကြသည်ဟု ထင်လိုက်မိသည်။ စနိုကက်ကို စက်ပိတ်ပြီး ခရီးဆောင် ရေဒီယိုကို နောက်ဘက်မှ လှမ်းယူလိုက်သည်။ ဆီးနှင်းအကြားမှ နေ၍ ရှေ့တံခါးမကြီးသို့ ထွက်လာခဲ့သည်။

လေက ခပ်ပြင်းပြင်း တိုက်နေသည်။ အပူချိန်က အနည်းဆုံး သုညအောက် ငါးဆယ် ဒီဂရီတွင် ရှိမည်။ တ ကယ့်မုန်တိုင်းက နောက်ထပ် ၁၂ နာရီအထိ အင်အားပြည့်လာဦးမည် မဟုတ်ပါ။ မုန်တိုင်းကျလာလျှင်တော့ ပြင်ပလှုပ်ရှားမှုအားလုံး ရပ်တန့်သွား လိမ့်မည်။ ကျွန်တော့် အတွက် အနားယူရန် အချိန် ရနိုင် လောက်သည်။

တံခါးကို ဖွင့်ပြီး နေ့ခင်း အလုပ်လုပ်သည့် အခန်းတွင်းသို့ ဝင်ရောက်သည်။ အတွင်းမှာ မှောင်မည်းပြီး အေးစိမ့်နေသည်။ နေရာတွင် အတန်ကြာအောင် ရပ်ပြီး အဖြင်မှလေသံကို နားစွင့်သည်။ ရေဒီယိုကို သမံတလင်းပေါ် ချပြီး မီးခလုတ်ကို လိုက်စမ်းသည်။ ရှာတွေ့သည့်အခါ မီးဖွင့်သည်။ ဘာမျှ မထူးခြားပါ။ လျှပ်စစ်ဓာတ်အား ပြတ်တောက် နေသည်။ သည်နေရာမှာ အသက် ကင်းမဲ့လွန်း နေသည်။

'စတာနေ့' ဟု လူကြ ဆွဲထုတ်ရင်း ကျွန်တော်လှမ်းအော်လိုက်သည်။ အဖြေ မရပါ။

'လာနာ၊ အေဘာယ်၊ ဂျင်းပယ်ရီ' ဟု ကျွန်တော် အော်ခေါ်ကြည့်သည်။

www.burmeseclassic.com



အပြင်ဘက်တွင် တိုက်ခတ်နေသည့် လေသံမှလွဲ၍ ဘာသံမှ မကြားရ။ ကျွန်တော် အပြင်သို့ ပြန်ထွက်ပြီး စနိုကက်ပေါ်မှ လက်နှိပ်ဓာတ်မီးကြီး တစ်လက် ဆွဲထုတ်သည်။ မီးဖွင့်သည်။ ရှေ့ တံခါးမကြီး ရှေ့မှ ရေခဲပြင်ထဲတွင် ခြေရာ အမြောက်အမြား တွေ့ရသည်။ လိုက်အနည်းငယ် လှမ်းသည့်နေရာတွင် အနောက်ဘက်သို့ ဦးတည် သွားသည့် စနိုကက်များ၏ စွပ်ကြောင်းများကို တွေ့ရသည်။

ရုရှား များ သည် နေရာကို ရောက်လာကြသည်။ စတာနေ့ဗ္ဂ အချက်ပေးခဲ့သောကြောင့် စခန်းကို လာသိမ်းကြခြင်း ဖြစ်မည်။ ကျွန်တော် တစ်ဖက်လှည့်ပြီး တံခါးပေါက်ကို လှမ်းကြည့်သည်။ အားလုံးကို တစ်ပါတည်း ခေါ်သွားကြသလား၊ သို့မဟုတ် သတ်ပစ်ခဲ့ကြလေ သလား။

ကျွန်တော်သာ သည်မှာဆက်နေခဲ့လျှင် သည်လိုဖြစ်လိမ့်မည် မဟုတ်။ သို့မဟုတ်ပဲ စတာနေ့ဗ္ဂကို ကျွန် တော် နှင့် တစ်ပါတည်း ခေါ်သွားခဲ့ပါကလည်း သည်ပြဿနာ ကို အစောကြီးကတည်းက ရှင်းပြီးလောက်ပြီ။

ဆိုဗီယက် ရေငုပ်သင်္ဘောမှာ ချိန်းထားသည့် နေရာသို့ ၃၆ နာရီ အတွင်း ရောက်လာ တော့မည်။ မဲလဘုန်းမှ ထွက်လာမည့် ကျွန်တော် တို့၏ ရေငုပ်သင်္ဘောက ရုရှား ရေငုပ်သင်္ဘောထက် ၁၀ နာရီ နောက်ကျပြီးမှ ရောက်လာမည် ဖြစ်သည်။ အချိန် ရှိနေ သေးသည်။ လျှပ်စစ်စက်ရုံသို့ ကျွန်တော် လျှောက်လာစဉ် ထိုကဲ့သို့ တစ်ကိုယ်တည်း ပြောမိသည်။ အချိန် ရှိနေပါ သေးသည်။



လျှပ်စစ်စက်ရုံထဲတွင် မီနစ် ၂၀ ခန့် ရောက်နေပြီးမှသာ ရုရှား တို့သည် လျှပ်စစ် ဓာတ်အားပေး စက်များ ပိတ်ရပ်သွားကြောင်း နားလည် မိသည်။ ဘက်ထရီ များမှာ ရေခဲမတတ် အေးစက်နေရာ လျှပ်စစ် ဓာတ်အားပေးစက်များမှာ အလုပ်လုပ်ချင်ပုံ မရပါ။ သို့သော်လည်း စက်နှိုးသောတ်ကို ကျွန်တော် မလွှတ်တမ်း လှည့်ထားခဲ့ရာ ဒီဇယ် အင်ဂျင် စက်ကြီးက နောက်ဆုံးတွင် တဖုန်းဖုန်း မြည်လာသည်။ မနိုးချော့ ဆိုပြီး တင်းခံသည်။ နောက်ဆုံးကျမှ စက်သံ မှန်မှန်ဖြင့် နိုးလာသည်။

အပြင်ဘက်သို့ ကျွန်တော် ကပျာကယာ ပြန်ထွက်ပြီး အုပ်ချုပ်ရေးရုံးထဲသို့ ပြန်ဝင်လာ ခဲ့သည်။ သည်တစ်ခါတော့ မီးခလုတ်က ကောင်းနေပြီ ဖြစ်သည်။ ထမင်းစားဆောင်သို့ သွားသည့် စင်္ကြံနားမှ တံခါးနားတွင် လဲနေသူမှာ ဗြိတိသျှ အကုဇီဝ သိပ္ပံပညာရှင် ဘိတ်ဝီလကောက် ဖြစ် သည်။ အနည်းဆုံး သေနတ်ဖြင့် ခြောက်ချက် အပစ်ခံထားရသည်။ သူ့ နံဘေးကွင် ခဲနေပြီဖြစ်သော သွေးကွက် များကို တွေ့ရသည်။ သူ၏ ညာဘက်လက်က ဒသမ လေး ဆယ့် ငါး အော်တိုမက်တစ် သေနတ် တစ်လက်ကို ဆုပ်ထားသည်။

ကျွန်တော် သူ့ အလောင်းနားသို့ လျှောက်သွားပြီး သူ့လက် ထဲမှ သေနတ်ကို ဆွဲယူ လိုက်သည့်။ သေနတ်မောင်းထိန်းခလုတ် ဖွင့်ထား သော်လည်း မပစ်ခတ်ရသေး။ ပစ်ခတ်ရန် အခွင့်အရေး မရဟု ထင်သည်။

'လာနာ' ဟု ကျွန်တော် လှမ်းအော် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားဆောင်သို့ သွားသည့် တံခါးနားတွင် ကြေးဝ
ဖြင့် လုပ်ထားသော ကျည်ဆန်ခွံ ၁၀၀ ကျော် ကျော်
လောက်က ကြမ်းပြင်ပေါ်မှာ ပြန့်ကြဲ နေသည်။ ကျွန်တော်
ခါးကုန်းပြီး ကျည်ဆန်ခွံ တစ်ခုကို ကောက်ယူ လိုက်သည်။
ဒသမ ၃၀ အရွယ်အစား ကျည်ဆန်ခွံ ဖြစ်သည်။ ဒါက
ထူးဆန်း လှသည်။

ကျွန်တော်သည် ကျည်ဆန်ခွံ ကို လွှင့်ပစ်လိုက်ပြီး ထမင်း
စားဆောင်ထဲသို့ ဝင်လာ ခဲ့သည်။ နံရံနှင့် မျက်နှာကြက်
များတွင် ကျည်ဆန်ရာ များက ကျောက်ပေါက်မာ ထသလို
မွစာကြဲ နေသည်။ အခန်း အလယ်တွင် တစ်ခြမ်းစောင်းပြီး
ထောင်နေသည့် စားပွဲ တစ်လုံးမှာလည်း ကျည်ဆန်ရာ ဗလပွ
ဖြစ်နေ လေသည်။

အနောက် ဂျာမန် မျိုးရိုးဗီဇ ပညာရှင် ဒေါက်တာ က
အောက်ယံမှာ ဒူးညွတ်ပြီး ခွေကျ နေသည်။ သူ၏ ဦးခေါင်း
တစ်ပိုင်းမှာ မရှိတော့ပါ။ သူသည် လက်နက် ကိုင်ဆောင်
ထားခြင်း မရှိ။

ကျွန်တော်သည် ပန်းကန်ခွက်ယောက် အကွဲများကို ဘွတ်
ဖိနပ်ဖြင့် နင်းခြေရင်း နောက်ကြောင်း ပြန်လျှောက်လာခဲ့
သည်။ သည်က လူသတ်မှုများကို စတာနေ့ဒ်နှင့် သူ၏
လူများက ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ သို့သော် သည်ထဲ
လူသတ်လောက်အောင် အကြောင်းပြချက်များ မရှိပါ။ ဆိုဗီယက်
တို့သည် သူတို့ ချိန်းထားသည့် ရှေ့ငုပ်သင်္ဘောနှင့် အချိန်မှီ
အယွက် ကင်းစွာ ဆုံတွေ့လို ကြသည်။ ဆုံတွေ့နိုင်အောင်



လည်း သေချာပေါက် ကြိုးစား ကြသည်။ သည် ခန်းမ
သိပ္ပံပညာရှင်များတွင် ရေဒီယို အဆက်အသွယ် လုပ်စရာ
မရှိသဖြင့် သူတို့ကို လုံးဝ အနှောင့်အယှက် မပေးနိုင်ပါ။
သို့ဆိုလျှင် အဘယ်ကြောင့် သူတို့ကို သတ်ပစ်ခဲ့ရ သနည်း။

မီးဖိုခန်း၊ ရေဒီယိုခန်းနှင့် ရုံးခန်းများတွင် မည်သူ မျှ
မရှိပါ။ သို့သော်လည်း သည်နေရာများသို့ တစ်စုံတစ်ဦး
ရောက်လာပြီး တစ်စုံတစ်ရာကို ရှာဖွေ သွားသည် ကတော့
သေချာသည်။

အိပ်ခန်းဆောင်များဆီသို့ ကျွန်တော် ရောက်လာသော
အခါ ပထမဆုံး အကြိမ် အဖြစ် အကြီးအကျယ် အံ့အားသင့်
စရာ တစ်ခုကို တွေ့ရသည်။ အရှေ့ ဂျာမန် နိုင်ငံသား
ဒေါက်တာ မီတာစထ ရော့မှာ သူ၏ အခန်း ပြတင်းပေါက်
ကို ဖွင့်ရန် ကြိုးစားနေစဉ် သေနတ်ဖြင့် ပစ်ခတ်ခြင်း ခံရ
ကြောင်း ထင်ရှားသည်။

ကျွန်တော် လုံးဝ မထင်မှတ် သည့် အံ့အားသင့်စရာ
နောက်ထပ်တစ်ခုကို အိပ်ဆောင်များ အစပ်မှ တံခါးတွင်
တွေ့ရသည်။ စတာနေ့၏ ကျည်ဆန်ရာ ဗရပွ ဖြစ်နေသော
အလောင်းကြီးကို တွေ့လိုက်ရသောကြောင့်ပင်။

တံခါးမှာ အနည်းငယ် ဟနေပြီး စတာနေ့၏ ...
တစ်ဖက်က တံခါးအပြင်သို့ မသိမသာ ထွက်နေသည်။ ...
တစ်ကိုယ်လုံးကို အနည်းဆုံး ကျည်ဆန် ၁၂ ချက် ...
ထားသည်။ ကျွန်တော်သည် စတာနေ့၏ အ...

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းသို့ဆွဲသွင်းပြီး တံခါးကို ပိတ်သည်။ ပြီးမှ သူ့အလောင်းကို ငုံ့ကြည့်သည်။

ရုရှားများက သည်စခန်းကို ဝင်ရောက် စီးနင်းသွားကြသည်။ သို့သော် အဘယ်ကြောင့် သူတို့ လူတစ်ယောက်ကို သတ်ဖြတ်သွားရ သနည်း။ ဒါက အဓိပ္ပာယ် မရှိပါ။ သည်စုံစမ်းရေး ကော်မရှင်က သူတို့ကို မည်မျှပင် အန္တရာယ်ပေးနိုင်စေကာမူ သူတို့၏ လူတစ်ယောက်ကို အဘယ်ကြောင့် မြန်သတ်သွားရ သနည်း။ သူတို့၏ မဟာမိတ် ဖြစ်သော အင်္ဂလိပ်ရှေ့ ဂျာမန် နိုင်ငံသား ထစ်ဦးကို သတ်ဖြတ် သွားရ သနည်း။

ကျွန်တော်သည် အဆောက်အအုံ တစ်ခုလုံးကို တစ်နာရီမျှကြာအောင် တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာကြည့်သည်။ ဒေါက်တာ ဒီဟွန်း ဤစခန်းမှ သိပ္ပံပညာရှင် ၂၃ ဦးနှင့် ရဟတ်ယာဉ်မှ အလောင်း နှစ်လောင်းကို ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းထဲတွင် စီချထားသည်။ သို့သော်လည်း ပြင်သစ်လူမျိုး ဂျင်းပယ်ရီ၊ တရုတ် သမားတော်ကြီး တီရင်ဆင်းနှင့် လာနာအက်ဒွပ်တို့ကို မည်သည့် နေရာတွင်မှ ရှာမတွေ့ပါ။

ထမင်းစားဆောင်ထဲသို့ ပြန်အရောက်တွင် ကျည်ဆန်ခွံတစ်ခွံကို ကျွန်တော် ကုန်းကောက်လိုက်မိပြန်သည်။ သည်ကျည်ဆန်ခွံ ကလည်း ဒသမ သုံးဆယ် အမျိုး အစား ကျည်ဆန်ခွံ ဖြစ်နေပြန်သည်။ ရုရှားတို့က သည် ကျည်ဆန် အရွယ်အစားမျိုးကို အသုံးမပြုပါ။



စကြံအတိုင်း ကျွန်တော် ခပ်သုတ်သုတ် လျှောက်သည်။ ရှေ့ခင်း အလုပ်လုပ်သည့် အခန်းကို ဖြတ်လျှောက်ပြီး ဆီးနှင်းထုထဲမှ နေ၍ လျှပ်စစ်စက်ရုံသို့ ထွက် လာ ခဲ့ သည်။ လျှပ်စစ်ဓာတ်အားပေး စက်ကိုနှိုးရန် သည် အခန်းထဲသို့ ကျွန်တော် လာခဲ့စဉ်က ဓာတ်ခွဲခန်းသို့ သွားရာ လျှို့ဝှက် ဝင် ပေါက်ကို ကျွန်တော် မစစ်ဆေးခဲ့ပါ။ သံဇလီတံခါးက သေ့ မသော့ခတ်ထားပေ။ (သို့) ဟနေသည်။

တံခါးကို ကျွန်တော် ဖွင့်ပြီး အောက်ဘက် ဓာတ်ခွဲခန်းထဲဆင်းလာသည်။ အောက်ဘက်မှ တံခါးကလည်း အလားတူ ပွင့်နေသည်။ သို့သော် သည် နေရာသို့ တီဘတ်နှင့် ကျွန်တော် ရောက်ခဲ့စဉ်က တီဘတ်က တံခါးကို ပြန်ပိတ်သွားခဲ့သည်။

ရုရှားများ သည် နေရာသို့ ရောက်ခဲ့ခြင်းပင်။ သူတို့၏ လှုပ်ရှားမှုကို ကျွန်တော် ချက်ချင်း သဘော ပေါက် လိုက်သည်။ ရုရှားတို့သည် အမေရိကန် ကျည်ဆန်ဖြင့် ပစ်ခတ်သည့် လက်နက်များကို သုံးပြီး သူတို့ဘက်မှ လူများကိုပါ သတ်ဖြတ်ပစ်ခဲ့ခြင်းဖြင့် အပြစ် အားလုံးကို အမေရိကန်တို့ အပေါ် ပုံချရန် မျှော်လင့်ခဲ့ခြင်းပါ ကလား။ သည် ကိစ္စက စုံစမ်းရေး ကိစ္စကို အချိန် အတော် ကြာအောင် ရေလိုက် လွဲမှား နေစေမည် ဖြစ်ရာ အာဗွီဘီ-အေများကို သယ်ယူပို့ဆောင်ရန် အချိန် ရသွားကြပေ လိမ့်မည်။

သို့သော်လည်း သည် ကိစ္စအတွက် မျက်မြင်သက်သေတော့ ရှိရမည်။ ဤသည်မှာ သူတို့၏ လာနာ၊ ဂျင်းပယ်ရီ နှင့်

www.burmeseclassic.com

www.burmeseclassic.com



တီရင်ဆင်းတို့ကို လွှတ်ပေးလိုက်သည့် အဓိပ္ပာယ်ပင်၊ သို့သော် ဘယ်နေရာသို့ လွှတ်ပေး လိုက်ပါသနည်း။

အပေါ်သို့ ပြန်ရောက်သော အခါ သံဗီရိုတံခါး ကို ကျွန်တော် ပြန်ပိတ်ပြီး သော့ခတ်လိုက်သည်။ အပြင်ဘက် ထွက်ပြီး ကျွန်တော် စီးလာသည့် စနိုကက်ဆီသို့ လျှောက်လာ ခဲ့သည်။ တီရင်ဆင်း ပေးလိုက်သည့် မြေပုံကို ထုတ်ပြီး နေ့ခင်း အလုပ် လုပ်သည့် အခန်းထဲ ဝင်လာခဲ့သည်။

လာနာတို့ သုံးဦးမှာ သည် စခန်းတွင် မရှိပါ။ အနည်း ဆုံး သူတို့ကို ကျွန်တော် ရှာ၍ မတွေ့သေးပါ။ ကားရုံ ထဲ၌ ပျောက်နေသော စနိုကက်လည်း မရှိ။ သူတို့သည် ဆိုဗီယက် တို့၏ ဖမ်းဆီးခြင်း မခံရဘဲ ထွက်ခွာ သွားကြမည် ဆိုလျှင် ခြေကျင် သွားကြဖို့ပဲ ရှိသည်။

မြေပုံကို စားပွဲပေါ် ဖြန့်ပြီး စခန်း တစ်ဝိုက်မှ နေရာများ ကို ရှာဖွေကြည့်သည်။

ရုရှားတို့ ထွက်သွားသည့် နေရာနှင့် ဆန့် ကျင် ဘက် အရှေ့ဘက် လေးမိုင်ခန့် အကွာတွင် မိုးလေဝသ စခန်းဟု အမှတ်အသား ပြထားသော နေရာတစ်ခု ရှိသည်။ တောင် ဘက်မှ အလားတူ အကွာအဝေးခန့်တွင်လည်း မိုးလေဝသ စခန်း အမှတ်အသားတစ်ခု တွေ့ရသည်။

အဝေးမှ ထိန်းသိမ်းသည့် မိုးလေဝသ စခန်းများ ဖြစ်နိုင် သည်။ ထိုနေရာသို့ ရံဖန်ရံခါ သွားရောက် စစ်ဆေးမှုသူများ အတွက် အရိပ်အာဝါသ ရှိမှာတော့ သေချာသည်။



သို့သော် သည်နေရာများ ရှိမှန်းကို လာနာတို့မှ သိထား ပါမလား။ သိပြန်လျှင်လည်း လေးမိုင် ခရီးကို ခြေကျင် လျှောက်ပြီး သွားနိုင်ကြပါ့မလား။

စတာနေ့၏ အလောင်းကို တွေ့ရသည့် စင်္ကြံ သို့ ပြန် အရောက်တွင် တံခါးကို ဖွင့်ပြီး အပြင်သို့ ထွက်သည်။ လက်နှိပ် ဓာတ်မီးကို မီးဖွင့်လိုက်သည်။ ဆီးနှင်း ထဲတွင် ခြေရာများ တွေ့ရသည်။ ခြေရာများက သည် နေရာမှ နေ၍ အရှေ့ ဘက်သို့ ဦးတည် သွားသည်။

ကျွန်တော် နောက်လှည့်ပြီး စင်္ကြံ တစ် လျှောက် ကို လှမ်းကြည့်သည်။ တိုက်ပွဲက နေ့ခင်း အလုပ်လုပ်သည့် အခန်း ထဲတွင် စတင် ဖြစ်ပွားခဲ့ပြီး သည် နေရာတွင် ထိခိုက်သေဆုံး ခဲ့ကြသည်။ လာနာတို့က ကျွန်တော့်ရှေ့မှ လမ်းကြောင်း အတိုင်း ထွက်ပြေးသွားကြဖွယ်ရာ ရှိသည်။ သူ ကိုယ် တိုင် ဓားစာခံ တစ်ဦး ဖြစ်နေမှန်း မရိပ်မိသော စတာနေ့ က လာနာတို့ နောက်မှ လိုက်လာခြင်း ဖြစ်မည်။ သို့သော် စတာနေ့ လိုက်မသွားနိုင်ရှာပါ။ သည် နေရာသို့ စတာနေ့ အရောက်တွင် နောက်မှ လိုက်လာသော လူများက ပစ်သတ် သွားခြင်း ဖြစ်မည်။

ကျွန်တော်၏ စနိုကက် ရှိရာသို့ ပြန်ထွက်လာပြီး စနိုကက် ပေါ် တက်ကာ စက်နှိုးလိုက်သည်။ ခြေရာ များ အ တိုင်း အရှေ့ဘက်သို့ မောင်းလာခဲ့သည်။ ခြေရာများက ခပ်မြေမြေ လေး ဖြစ်နေသည့် ကုန်းစောင်းအတိုင်း တက် သွား သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းထိပ် အရောက်တွင် မသိမသာ အောက်ဘက်သို့ လျှော ဆင်းသွားသည်။

စနိုကက်ပေါ်မှ ကျွန်တော် ဆင်ပြီး သုတေသန စခန်း ရှိရာသို့ လှမ်းကြည့် မိသည်။ လာနာတို့ သည်နေရာတွင် ရပ်တန့်ပြီး အောက်ဘက်မှ အဖြစ်အပျက်ကို စောင့်ကြည့် သွားပုံ ရသည်။ လာရောက် တိုက်ခိုက်သူများက မည်သူ့ကိုမျှ အရှင်ထားမည် မဟုတ်မှန်း သေချာမှ ခရီး ဆက်သွားကြခြင်း ဖြစ်မည်။

စနိုကက်ပေါ် ကျွန်တော် ပြန်တက်ပြီး သူတို့၏ ခြေရာ အတိုင်း အရှေ့ဘက်သို့ ဆက်ထွက် လာခဲ့သည်။ နောက်ထပ် နှစ်မိုင်အတွင်း လာနာတို့ နှစ်ကြိမ် ရပ်နား သွားကြသည်။ ဒုတိယ နားနေရာတွင် ဆီးနှင်းပြင်ထဲ၌ ချိုင့်ခွက်ကြီး ဖြစ်နေ သည်ကို တွေ့ရသည်။ ချိုင့်ခွက် ဆီသို့ ဦးတည် သွားသော ခြေရာများကိုလည်း တွေ့ရသည်။ တစ်ဦးဦး ချော်လဲ သဖြင့် ကျန်သည့် လူများက အောက်သို့ ဆင်းပြီး တွဲခေါ် လာကြ ခြင်း ဖြစ်မည်။

နောက်ထပ် တစ်မိုင်ခန့် သွားမိသောအခါ မြေပြင်က အပေါ်သို့ တဖြည်းဖြည်း မြင့်တက် သွားပြန်သည်။ ရှေ့ဘက် ကိုက် သုံးလေးရာ ခန့်တွင် မိုးလေဝသ တိုင်းသည့် ရေဒါ ပစ္စည်းများကို မိုးကာ ထားသော အမိုးခုံးခုံး တစ်ခုကို လှမ်း မြင်ရသည်။

ကုန်းထိပ် အရောက်တွင် စနိုကက်ကို ရပ်ပြီး စက်ကို ပိတ်လိုက်သည်။ စနိုကက်ပေါ်မှ ကျွန်တော် ဆင်းသက်ရန်



ဟန်ပြင် လိုက်စဉ် လေကာမှန် ရှေ့ဘက် နှစ်လက်မခန့် အကွာမှ စက်ဖုံးကို ကျည်ဆန် တစ်ချက် ရှပ်မှန်ပြီး ဝှီးခနဲ ဖြတ်ထွက် သွားသည်။ မိုးလေဝသ စခန်းမှ နေ၍ ဒုတိယနှင့် တတိယမြောက် အဖြစ် ပစ်ခတ်လိုက်စဉ် ကျွန်တော်က ညာ ဘက်မှ ခရီးသည် ထိုင်ခုံပေါ်သို့ ထိုးမှောက် လိုက်သည်။ ကျည်ဆန် တစ်ချက်က ရှေ့ လေကာမှန်ကို ဖောက်ထွင်းပြီး စောစောက ကျွန်တော့် ဦးခေါင်း ရှိနေခဲ့သည့် နေရာကို လာမှန်သည်။

ကျွန်တော်သည် ခရီးသည် ထိုင်ခုံဘက်မှ တံခါးကို သတိ ကြီးစွာ ထားဖွင့်ပြီး ဆီးနှင်းထဲသို့ ဒရောသောပါး ခုန်ဆင်း လိုက်ရသည်။ နောက်ထပ် သေနတ်သံ သုံးချက် ဆက်တိုက် ပေါ်လာပြီး စနိုကက်၏ နံဘေးသို့ တဖောက်ဖောက် လာ မှန်သည်။

'လာနာ၊ ကိုယ်ပါ၊ မပစ်နှင့်'

လေသံကို ကျော်အောင် ကျွန်တော် အော်ပြော လိုက်ရာ အပစ်အခတ် ရပ်သွားသည်။

'ကိုယ်ပါ၊ နစ် ကာတာ ပါ'

ကျွန်တော်က စနိုကက် နံဘေးတွင် ပုန်းနေရင်းမှ လှမ်း အော် ပြောလိုက်သည်။

'လက် နှစ်ဖက်ကို ခေါင်းပေါ်မှာ ယှက်ပြီး စနိုကက် ဘေးကနေ ထွက်လာ ခဲ့ပါ'

မိုးလေဝသ စခန်းမှ နေ၍ လူတစ်ယောက်က လှမ်းအော် သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂျင်း ပယ်ရီ လား'

'လက်နှစ်ဖက်ကို ခေါင်းပေါ် ယှက်ထားပြီး လှမြင်ကွင်းကို ထွက်ခဲ့'

ဂျင်း ပယ်ရီ ဖြစ်မည်။ သူ့ အသံနှင့် တော်တော် တူသည်။ လှည့်ကွက်လား ဘာလား ဆိုသည် ကိုတော့ ကျွန်တော် မပြောနိုင်ပါ။

'ခင်ဗျားနှင့် အတူ ဒေါက်တာ အက်ဒွပ် ရှိသလား'

စနိုကက်၏ စက်ဖုံးကို ကျည်ဆန် တစ်တောင့် ရှပ်မှန်သွားပြီးနောက် မိန်းမ တယောက်၏ အော်သံ ပေါ်လာသည်။

'မပစ်နှင့်၊ နစ် ဒီမှာ ကျွန်မ ရှိတယ်'

'လာနာ လား'

'ဟုတ်ပါတယ် နစ်၊ ကျွန်မ ပါ'

'မင်း ဘာမှ မဖြစ်ဘူး နော်'

'ဘာမှ မဖြစ်ပါဘူး၊ ဒါပေမယ့် သူတို့က တခြား လူတွေကို သတ်ဖြတ် သွားကြတယ်၊ ကျွန်မက... ကျွန်မတို့က ဒီကိစ္စမှာ ရှင်လည်း ကြံရာပါပဲလို့ ထင်နေ ကြတယ်'

'ကိုယ် ထွက်လာခဲ့မယ်၊ မပစ်နှင့် နော်'

'လက် နှစ်ဖက်ကို ခေါင်းပေါ်တင်ခဲ့' ဟု ဂျင်း ပယ်ရီက ဝင်ပြောသည်။

ကျွန်တော် လက်နှစ်ဖက်ကို ခေါင်းပေါ်တွင် ယှက်ပြီး မတ်တတ်ထကာ စနိုကက် ရှေ့သို့ ထွက်လာခဲ့သည်။ လက်နှိပ်ဓာတ်မီး တစ်လက်မှ အလင်းရောင်က ကျွန်တော့် မျက်နှာကို



ထိုးထားသည်။ စက္ကန့် အနည်းငယ် ကြာသောအခါ မိုးလေဝသ စခန်း နောက်ဘက်မှ လာနာ ထွက်လာသည်။

'ရှင် ဖြစ်နေတဲ့ အတွက် အရှုံးသခင်ကို ကျေးဇူး တင်ရမှာပဲ'

လာနာက ပြောပြောဆိုဆိုနှင့် ကျွန်တော့် ရင်ခွင် အတွင်းသို့ ပြေးဝင်သည်။ ဂျင်း ပယ်ရီက ရိုင်ဖယ်တစ်လက် ကိုင်ရင်း ညာဘက်မှ ပေါ်လာသည်။ တီရင်ဆင်းက လက်နှိပ်ဓာတ်မီး ကိုင်ရင်း ဘယ်ဘက်မှ ပေါ်လာသည်။

'ဟိုမှာ ဘာတွေ ဖြစ်ခဲ့တာလဲ ကွာ'

'အဲဒါကို ခင်ဗျားက ပြောပြရမှာပါ ဗိုလ်မှူးကြီးကာတာ' ဟု ဂျင်း ပယ်ရီက ဝေါက်လိုက်သည်။

'အားလုံး သေကုန် ကြပြီ'

'အဲဒါကို ကျွန်မတို့က စောင့်ကြည့်ခဲ့လို့ သိပြီးသားပါ'

'သူ ပြောတာ မှန်တယ်၊ ခင်ဗျားတို့ လူတွေ ဝင်လာတာကို ကျုပ်တို့က စောင့်ကြည့် နေတာ ဗျ၊ အစ တော့ ကျုပ် တို့ကို ကူညီဖို့ လာတာပဲလို့ ထင်လိုက် သေးတယ်၊ လျှပ်စစ် ဓာတ်အားပေး စက်တွေကို ပိတ်ပစ်လိုက်မှ တစ်ခုခု တော့ မှားယွင်း နေမှန်း ကျုပ်တို့ နားလည်လိုက် တာပဲ'

ကျွန်တော်က ခေါင်းကို ဘယ်ပြန် ညာပြန် ခါရင်း

'အဲဒါ အမေရိကန်တွေ မဟုတ်ဘူး ဂျင်းပယ်ရီ၊ အဲဒါ ရုရှားတွေ ဗျ'

'ဒါဆိုရင် သူတို့က စတာနေ့ကို ဘာဖြစ်လို့ သတ်သွားရတာလဲ'

www.burmeseclassic.com



ကျွန်တော်က ဂျင်းပယ်ရီ၏နောက်ကိုကျော်ပြီး မိုးလေဝသ စခန်းကို လှမ်းကြည့်လိုက်သည်။

'ဟို နေရာမှာ နားစရာ ခိုစရာ မရှိဘူးလား'

'ကျုပ် မေးနေ တာကို ဖြေပါ ဗိုလ်မှူးကြီး၊ မဖြေရင် ခင်ဗျားကို ဒီ နေရာမှာတင် အခု ချက်ချင်း သတ်ပစ်လိုက်မယ်'

ဂျင်းပယ်ရီက အော်ရင်း ဟစ်ရင်း ရိုင်ဖယ်ကို မြှောက်လိုက်သည်။ ကျွန်တော်က အယ်ဘက်သို့ လျှင်မြန်စွာ ခုန်ထွက်ပြီး သူ့ လက်ထဲမှ ရိုင်ဖယ်ကို အလွယ်တကူ လုယူ လိုက်သည်။ ပြီးမှ နောက်ကို ခုန်ဆုတ် လိုက်သည်။

'မပစ်နှင့် နော်'ဟု လာနာက လှမ်းအော်သည်။

'ငါက ဘယ်သူ့ ကိုမှ ပစ်မသတ်ဘူး၊ ဘယ် အမေရိကန်က မှလည်း လူတွေကို ပစ်မသတ်ဘူး၊ စခန်းက လူတွေကို သတ်သွားတာက ရုရှားတွေကွ၊ အချိန် မနှောင်းခင် သူတို့ကို ဟန့်တား ပစ်ရမယ်'

ကျွန်တော် အော်ဟစ် ပြောလိုက်သည့် အခါ သူတို့က ကျွန်တော့်ကို ငေးကြည့်နေ ကြသည်။

'အထဲကို သွားရအောင်' ကျွန်တော်က ရိုင်ဖယ် သေနတ်၏ မောင်းထိန်း ခလုတ်ကို ပြန်ဖွင့်ရင်း ဂျင်းပယ်ရီကို သေနတ် ပြန်ပေး လိုက်သည်။ 'အထဲကို သွားရအောင်၊ ခင်ဗျားတို့ကို ပြောစရာတွေ ရှိနေတယ်၊ စိတ်ချမ်းသာ စရာတော့ မကောင်းလှဘူး'

ဂျင်းပယ်ရီက သေနတ်ကို တစ်လှည့်၊ ကျွန်တော့် ကို တစ်လှည့် ကြည့်သည်။ ပြီးမှ ခေါင်းတဆတ်ဆတ် ညိတ်ရင်း



'ကျုပ် စိတ်မကောင်းပါဘူး'

'ကျုပ် နားလည်ပါတယ်၊ ခင်ဗျားတို့မှာ စားစရာများ မရှိဘူးလား'

'အများကြီး ရှိတယ်'

လာနာက အဖြေ ပေးသည်။ ကျွန်တော်တို့ လေးယောက် တောင်ကုန်းပေါ် တက်ပြီး မိုးလေဝသ စခန်း ထဲသို့ ဝင်လိုက်ကြသည်။ မိုးလေဝသ စခန်းမှာ အခန်း သုံးခန်းပဲ ရှိသည်။ အနွေးဓာတ် ပေးမထားသည့် အခန်း တစ်ခန်းထဲတွင် ရေခဲ ဖမ်းယူသည့် ကောင်းကင် ကြိုးတိုင် ရှိသည်။ တစ်ခန်းတွင် မိုးလေဝသနှင့် ဆိုင်သည့် အီလက်ထရောနစ် ကိရိယာများ ရှိသည်၊ တတိယအခန်းကိုမူ စခန်း ထိန်းသိမ်းရေး ဝန်ထမ်း များ၊ မုန်တိုင်းကျ၍ သောင်တင် နေလျှင် အရေး ပေါ် အိပ်ခန်းအဖြစ် အသုံးပြုနိုင်အောင် ဖန်တီး ထားသည်။

ကျွန်တော်သည် ခေါင်းစွပ် ပါသော အနွေး ထည်နှင့် လက်အိတ်များကို ချွတ်လိုက်ပြီး စားပွဲတွင်ထိုင်ကာ စီးကရက် တစ်လိပ် မီးညှိသည်။ ဂျင်းပယ်ရီ နှင့် တီရင်ဆင်း တို့က ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ လာနာက ကျွန်တော်တို့ အားလုံးအတွက် ကော်ဖီယူလာပေးပြီးနောက် ကျွန်တော့် အတွက် စွပ်ပြုတ် တင်အိုးကို မီးဖိုပေါ် တင် လိုက်သည်။

'ခင်ဗျားတို့ကို လာပြီး တိုက်ခိုက်တဲ့ သူတွေဟာ အမေရိကန်တွေပါလို့ ဘာဖြစ်လို့ ယူဆကြတာလဲ'

ကျွန်တော် မေးကြည့် လိုက်သည့်အခါ ဂျင်းပယ်ရီက

www.burmeseclassic.com

www.burmeseclassic.com



'သူတို့က အမေရိကန် ရေတပ်ဝတ်စုံတွေ ဝတ်ထားတယ်၊ သူတို့စီးလာတဲ့ စနိုကက်တွေမှာ အမေရိကန်ရေတပ်မတော်ရဲ့ အမှတ်အသားတွေ ရေးထားတယ်'

'သူတို့ စကား ပြောသံတွေကိုရော ကြားလိုက်မိကြသေးသလား'

'ဟင့်အင်း' ဟု ဂျင်းပယ်ရီက ပြောလိုက် သလို တီရင်ဆင်းက ခေါင်းခါပြသည်။

'သူတို့က စခန်းကို ဝင်လာပြီး တာနှင့် တစ်ခါတည်း တန်းပြီး ပစ်ခတ်ကြတာပဲ နစ်' ဟု လာနာက လှမ်းပြောသည်။ 'အဖြစ်က တော်တော်ဆိုးပါတယ်၊ ကျွန်မတော့ ယုံတောင် မယုံချင်ဘူး'

လျှပ်စစ် စက်ရုံ အောက်မှ လျှို့ဝှက် ဓာတ်ခွဲခန်းတွင် ဖြစ်ပျက်ခဲ့သည့် ကိစ္စကို ဖုံးဖိရန်အတွက် ကျွန်တော်တို့အစိုးရ ကိုယ်တိုင်ကပင် တစ်ပတ်ရိုက် လုပ်ကြံခဲ့လေသလားဟု ခဏမျှ ကျွန်တော် ထင်လိုက်သေးသည်။ ပြီးမှ အတွေးကိုဖျောက်လိုက်သည်။ စတာနော့မှာ ကေဂျီဘီ အရာရှိ တစ်ဦး ဖြစ်သည်။ ရုရှားများက ကျွန်တော့်ကို ပြောသွားသည့် စကား အရဆိုလျှင် သူတို့ ဆီတွင် တစ်စုံ တစ်ခု ဖြစ်ပျက်နေခြင်းမှာ ထင်ရှားသည်။

'သူတို့ဟာ ရုရှားတွေပဲ'

'သူတို့က ရုရှားတွေ ဆိုရင် စတာနော့ကို ဘာဖြစ်လို့ သတ်ပစ်ကြရ တာလဲ၊ စတာနော့ဟာ သူတို့ လူတစ်ယောက် ပဲဗျ'



ဂျင်းပယ်ရီက ပြန်မေးသည့်အခါ ကျွန်တော် ကြုံတွေ့ရသမျှ ကျွန်တော် ကြားရ သမျှ အဖြစ်အပျက် အလုံးစုံကို တတိယအကြိမ် အဖြစ် ပြန်ပြီး ရှင်းပြလိုက်ရ ပြန်သည်။ အစတွင် သူတို့က ခေါင်းမာနေကြသေးသည်။ ကျွန်တော် ဆက်ကာ ဆက်ကာ ပြောနေမှ ခေါင်းမာမှုက မယုံနိုင်စရာ အဖြစ်သို့ ပြောင်းသွားပြီး နောက်ဆုံးတွင် ဒေါသထွက်လာ ကြသည့် အဆင့်သို့ ရောက်ရှိသွား လေလည်။

'လွန်ခဲ့တဲ့နှစ်က ဂျိနီဗာမှာ ကျင်းပတဲ့ မျိုးရိုးဗီဇ သိပ္ပံပညာရှင်များ ကွန်ဂရက်မှာ အဲသလို မတော်တဆ ဖြစ်ပွားနိုင်တဲ့ အလားအလာတွေကို ကျွန်မတို့ ဆွေးနွေးခဲ့ကြသေးတယ်' ဟု လာနာက ကျွန်တော့်ထံသို့ စွပ်ပြုတ်နှင့် ပေါင်မုန့်ထောပတ်သုတ် ယူလာရင်း ရှင်းပြသည်။ 'အဲဒီတုန်းကတော့ အသံအကျယ်ဆုံး ဝေဖန် ပြောကြားသွားတဲ့ လူတွေဟာ ဆိုဗီယက် ကိုယ်စားလှယ်အဖွဲ့ပဲပေါ့ရှင်'

'အဲဒါက သဘော ပေါက်လောက်ပါတယ်၊ သူတို့ဟာ ဒီနေရာမှာ တစ်စုံတစ်ခုကို အောင်အောင်မြင်မြင်နှင့် တီထွင်နိုင်ဖို့ နီးစပ်နေမှန်း သိနေကြတယ်၊ အဲဒီတော့ တခြားလူတွေက သူတို့ကို အလဲထိုးသွားမှာ မခံနိုင်တော့ဘူးလေ'

လာနာက ကျွန်တော့် ရှေ့တွင် ဝင်ထိုင်ပြီး

'ရုရှား တွေဟာ အဲဒီပစ္စည်းကို ထုတ်လုပ်ပြီးသွားပြီလို့ ရှင် ပြောနေ တာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာရှိတဲ့ သိပ္ပံပညာရှင်တွေကို အဲဒီ ပစ္စည်းက သ[illegible] သွားတာပဲ၊ ဒီစခန်းကနေ သိပ်မဝေးတဲ့ နေရာမှာ မ[illegible] တဆ ထိခိုက်မှု တစ်ခု ဖြစ်ပွားခဲ့တယ်လို့ ကိုယ် ထင်တ[illegible] အဲဒီ ပစ္စည်းထဲက တချို့တစ်ဝက်က သိုလှောင်ထားရာက[illegible] စိမ့်ထွက်လာပြီး ဒီက လူတွေကို သတ်ပစ်လိုက်တာ ထင်ရ[illegible] ပါတယ်'

'ဒါဆိုရင် အဲဒီ ပစ္စည်းက အပြင်မှာ ရှိနေသေးတ[illegible] ဆိုပါတော့'ဟု တီရင်ဆင်းက ဝင်မေးသည်။

'အဲသလို တွက်ကြည့်ရမှာပဲ၊ ဒါပေမယ့် အဲဒီ ပစ္စည်းက[illegible] လာသူယ်ဖို့ ဆိုဗီယက် ရေငုပ်သင်္ဘောဟာ ချိန်းထားတ[illegible] နေရာကို ၁၄ ဖြ-နာရီ အတွင်း ရောက်လာ လိမ့်မယ်'

'အဲဒီ ကိစ္စကို တားမှ ဖြစ်မယ် နော်၊ အဲဒီ ပစ္စည်းက[illegible] ဖျက်ဆီးပစ် ရမယ်'

'အဲဒီ ကိစ္စ အတွက် ကိုယ် ဒီကို ရောက်နေတာပဲ လေ[illegible] ဒါပေမယ့် ကိုယ့် အနေနဲ့ တချို့ သတင်း အချက် အလက်[illegible] တွေ သိထားဖို့ လိုတယ်၊ မင်းတို့ရဲ့ အကူအညီလည်း နည်း[illegible] နည်း လိုတယ်'

'ခင်ဗျားက ဘာလုပ်ဖို့ စိတ်ကူးထားလို့လဲ' ဂျင်းယယ်ရီက မေးသည်။

'ဒီလို ရာသီဥတုမျိုးထဲမှာ ဆိုရင် အာဗိုဘီ-အေ ဟာ ဘယ်လောက် ဝေးဝေး အထိ ရောက်အောင် လွင့်သွားနိုင် သလဲ'



လာနာက ခေါင်းခါပြီး

'အတိအကျ ပြောလို့ရတဲ့ နည်းလမ်းတော့ မရှိသေးဘူး နော်၊ အဲဒီ ပစ္စည်း နမူနာ မရှိဘဲနဲ့တော့ ပြောလို့ မရဘူး'

'အာဗိုဘီ-အေ လွင့်သွားနိုင်တဲ့ ခရီး အကွာ အဝေးကို ကိုက်နဲ့ ပြောမလား၊ မိုင်နဲ့ ပြောမလား၊ အဲဒီ ပစ္စည်း ဟာ ဘယ်လောက် ဝေးဝေးက လွင့်ထွက်လာပြီး ကိုယ်တို့ရဲ့ လူတွေကို သတ်ပစ်သွား သလဲ ဆိုတာ ခန့်မှန်း ကြည့်ချင်လို့ပါ'

'မိုင်နဲ့ချီပြီး ပြောလို့ ရတာတော့ သေချာတယ်၊ ငါးမိုင် အများဆုံး ဆယ်မိုင်ပေါ့'

'ကောင်းပြီ၊ ဆယ်မိုင်ပဲ ထားလိုက်ပါတော့၊ ဒီစခန်းကနေ ဆယ်မိုင် ပတ်လည် အတွင်းမှာ အဲဒီ ပစ္စည်းတွေကို သိုလှောင် ထားတယ်၊ ဒါမှ မဟုတ် အပြင်မှာ မှောက် ချင် လည်း မှောက်ကျနေ လိမ့်မယ်၊ ဒီစခန်းရဲ့ အနောက်ဘက်မှာ ရှိဖို့က ပိုပြီး ဖြစ်နိုင်တယ်၊ အဲဒီ ပစ္စည်းဟာ ဘယ်လို အမျိုးအစားလဲ၊ အမှုန့်လား ဓာတ်ငွေ့လား'

'ဓာတ်ငွေ့ ဖြစ်ဖို့ များတယ်၊ သံဘူးတွေထဲ ထည့်သိမ်း ထားတဲ့ ဓာတ်ငွေ့မျိုးပါ'

'အဲဒီ ဓာတ်ငွေ့ကို ဓာတ်ပြယ်အောင် ဘယ်လို လုပ်ရင် ရမလဲ'

လာနာက ချက်ချင်း ခေါင်းခါပြီး'

'ဓာတ်ပြယ်အောင် လုပ်လို့ မရနိုင်ဘူး၊ အခုအချိန်ထိ တော့ ဓာတ်ပြယ်အောင် လုပ်လို့ မရကြသေးဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် အဲဒီပစ္စည်းကို ဖျက်ဆီးရုံ ဖျက်ဆီးပစ်လိုက်လို့ မရဘူးပေါ့၊ ဒါဆိုရင် အဲဒီပစ္စည်းတွေကို ရုရှားရောင့် သဘော်ပေါ် မတင်ရသေးခင် ရုရှားတွေဆီကနေ လုယူနိုင်အောင် ကိုယ်ထိလက်ရောက် ကြိုးစားရတော့မှာပဲ'

'မဖြစ်နိုင်ပါဘူးဗျာ'ဟု ဂျင်းပယ်ရီက ဆိုသည်။

'အဲသလိုတော့ ထင်ရတာပေါ့ဗျာ'ဟု ကျွန်တော် ပြန်ဖြေလိုက်သည်။

# ၁၃

မုန်တိုင်း အင်အား ပြည့်မလာမီ သုတေသန စခန်းသို့ ကျွန်တော်တို့ ပြန်လာခဲ့သည်။ မုန်တိုင်းက ခန့်မှန်းသည်ထက် စောပြီး ကျရောက်လာခြင်းပင်။

တစ်နာရီအတွင်း ကျွန်တော်တို့သည် ဖရိုဖရဲ ဖြစ်နေသည့် ပစ္စည်းများကို ရှင်းလင်းလိုက်ကြသည်။ အလောင်း လေးလောင်းကိုလည်း ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းထဲသို့ သွင်းပေးထား လိုက်သည်။ အာဗွိုဘ်-အေနှင့် မတ်သကျ်၍ သိသင့်သိထိုက်သည့် သဲလွန်စများ ရှာဖွေရန် လာနာနှင့် ဒေါက်တာ တီရင်ဆင်းတို့က ဓာတ်ခွဲခန်းထဲတွင် ဒေါက်တာ ဒီဟွန်း၏ မှတ်စုများကို လှန်လှော ရှာဖွေနေကြသည်။ ဂျင်းပယ်ရီနှင့် ကျွန်တော်တို့က ကားရုံထဲသို့ သွားကာ စနိုကက် ယာဉ် တစ်စီးကို အသင့်ဖြစ်အောင် ပြင်ဆင်ထားကြသည်။

'ကျူပ် လာနာ့ကို မက္ကမာဒို စခန်း ပြန်လွှတ် လိုက်မယ်'

'ရုရှားတွေ ကိစ္စကို ဘယ်လို လုပ်မလဲ မှန်းဆီယာ၊ ခင်ဗျား ပြောတော့ အခြေစိုက် စခန်းကို ရုရှားတွေ သိမ်းပိုက်လိုက်ကြပြီ ဆို'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကို ရှာဖွေဖို့ ဝင်သိမ်းကြတာပါ၊ ရုရှားတွေ အခြေစိုက် စခန်းမှာ ရှိနေသေးတယ် ဆိုရင်တောင်မှ လာနာဟာ စခန်းကို ရောက်ဖို့ ဆယ်နာရီလောက် ကြာလိမ့်ဦးမယ်၊ အဲဒီအချိန် ကျရင် ကျုပ်တို့ဘက်က စတင် လှုပ်ရှားနေ သလို ဆိုဗီယက်တွေ ကလည်း ကျုပ် နယူးဇီလန်ကို မ သွား ဘူး ဆိုတာ သိနေလောက်ပြီ'

ဂျင်းပယ်ရီက ကျွန်တော်၏ စနိုကက် ပေါ်မှ နေရာရွှေဒီယိုစက်ကို လာနာ အသုံးပြုမည့် စနိုကက်တွင် ပြောင်းရွှေ့ တပ်ဆင်လိုက်သည်။ ပြီးမှ အလုပ် ခဏ ရပ်ပြီး ကျွန်တော့်ကို မော့ကြည့်သည်။

'ခင်ဗျား ဘာလုပ်ဖို့ စိတ်ကူးထားမှန်း ခုထက်ထိ ကျွန်တော် တို့ကို မပြောသေးဘူး'

'ဒီကို ရောက်တဲ့အထိ ဘာ လုပ်ရမှန်း ကျုပ်ကိုယ်တိုင်မသိသေးလို့ပါ'

'အခုတော့ သိပြီလား'

ကျွန်တော်သည် စက်ကို ဆီဖြည့်ပြီးနောက် ဆီပုံးကိုအောက်ချလိုက်သည်၊ လက်များကို အဝတ်စုတ်ဖြင့်သုတ်ပြီး ဂျင်းပယ်ရီအနားသို့ လျှောက်သွားသည်။

'ကျုပ်တို့နှင့် ပါလာတဲ့ ဇီဝ ဝတ်စုံတွေဟာ အာဗွီဘီ-အေရဲ့ ဒဏ်ကို ခံနိုင်ချင် ခံနိုင်လိမ့်မယ်လို့ လာနာက ပြောမြတယ်'

ဂျင်းပယ်ရီ ခေါင်းခါပြီး



'ဒဏ် ခံနိုင်တယ်လို့ပဲ လာနာက ပြောခဲ့တာပါ၊ အတိအကျ သိနိုင်တဲ့ နည်းတော့ မရှိဘူးဗျ၊ ဒေါက်တာ ဒီဟွန်းရဲ့ ကိုဆုံထဲမှာ တစ်ခုခု မှတ်ချက်ချထားရင်တော့ တစ်မျိုးပေါ့'

'ရုရှားတွေဟာ ဟောဒီ ရေခဲပြင်ရဲ့ တစ်နေရာ ရာမှာ တော်တဆ ထိခိုက်မှု တစ်ခု ဖြစ်ခဲ့ပုံ ရတယ်၊ ရုရှားတွေဟာ အာဗွီဘီ-အေ တွေကို ရေငုပ်သင်္ဘောနှင့် ချိန်းထားတဲ့ နေရာရောက်အောင် သယ်သွားရင်း မတော်တဆ ထိခိုက်မှုတစ်ခု ဖြစ်ခဲ့တာ နေမှာပဲ၊ အဲဒီ ပစ္စည်း သယ်သွားတဲ့ ယာဉ် တိမ်းမှောက်ပြီး ဓာတ်ငွေ့ဘူး တစ်ဘူးဘူးက စိမ့်ထွက် လာတာဖြစ်နိုင်တယ်'

'အဲဒါက ဖြစ်နိုင်ပါတယ် ဗိုလ်မှူးကြီး၊ သူတို့ တီထွင်သုတ်ဖော်ထားတဲ့ ပစ္စည်းရဲ့ အာနိသင် ဘယ်လောက်ရှိသလဲ ဆိုတာ စမ်းသပ်ဖို့ အတွက်လောက် နှင့်တော့ ဒီစခန်းက လူတွေကို သတ်ပစ်လိမ့်မယ် မထင်ပါဘူး'

'ဒါဆိုရင် သူတို့က ရေခဲပြင် ပေါ်မှာ ရောက် နေ တဲ့ ဓာတ်ငွေ့ဘူးတွေကို ပြန်ကောက်ပြီး ရေငုပ် သင်္ဘောနှင့် ချိန်းထားတဲ့ နေရာကို သွားပို့ဖို့ ပြင်ဆင်နေကြ လောက်ပြီ'

'ရုရှားတွေကို ဘယ်လိုနည်းနှင့် ဟန့်တားကြ မလဲ'

'ကျုပ်တို့ လုပ်နိုင်သမျှကတော့ အဲဒီ ဓာတ်ငွေ့ဘူးတွေ ပြန့်ကြဲနေတဲ့ နေရာနား ရောက် အောင် သွား၊ သူတို့ကို ရင်ဖယ်နှင့် ချိန်၊ သူတို့က ကျုပ်တို့ ပြောတဲ့အတိုင်း မလုပ်ဘူး ဆိုရင် ဓာတ်ငွေ့ဘူးတွေကို ဖောက်ခွဲခဲ့ရုံပဲ ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားရေ ခင်ဗျားက အဲဒီအတိုင်း လုပ်မယ်ဆိုလား၊ ဒါဆိုရင် အဲဒီက စစ်သားတွေ အားလုံး သေကုန်ကြမှာပေါ့'

'ဒီနေရာမှာ သောလောဆယ် ဘာတွေ ဖြစ်နေ သလဲ ဆိုတာ ခင်ဗျား အသိပဲ၊ ခင်ဗျား ဆိုရင် ဘာလုပ်မလဲ'

'ကုလသမဂ္ဂကို ရေဒီယိုနှင့် သတင်းပို့ပြီး ဒီမှာ ဖြစ်နေတာတွေကို တစ်ကမ္ဘာလုံးကို အသိပေးမှာပေါ့ဗျာ'

'အဲသလို လုပ်ဖို့ အချိန် မရှိဘူး ဗျ၊ အာဗွီဘီ-အေ တွေကို ရေငုပ်သင်္ဘောပေါ် တင်ပြီးသွားတာနှင့် အချိန် နှောင်းသွားပြီ၊ အာဗွီဘီ-အေ တွေကို သင်္ဘောပေါ် မတင်နိုင်ခင် ဟန့်တားပစ် ရမယ်'

'မဟုတ်သေးဘူး မွန်ဆီယာ၊ ခင်ဗျားရဲ့ စီမံကိန်းမှာ ကျုပ်တော့ ဝင်ပြီး မပတ်သက် ချင်ဘူး'

'ကောင်းပြီလေ၊ လာနာနှင့် အတူ မက္ကမာဒို စခန်းကို ခင်ဗျား ပြန်လိုက်သွားလို့ ရတယ်၊ လိုအပ်ရင်တော့ မုန်တိုင်းစဲတာနှင့် ကျုပ် တစ်ယောက်တည်း လုပ်သင့်ရင် လုပ်ရမှာပဲ'

ကျွန်တော် တစ်ဖက် လှည့်ပြီး အိပ်ခန်းဆောင် များသို့ သွားသည့် တံခါးပေါက်ဆီသို့ ထွက်လာခဲ့သည်။

'ခင်ဗျား မလုပ်ရဘူး'

ဂျင်းပယ်ရီက လှမ်း အော်သည်၊ ကျွန်တော် လှည့်ကြည့်လိုက်သည့် အခါ သူက ကျွန်တော့်ကို ဗေ့တိဖြင့် ချိန်ထားသည်။

'ခင်ဗျားက ကျုပ်ကို သတ်ပစ် မှာလား ဂျင်းပယ်ရီ'

'လိုအပ်ရင်တော့ သတ်ပစ်ရမှာပဲ'



'ရောဂေါ် ချာဖွေရေး ဓာတ်ခွဲခန်း ထဲကို နောက်ထပ် အလောင်း တစ်လောင်း ထပ်ဖြည့်ပေး မလို့လား၊ မကြာခင်မှာ နောက်ထပ် အခန်း တစ်ခန်းကို ရေခဲတိုက် အဖြစ်နှင့် ကျုပ်တို့ အသုံးပြုလာရ လိမ့်မယ်၊ ဒီမှာ အလောင်း ထားစရာ နေရာ မရှိ တော့ဘူး'

'ခင်ဗျားကို အဲသလို လုပ်ခွင့် မပေးနိုင်ဘူး ဗိုလ်မှူးကြီး၊ မုန်တိုင်း စဲစဲချင်း ကျုပ်တို့ အားလုံး မက္ကမာဒို စခန်းကို ပြန်သွား ကြမယ်၊ အဲဒီကျရင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဆီကို ရေဒီယိုနှင့် ဆက်သွယ်ပြီး အစီရင်ခံမယ်၊ ဘာလုပ်ရမလဲ ဆိုတာက သူ ဆုံးဖြတ်ရမယ့် ကိစ္စပဲ'

'အဲသလို ဆိုရင် အချိန်နှောင်းသွား လိမ့်မယ်'

'နောက်ထပ် လူသတ်စရာ မလိုတော့ဘူး ဗျာ'

'ဒါဆိုရင် ခင်ဗျား ကရော ရုရှားတွေ အတွက် အလုပ်လုပ်ပေးနေတဲ့ လူလား'

'ဒီမှာ ရှိတဲ့ လူတွေကိုရုရှားတွေ သတ်ပစ် လိုက်တယ် ဆိုတဲ့ အထောက် အထား ဆိုလို့ ခင်ဗျားရဲ့ ပါးစပ် စကားပဲ ရှိတယ်၊ ဒီကို ဝင်လာတဲ့ လူတွေဟာ အမေရိကန် ရေတပ် ဝတ်စုံတွေ ဝတ်ထားပြီး အမေရိကန် ရေတပ်က စနိုကက်တွေကို စီးလာ ကြတယ်၊ နောက်ပြီး ဒီမှာ ရှိတဲ့ မြေအောက် ဓာတ်ခွဲခန်းမှာ လျှို့ဝှက် သုတေသန လုပ်ငန်း တစ်ခု လုပ်နေတာကိုလည်း ခင်ဗျား ဝန်ခံ ခဲ့တယ်'

'သူတို့က ရုရှားတွေ ထုတ်ဖော်ထားတဲ့ အာဗွီဘီ-အေ အတွက် ဖြေဆေးရအောင် သုတေသန ပြုလုပ်နေကြ တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ပြောတာက စကားလောက်ပဲ အရာထင်တာပါ ဗိုလ်မှူးကြီး'

'ရောဂါ ရှာဖွေရေး ခွဲခန်း ထဲမှာ အလောင်းတွေ ဘောင်လို ပုံနေတာ ခင်ဗျား မတွေ့ဘူးလား'

'ခင်ဗျား လူသတ်မယ့် အလုပ်ကိုတော့ ကျုပ် တားဆီး ရမှာပဲ'

'ဆိုဗီယက် တွေသာ အာဗွီဘီ-အေကို ဆိုဗီယက်ယူနီယံ ရောက်အောင် သယ်သွားနိုင်မယ် ဆိုရင် နောက်ထပ် လူသတ် ပွဲက အစပျိုးလာ လိမ့်မယ် ဂျင်းပယ်ရီ'

ကျွန်တော် သူ့ကို ပြန်ပြောပြီး တံခါးပေါက် ဆီသို့ လှည့်ထွက် ခဲ့သည်။ အိပ်ခန်းဆောင်များ ဘက်သို့ ပြန်ဝင် လာစဉ် လာနာ အက်ဒွပ်က ခွဲ ခန်း ထဲ မှ ထွက် လာ သည်။ လာနာမှာ ပင်ပန်းနေပုံ ရသည်။ ကျွန်တော့်ကို မြင်သွားသော အခါ ခေါင်းခါ ပြသည်။

နှစ်ဦးသား ထမင်းစားဆောင်ထဲ ဝင်သွားပြီး ကော်ဖီ တစ်ခွက်စီ သောက်လိုက်ကြသည်။ စားပွဲ တစ် လုံး တွင် ဝင်ထိုင် ကြသည်။

'အာဗွီဘီ-အေဟာ ဇီဝ ဝတ်ရုံကို ဖောက်မဝင် နိုင်ဘူး ဆိုတဲ့ အာမခံချက်မျိုး အတိအကျ မပေးနိုင်ဘူး နစ်'

ကျွန်တော်က နှစ်ယောက်လုံး အတွက် စီးကရက် များကို မီးညှိပြီး

'မင်းအတွက် စနိုကက်ကို အဆင်သင့် လုပ်ထား ပြီးပြီ၊ အားလုံး ခဏ လောက် အပန်း ဖြေ ကြမယ်၊ ပြီး ရင်



မက္ကမာဒိုကို မင်း သွားပေတော့၊ ဂျင်းပယ်ရီလည်း မင်းနှင့် လိုက်လာ လိမ့်မယ်'

'ရှင် ကျွန်မ ပြောတာ မကြားဘူးလား၊ ဇီဝ ဝတ်စုံ ဝတ်ထားလို့ စိတ်ချရပါ့မလား ဆိုတာ ကျွန်မ အတိအကျ မပြောတတ်ဘူး'

'ဒါက ပြဿနာ မဟုတ်ပါဘူး၊ သူတို့ကို တားစရာ ရှိတာ တော့ တားကို တားရ မှာပဲ'

'ဂျင်းပယ်ရီက မက္ကမာဒိုကို ကျွန်မနှင့် ပြန်လိုက် လာလိမ့် မယ်လို့ ရှင် ပြောတယ် နော်'

'ဟုတ်တယ်၊ သူက ကုလသမဂ္ဂ အထွေထွေ အတွင်း ရေးမှူးချုပ် ဆီကို အစီရင်ခံချင် လို့တဲ့'

'ကျွန်မ ကြားခဲ့တဲ့ စကားတွေထဲ မှာတော့ နားဝင် အချိုဆုံးလို့ ဆိုရ မှာပဲ'

'ဒါပေမယ့် အဲသလို လုပ်ဖို့ အချိန် မရှိဘူး ကွ'

'ရှင့် တွက်ကိန်း မှားနေရင် ဘယ့်နှယ် လုပ်မလဲ၊ ကျွန်မတို့ လုံးဝ မသိတဲ့ ကိစ္စ တစ်ခုခုက ဒီမှာ ဖြစ်ပျက်ခဲ့ရင် ဘယ့်နှယ် လုပ်မလဲ'

'ကိုယ့် အနေနှင့်က မှန်သလား မှားသလား ဆိုတာကို စဉ်းစား မနေနိုင် တော့ဘူး၊ ကိုယ့် အထင်နှင့် မှန်နေပြီး ဘာမှ မတတ်နိုင်ဘူး ဆိုရင် တစ်လ အတွင်းမှာ စစ်ဖြစ်တာကို ရင်ဆိုင်ရ လိမ့်မယ်၊ ဒီ စစ်ပွဲဟာ ဒီ အချိန်အခါမှာ ဘယ်လိုမှ ကိုယ်တို့ ဘက်က မနိုင်နိုင်တဲ့ စစ်ပွဲဖြစ် လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမျှ တိတ်ဆိတ် သွားသည်။ နောက်ဆုံး တွင်မှ လာနာက

'ဒေါက်တာ တီရင်ဆင်းက ရှင့်ကို ကူညီပါလိမ့်မယ်၊ သူက ရုရှားတွေကို သိပ် မုန်းတာပဲ'

'ဟင့်အင်း သူ့ ကိုလည်း မင်းတို့နှင့် အတူ ပြန်ထည့် လိုက်မယ်'

လာနာ လှန်ကွက်ရန်ဟန်ပြင်လိုက်ရာ ကျွန်တော် လက်ကာ ပြပြီး

'မင်းတို့ အားလုံးဟာ သိပ္ပံ ပညာရှင်တွေ ဖြစ်တယ်၊ စစ်သားတွေ မဟုတ်ဘူး၊ ဒီ ကိစ္စကို ကိုယ် တစ်ယောက်တည်းပဲ လုပ်မယ်၊ မင်းတို့ အားလုံး မဏ္ဍမာဒီစခန်းကို ရောက်သွားတာနှင့် ဂျင်းပယ်ရီ ဆန္ဒရှိတဲ့အတိုင်း ဆက်လုပ်ကြ၊ ကုလသမဂ္ဂကို ဆက်သွယ်၊ ဒီမှာ ဘာတွေ ဖြစ်နေသလဲ ဆိုတာ ပြောကြ၊ ကိုယ့် အနေနှင့် မအောင်မြင်ဘူး ဆိုရင်တောင်မှ ဆိုဗီယက်တွေ ဘာတွေ ကြံစည်နေသလဲ ဆိုတာ လူတိုင်း သိသွားမှာပဲ၊ အဲဒါ ဆိုရင် အထောက်အကူတော့ ဖြစ်နိုင်ပါတယ်'

'ရှင့် တွက်ကိန်း မှားပါစေလို့ ဆုတောင်းပါတယ် နစ်'

'ကိုယ်လည်း မင်းလိုပါပဲ'

ကျွန်တော် ပြန်ဖြေလိုက်သည်။ တကယ်တော့ ကျွန်တော် မှားလိမ့်မည် မထင်ပါ။ ကျွန်တော် မတ်တတ် ထရပ်သည်။

'ကိုယ် တစ်ရေးလောက် အိပ် လိုက် ဦးမယ်၊ မှန်တိုင်း စဲတာနှင့် သွားကြတာပေါ့'



'ဒေါက်တာ တီရင်ဆင်းကို ကူညီဖို့ မာတ်ခွဲခန်းကို ကျွန်မ ပြန်သွားလိုက်ဦးမယ်၊ ရှင့် အတွက် နောက်ဆုံးပိတ် ရလဒ် တစ်ခု လောက်တော့ ထပ်ပြီး သိချင်လည်း သိရမှာပေါ့'

လူသွား စင်္ကြံ ထဲတွင် ဂျင်းပယ်ရီနှင့် ကျွန်တော် သွားဆုံသည်။ သူက ကျွန်တော်နှင့် မျက်လုံးချင်း မဆုံ လိုပုံဖြင့် မျက်နှာ တစ်ဖက်သို့ လွှဲသွားသည်။ နွေခင်း အလုပ်လုပ်သည့် အခန်းထဲသို့ လှစ်ခနဲ ဝင်သွားသည်။ သူက နောက်မှအတွေး တစ်မျိုး ပေါက်ပြီး စောစောက ကျွန်တော့်အား သေနတ်ဖြင့် ချိန်မိခဲ့ခြင်းကို အားနာနေ၍လား မသိ။

ကျွန်တော် အရင် အိပ်ခဲ့သည့် အခန်းထဲ ဝင်လိုက်သည်။ ဘွတ်ဖိနပ်ကို ချွတ်ပြီး ခုတင်ပေါ်သို့ တက်အိပ် လိုက်သည်။ ငွမ်းစောင် ထူထူကို ဆွဲခြုံလိုက်ရာ မကြာမီ အိပ်ပျော်သွားလေသည်။

တိတ်ဆိတ် မည်းမှောင် နေသည့် အခန်းထဲတွင် ကျွန်တော် နိုးလာသည်။ အစစ အရာရာ တိတ်ဆိတ် နေသည်။ အပြင်ဘက်မှ လေတိုက်သံ မကြားရ။ မုန်တိုင်း စဲသွားချေပြီ။

စောင်ကို တွန်းထုတ်ပြီး အိပ်ရာပေါ်မှ ဆင်းလိုက်သည်။ မှောင်ထဲတွင် အဝတ်အစား ခပ်မြန်မြန် ဝတ်သည်။ ရေချိုးခန်းသို့ သွားပြီး မျက်နှာကို ရေအေးအေးဖြင့် ပွတ်သပ်လိုက်သည်။ ကျွန်တော့် နာရီ အရ နံနက် လေးနာရီ ကျော်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ရှိပြီ။ ဆာဗိုင်း ဖေ့ာင်ခြေမှ အန္တာတိကာ ကမ်းခြေသို့ နာရီ ၂၀ အတွင်း ဆိုဗီယက် ရေငုပ်သင်္ဘော ရောက်လာတော့မည်။ ထိုနေရာသို့ ကျွန်တော် ရောက်အောင် မသွားနိုင်ခင် လုပ်စရာတွေ တစ်ပုံကြီး ရှိသေးသည်။ သွားရမည့်ခရီးကလည်း ဝေးလွန်းလှသည်။

တခြားသူများ အိပ်ရာမှ ထကြသေးပုံ မရပါ။ ခါတိုင်းခန်း၊ နွေခင်း အလုပ်လုပ်သည့် အခန်းနှင့် ထမင်းစားဆောင်တို့မှာ လူရှင်းနေသည်။ အေးစက်နေသည့် ကော်ဖီ တစ်ခွက် ငှဲ့သည်။ ကောင်တာပေါ်ရှိ ဘရန်ဒီ ပုလင်း ထဲမှ အရက်ဘော်တော်များများကိုပါ လောင်းထည့် လိုက်သည်။ ထို့နောက် အိပ်ခန်းဆောင်များသို့ သွားပြီး လာနာ၏ အခန်းတံခါးကို ခေါက်သိုက်သည်။

ပြန်ထူးသံ ပေါ်မလာ။ ခဏအကြာတွင် ကျွန်တော် တံခါးဖွင့်ပြီး အတွင်းသို့ ချောင်းကြည့်သည်။ အခန်းထဲတွင် လာနာ မရှိပါ။ သူမ၏ အိပ်ရာမှာလည်း လူဝင်အိပ်ထားသည့် ပုံစံ မရှိ။

ကျွန်တော် အိပ်ပျော်နေစဉ် ဘာတွေ ဖြစ်ပျက် ခဲ့မှန်း သိလိုက်သောကြောင့် ကျွန်တော့် ရင်ထဲတွင် ဖြုန်းခနဲ ဟာသွားသည်။ ဂျင်းပယ်ရီနှင့် တီရှင်ဆင်း တို့၏ အခန်းကို ချောင်းကြည့်သည်။ သူတို့နှစ်ဦးလည်း မရှိတော့။

ကျွန်တော်သည် ကော်ဖီ ပန်းကန်ကို ပစ်ချပြီး ကားရုံဆီသို့ ပြေးလာမိသည်။ ကားရုံ အဝင် တံခါးမကြီးက ပွင့်နေသည်။ ကျွန်တော်နှင့် ဂျင်းပယ်ရီတို့ အဆင်သင့် လုပ်ထားခဲ့သည့် စနိုကက် မရှိတော့။ ဒုတိယ တစ်စီး၏ စက်ဖုံးက ပွင့်နေသည်။ အင်ဂျင်စက်မှ ပလတ်များ ခုတ်စေသည့် ကိုရိုယာ၏ အဖုံးက ကြမ်းပြင်ပေါ်တွင် ပြုတ်ကျ နေသည်။ အဖုံးကို အထစ်ထစ် ဖြစ်အောင် ထုခြေထားသည်။

ကျွန်တော်သည် နွေခင်း အလုပ် လုပ်သည့် အခန်းတွင်း ဝင်ပြီး ခေါင်းစွပ်ပါသည့် အနွေးထည်ကို ဝတ်သည်။ အပြင်ပြန်ထွက်ပြီး မဏ္ဍမာဒို စခန်းမှ ကျွန်တော် စီးလာသည့် စနိုကက်ဆီသို့ လျှောက်ခဲ့သည်။ သည် စနိုကက်မှ စက်ဖုံးမှာလည်း ပွင့်နေပြီး စက်နှိုးသည့် သော့ ပေါက်မှ ဝါယာကြိုးများကို ဆွဲဖြုတ် ထားကြောင်း တွေ့ရသည်။ ပလတ်များ မီးကူးစေသည့် ကိုရိုယာမှ အဖုံးကိုလည်း ထုခြေထားသည်။ မဏ္ဍမာဒိုမှ ကျွန်တော် သယ်လာသည့် ပစ္စည်း များလည်း တစ်ခုမျှ မရှိတော့။

ကားရုံထဲ ကျွန်တော် ပြန်ဝင်ပြီး ဂျင်းပယ်ရီ ဖျက်ဆီးထားသည့် စနိုကက်ကို အသေးစိတ် စစ်ဆေးသည်။ ပလတ်မီးကူးသည့် ကိုရိုယာကို ထုခြေထားပြီး စက်နှိုးသည့် သော့ ပေါက်မှ ဝါယာကြိုးများ ဖြုတ်ထားခြင်းမှ လွဲ၍ တခြား အပျက်အစီး ရှိပုံ မရပါ။

ဆယ်မိနစ်အတွင်း ပလတ်မီးကူးသည့် ကိုရိုယာ အပိုတစ်ခုကို ဗီရိုထဲမှ ရှာတွေ့သည်။ ဝါယာကြိုး အသစ် ပြန်ဆင်လိုက်သည်။ စနိုကက်ကို ဆီဖြည့်ပြီး စက်နှိုး ကြည့်သည်။ စက်က ချက်ချင်း ဆိုသလို နှိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



စနိုကက် အင်ဂျင် ပူလောင်လာအောင် နှစ်မိနစ် ခန့် နှိုးထားပြီးမှ ကားရုံထဲသို့ ခမောင်းထွက်ခဲ့ရာ မဏ္ဍမာဒိုမှ ကျွန်တော် စီးလာသည့် စနိုကက် နံဘေးတွင် ရပ်ထားလိုက်သည်။ စနိုဘက်ကို စက်နှိုးလျက် ထားခဲ့ပြီး စတိုခန်းထဲသို့ ကျွန်တော် ဝင်သည်။ အမ် ၂ ကာဘိုင် တစ်လက် နှင့် ကျည်ကပ် နှစ်ကပ် တွေ့ရသည်။ ရိက္ခာနည်းနည်း၊ အရေးပေါ် ဆေးတစ်လုံးနှင့် လက်နှိပ်ဓာတ်မီး တစ်လက်ကို ထုတ်ယူခဲ့သည်။ နှစ်ခေါက်တိတိ သယ်ရသည်။ ဇီဝဝတ်စုံ ယူရန် တတိယ အကြိမ် အဖြစ် အတွင်းသို့ ပြန်ဝင်သည်။

ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းထဲမှ ကြမ်းပြင်ပေါ်တွင် ပုံအျခနေသော ဇီဝဝတ်စုံများကို တွေ့ရသည်။ တစ်ဦးဦးက ဇီဝဝတ်စုံများကို ဓား မြှောင် တစ်လက်ဖြင့် ထိုးခွဲသွားသည်။ ဂျင်းဖယ်ရီပဲ ဖြစ်မည်။ ဇီဝဝတ်စုံ များမှာ အသုံး မကျတော့ပါ။

ဂျင်းပယ်ရီက ကျွန်တော့်ကို ဟန့်တားပစ်ချင် နေသည်။ သူက စိတ်ကူးတည့်ရာ အားလုံး လျှောက်လုပ်သွား ခဲ့သည်။ သူသည် ဆိုဗီယက် သူလျှို တစ်ဦး ဖြစ်မည် ဟုတော့ ကျွန်တော် မထင်ပါ။ သူသည် အန္တရာယ်ဖြူ လောက်အောင် စဉ်းစား ဆင်ခြင်ဉာဏ် ကင်းမဲ့သွားခြင်းသာ ဖြစ်၏။ သူ၏ လုပ်ရပ်က ကျွန်တော့်ကို မဟန့်တား နိုင်သော်လည်း ကျွန်တော့် အသက်ကိုတော့ သေစေနိုင်လောက်သည်။

လိုအပ်မည် ဆိုလျှင် ကျွန်တော်သည် ဇီဝ ဝတ်စုံ ဝတ်ထားသည် ဖြစ်စေ၊ ဝတ်မထားသည် ဖြစ်စေ အာဗွိဘီ-အေ



ဓာတ်ငွေ့ဘူး တစ်ဘူးကို သေနတ်ဖြင့် ပစ်ခွဲရန် စိတ်ကူး ထားသည်၊ ဘာပဲဖြစ်လာလာ ဆိုဗီယက်တွေကို တော့ ဟန့်တား ရမည်။

ကျွန်တော်သည် ခေါင်းစွပ်ပါသည့် အနွေးထည်ကို ဝတ်လိုက်သည်။ လက်အိတ်များကို စွပ်သည်။ အပြင်သို့ ပြန်ထွက်သည်။ ပြီးလျှင် စနိုဘက်၏ ဒုတိယာရင်နောက်တွင် ဝင်ထိုင်သည်။

ဆိုဗီယက် စနိုကက်များ ချန်ထားခဲ့သည့် စွပ်ကြောင်းများကို ဆီးနှင်းများ ဖုံးအုပ်သွားပြီ ဖြစ်သည်။ သူတို့က အနောက်ဘက်သို့ ထွက်ခွာသွားကြခြင်း ဖြစ်သည်။ ကျွန်တော့်ရှေ့ ငါးမိုင် ဆယ်မိုင်လောက် ကြာနေ လိမ့်မည်။ ကျွန်တော့်နည်းတူ သူတို့မှာလည်း မှန်တိုင်းမိပြီး ရှေ့မဆက် နိုင်အောင် ဖြစ်နေကြ လိမ့်မည်။ သို့ဖြစ်၍ သူတို့သည် ရေခဲပြင်ပေါ်မှာပင် ရှိနိုင်သေးသည်။

စနိုကက်ကို ကျွန်တော် ဂီယာထိုး လိုက်သည်။ စက်ကို ကွဲပြီး အနောက်ဘက်သို့ ခေါင်းတည်သည်။ သုတေသန ခန်းမှ ဝေးရာသို့ ထွက်လာခဲ့သည်။ သုတေသန စခန်းမှာ ယခု အချိန်တွင် လူသေများသာ မှင်းမှု ကျန်ရစ် ခဲ့လေပြီ။

နှစ်မိနစ်အတွင်း ခရီး အတော် ပေါက်လာသည်။ သို့ဖြစ်၍ နောက်လှည့်ကြည့်သည့် အခါ စခန်းကို မမြင်ရတော့ပါ။

ကျွန်တော်သည် အမြဲတမ်းလိုလို တစ်ကိုယ်တော် တစ်ဦး သာ ဖြစ်ခဲ့သည်။ သေမင်းနှင့် အကြိမ်တစ်ရာမက ရင်ဆိုင် ခဲ့ဖူးပြီ။ သို့သော်လည်း သည်နေရာတွင် ငါဘယ်သူလဲ ငါ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို တိုက်ခိုက်နေသလဲ၊ ဘာကြောင့် တိုက်ခိုက် နေသလဲ ဆိုသည် တို့ကို ခြေရာ ကောက် ရန်ပင် ခဲယဉ်းနေလေသည်။

ရှေ့မီးကြီး များကို ပိတ်ပြီး ၊ စနိုကက်ကို ကျွန်တော် မောင်းနှင် လာသည်။ ဖန်သားတမျှ ကြည်လင် နေသည့် မိုးကောင်းကင်မှ ကြယ်တာရာ များက အလင်းရောင်များ ဖြန့်ကြက်ပေးနေရာ ရေခဲတောင်ကုန်းလေးများနှင့် အဝေးမှ ဆင်ခြေလျှောများမှာ သရဲသဘက် များ၏ အရိပ်များနှင့်ပင် တူနေသည်။

ခဏမျှ အကြာတွင် ကျွန်တော်၏ ညမြင်ကွင်း ပိုကောင်းလာစေရန် စက်ခလုတ်ခုံပေါ်မှ မီးများကို ပိတ်လိုက်သည်။ ကျွန်တော် တွေးနေသည့် ကိစ္စများက ပို၍ပင် စိတ်ဓာတ်ကျစရာ ကောင်းလာသည်။

ကျွန်တော့် အနေဖြင့် အာဗွီဘီ-အေ ဓာတ်ငွေ့ ဘူးများကို မပျက်မစီးဘဲ သိမ်းဆည်း နိုင်မည် ဆိုလျှင်ပင် ထိုဓာတ်ငွေ့များကို မည်သို့ လုပ်ပစ်ရပါမည်နည်း။ အာဗွီဘီ-အေ များကို ဓာတ်ပြယ်သွားအောင် လုပ်နိုင်သည့်နည်း မရှိသေးပါဟု လောနာဂါ ပြောခဲ့ဖူးသည်။ ဓာတ်ငွေ့ဘူးများကို အမေရိကန်သို့ သယ်သွားဖို့က ပိုပြီး အန္တရာယ်ကြီးသည်။ ဓာတ်ငွေ့ဘူး တစ်ဘူးဘူးသာ ယိုစိမ့်ထွက်လာလျှင် ဘေး ဥပဒ် တစ်ခု သင့်လာလိမ့်မည်။

အာဗွီဘီ-အေများကို သည်နေရာမှာပင် ပြန်ပြီး စွန့်ပစ်ခဲ့ရမည်။ ဓာတ်ငွေ့ဘူးများမှ ယိုစိမ့်ထွက်လာသည် ဆိုလျှင်ပင်



အန္တာတိကာ၏ ရာသီဥတု အခြေအနေနှင့် အန္တာတိကာတွင် လူနေမရှိသလောက် နည်းပါးခြင်းတို့ကြောင့် အန္တရာယ် မဆိုသလောက်သာ ရှိလိမ့်မည်။

ကျွန်တော် မောင်းနှင်လာခဲ့သည်မှာ နာရီပေါင်းများစွာ ကြာမြင့်ပြီဟု ထင်ရသော်လည်း တကယ်တမ်းတွင် နာရီဝက်ပင် မကျော်လောက် သေးပါ။ ထိုအခိုက်တွင် ကျွန်တော့် ရှေ့ဘက်မှ မီးရောင် တစ်ချက် လက်သွားပုံကို တွေ့လိုက်ရသည်။ စနိုကက်ကို ဘရိတ်နင်း လိုက်သည်။ စက်သတ်ပြီး အောက်သို့ ဆင်းသည်။ ခေါင်းစွပ်ကို နောက်သို့ လှန်ချလိုက်သည်။ စက်များ၏ အသံနှင့် သတ္တုချင်း ထိခတ်သံများ၊ အော်ဟစ် ပြောဆိုနေကြသည့် စကားသံ များကို ချက်ချင်း ကြားရသည်။

အ အေး လွန် သည့် လေထဲတွင် အသံ အနီး အဝေးကို ခန့်မှန်းရန် ခက်ခဲသည်။ သို့ဖြစ်၍ အသံလာရာ နေရာမှာ ကျွန်တော်နှင့် မည်မျှဝေးသည်ကို ခန့်မှန်းရန် မလွယ်ပါ။ သို့သော် ကျွန်တော်နှင့် သိပ်ပြီး ဝေးမည်တော့ မဟုတ်။ မိုင်ဝက်လောက် ရှိချင် ရှိမည်။

ခေါင်းစွပ်ကို ပြန်စွပ်ပြီး စနိုကက်ဆီသို့ ပြန်လာ ခဲ့သည်။ စနိုကက်ထဲမှ အမ် ၂ ကာဘိုင်နှင့် လက်နှိုက်ဓာတ်မီးကို ယူလာသည်။ အမ် ၂ ကို အတောင့် ၃၀ ပါသည့် ကျည်ကပ် တစ်ကပ် တပ်လိုက်သည်။ ဒုတိယ ကျည်ကပ်ကို အိတ်ထဲ ထည့်သည်။ အသံကြားရာဆီသို့ ထွက်လာသည်။ ကျွန်တော့်ဦးတည်

www.burmeseclassic.com

www.burmeseclassic.com



ချက် မှန် မမှန် သိနိုင်ရန် လေး ငါး ရှစ်ကိုက်ခန့် သွားမိတိုင်း ခဏ ရပ်တန့်သည်။

နှစ်ဖာလုံခန့် အဝေးတွင် မြေပြင်က အပေါ်သို့ စောင်း တက်သွားသည်။ ကုန်းထိပ်တွင် စနိုကက်များမှ မီးရောင်များ ကို ဒါဇင်နှင့် ချီ၍ တွေ့ရသည်။ လူ နှစ်ဆယ် သုံးဆယ်ခန့်ကို လည်းကောင်း၊ ခရီးဆောင် လျှပ်စစ်ဓာတ်အားပေးစက်နှင့် သုံးချောင်းထောက်များပေါ်မှ နေ၍ အောက်ဘက်ရှိ ရေခဲ ပြင် ပပ်ကြားအက်ထဲသို့ ထိုးပြထားသော မီးရောင် များကို လည်းကောင်း မြင်နေရသည်။

ကျွန်တော် စောင့်ကြည့်နေစဉ် ပပ်ကြားအက်ကြီး ထဲမှ နေ၍ တစ်စုံတစ်ရာကို အပေါ်သို့ ဝန်ချီစက်ဖြင့် ဆွဲတင် နေ ကြောင်း တွေ့ရသည်။ ထို တစ်စုံတစ်ရာကို လူ နှစ်ယောက်က သတိကြီးစွာ ထိန်းကိုင်ရင်း စနိုကက် တစ်စီး နောက်မှ စွပ်ဖား ပေါ်သို့ သွားပို့ကြသည်။

သည် နေရာ တစ်ဝိုက်တွင် ဘာများ ဖြစ်ပျက် ခဲ့၍ သည် လူတွေ ဘာလုပ် နေကြ သလဲ ဆိုသည့် ကိစ္စကို ကျွန်တော် ချက်ချင်း နားလည် သွားသည်။

တစ်စုံတစ်ယောက်က အာဗွီဘီ-အေ များ ကို စနိုကက် တစ်စီးဖြင့် သယ်လာပြီး ရေငုပ်သင်္ဘောနှင့် ချိန်းထားသည့် နေရာသို့ သွားပို့မည်။ လမ်းတွင် စနိုကက်က ရေ ခဲ ပြင် မှ ပပ်ကြားအက်ကြီးထဲသို့ ထိုးကျ သွားမည်။ ခေါင်းငွေ့ဘူး တစ်ဘူး နှစ်ဘူး ပွင့်ထွက်ပြီး ယာဉ်မောင်းကို သတ်ပစ်လိုက်



မည်။ နောက်ဆုံးတွင် အမေရိကန် သုတေသနစခန်းမှ သိပ္ပံ ပညာရှင်များကို သတ်ဖြတ်ပစ်လိုက်ခြင်း ဖြစ်မည်။ ဆိုဗီယက် ယာဉ်မောင်းက လမ်းပျောက်ပြီး အမေရိကန် စခန်းနားသို့ မောင်းလာမိခဲ့ခြင်း ဖြစ်မည်ဟုသာ ကျွန်တော် စဉ်းစား၍ ရသည်။

ယခု အချိန်တွင် ရုရှားများက ခေါင်းငွေ့ ဘူး များ ကို ရှာတွေ့သွားပြီး စနိုကက်များပေါ်သို့ တင်နေကြပြီ။ ၁၈ နာရီ ၁၉ နာရီ အတွင်း ရေငုပ်သင်္ဘောဆီသို့ ရောက် သွား တော့ မည်။

ကျွန်တော် နောက်ပြန်ဆုတ်လာသည်။ သို့ဖြစ်၍ တောင် ကုန်း ထိပ်က ကျွန်တော်နှင့် ရုရှားများ ကြားတွင် ရောက် သွားသည်။ ထို့နောက် ညာဘက် ခပ်လှမ်းလှမ်းမှ ပန်းပြီး တောင်ကုန်းထိပ်သို့ ပြန်တက်ခဲ့သည်။ ကျွန်တော်သည် ရုရှား များ၏ ညာဘက် အထက် နှစ်ဖာလုံခန့် အမြင့်သို့ ရောက်လာ သည်။ အလင်းရောင်ထဲတွင် အလုပ် လုပ်နေကြခြင်းနှင့် သူတို့ အလုပ်ကို အာရုံ စူးစိုက်နေကြခြင်းကြောင့် သူတို့ အတွက် ည မြင်ကွင်း သိပ် မကောင်းနိုင်ဟု ကျွန်တော် တွက်ထား သည်။

ကျွန်တော်သည် ခါးကို ညွတ် ရင်း အောက် ဘက် မှ စနို ကက် နှစ်စီးဆီသို့ တန်းတန်းမတ်မတ် ဆင်းသက်လာသည်။ အနီးအနားမှ စစ်သားများကိုလည်း မသိမသာ ရှာဖွေကြည့် သည်။ လျှပ်စစ်ဓာတ်အားပေးစက်သံကို ကျော်ပြီး ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



၏ခြေသံကို ကြားသွားကြမလား။ ကျွန်တော် မသိနိုင်ပါ။ မည်သို့ဆိုစေ ကျွန်တော် ခြေလှမ်းတိုင်းကို သတိ ထားပြီး ဖြည်းဖြည်းချင်း ဆင်းလာသည်။ အနီးဆုံး စနိုကက်မှ ကိုက် ၅၀ ခန့် အကွာတွင် လက်နက်ကိုင် တစ်ယောက်က ကျွန်တော့် ဘက်သို့ လှည့်ကြည့် လိုက်ရာ ကျွန်တော်မှာ ကျောက်ရုပ် ကဲ့သို့ မလှုပ်မယှက် ရပ်နေလိုက် ရသည်။

ထိုသူက ကျွန်တော့်ကို စက္ကန့် များစွာ ကြာသည် အထိ လှမ်းကြည့် နေသည်။ သူ့ အနေဖြင့် တစ်စုံတစ်ခုကို တွေ့မြင် သွားနိုင်သည်၊ သို့သော်လည်း မီးလုံးများမှ အ လင်း ရောင် ကြောင့် ည မြင်ကွင်းက ခပ်ဝါးဝါး ဖြစ်နေမည် ဖြစ်ရာ သူသည် တောင်ပူစာ တစ်ခု အရိပ် တစ်ခုကို မြင်လိုက်ခြင်း ဖြစ်မည်ဟု ထင်သွားပုံ ပေါ်သည်။ တစ်ဖက်သို့ လှည့် သွား သည်။

အတန်ကြာအောင် ကျွန်တော် စောင့်ဆိုင်းပြီး အနီးဆုံး စနိုကက်ကို ကျွန်တော်နှင့် စစ်သား ကြားတွင် ထားကာ ညာဘက်သို့ လေးဖက်တွား ထွက်လာခဲ့သည်။ စနိုကက် နံဘေး ကွယ်ရာသို့ ရောက်လာမှ မတ်တတ်ရပ်ပြီး ရှေ့ကို အသာ ချောင်းကြည့်သည်။

ကျွန်တော်နှင့် အလုပ် လုပ်နေသော ရုရှားတို့မှာ ပေ သုံး ဆယ် ခန့်ပဲ ဝေးတော့မည်။ သို့သော် သူတို့က ဓာတ်ငွေ့ ဘူး များကို ဆွဲတင်နေသည့် ပပ်ကြားအက်ကြီး၏ တစ်ဖက်ခြမ်းမှာ ရှိနေကြသည်။ သည်မျှ အကွာအဝေးကို လူ မမြင်ဘဲ သေနတ်



ဖြင့် ပစ်ချမခံရဘဲ ရောက်အောင် သွားဖို့ရာ မဖြစ်နိုင်ပါ။ အမေရိကန် ရေတပ်မှ ခေါင်းစွပ်ပါသော အနွေးထည် ဝတ် ထားသူ ကျွန်တော့် အတွက် လုံးဝ မဖြစ်နိုင်ပါ။

ကျွန်တော်သည် အနွေးထည်အတွင်း လက်နှိုက်ပြီး သွယ် လျလျ ဓားမြှောင်လေးကို ဆွဲထုတ်လိုက်သည်။ စနိုကက် နောက် ဘက်သို့ ပြန်လာခဲ့ရာ စောစောက ကျွန်တော့်ကို လှမ်းကြည့် နေသည့် စစ်သားနှင့် ၁၅ ပေ ခန့်ပဲ ဝေးတော့သည်။ ဒုတိယ အနီးဆုံး လူမှာ ကိုက် ၂၀ ခန့် အဝေးမှ မထမဆုံး မီးလုံး နားတွင် ရှိသည်။ စနိုကက် နောက်ပိုင်းကို ကျွန်တော်ဖွင့်လိုက် ရာ စစ်သားက ချာခနဲ လှည့်ကြည့်ပြီး ရိုင်ဖယ်ကို မြှောက်လိုက် သည်။

'ဒီကို လာခဲ့စမ်း' ရုရှားလို ကျွန်တော် ပြောလိုက်သည်။ 'မြန်မြန် လာခဲ့ကွာ'

စစ်သားမှာ တစ်ခဏမျှ တွန့်ဆုတ်ဆုတ် ဖြစ်သွားသည်၊ စနိုကက်၏ဘေး ပြတင်းပေါက်မှ တစ်ဆင့် ကျွန် တော့် ကို မြင်နေရမည် ဖြစ်သော်လည်း ကျွန်တော် ဝတ် ထား သည့် အနွေးထည် ကိုတော့ ခွဲခြား၍ ရ လိမ့် မည် မ ဟုတ် ပါ။ ကျွန်တော်က စနိုကက် နောက်ပိုင်းမှ သေတ္တာ တစ်လုံးကို ဆွဲထုတ်ပြီး

'ဟေ့ကောင် လာခဲ့၊ တို့မှာ တစ်ညလုံး အလုပ်သည်။ အချိန် မရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



စစ်သားက ရိုင်ဖယ်ကို ပခုံးတွင် လွယ်လိုက်ပြီး ကျွန်တော် စောင့်ဆိုင်းနေသည့် နေရာသို့ လျှောက်လာသည်။ စနိုက်ကာ၏ နောက်ပိုင်းကို သူ ပတ်လျှောက် လာသောအခါ ကျွန်တော်က ဘယ်လက်ကို ဆန့်ပြီး အနွေးထည်ကို လှမ်းဆွဲကာ တခြား လူများ မမြင်နိုင်သည့် ဘက်သို့ ဆွဲချ လိုက်သည်။ ပြီးနောက် သူ၏ လည်မျိုကို ဓားမြှောင်ဖြင့် ထောက်ထား လိုက်သည်။

'မင်း အသံ နည်းနည်းလေး ထွက်လိုက်တာနှင့် သေသွား လိမ့်မယ် ရဲဘော်'

ကျွန်တော်က လေသံဖြင့် ပြောလိုက်သည်။ စစ်သားမှာ မျက်လုံး ပြူးနေပြီး ကျွန်တော့် လက်ထဲမှ အလွတ် ရုန်းထွက်ဖို့ ကြိုးစားသည်။ ကျွန်တော့်ကို ရှေ့သို့ အတင်း ဆွဲနေသည်။ ကျွန်တော်သည် တစ်ခဏမျှ ဟန်ချက် ပျက်သွားသောကြောင့် ဓားမြှောင်သွားက သူ၏ လည်မျို ထဲသို့ ဝင်သွား လေသည်။ စစ်သားက ချောင်း တစ်ချက် ဆိုး လိုက် သည်။ ဒဏ်ရာမှ သွေးများ ပန်းထွက် လာသည်။ ဘယ်ဘက်သို့ ရောက်အောင် ဆန့်ငင် ဆန့်ငင် ရုန်းကန်နေရာ လည်ပင်းမှ ဒဏ်ရာက ပိုကျယ် သွားသည်။

စစ်သားကို စနိုက်ကာ နောက်တွင် ချလိုက်သည်။ စစ်သား၏ ရုန်းကန် လှုပ်ရှားမှုက တဖြည်းဖြည်း အားပျော့ သွားပြီး နောက်ဆုံးတွင် ကျွန်တော့် လက်ထဲ၌ ခွေကျ သွားသည်။ သူ့ကို ဆီးနှင်းတော ထဲတွင် အသာ အယာ ချထား လိုက် သည်။



ကျွန်တော် တောက်ခေါက် လိုက်မိသည်။ သူ့ကို ကျွန်တော် သတ်မပစ် ချင်ပါ။ သည်နေရာမှ အဖြစ်အပျက်ကို တခြား လူများ ရိပ်မိသွား သလားဟု ကပျာကယာ စစ်ဆေးသည်။ စစ်သား၏ အနွေး ထည် ကို ဇစ် ဖြုတ် ပြီး ချွတ် ယူ လိုက်သည်။

စစ်သားလေးမှာ လူငယ်လေးဖြစ်သည်။ ၂၂ နှစ် ၂၃ နှစ် ထက် ပိုမည် မထင်ပါ။ သူ သည်လို သေသွားရခြင်း အတွက် ကျွန်တော် ဒေါသ ဖြစ်မိသည်။ လူသတ်မှုတွေက များလွန်း သည်။ အားလုံး ကလည်း အဓိပ္ပာယ်မဲ့ အသတ် ခံကြရ ခြင်းသာ။ သို့သော်လည်း ရေခဲ ပပ်ကြားအက် ထဲမှ ရုရှား များ သယ်တင်နေသည့် ဓာတ်ငွေ့ ဘူးများ အကြောင်းကို ဆက်ပြီး စဉ်းစားရဦးမည်။ ဓာတ်ငွေ့ ဘူး များကို ဆိုဗီယက် ယူနီယံသို့ မရောက်အောင် တားဆီးနိုင်ခြင်း မရှိခဲ့လျှင် လူသန်းပေါင်း များစွာ သေကျေ ပျက်စီးသွား နိုင်သည်။

ကျွန်တော်သည် ကျွန်တော်၏ အနွေးထည်ကို ချွတ်ပြီး ရုရှား စစ်သား၏ အနွေးထည်ကို လဲဝတ် လိုက်သည်။ ပြီးမှ ဓားမြှောင်ကို ဓားအိမ်ထဲ ပြန်သည့်ကာ စစ်သား၏ ကလက် ရှနီကော့ ရိုင်ဖယ်ကို ကောက်ကိုင် လိုက်သည်။

ကိုက် ငါးဆယ် အကွာတွင် လူနှစ်ယောက်က ဓာတ်ငွေ့ ဘူးများ တင်ထားသည့် စွပ်ဖားကို တာရပတ်ဖြင့် ဖုံးအုပ် နေကြသည်။ ရေခဲပြင် ပပ်ကြားအက်ကြီး နားတွင် လူအတော် များများက ဝန်ချီစက်ကို ဖြုတ်နေ ကြသည်။ ကျန်သည့်

www.burmeseclassic.com

www.burmeseclassic.com



လူများက မီးလုံးကြီး များကို တစ်လုံးချင်း ပြန်သိမ်း နေကြသည်။

သူတို့ လုပ်ငန်း ပြီးဆုံး သွားပြီ။ ကျွန်တော် ချက်ချင်း လှုပ်ရှားရ တော့မည်။

ကလက်ရှနီကော့၏ မောင်းထိန်း ခလုတ်ကို ဖွင့်ပြီး သူတို့ ရှိရာသို့ ရည်ရွယ်ချက် အပြည့်ဖြင့် လျှောက်လှမ်း လာခဲ့သည်။ ဆယ်ကိုက်ခန့် သွားမိသည် အထိ ကျွန်တော့်ကို ဘယ်သူမျှ သတိမထားမိကြပါ။ ထို့နောက် ကျွန်တော့် ညာဘက်မှ လူတစ်ယောက်က လှမ်းအော်သည်။ သူ ဘာ ပြော မှန်း ကျွန်တော် မသိလိုက်။ သို့ဖြင့် ကျွန်တော် ဆက်လျှောက် သည်။

'တပ်ကြပ်ကြီး' ဟု တစ်ယောက်က လှမ်း အော် သည်။ ကျွန်တော် လမ်းတစ်ဝက် အရောက်တွင် စနိုကာ နားရှိ လူအုပ်ထဲမှ လူ နှစ်ယောက်က ကျွန်တော့် ဆီသို့ သေနတ်များ မြှောက်ရင်း ပြေးဆင်း လာသည်။ သူတို့ကို သေနတ်ဖြင့် အတွဲလိုက် ဆွဲပစ်ရင်း ပင်ကြားအက်နှင့် မာတ်ငွေ ဘူးတင် ထားသည့် စနိုကက်တို့ ကြားထဲသို့ ရောက်အောင် ဦးတည်၍ ညာဘက်သို့ ပြေးထွက် ခဲ့သည်။ စွပ်ဖားနှင့် ကျွန်တော့် ကြားတွင် လူ ခြောက်ယောက် ဘွားခနဲ ပေါ်လာသည်။ ကျွန်တော် ညာဘက်သို့ ကွေ့ ပြေး ရသည်။ ထို အခိုက်တွင် သူတို့က ရိုင်ဖယ် များကို မြှောက်ပြီး ပစ်ခတ် တော့သည်။



ကျွန်တော်၏ ဘယ်ဘက် နံဘေးကို တစ်စုံတစ်ခု လာဆောင့် သောကြောင့် ကျွန်တော် ဟန်ချက်ပျက် သွားသည်။ ခြေချော် ပြီး ဒူးညွှတ်ကျ သွားသည်။

နားထဲတွင် သွေး တဒိတ်ဒိတ် ခုန်နေသည်။ ကျွန်တော့် သေနတ်ကို မြှောက်ရန် ဟန်ပြင်သည်။ ထို အခိုက်မှာပင် ကျွန်တော့် အောက်မှ ရေခဲပြင် ကွဲထွက်သွားပြီး ရေခဲပြင် ပင်ကြားအက်ကြီး၏ နှုတ်ခမ်းစပ်မှ နေ၍ အောက်ဘက်သို့ ကျွန်တော် ပြုတ်ကျသွား လေသည်။

www.burmeseclassic.com

# ၁၄

အတန်ကြာ၍ ကျွန်တော် သတိ ပြန်လည် လာသော အခါ ကျွန်တော်သည် ဆီးနှင်းများ တစ်ဝက် တစ်ပျက် ဖုံးအုပ်ရင်း ပပ်ကြားအက်ကြီး၏ နံရံနှင့် မာကျောသည့် အရာဝတ္ထု တစ်ခု ကြားတွင် ညှပ်နေကြောင်း တွေ့ရသည်။ ကျွန်တော့် အထက် ဘက်တွင် ရောင်ပြန် ဟပ်နေသည့် အလင်းရောင် များကို မြင်ရသည်။ စက်နိုးပြီး အဝေးသို့ မောင်းနှင် သွားသော ရှူး စနိုကက် များ၏ စက်သံကို ကြားရသည်။

သေနတ်မှန်ထားသည့် ကျွန်တော့် ခါးစပ်က နာကျင် နေသည်။ သို့သော်လည်း ထူထဲသည့် အနွေးထည်က ကျည်ဆန် ကို လမ်းချော်သွားစေ သောကြောင့် နံရိုးများကို ရှပ်ထိ ရုံသာ ထိမှန်သွားကြောင်း တွေ့ရသည်။ ဆီးနှင်းပုံ ထဲမှ ကျွန်တော် လူးလဲထလိုက်စဉ် အပေါ်မှနေ၍ အားကောင်း သည့် မီးရောင် တစ်ခုက ကျွန်တော့်ကို လှမ်း ထိုး သည်။ အပေါ်မှ တစ်ယောက်ယောက်က တစ်စုံတစ်ရာ လှမ်းပေး လိုက်သဖြင့် မီးမှိတ် သွားသည်။ တစ်မိနစ်နှင့် နှစ်မိနစ် ကြာသောအခါ နောက်ဆုံး စနိုကက်ယာဉ် ထွက်ခွာသွား

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် တိတ်ဆိတ်သည့် ပတ်ဝန်းကျင် ထဲတွင် ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

ကျွန်တော့်ကို စောင့်ကြည့်နေဖို့ လူတစ်ယောက်ယောက် ချန်မထားခဲ့ကြောင်း သေချာစေရန် ငါးမိနစ်တိတိ ကျွန်တော် စောင့်နေလိုက်သည်။ ကျွန်တော် သေသေ ရှင်ရှင် သူတို့အတွက် အရေးမကြီးတော့ကြောင်းကို ကျွန်တော် ဖြည်းဖြည်းချင်း ရိပ်မိလာသည်။ ပပ်ကြားအက်ကြီး၏ တွင်းနှုတ်ခမ်းမှာ ကျွန်တော့် အထက် ပေ ၅၀ အမြင့်ခန့်တွင် ရှိသည်။ သည်တွင်းထဲမှ ထွက်စရာလမ်း မရှိပါ။ အနည်းဆုံး ကျွန်တော် ရောက်နေသည့် နေရာမှာတော့ ထွက်ပေါက် မရှိပါ။

နောက်ဆုံးတွင် ဆီးနှင်းပုံထဲမှ ကျွန်တော် ထွက်လိုက်သည်။ လက်နှိပ် ဓာတ်မီးကို ထုတ်ပြီး မီးဖွင့်လိုက်သည်။ ပပ်ကြားအက်ကြီး၏ နံရံဘစ်ဖက်နှင့် စနိုကက် ယာဉ်ပျက် တစ်စီးကြားတွင် ကျွန်တော် ရပ်နေခြင်းဖြစ်သည်။ စနိုကက်၏ အပေါ် ဘယ်ဘက်ခြမ်းတွင် စွပ်ဖားတစ်စီးက ဘေးတစ်ခြမ်း ထောင်လျက်သား တင်နေသည်။

သည်စနိုကက်မှာ ရေငုပ်သင်္ဘောနှင့် ချိန်းထားသည့် နေရာသို့ အာဗွီဘီ-အေ များကို သွားပို့သော စနိုကက် ဖြစ်ကြောင်း ထင်ရှားသည်။ ကျွန်တော့် အထင် မှန်ခဲ့ပြီး အကြောင်းတစ်စုံတစ်ရာကြောင့် စနိုကက် ယာဉ်မောင်းသည် လမ်းပျောက်ကာ သူ၏ ယာဉ်ကို ရေခဲပြင် ပပ်ကြားအက်ကြီးထဲသို့ မောင်းချခဲ့မိခြင်းပါ တကား။



ဆိုဗီယက် ဝတ်စုံ ဝတ်ထားသူ တစ်ယောက်က ယာဉ်မောင်း ထိုင်ခုံနံဘေးမှ တံခါးကို မှီပြီး လဲနေသည်။ သူ၏ မျက်လုံးများမှာ ပြူးကျယ်နေပြီး လျှာကြီးက တစ်လစ် ထွက်နေသည်။ သူ၏ အနွေးထည် ရှေ့ပိုင်းတွင် အေးခဲနေပြီ ဖြစ်သည့် သွေးကွက်များကို တွေ့ရသည်။ သူ သေနေသည့် ပုံစံမှာ ကျွန်တော်တို့ စခန်းမှ သိပ္ပံ ပညာရှင် များနှင့် အတူတူလို ဖြစ်နေသည်။ စနိုကက် ပျက်ကျရာမှ အာဗွီဘီ-အေ ဓာတ်ငွေ့ဘူး တစ်လုံး လေ စိမ့်ထွက်လာ သောကြောင့် အရင်ဆုံး သေရသည့်လူ ဖြစ်မည်။

စနိုကက် ခေါင်းခန်းထဲသို့ ကျွန်တော် ဝင်လိုက်သည်။ ယာဉ်၏ နောက်ပိုင်းမှ ထိုင်ခုံများ ပေါ်သို့ တွားတက်ခဲ့သည်။ အစားအစာများ ထည့်ထားသည့် အထုပ် တစ်ထုပ်၊ ရှေးဦးသူနာပြု သေတ္တာ၊ မီးသတ်ဆေးဘူး တစ်ဘူးနှင့် ယာဉ်ပြင်ဆင်သည့် ကိရိယာများ၊ အပိုပစ္စည်းများ ထည့်ထားသော သေတ္တာငယ် တစ်လုံး တွေ့ရသည်။ အဝတ်ကြိုး၊ သံကြိုး စသည့် တောင်တက် ပစ္စည်းမျိုး တစ်ခုမျှ မတွေ့ရပါ။ ရိက္ခာ ထုပ် နှစ်ထုပ်ကို ကောက်ယူပြီး အနွေးထည် အင်္ကျီ အိတ်ထဲ ထိုးထည့်လိုက်သည်။ ပြီးမှ ယာဉ်ရှေ့ပိုင်းသို့ ပြန်ဆုတ်လာခဲ့သည်။ ကျွန်တော့် တစ်ကိုယ်လုံးကို ထုံကျဉ်လာစေသည့် အအေးဓာတ်ထဲတွင် လှုပ်ရှားရသည်မှာ အလွန် ခက်ခဲလှသည်။

သို့သော်လည်း သည်မှာ ဘာမှ မလုပ်ဘဲ ဆက်ထိုင်နေလျှင် အေးခဲပြီး သေရမည်ကို ကျွန်တော် သိနေသည်။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com



ရေငုပ် သင်္ဘောနှင့် တွေ့ဆုံရန် သွားနေကြသည့် ရှရှားများအား တားမြစ်မည့် သူလည်း ရှိတော့မည် မဟုတ်ပါ။

စနိုကက် တံခါးပေါက်မှ ထွက်ပြီး စက်ဖုံးပေါ်သို့ တက်လာခဲ့သည်။ ပြီးမှ ရေခဲပြင် ပေါ်သို့ ခုန်ဆင်း လိုက်သည်။ ရေခဲပြင် ပပ်ကြားအက် ကြီး၏ နံရံများက ပေ ၅၀လောက် မြင့်ပြီး အောက်ဘက်တွင် နံရံ တစ်ဖက်နှင့် တစ်ဖက် ၁၅ပေလောက် ကွာသည်။ ပပ်ကြားအက် ထိပ်တွင်မူ ပေ လေးငါးဆယ်လောက် ကွာသည်။ တက်သွားဖို့ရန် မတ်စောက်လွန်းလှသည်။

ကျွန်တော် ရှေ့ကို တိုးသွားသည်။ ပပ်ကြားအက်ကြီး၏ တစ်ဖက်စွန်းတွင် ကြမ်းပြင်က အပေါ်သို့ တဖြည်းဖြည်း မြင့်တက်ချင် မြင့်တက်သွား နိုင်သည်။ သို့မဟုတ်ကလည်း ကျွန်တော် တက်သွားနိုင် လောက်အောင် ဆင်ခြေလျှောက ပြေပြစ်ချင် ပြေပြစ် နိုင်သည်။

စနိုကက် ယာဉ်ပျက်မှ ကိုက် ၁၀၀ ခန့် အရောက်တွင် အပေါ်မှ အသံတစ်သံ ကြားလိုက်မိသည် ဟု ထင်သည်။ စနိုကက် တစ်စီး၏ အသံ ဖြစ်သည်။ ကျွန်တော် တကယ်သေသွားကြောင်း သေချာအောင် လုပ်ဖို့ ရှရှား များ ပြန်လာကြ ချေပြီ။

လက်နှိပ် ဓာတ်မီးကို မှိတ်ပြီး ယာဉ်ပျက်ဆီသို့ ကျွန်တော် ပြန်ပြေး လာသည်။ အပေါ်မှ စက်သံက တဖြည်းဖြည်း ပိုနီးလာသည်။ စက်ဖုံးပေါ်သို့ ကျွန်တော် ခုန်တက်လိုက်ပြီး



နံဘေးမှနေ၍ စနိုကက် အတွင်းသို့ ကျွန်တော် ဝင်လိုက်ခဲ့ မီးရောင် တစ်ချက် လက်လာသည်။

လူဂါကို ထုတ်ပြီး ပြောင်းတွင်းသို့ ကျည်တစ်တောင့် တုတ်သွင်းသည်။ ပြီးမှ မောင်းထိန်း ခလုတ်ကို ကျွန်တော် ဖွင့်သည်။ အပေါ်မှ ကြည့်လျှင် စနိုကက် အတွင်း ထိုင်နေသည့် ကျွန်တော့်ကို မမြင်နိုင်ပါ။ သူတို့က တစ်ယောက်ယောက်ကို အောက်သို့ ဆင်းခိုင်း လိမ့်မည်။

စနိုကက်က ကျွန်တော့် အထက် တည့်တည့်နားသို့ ရောက်လာသည်။ စက်ကို အသာ နှိုးထားသည်။ မီးရောင် တစ်ချက်က ပပ်ကြားအက်ကြီး၏ အခြေ တစ်ဝိုက်ကို လျှောက်ထိုးသည်။ နောက်ဆုံးတွင် မီးရောင်က စနိုကက်ပေါ် ဖြာကျလာသည်။ ကျွန်တော့် တစ်ကိုယ်လုံး တောင့်တင်း သွားသည်။

'နစ်'

အပေါ်မှနေ၍ မိန်းမ အသံ တစ်သံ ပေါ်လာသည်။

'နစ်...ကျွန်မ ခေါ်နေတာ ကြားရသလား'

လာနာ၏ အသံပါ ကလား။ တံခါးပေါက်မှ ထွက်ပြီး စက်ဖုံးပေါ် ကျွန်တော် တက်သည်။

'လာနာလား ဟေ့'

ဓာတ်မီးရောင် တစ်ချက်က ကျွန်တော့် မျက်စိကို ထိုးသည်။

'နစ်...ဘုရားရေ...နစ်...ရှင် မသေသေးဘူး နော်'

'ခင်းဆီမှာ ကြိုးတစ်ချောင်း မပါဘူးလား'

www.burmeseclassic.com



'ပါတယ်'ဟု လာနာ အော်ပြောသည်။ 'ခဏလေး နေဦး'

'ခင်ဗျား ဘာမှ မဖြစ်ဘူး နော် ဗိုလ်မှူးကြီး'

ဂျင်း ပယ်ရီ၏ အသံ ဖြစ်သည်။ သူလည်း ပြန်လိုက်လာပါ ကလား။

'ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော် ဒီမှာ ရှိမှန်း ဘယ်လို လုပ်ပြီး သိကြသလဲ'

'ဒီ အဖြစ်အပျက် တစ်ခုလုံးကို ကျုပ်တို့ စောင့်ကြည့်နေ တာပဲ ဗျ၊ ခဏလေး စောင့် နော်'

မီးမှိတ်သွား သဖြင့် ကျွန်တော် မှောင်ထဲ ရောက်သွား သည်။ ပြီးမှ မီး ပြန်လင်း လာသည်။

'ကျုပ် အောက်ကို ကြိုး ပစ်ချ လိုက်မယ်၊ ခါးမှာ ချည် ထားလိုက်၊ အပေါ်က တစ်စကို စနိုကက်မှာ ချည်ပြီး ခင်ဗျားကို ဆွဲတင်ပေးမယ်'

'ဆက်လုပ်'

ကျွန်တော် အော်ပြောပြီး လူဂါ မောင်းထိန်း ခလုတ်ကို ပိတ်သည်။ အိတ်ထဲ ပြန်ထည့်သည်။ ခဏ အကြာ တွင် အောက်ဘက်သို့ ကြိုးတစ်ချောင်း ကျလာသည်။ ကြိုးစကို ကျွန်တော် ခုန်ဆွဲပြီး ခါးတွင် ချည်သည်။

'အောက်မှာ အဆင်သင့် ဖြစ်နေပြီ'

'ကိုင်ထား'

စနိုကက်၏ စက်သံ မြင့်လာသည်။ ကြိုး တောင့်သွားပြီး ကျွန်တော် အပေါ်သို့ မသိမသာ ကြွတက်လာသည်။

'ဆွဲတင် တော့မယ်'



ဂျင်းပယ်ရီက အော်ပြောသည်။ အပေါ်သို့ ကျွန်တော် တဖြည်းဖြည်း ပါသွားသည်။ ရေခဲပြင် ပပ်ကြားအက်ကြီး၏ မညီညာသော နံရံနှင့် မထိခိုက် အောင် ခြေထောက်ဖြင့် ကန်ထား ရသည်။ အပေါ်သို့ ကျွန်တော် ရောက်လာသည်။ ဂျင်းပယ်ရီနှင့် တီရင်ဆင်းတို့က ကျွန်တော့်ကို ဆွဲထူပေးသည်။ ခါးမှ ကြိုးကို ဖြုတ်ပေးသည်။ ပြီးလျှင် စနိုကက်ဆီသို့ တွဲခေါ် သွားကြသည်။ ခရီးသည် ထိုင်ခုံပေါ်သို့ ကျွန်တော် တက်ထိုင် လိုက်သည်။

ဂျင်း ပယ်ရီက ယာဉ်မောင်း ထိုင်ခုံတွင် ဝင်ထိုင်သည်။ တီရင်ဆင်းနှင့် လာနာတို့က နောက်ခုံတွင် ဝင်ထိုင်သည်။ ကြိုးခွေကို နောက်ခုံတွင် မစ်တင် လိုက်သည်။ မိနစ်များစွာ ကြာအောင် တိတ်ဆိတ်စွာ ထိုင်နေမိကြသည်။ နောက်ဆုံး တွင် ကျွန်တော်က

'ခင်ဗျားတို့ ဘာဖြစ်လို့ ပြန်လာကြတာလဲ'

ဂျင်း ပယ်ရီက တစ်ဖက်သို့ ငေးကြည့်ရင်း 'ဒေါက်တာ အက်ဒွပ်က ကျုပ့်ကို ယုံလောက်အောင် ပြောလို့ပေါ့ဗျာ'ဟု မပွင့်တပွင့် ဖြေသည်။

'လာနာက ဘာကို ယုံလောက်အောင် ပြောလို့လဲ'

'ခင်ဗျားဆီကို ပြန် လာ ပြီး ခေါ် ဖြစ်အောင် လို့ပျေ ဒါပါပဲ၊ ဒါပေမယ့် ကျုပ် မှားပါတယ်လေ၊ ကျုပ် မှားတယ် ဆိုတာ အခု သိပါပြီ'

'ကျွန်မတို့ ထွက်သွားတာ နှစ်နာရီတောင် မကြာသေးဘူး၊ စခန်းကို ကျွန်မတို့ ပြန်ရောက်တော့ ရှင်က မရှိတော့ဘူး လေ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့ မင်းတို့က ငါ့ရဲ့ လမ်းကြောင်းကို ကြည့်ပြီး လိုက်လာခဲ့ကြတယ် ဆိုပါတော့'

'ကျုပ်က အပိုပစ္စည်းတွေကို ဖျက်ဆီးဖို့ မေ့သွားတာကိုး ဗျ' ဂျင်းပယ်ရီက မချိသွားဖြဲ ရယ်ရင်း ပြောသည်။ခင်ဗျားရဲ့ စနိုကက်ဆီ ပြန်သွားဦး မလား'

'ခင်ဗျားတို့မှာ လက်နက်တွေ ပါလာကြ သလား'

'နောက်မှာ တင်လာတယ်'

'ဒါဆိုရင် ကျုပ်ရဲ့ စနိုကက်ကို မလိုတော့ပါဘူး'

'နောက်ထပ် ဘာ လုပ်ကြမလဲ'

'သူတို့ နောက်က လိုက်သွားမယ်၊ ခတ်ငွေ့ ဘူးတွေကို ရေငုပ်သင်္ဘောပေါ် မတင်ရသေးခင် ဟန့်တားကြရမယ်'

'ကျုပ် လူ ရေကြည့်ခဲ့တာ အနည်းဆုံး ၅၀ တော့ ရှိလိမ့်မယ် ဗျ'

'အဝ်အားချင်းတော့ ကွာတယ်ပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်တို့က ကျုပ်တို့ဘက်က ရေငုပ်သင်္ဘော ရောက်မလာခင် သူတို့ကို ဆယ်နာရီလောက် ထိန်းထားနိုင်ရင် ပြီးတာပါပဲ'

'အဲသလောက် လုပ်ရင် ပြီးရောလား ဗျာ'

'ခင်ဗျားအနေနှင့် မက္ကမာဒို စခန်းကို ပြန်ချင် ပြန်သွားပါ၊ ကျန်တဲ့ စနိုကက်ကို ကျုပ်တို့ ယူသွားလို့ ရပါတယ်'

ကျွန်တော် သူ့ကို ငေါက်ပစ် လိုက်သည်။ ဂျင်းပယ်ရီက ဘာမျှ မပြောတော့ဘဲ စနိုကက်ကို ဂီယာထိုး လိုက်သည်။

'ရှေ့မီးကြီးတွေ ပိတ်ထား လိုက်ပါ'



တစ်မိုင် နှစ်မိုင်ခန့် သွားမိသော အခါ ကျွန်တော် မီးမှိတ် ခိုင်း လိုက်သည်။ ဂျင်းပယ်ရီက ရှေ့မီးကြီး များကို ပိတ်လိုက် သည်။ ကျွန်တော်တို့သည် ကြယ်တာရာများ၏ အလင်းရောင် ဖြင့် ဆိုဗီယက် စနိုကက်များ ချန်ထားခဲ့သော ရွှံ့ပ်ကြောင်း များ နောက်မှ အလွယ်တကူ လိုက်လာခဲ့ကြ လေသည်။

နှစ်နာရီခန့် ကြာသွားသည်။ ရုရှားတို့နှင့် ယခုထိ မဆုံနိုင် သေးပါ။ ဂျင်းပယ်ရီ စနိုကက်ကို ရပ်တန့်သည်။ ကျွန်တော်တို့ အောက်ခဏ ဆင်းပြီး ခြေဆန့် လက်ဆန့် လုပ်သည်။ စားစရာ နည်းနည်း ပါးပါး စားလိုက်သည်။

ကျွန်တော်တို့ ရပ်နားနေစဉ် မက္ကမာဒို စခန်းမှ ကျွန်တော် ယူလာခဲ့သည့် လက်နက်များကို စစ်ဆေးသည်။ လက်နက် များကို ကျည်ဖြည့်သည်။ သည်မျှ နိမ့်ပါးသည့် အပူချိန်တွင် ကျည်ခွံ ထုတ်သည့် မောင်းတံများ အလုပ် လုပ်ခြင်း ရှိ မရှိ သေချာအောင် စစ်ဆေးသည်။

ရေဒီယိုများ ကိုလည်း ကျွန်တော် စစ်ဆေးသည်။ အမေ ရိကန်တို့ အသုံးပြုသည့် လေလှိုင်း များတွင် အသံ မကြား ရပါ။ နေရာ ရှာစက်ကို လမ်းညွှန်သည့် ရေဒီယို စခန်းမှ အသံ လွှင့်ထုတ် နေသံကိုသာ ကြားရသည်။ မက္ကမာဒို စခန်းရှိ ရုရှားများ ဆက်လက် သိမ်းပိုက်ထား၍ ဖြစ်မည်။ သို့မဟုတ် စခန်းမှ ရေဒီယို ဆက်သွယ်ရေး ပစ္စည်းများကို ဖျက်ဆီး သွားခဲ့ကြပြီး ကျွန်တော်တို့၏ စက်သမား အနေဖြင့် စက်များ ပြန်မပြင်နိုင်သေးသော ကြောင့်လည်း ဖြစ်နိုင်သည်။ ဘယ်လို

www.burmeseclassic.com



ဖြစ်ဖြစ် သည်နေရာတွင် ကျွန်တော်တို့သည် ကိုယ့် အား ကိုယ် ကိုးကြရတော့ မည်သာ။

နောက် နှစ်နာရီခန့် ကြာသော အခါ ကျွန်တော်တို့ တစ်ခါ ရပ်နားအြ ပြန်သည်။ ဂျင်းပယ်ရီက နောက်ဘက်သို့ ပြောင်းသွားပြီး လာနာက ကျွန်တော့် နံဘေး ရောက်လာသည်။ စနိုကက်ကို ကျွန်တော် မောင်းနှင် လာသည်။ အချိန် အတန်ကြာသည်အထိ ကျွန်တော်တို့ တိတ်ဆိတ်စွာ မောင်းနှင် စီးနင်းလာ ကြသည်။ နောက်ဆုံးတွင်မှ လာနာက

'ဒီ ကိစ္စပြီးသွားရင် ဘာတွေ ဖြစ်လာ မလဲ'

'မင်းက ဘာကို ဆိုလို တာလဲ'

'ကျွန်မတို့ လုပ်ငန်း အောင်မြင် သွားရင် ပြောတာပါ။ ခေါတ်ဋ္ဌေ ဘူးတွေကို ရေငုပ် သင်္ဘောပေါ် မတင်နိုင်အောင် ကျွန်မတို့ ဟန့်တားနိုင်ပြီးတဲ့ နောက်မှာ ဘာတွေ ဖြစ်လာ မလဲ'

'ကိုယ့် တာဝန် ကိုယ် ထမ်းဆောင် ပြီးပြီလို့ ဆိုရမှာပေါ့ ကွာ'

'ကျွန်မ ဆိုလိုတဲ့ အဓိပ္ပာယ်ကို ရှင် သိပါတယ် နော်၊ အဲဒီ ဇီဝ အကူ ပစ္စည်းတွေကို ဘာလုပ်ပစ်ရမှာ လဲလို့ မေးနေ တာပါ'

'ကိုယ်လည်း မပြောတတ်ဘူး၊ ဒါပေမယ့် ဟောဒီ အန္တာတိကာတိုက်ပေါ်မှာ ကျန်ရစ်ခဲ့မှာတော့ သေချာတယ်။ ဒီ ခေါတ်ဋ္ဌေ ဘူးတွေကို ရွှေ့ပြောင်းဖို့က သိပ်ပြီး အန္တရာယ် များတယ်'



'ကျွန်မတို့ အစိုးရက အဲဒီ ပစ္စည်းကို အသုံးမပြု ဘူးလား'

'အသုံးပြုလိမ့် မယ်လို့ ကိုယ်တော့ မထင်ဘူး လာနာ၊ ဒါပေမယ့် အဲဒီ ပစ္စည်းတွေကို ဖျက်ဆီးနိုင်မယ့် ပစ္စည်း တစ်မျိုး တီထွင်ဖို့က မင်းတို့ သိပ္ပံပညာရှင်တွေရဲ့ အလုပ်ပဲ'

လာနာ အတန်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ

'ရှင် ပြောခဲ့တဲ့ အတိုင်းဆိုရင် သုတေသန စခန်းက လူတွေဟာ အာဗီဘီ-အေ အတွက် ဖြေဆေးကို ထုတ်ဖော် နိုင်ခါနီး ပြီလို့၊ ဒု ဗိုလ်မှူးကြီး တီဘတ်က ယုံကြည်ထားတယ် မဟုတ်လား'

'သူက အဲသလို ပြောခဲ့ တာပဲ'

'ဒါဆိုရင် အာဗီဘီ-အေတွေကို သုတေသန စခန်းဆီ ပြန်သယ်ပြီး ဖြေဆေးကို ကျွန်မတို့ ဖော်ထုတ်နိုင်တဲ့ အထိ သိမ်းထားလိုက် ရုံပေါ့၊ အဲဒီ ဖြေဆေးကို အာဗီဘီ-အေ ကို ဖျက်ဆီးဖို့ အသုံးချရ မယ်လေ'

'အဲဒီ ဖြေဆေးကို ဖော်တဲ့ နေရာမှာ မင်းလည်း ပါဦး မှာလား'

'ဒီမှာတော့ သုတေသန မလုပ်ချင် ပါဘူး၊ ကျွန်မက ကယ်လီဖိုနီးယားကို ပြန်သွားမယ်၊ ကယ်လီဖိုးနီးယားက ကျွန်မရဲ့ ကိုယ်ပိုင် ခေါတ်ခွဲခန်းမှာ အလုပ် လုပ်ရရင် ပိုပြီး အောင်မြင် လိမ့်မယ်'

'ကိုယ်တို့ အောင်မြင်မှာပါကွာ၊ သူတို့ကို တားဆီး ပစ်နိုင် မှာပါ'

'သေချာတာပေါ့ ရှင်'

www.burmeseclassic.com

www.burmeseclassic.com



လာနာက ထိုသို့ပြောသော်လည်း ကျွန်တော့်စကားကို မယုံကြည်မှန်း ထင်ရှားသည်။ နောက်ထပ် ခြောက်နာရီ အချိန်အတွင်း နှစ်ကြိမ် ထပ်နားသည်။ တစ်ခါတွင် လာနာက စနိုကက်ကို မောင်းပြီး ကျွန်တော် အိပ်လိုက် လာသည်။ နောက် တစ်ကြိမ်တွင် တီရင်ဆင်းက မောင်းလာသည်။

နံနက် သုံးနာရီ အချိန်တွင် ခဏ အနားယူပြီး စားစရာ ရှိသည်ကို စားသောက် ကြသည်။ အဝေးမှ ဆာဗိုင်းတောင်ကို လွန်ခဲ့သည့် နှစ်နာရီက ကျွန်တော်တို့ လှမ်းမြင်ခဲ့ ကြရသည်။ ရုရှား စနိုကက်များ၏ စွပ်ကြောင်းများက မြောက်ဘက်သို့ ကွေ့ချိုး သွားသည်။ ကမ်းခြေနှင့် တဖြည်းဖြည်း နီးလာသောကြောင့် သတိဝီရိယထားကာ စနိုကက်စွပ်ကြောင်းများ အတိုင်း ကျွန်တော်တို့ လိုက်သွားသည်။

ဆိုဗီယက် ရေငုပ်သင်္ဘောမှာ နောက်ထပ် ခြောက်နာရီ ကြာသည်အထိ ချိန်းဆိုထားသည့်-နေရာသို့ ရောက်လာကြဦးမည် မဟုတ်ပါ။ သို့သော်လည်း ရေငုပ်သင်္ဘောမှာ မျှော်လင့်ထားသည်ထက် အချိန် စောပြီး ရောက်လာ နိုင်သောကြောင့် ကျွန်တော်က ဖြစ်နိုင်လျှင် အမြန်ဆုံး နေရာ ယူထားနေချင်သည်။

ကျွန်တော် စနိုကက် မောင်းလာသည့် အချိန်တွင် ရေခဲပြင် ပပ်ကြားအက် ထောက်လှမ်းရေး ကိရိယာက တတီတီ အသံမြည်လာသည်။ စက်ကို ကျွန်တော် ရပ်လိုက်သည်။ ရေခဲပြင် ပပ်ကြားအက်များကြားမှ တန်းတန်း မတ်မတ် ထွက်သွားပြီး မိုင်ဝက်ခန့် အကွာမှ တောင်ကုန်းပေါ်တွင် လမ်းစပျောက်



သွားသော ရုရှား စနိုကက်များ၏ စွပ် ကြောင်း များ ကို ကျွန်တော်တို့ ရှေ့တွင် အထင်းသား မြင်နေရသည်။

'ကမ်းခြေနှင့် ကျုပ်တို့ တော်တော်နီးလာလို့ ဖြစ်ရမယ်ဗျ'

'အဲဒီ တောင်ကုန်းကျော်ရင် ကမ်းခြေကို ရောက်ပြီ'

'ဂျင်းပယ်ရီ၏ မှတ်ချက်ကို ကျွန်တော် ပြန်ဖြေလိုက်သည်။ အပေါ်မှ မီးရောင် မှိန်မှိန်အောက်တွင် မြေပုံကို ကျွန်တော် လေ့လာသည်။ ရေခဲ တောင်ကုန်းက ပင်လယ်ပြင် ဆီသို့ ပြေဆင်းမသွားခင် ရေခဲပြင် ပပ်ကြားအက် ကျဉ်းကျဉ်းတစ်ခု ရှိနေသည်။ ထိုနေရာသို့ ကျွန်တော်တို့ ရောက်လာကြပြီ။

မြေပုံကို ပြန်ခေါက်ပြီး နံဘေးတွင် ချထား လိုက်သည်။ စနိုကက်ကို ဂီယာထိုးပြီး ရေခဲပြင် ပပ်ကြားအက်ကြီးကိုဖြတ်၍ ရုရှား စနိုကက်များ၏ စွပ်ကြောင်းအတိုင်း လိုက်လာသည်။ ကုန်းထိပ် မရောက်ခင် စနိုကက်ကို ရပ်တန့်သည်။

ကျွန်တော် အနွေးထည်ကို ဇစ်ပိတ်ပြီး တခြားလူများကို လှမ်းကြည့်သည်။

'ကျုပ် တောင်ထိပ်ကို ခြေကျင် တက်သွားပြီး အခြေအနေ ကြည့်လိုက်ဦးမယ်၊ ခင်ဗျားတို့ အားလုံး ဒီမှာ နေခဲ့ ကြပေါ့'

အားလုံးက တိတ်ဆိတ်စွာ ခေါင်းညိတ်ပြသည်။ စနိုကက် ပေါ်မှ ကျွန်တော် ဆင်းသည်။ ခေါင်း စွပ် ကို စွပ် သည်။ ခြေကျင် လျှောက်ပြီး ကုန်းထိပ်သို့ တက်လာခဲ့သည်။ အအေး ဒဏ်က မယုံနိုင်လောက်အောင် ပြင်းပြ လွန်းသည်။ မပေါင်တာ ထက် အများကြီး ပိုဆိုးသည်။ ဒါက ကျွန်တော်တို့ ကို ပြီး ခက်ခဲစေလိမ့်မည်။ သို့သော် တခြား ရွေးစရာလမ်းရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းထိပ်သို့ ရောက်ရုံမျှ ရှိသေးသည်။ လျှပ်ပြက်သလို အလင်းရောင် တစ်ချက်က အောက် ဘက် မှ နေ ၍ ကောင်းကင်ထဲသို့ ထိုးတက်လာသည်။ တစ်စက္ကန့် နှစ်စက္ကန့်မျှ အကြာတွင် ပေါက်ကွဲသံကြီးတစ်ချက် ပေါ်လာရာ ပေါက်ကွဲသံက တောင်ထိပ် အထိ လိမ့်တက်လာသည်။

ကျွန်တော်၏ အောက်ဘက် ပေ တစ်ထောင်ခန့် အကွာမှ နေ၍ အပေါ်သို့ ထိုးတက်လာသော ရေလုံး ရေခဲစိုင်ကြီး တစ်ခုကို ဖျတ်ခနဲ မြင်ရသည်။ အောက်ဘက်မှ ပြန့်ကြဲနေသည့် အဆောက်အအုံ ကလေးများမှ ကိုက် ၁၀၀ ခန့် အကွာတွင် ရပ်တန့်ထားသော ရုရှား စနိုကက်များ ကိုလည်း မြင်တွေ့လိုက်သည်။

ရေနှင့် ရေခဲများ အနည် ပြန်ထိုင်သွားဖို့က မိနစ်များစွာ ကြာသောကြောင့် အောက်ဘက်မှ အဖြစ်အပျက်ကို ကျွန်တော် ကောင်းကောင်း မြင်နေရသည်။ ရေခဲပြင်ကြီးထဲတွင် ရေငုပ်သင်္ဘော တစ်စင်း၏ ကင်းထောက် မျှော်စင် တစ်ခု ကောင်းကောင်း တိုးဝင်လာသည့် အပေါက်ကြီးတစ်ခု ဖြစ်လာသည်။ ရုရှားတို့သည် ကင်းထောက်မျှော်စင် နံဘေးရှိ တံခါး တစ်ချပ်မှ နေ၍ ဓာတ်ငွေ့ဘူးများကို တင်သွင်းကြလိမ့် မည်မှာ မလွဲပါ။

ပေါက်ကွဲသံကြီး ပေါ်လာစဉ်က စနိုကက် တစ် စီး ၏ နောက်ကွယ်တွင် ပုန်းအောင်းနေခဲ့သူများမှာ ပုန်းအောင်းရာမှ ထွက်ပြီး တွင်းပေါက်ကြီးဆီသို့ အပြေးအလွှား ဆင်းလာနေကြသည်။ တွင်းနားသို့ ကပ်သွားကြပြီး တွင်းနားတွင် တစ်စုံတစ်ခု လုပ်နေကြသည်။ ပြီးမှ စနိုကက်များ ဆီသို့ ပြန်၍ ဆုတ်သွားကြပြီး စနိုကက်များကို အဆောက်အအုံများဆီသို့ ပြန် မောင်းသွားကြသည်။



တွင်းပေါက်ကြီး အနားမှ ရေခဲပြင်ပေါ်တွင် တစ်စုံတစ်ခုကို ချထားခဲ့ကြသည်။ တွင်းပေါက်ကို ထပ်ခဲ့ရန် ပေါက်ခွဲရေး ပစ္စည်းများ ထပ်ချထားသည်ဟု ကျွန်တော် ထင်မိသည်။ သို့နောက်တွင်မှ ရေခဲပြင် ပေါ်တွင် ချထားသော ပစ္စည်းများ ရေငုပ်သင်္ဘောကို အပေါက် ရှိရာသို့ လာနိုင်အောင် လမ်းပြသည့် ကိရိယာ တစ်ခုဖြစ်မှန်း ကျွန်တော် ရိပ်စားမိသည်။

အောက်ဘက်တွင် တခြား လှုပ်ရှားမှု မရှိပါ။ ကျွန်တော်တို့ သလောက်ဆိုလျှင် အစောင့်လည်း ချမထားခဲ့ကြပါ။ သူတို့နောက်ကို လိုက်လာမည့်သူ မရှိနိုင်ဟု ထင်ထားသောကြောင့် ဖြစ်မည်။

ကုန်းထိပ်မှ နေ၍ ကျွန်တော် အသာ ပြန် ဆုတ် လာခဲ့သည်။ လာနာတို့ စောင့်နေကြသည့် စနိုကက်ဆီသို့ ခပ်သုတ်သုတ် ပြန်ဆင်းခဲ့သည်။

'ရုရှားတွေ အောက်မှာ ရှိနေသလား'

စနိုကက်၏ စက်ယာရင်နောက်တွင် ကျွန်တော် ဝင်ထိုင်လိုက်စဉ် ဂျင်းပယ်ရီက လှမ်းမေးသည်။

'အောက်မှာ ရှိတာ ကျိန်းသေလှပေါ့ဗျာ'

ကျွန်တော် ပြန်ဖြေပြီး မြေပုံကို ဖြန့်သည်။ လာနာက

'စောစောက ထပေါက်တဲ့ အသံက ဘာသံကြီးလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရေငုပ်သဘော်ာ ရေပေါ် ဖော်နိုင်အောင်လို့ တွင်းပေါက်ကြီး တစ်ခု ဖောက်ပေးတာ'

ကျွန်တော်က မော့မကြည့်ဘဲ ပြန်ဖြေလိုက်သည်။ ကမ်းခြေအထက် ငါးမိုင်ခန့်တွင် ရေစပ်သို့ ဆင်းသွားသည့် နောက်ထလမ်းကြောင်း တစ်ခု ရှိနေပုံ ရသည်။ ထို လမ်းကြောင်းအတိုင်း လိုက်သွားလျှင် ဆိုဗီယက်တို့ စခန်း ချထားသည့်နေရာသို့ သူတို့ မရိပ်မိဘဲနှင့် ရောက်သွားနိုင် လောက်သည်။ ကျွန်တော်သည် မြေပုံကို ဘေးချပြီး စနိုကက်ကို ဂီယာထိုးလိုက်သည်။ ကမ်းခြေမှ ဝေးရာသို့ တောင်ကုန်း ထိပ်နှင့်ပြိုင်ပြီး ထွက်လာသည်။ တီရင်ဆင်းက

'ကျုပ်တို့ ဘယ်ကို သွားနေကြ တာလဲ ဗိုလ်မှူးကြီးကာတာ၊ ကျုပ်တို့က ရုရှား တွေကို သတ်ပစ် ရအောင်ဒီကို လာခဲ့တာလို့ ထင်ခဲ့တယ်'

'ကျုပ်တို့ဟာ ရုရှားတွေ ခေတ်ငွေ့ဘူး တွေကို လက်ပြောင်းမပေးနိုင်အောင် ဟန့်တားဖို့ ဒီကို လာခဲ့ကြတာပဲ'

ကျွန်တော် ပြန်ဖြေလိုက်သည့် အခါ ဂျင်းပယ်ရီက

'ဘယ်လိုနည်းနှင့် ဟန့်တား မှာလဲ'

'ဘယ်လို နည်းနှင့် ဟန့်တားမလဲ ဆိုတာ ၁၅မိနစ်အတွင်းမှာ ခင်ဗျားတို့ကို ကျုပ် ပြမယ်'

ကျွန်တော်က စနိုကက်ကို ဝရှတစိုက် မောင်းနှင်ရင်းပြန်ဖြေ လိုက်သည်။ နှစ်မိုင်ခန့် သွားမိလျှင် တောင်ကုန်းပြန့်သွားသည်။ နောက်ထပ် တစ်မိုင်ခန့် သွားမိသော အခါ ရေမျက်နှာပြင်နှင့် အမြင့်ညီသို့ ရောက်သည်အထိ ပြေးဆင်း



သွားသည်။ ရေခဲပြင် ထိပ်စွန်းနားသို့ ကျွန်တော် မောင်းလာပြီးမှ ပြန်ကွေ့ကာ ဆိုဗီယက် စခန်းသို့ ဦးတည်သည်။ တီရင်ဆင်းက စနိုကက် နောက်ပိုင်းမှ ရိုင်ဖယ် တစ်လက်ကို ဆွဲယူပြီး ကျည်ထိုးသည်။

'ကျုပ်ဆီက အချက် မပေးမချင်း ပစ်လား ခတ်လား မလုပ်ရဘူး နော်'

ကျွန်တော် ခပ်ပြတ်ပြတ် ပြောလိုက်လျှင် တီရင်ဆင်းက

'သူတို့က လူကောင်းတွေ အများကြီးကို သတ်ပစ်ခဲ့ပြီးပြီဗျ၊ သူတို့က လူ ၅၀ လောက် ရှိတယ်၊ လက်နက် အပြည့်အစုံတပ်ဆင်ထားတယ်၊ ကျုပ်တို့ ပစ်ရင်း ခတ်ရင်း ဝင်သွားရင်အသက် ရှင်ဖို့ အခွင့်အလမ်း မရှိဘူး၊ ဒီကိစ္စကို ကျုပ်ချင်တဲ့ ပုံစံနှင့် လုပ်ရလိမ့်မယ်၊ နားလည်သလား'

စနိုကက် ခေါင်းခန်းထဲတွင် အတန်ကြာအောင် တိတ်ဆိတ်သွားသည်။

'သူ ပြောတာ အမှန်ပဲ'

သာနာက သိမ်မွေ့စွာ ပြောလိုက်ရာ တီရင်ဆင်း ခေါင်းညိတ်သည်။

'ခင်ဗျားက ဘယ်လို လုပ်မှာလဲ ဗိုလ်မှူးကြီး'

ရေခဲပြင် ကြီး၏ နေရာ များစွာတွင် ဖိအားကြောင့်ဖြစ်ပေါ်လာသော ရေခဲကုန်း တန်းလေးများက တောင်တန်းသို့ ထိုးထွက်နေသည်။ ကျွန်တော်သည် ရေခဲကုန်းတန်းလေး တစ်ခု နောက်တွင် စနိုကက်ကို ရပ်တန့်ပြီး ခေါင်းခန်းတံခါး မီးကို ဖွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆိုဗီယက် ရေငုပ်သင်္ဘောဟာ ငါးနာရီအတွင်း ဒီနေရာကို ရောက်လာလိမ့်မယ်၊ ဒါပေမယ့် ကျုပ်တို့ရဲ့ ရေငုပ်သင်္ဘောကတော့ ခုနစ်နာရီအထိ ဒီကို ရောက်မှာ မဟုတ်သေးဘူး၊ ကျုပ်တို့ သင်္ဘောအလာကို စောင့်ဖို့က အကြာကြီးပဲ၊ လူငါးဆယ်ကို ဘယ်လိုမှ ထိန်းနိုင်မှာ မဟုတ်ဘူး'

'ဒါဆိုရင် သူတို့ကို သတ်ပစ်ရမယ်'

'ကျုပ်တို့မှာ အဲသလောက် ပစ်ခတ်နိုင်တဲ့ အင်အားလည်း မရှိဘူး၊ သူတို့ထဲက လူ နည်းနည်းပါးပါး လောက်သာ စနိုကက်တွေပေါ် ပြန်တက်နိုင်ခဲ့ရင် ကျုပ်တို့ နောက်က အလွယ် ကလေးနှင့် ရောက်လာ လိမ့်မယ်၊ ကျုပ်တို့မှာ ဘယ်လိုမှ ဖျက်ဆီးခွင့် ရတော့မှာ မဟုတ်ဘူး'

'အဲဒီတော့ ခင်ဗျားက ဘယ်လို အကြံပေးချင်သလဲ'

'အဲဒီတော့ ကျုပ်က သူတို့ဆီကို ပုန်းလျှိုးကွယ်လျှိုး ရောက်အောင် သွားပြီး စနိုကက် အားလုံးက ပလက် မီးကူးပေးမယ့် ကိရိယာတွေကို အားလုံး ဆွဲဖြုတ်ပစ် ခဲ့မယ်'

ဘီရင်ဆင်းက အသံထွက်အောင် ရယ်မောပြီး

'ခေတ်ငွေ့ဘူး တင်ထားတဲ့ စွပ်ဖားနှင့် ဆက်ထား စနိုကက် တစ်စီးကိုတော့ ချန် ထား ဦး မှ ဖြစ်မှာ ဗိုလ်မှူးကြီး'

'မှန်တယ်၊ သူတို့က ခြေကျင် လျှောက်လာရပြီး ကျုပ် တို့က ခေတ်ငွေ့ဘူး တွေကို ခိုးယူနိုင်ခဲ့ရင် သူတို့ အနေ ဘာမှ တတ်နိုင်တော့မှာ မဟုတ်ဘူး'



'သူတို့က ကင်းချထားရင် ဘယ့်နှယ် လုပ်မလဲ' ဟု လာနာက မေးသည်။

'ကိုယ်တော့ ကင်းသမား တစ်ယောက်မှ မမြင်မိဘူး'

'ဒါပေမယ့် သူတို့က အစောင့် ချထားရင်ရော'

'အစောင့် ချထားရင် အစောင့် တွေကို သတ်ပစ်ရမှာ ပေါ့ကွာ'

လာနာက ဇွတ်အတင်း မေးနေသဖြင့် ကျွန်တော် အဖြေ ပေးလိုက်ရသည်။

'ကျုပ်လည်း ခင်ဗျားနှင့် လိုက်ခဲ့မယ်'

ဘီရင်ဆင်းက ဝင်ပြောရာ ဂျင်း ပယ်ရီ ကလည်း

'ကျုပ်လည်း လိုက်ခဲ့မယ်၊ စက်တွေကို လူတစ်ယောက် ယောက် တည်းနှင့် ဖျက်ဆီးပစ်ဖို့ ဆိုတာက တော်တော် ကြာမယ့် အလုပ်ဗျ၊ နောက်ပြီး ကျုပ်က ဒီ အလုပ်ကို တော်တော်လည်း ကျွမ်းကျင် နေပြီ'

'ကောင်းပြီလေ' ဟု ကျွန်တော် ပြောပြီး လာနာ့ကို လှမ်း ကြည့် လိုက်သည်။ 'မင်း ကတော့ စနိုကက် နားမှာ နေခဲ့၊ ခုလွဲချော် သွားခဲ့ရင် မက္ကမာဒို စခန်းကို ရောက်အောင် သွားပြီး ဒီမှာ ဖြစ်ပျက် နေတာတွေကို ရှင်းပြ လိုက်ပါ'

'ကျွန်မ ကြောက်တယ် နစ်'

'ကိုယ်တို့ အားလုံး ကြောက်နေကြ တာပါပဲ ကွာ'

လူဂါကို ကျွန်တော် စစ်ဆေးသည်။ စနိုကက်ကို ဦးယာ ပြီး ကမ်းခြေဘက်သို့ မောင်းလာ ခဲ့သည်။ ကိုက် ၁၀၀ ခန့် အားမီတိုင်း စနိုကက်ကို ရပ်တန့်ပြီး အမိုးပေါ် တက်၍ ရှေ့ကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်သည်။ မိနစ် အနည်းငယ် ကြာသည့်အခါ ရေခဲကုန်းတန်းလေး တစ်ခု၏ အစပ်တွင် စနိုကက်ကို ရပ်တန့်လိုက်သည်။ ခေါင်မိုးပေါ် တက်ကြည့်လိုက်သောအခါ ရှရှား စခန်းကို မြင်ရသည်။ စခန်းမှ အဆောက်အအုံများ တစ်ဝိုက်တွင် စနိုကက် ၁၂ စီးခန့် ရပ်ထားသည်။ စနိုကက် ထဲသို့ ကျွန်တော် ပြန်ဝင်ပြီး

'ကိုင်း ဒီနေရာက စပြီး ခြေကျင် သွားကြမယ်'

'စခန်းနှင့် ဘယ်လောက် ဝေးသေး သလဲ'

'နှစ်ဖာလုံလောက် ရှိလိမ့်မယ်၊ ကြည့်ရ တာတော့ တိတ်တိတ် ဆိတ်ဆိတ် ရှိနေမယ့် ပုံပဲ၊ မီးတွေလည်း မှိတ်ထားတယ်၊ အားလုံး အိပ်ပျော် နေကြပြီ ထင်ပါရဲ့'

'သတိ ထားပြီး သွားနော် နစ်'

'အင်းပါ၊ ဒါပေမယ့် ကိုယ်တို့ တစ်ခုခု လွဲချော်သွားရင် မက္ကမာဒို စခန်းကို ရောက်အောင် ပြန်သွား နော်'

လာနာ ခေါင်းညိတ် ပြသည်။ ကျွန်တော်က ကျန်သည့် လူနှစ်ဦးကို ခေါင်းညိတ် ပြရင်း

'အဆင်သင့် ဖြစ်ပြီလား'

သူတို့က ခေါင်းညိတ် ပြကြသည်။ ကျွန်တော် တို့သည် စနိုကက်ပေါ်မှ ဆင်းပြီး ဆီးနှင်းထု ထဲမှ နေ၍ ဆိုဗီယက်တို့ အချိန်း အချက် လုပ်ထားသည့် နေရာသို့ ခပ်သွက်သွက် လျှောက်ခဲ့ကြ လေသည်။

# ၁၅

ရှရှား စနိုကက်များ ဆိုက်ထားသည့် ပထမဆုံး ယာဉ်တန်းဆီသို့ ရောက်အောင် ဆယ်မိနစ် လာခဲ့ရသည်။ အဆောက်အအုံ တစ်ခု အတွင်းမှ ပျံ့လွင့် လာသော ဂီတသံကို ကျွန်တော်တို့ ကြားနေ ကြရသည်။

အတန်ငယ်ကြာသည့်အခါ ကျွန်တော်က စနိုကက်တစ်စီး၏ ရှေ့ကိုသွား၍ စက်ဖုံးကို ဖွင့်ကြည့် လိုက်သည့်အခါ စက်ဖုံးက အလွယ်တကူ ပွင့်သွားသည်။ လ ရောင်ကို အလုံ အလောက် ရနေ သောကြောင့် ပလတ်များ မီးကူးပေးသည့် ကိရိယာကို အလွယ်တကူ ရှာတွေ့သည်။ ပလတ် မီးကူးသည့် ဝါယာကြိုး အားလုံးကို ဆွဲဖြုတ်သည်။

ဂျင်း ပယ်ရီနှင့် တီရင်ဆင်းတို့က ကျွန်တော့်ကို စောင့်ကြည့် နေကြသည်။ ကျွန်တော်က ပလတ် မီးကူး စေသည့် ကိရိယာကို ချေခဲပြင်ပေါ် ပစ်ချပြီး ဘွတ်ဖိနပ် ခွာဖြင့် ကြိတ်ခြေပစ် လိုက်သည်။

ကျွန်တော်က ဂျင်း ပယ်ရီကို အဆောက်အအုံ ညာဘက်မှ စနိုကက်များအား ဖျက်ဆီးဖို့နှင့် တီရင်ဆင်းအား ဘယ်ဘက်မှ စက်များကို ဖျက်ဆီးပစ်ဖို့ အရိပ်အကဲ ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်ခန့် လှုပ်ရှားပြီးသောအခါ နောက်ထပ် ဖျက်ဆီးစရာ စက်နှစ်စီး ကျန်သေးသည်။ ထိုနှစ်စီးမှာ ဓာတ်ငွေ့ဘူးများတင်ထားသည့် စွပ်ဖားတွဲထားသော စနိုကက် ယာဉ်အနားတွင် ရှိလေသည်။

ကျွန်တော် ဖျက်ဆီးရမည့် ယာဉ်အုပ်စုထဲမှ နောက်ဆုံးစနိုကက်ကို ဖျက်ဆီးပြီးသွားချိန်တွင် ဂျင်းပယ်ရီနှင့် တီရင်ဆင်းတို့က စွပ်ဖား ဘက်သို့ လျှောက်သွား နေကြသည်။ ကျွန်တော် စနိုကက်ကို ပတ်လျှောက်ပြီး သူတို့နှင့် သွားရောက်ပူးပေါင်းရန် ဟန်ပြင်လိုက်စဉ် အဆောက်အအုံထဲမှ ဂီတသံကပို၍ ကျယ်လောင်စွာ ထွက်ပေါ် လာသည်။ ဝါဖျော့ဖျော့အလင်းရောင် တစ်ချက်က ဆီးနှင်း ပြင်ပေါ်သို့ ဖြာကျလာသည်။

တစ်စုံ တစ်ယောက်က တစ်စုံ တစ်ရာ အော်ပြော လိုက်အမီးရောင်ပျောက် သွားသည်။ အနွေးထည်များ ဝတ်ထားသူတစ်ဦးက အဆောက်အအုံ ရှေ့တွင် ရပ်ပြီး ကျွန်တော်ဘက်သို့ တန်းတန်းမတ်မတ် လှမ်းကြည့် နေသည်။ ထိုသူနှင့်ဂျင်းပယ်ရီတို့ ကြားတွင် စွပ်ဖားတွဲနှင့် တခြား စနိုကက်များခြားထားသည်။ ကျွန်တော့် ဘက်ကမူ သူတို့ နှစ်ဦးကိုကောင်းစွာ မြင်နေ ရသည်။ ဂျင်းပယ်ရီ တို့မှာ ဂီတသံကိုအလင်းရောင်ကိုပါ ကြားပုံ မြင်ပုံ မရပါ။ သူတို့က ဖျက်ဆီးရမည့် စနိုကက်များ ဆီသို့ ဆက်သွားနေ ကြသည်။

ဂျင်းပယ်ရီနှင့် တီရင်ဆင်းတို့ စနိုကက်များ နားသို့ရောက်သွားချိန်တွင် ကျွန်တော်သည် ရုရှား စစ်သားနှင့် ကိုယ်



၅၀ ခန့် ဝေးနေ သေးသည်။ သူတို့က စနိုကက် တစ်စီး၏ တံခါးကို လှန်လိုက် ကြသည်။

'ဘယ်သူတွေလဲဗျော့'ဟု ရုရှားက ရုရှားလို လှမ်းအော်သည်။

ခပ်သွက် သွက် ကလေး ကျွန်တော် လှမ်း သွားသောအခါ ရိုင်ဖယ်ကို ပခုံးနား ကပ်တင်လိုက်သော ရုရှားအနားသို့ ရောက်သွားသည်။ ကျွန်တော်သည် ဘယ် လက် ဖြင့် သူ့မျက်နှာကို လှမ်းဆွဲပြီး ခေါင်းကို နောက်သို့ ဆွဲလှန်ကာ ဓားမြှောင်ဖြင့် ထိုးလိုက်သည်။

ကျွန်တော့် ထိုးချက်က သိပ်ပြီး မထိမိပါ။ အကြောင်းမူ ရုရှားက ငယ်သံပါအောင် အော်ဟစ်ပြီး ကျွန်တော့် လက်ထဲမှ ရုန်းထွက်ရန် ကြိုးစားနေသော ကြောင့်ပင်။ ကျွန်တော်က ဓားမြှောင်ဖြင့် နောက်တစ်ချက် ထပ်ထိုးသည်။

ရုရှားမှာ တဆတ်ဆတ် တုန်ယင်ပြီး ကျွန်တော့် လက်ပေါ်တွင် ခွေကျ သွားသည်။ ရုရှား စစ်သားကို ရေခဲပြင်ပေါ်သို့ ချပြီး စနိုကက် နှစ်စီးနားတွင် ဒူးထောက် ထိုင်နေသည့် ဂျင်းပယ်ရီနှင့် တီရင်ဆင်းတို့ဆီသို့ ကျွန်တော် ပြေးလာသည်။

'ဖျက်ပစ်လိုက်တော့လေ'ဟု ကျွန်တော် လှမ်းအော် ပြောလိုက်သည်။

ဂျင်းပယ်ရီ ခုန်ထပြီး စနိုကက်မှ ဝါယာကြိုး များကိုဖြတ်နေစဉ် စွပ်ဖားဆီသို့ ကျွန်တော် ပြေးသွားသည်။ တီရင်ဆင်းက သူ့ စနိုကက်မှ ပလတ် မီးကျုး ကိရိယာကို

www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီး ပြီးသွား သောကြောင့် ရိုင်ဖယ် ကို မြှောက် ပြီး အသင့် ချိန်ရွယ် လိုက်သည်။

ထိုအခိုက်မှာပင် ဥဩသံ တစ်ချက်က ည အမှောင်ထုကြီး တိတ်ဆိတ်ခြင်းကို ဖြိုခွင်း လိုက်သည်။ ကျွန်တော်တို့ လှည့် ကြည့် လိုက်ရာ ရေထဲမှ ထိုးထွက် လာသော ရေငုပ် သင်္ဘော တစ်စင်း၏ ကင်းထောက် မျှော်စင်ကို တွေ့ကြ ရသည်။ တူနှင့် တံစဉ် အမှတ် အသား ကိုလည်း ထင်ရှားစွာ မြင်ရသည်။

တီရင်ဆင်းသည် သူ ပုန်းအောင်း နေသည့် စနိုကက် နံဘေးမှ ခုန်ထွက်ပြီး ပွင့်လာသည့် တံခါးပေါက်မှ ထွက်လာ ကြသော လူအုပ်ထဲသို့ စတင် ပစ်ခတ်သည်။ ရုရှား နှစ်ယောက် လဲကျ သွားသည်။ ကျန်သည့် လူများ အထဲ ပြန်ဝင်ပြေး ကြသည်။ ခဏ အကြာတွင် အထဲမှ ပစ်ခတ်သံ ပေါ်လာပြီး တရုတ် သမားတော်ကြီးကို ဓားဖြင့် ပိုင်း သလို ပစ်ချလိုက် ကြသည်။

ဂျင်းပယ်ရီသည် စက်ဖုံး ဖွင့်ထားသည့် စနိုကက် ပေါ်မှ နေ၍ နောက်ပြန် ဆုတ်ပြီး အင်ဂျင်ခန်း ထဲသို့ ရိုင်ဖယ်ဖြင့် ပစ်ခတ်သည်။ ပြီးမှ ညာဘက်သို့ လှည့်ကာ အဆောက်အအုံ ဆီသို့ ပစ်ခတ်နေ လေသည်။ စွပ်ဖားကို ကျွန်တော် ငတ်ပြေး လာပြီး အနီးဆုံး အဆောက်အအုံ တစ်ခုအနီးသို့ ကပ်သွားစဉ် ဂျင်းပယ်ရီမှာ ကျည်ဆန် ၁၂ ချက်ခန့် ထိမှန် သွားသည်။ ထို့နောက် ပစ်ခတ်သံများ စဲသွားသည်။ ရေငုပ် သင်္ဘော၏ ဥဩသံ ပေါ်လာပြန်သည်။



ကျွန်တော် လူဂါကို ထုတ်ပြီး မောင်းထိန်း ခလုတ်ကို ဖွင့်လိုက်သည်။ အဆောက်အအုံ၏ တစ်ဖက် အစွန်းသို့ ပြေးပြီး အပြင်ဘက်သို့ ချောင်း ကြည့်သည်။ ရေငုပ် သင်္ဘော ဥဩသံ ပေါ်လာ ပြန်သည်။ အပြင်တွင် လှုပ်လှုပ်ရှားရှား ဖြစ်နေကြ ကြောင်း တွေ့ရသည်။ ကျွန်တော့်ကို မြင်တွေ့သွားပုံ မရ သေးပါ။ ကျွန်တော် ရှိမှန်းပင် သိချင်မှ သိကြဦးမည်။ အကြောင်းမှု လိုက်လံ ရှာဖွေနေကြသူများကို မတွေ့ရသော ကြောင့်ပင်။ ရုရှားများမှာ ကျွန်တော့်ကို လိုက်မရှာဘဲ ခါတ်ငွေ့ ဘူးများ တင်ထားသည့် စွပ်ဖားဆီသို့ ဦးတည်သွား နေကြသည်။

ကျွန်တော့်တွင် လက်နက်ဆို၍ လူဂါ တစ်လက်၊ ဓားမြှောင် တစ်ချောင်းနှင့် ဓာတ်ငွေ့ ဗုံးကလေး တစ်လုံးသာ ပါလာရာ လက်နက် အပြည့်အစုံ ကိုင်ဆောင်ထားသည့် လူအုပ်နှင့် ကိုက် ၁၀၀ ခန့် အဝေးမှ ရေငုပ် သင်္ဘောသား များကို ဘယ်လိုမှ အန်မတု နိုင်ပါ။

ကျွန်တော်သည် အဆောက်အအုံ နောက်သို့ ပြန်လာကာ နံရံကို မှီပြီး စဉ်းစားသည်။ လာနာသည် ကျွန်တော် ပြော သည့် အတိုင်း လုပ်ခဲ့မည် ဆိုလျှင် ယခု အချိန်တွင် မက္ကမာဒို စခန်းသို့ ရှေးရှု ပြန်ထွက်သွားလောက်ပြီ။ သူမသည် သေနတ် သံများကို ကြားခဲ့ရမည် ဖြစ်ရာ ထွက်ခွာခဲ့တော့ လွဲချော်သွား မှန်း ရိပ်စားမိပေ လိမ့်မည်။

အဆောက်အအုံ နံဘေးမှ ကျွန်တော် ချောင်းကြည့်လိုက် ပြန်သည်။ သူတို့သည် စွပ်ဖား တွဲထားသည့် စနိုကက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး ဒုက္ခ တစ်ခုခု ဖြစ်နေပုံ ရသည်။ သူ တို့ သည် မာတ်ငွေ့ ဘူးများကို စွပ်ဖားပေါ်မှ ချပြီး လက်ဆင့်ကမ်း သယ်နေ ကြသည်။

ရေငုပ်သင်္ဘောပေါ်တွင် ဝတ်စုံထူထူများ ဝတ်ထားသည့် လူ အများအပြား တွေ့ရသည်။ မာတ်ငွေ့ ဘူးများကို လက်ဆင့်ကမ်း သယ်လျှင်ပင် သိပ်ကြာလှမည် မဟုတ်ပါ။ မာတ်ငွေ့ ဘူးများသာ ရေငုပ်သင်္ဘောထဲ ရောက်သွားလျှင် တစ်စုံတစ်ခု လုပ်ဖို့ရာ အချိန် နှောင်းသွားပေ တော့မည်။

ကျွန်တော့်အတွက် လုပ်စရာတစ်ခုပဲ ရှိတော့သည်။ လာနာ လည်း ထွက်သွားပြီ။ အသုံးပြု၍ရသည့် ယာဉ်လည်း တစ်စီးမှ မရှိတော့။ ကျွန်တော် သည်မှာ ဆက်နေလျှင်လည်း သေွးခဲပြီး သေရမည်။ သို့ဖြစ်၍ သည်မှာ ဆက်နေလျှင်လည်းအကြောင်း မထူးပါ။

နံဘေးမှ အဆောက်အအုံတစ်လုံးဆီသို့ ကျွန် တော် ပြေး သွားသည်။ ကျွန်တော့်ကို သတိထားမိသူ မရှိမှန်း သေချာ အောင် ခဏ စောင့်ကြည့်သည်။ ကျန်သည့် အဆောက်အအုံ နှစ်လုံး၏ နောက်ကျောဘက် အတိုင်း ခပ်သွက်သွက်လျှောက် လာသည်။ ထို့နောက် စခန်းမှ ဝေး ရာ သို့ ဦး တည် ကာ အဆောက်အအုံများကို ကျွန်တော်နှင့် ရုရှားများ အကြား တွင် ထားပြီး ထွက်လာ ခဲ့သည်။

ကျွန်တော့်ကို မည်သူမျှ သတိပြုမိကြလိမ့်မည် မထင်ပါ။ ရုရှားများက ခရီးဆောင် မီးမောင်းများကို ဖွင့်လိုက်သည်။ သူတို့သည် ကိုယ့် အလုပ်ကိုယ်သာ ဂရုစိုက်ကြလိမ့်မည်။နောက်



ထပ် ငါးမိနစ်ဆိုလျှင် ကျွန်တော့် အလို ဆန္ဒ ပြည့်မြောက် တော့မည်။ ကိုက်ငါးရာခန့် လာမိသော အခါ ကျွန်တော်သည် ရေခဲပြင်နှင့် အပြိုင် လျှောက်ရင်း စောစောက လာနာ ကျွန် ချခဲ့သည့် နေရာသို့ ထွက်လာသည်။

လာနာ ရှိနေလိမ့်မည်ဟု မထင်ပါ။ သို့ သော် လည်း သေချာအောင် ကျွန်တော် ကြည့်ချင်သေးသည်။ လာနာ မရှိ တော့ပါ။ နေရာတွင် အတန်ကြာ ရပ်ပြီး အသက် ရှူရှိုက် ကြိုးစားသည်။ ကျွန်တော့်တွင် အ ချိန် သိပ် မ ရှိ တော့။ အဝေးကြီး ပြန်သွားရဦးမည်။

ကျွန်တော် ခပ်လှမ်းလှမ်းမှ ပြန်ပတ်လာသည်။ နောက် ဆုံးတွင် ရုရှား ရေငုပ်သင်္ဘောနှင့် ဆိုဗီယက် စခန်း တို့နှင့် အစိတ်အပိုင်းတည်း ကျနေသော နေရာ တစ် ခု သို့ ရောက်လာ သည်။ ထို့နောက် ကမ်းခြေဘက်သို့ ပြန်လျှောက် လာသည်။

ရေငုပ်သင်္ဘော၏ ကင်းထောက် မျှော်စင်မှ နေ၍ တစ် ယောက်ယောက်က ကျွန်တော်ရှိရာ ဘက်သို့ လှမ်းကြည့်နေမည် ဆိုပါက အဖြူရောင်ကို နောက်ခံထား၍ ရွေ့လျားနေသော ကျွန်တော့် အရိပ်မည်းမည်းကို မမြင်ချင်မှ အဆုံး ဖြစ်နေပေ လိမ့်မည်။

ရေခဲပြင်ပေါ်မှ ကျွန်တော် ပြေးလာစဉ် ရေငုပ်သင်္ဘော နှင့် ရေငုပ်သင်္ဘောနောက်မှ မာတ်ငွေ့ ဘူးများ လက်ဆင့် ကမ်း သယ်ယူနေသော ရုရှား စစ်သားများကို မြင်နေရသည်။ ကိုက် ၁၀၀ ခန့် အကွာသို့ ရောက်လာသောအခါ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အပြေးရပ်ပြီး အသက်ရှူသည်။ ပြီးမှ သတိထားပြီး ရှေ့ ... တိုးလာခဲ့သည်။

ရေငုပ်သဘော်နှင့် ကိုက် ၅၀ ခန့် အကွာသို့ ရောက်သော ... အခါ ရေငုပ်သဘော်၏ ပင်မ မျှော်စင်ကြီး နံဘေးရှိ တံခါး ... ပေါက်မှ လူတစ်ယောက်ထွက်လာသည်။ ကျွန်တော် ဒူးထောက် ... ချပြီး မလှုပ်မယှက် ငြိမ်နေ လိုက်သည်။

ထိုသူက ရေပြင်ထဲသို့ ငုံ့ကြည့်သည်။ ရေငုပ် သဘော် ... ပဲ့ပိုင်းသို့ လျှောက်သွားသည်။ ဦးပိုင်းသို့ ပြန် လာ သည် ... ပြီးမှ တံခါးဝသို့ ပြန်သွားပြီး တင်စုံ တင်ခုံ အော် ... သည်။

သုံး လေး စက္ကန့် ကြာသော အခါ ရေခဲပြင် တွင်းပေါ် ... ထဲမှ ရေများ ဆူပွက်တက်လာသည်။ အတန်ကြာသောအခါ ... ထိုသူက ကျွန်ုပ်သွားသည့် ပုံစံဖြင့် တံခါးပေါက်ထဲ ပြန်ဝ ... သွားပြီး တံခါးကိုပိတ်လိုက်သည်။ တွင်းထဲတွင် ရေများ ပြ ... လာသောကြောင့် အရည် ပြန်ပျော်ရန် ရေငုပ် သဘော် ... လေဖိအားဖြင့် မှုတ်ထုတ်ခဲ့ခြင်း ဖြစ်မည်။ သို့ဆိုလျှင် ရေ ... သဘော် ရေပြန်ငုပ်သွားရန် သိပ် ကြာတော့မည် မဟုတ် ...

ကျွန်တော် ခုန်ထပြီး တတ်နိုင်သလောက် အ မြန် ... ပြေးလာခဲ့သည်။ ကမ်းခြေမှ မီးမောင်းများ တစ် လုံး ... တစ်လုံး ပြန်မှိတ်သွားသည်။ သူတို့လုပ်ငန်း ပြီးစီးသွားခြေ ...

ရေငုပ်သဘော်၏ ကုန်းပတ်က ရေစပ်နှင့် ငါးပေလော ... ကွာသည်။ ကျွန်တော်သည် လုံး၀ တုံ့ဆိုင်းမနေဘဲ ကုန်း ... ပေါ်သို့ လွှားခနဲ ခုန်တက် လိုက်သည်။ ခြေချော် လဲ ...



ဖြစ်သွားသည်။ ပြီးမှ ပင်မ မျှော်စင်ကြီး အစပ်သို့ တစ်လှမ်း ချင်း လျှောက်လာ ခဲ့သည်။

ကိုက် ၃၀ ခန့် အကွာတွင် စစ်သား လေး ငါး ယောက်က အဆောက်အအုံ ကာသို့ ပြန်လျှောက် သွားကြ သည်။ သူတို့ ထွန်းညှိ ထားသည့် နောက်ဆုံး မီးမောင်း တစ်လုံးကလည်း ဖျတ်ခနဲ ငြိမ်းသွားပြီ။

ဓာတ်ငွေ့ ဘူးများ ရေငုပ်သဘော်ထဲ ရောက်သွားပြီ။ သူတို့ လုပ်ငန်း ပြီးဆုံး သွားပြီ။

ရေငုပ်သဘော်၏ အင်ဂျင် စက်သံ ပေါ် လာ သည်။ ကျွန်တော့် ခြေထောက် အောက်ဘက်တွင် တုန်ခါနေသည်။ ရေငုပ်သဘော်မှာ ဘယ်ညာ ယိမ်းလှုန့်နေပြီး သဘော် နံဘေးမှ ရေပြင်မှာ ပလုံစီထ နေလေသည်။ ရေငုပ်သဘော် ရေငုပ်စပြုသည်။ ကုန်းပတ်ကို ရေပြင် ဖုံးလာသည်။

ရေငုပ်သဘော် ပဲ့ ငင်ပေါ်သို့ သွားသည့် လှေကားဆီသို့ ကျွန်တော် လျှောက်လာစဉ် ရေက ကျွန်တော့် ဒူးဆစ်ထိ နက်လာသည်။ လှေကားကို ကျွန် တော် စတက် သည်။ လှေကားထိပ်သို့ ကျွန်တော် ရောက်သွားစဉ်တွင် သဘော်က ရေထဲသို့ မြန်ဆန်စွာ ငုပ်လျှိုးနေသည်။ ကျွန်တော်သည် လူဂါကို ထုတ်ပြီး မောင်းထိန်း ခလုတ်ကို ဖွင့်ကာ လူဝင် ပေါက် တံခါးဖွင့်သည့် ဘီးကြီးကို ဆွဲလှည့် လိုက်သည်။

တံခါးကို ဖွင့်လိုက်သော အချိန်တွင် အောက်ဘက်မှ သတိပေး ဥဩသံ တစ်ချက် ပေါ်လာပြီး ကင်းထောက် မျှော်စင်တံခါးထဲမှ မျက်နှာ တစ်ခု ပြူထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သေနတ်ဖြင့် ပစ်ထည့်လိုက်ရာ ထိုသူ၏ မျက်နှာ ပွင့်ထွက်သွားပြီး သွေးများ ဖွာခနဲ ပန်းထွက် လာသည်။ ကျွန်တော် အတွင်းသို့ ဆင်းပြီး တံခါးကို ပိတ်လိုက်သည်။

ထိန်းသိမ်းရေး ကုန်းပတ်ပေါ်တွင် လူအတော်များများက အော်ဟစ် အမိန့်ပေးနေ ကြသည်။ လှေကားမှ နေ၍ ကျွန်တော်သည် စောစောက သင်္ဘောသား ပြုတ်ကျသွားသည့် အောက်တံခါး နားသို့ တစ်ထစ်ချင်း မှန်မှန်ဆင်းသက် လာသည်။

အပေါက်ဝမှ ဆင်းလာသော ကျွန်တော့်အား မော့ကြည့် နေကြသည့် ရေယာဉ်မှူးနှင့် အရာရှိများကို သေနတ်ဖြင့် ချိန်လိုက်ရင်း

'မင်းတို့ရဲ့ ရေယာဉ်မှူးဟာ သေလူ ဖြစ်နေပြီ' ဟု ရုရှားလို အော်ပြော လိုက်သည်။

သင်္ဘောသား တစ်ယောက်က ပဲ့ပိုင်းမှ လှေကား အတက် အဆင်း နားတွင် ရိုင်ဖယ် တစ်လက်ဖြင့် ပေါ်ထွက်လာသည်။ သူ သေနတ်ကို မြှောက်လိုက်ချိန်တွင် ကျွန်တော်က လူဂါဖြင့် ပစ်ထည့်လိုက်ရာ ရင်ဘတ်ကို တည့်တည့် မှန်သွားသည်။ သင်္ဘောသား တံခါးပေါက်မှ နေ၍ နောက်ပြန် လွင့်ထွက် သွားသည့် အချိန်တွင် ကျွန်တော်က ရေယာဉ်မှူး ကို သေနတ်ဖြင့် ပြန်ချိန် လိုက်သည်။

'ငါပြောတဲ့ အတိုင်း အတိအကျ မလုပ်ရင် မင်းတို့ရဲ့ ရေယာဉ်မှူးကို သတ်ပစ် လိုက်မယ်'



အားလုံး ဖြည်းဖြည်းချင်း လက်မြှောက်ကြသည်။ ရေငုပ် သင်္ဘောကို ပဲ့ကိုင်နေသည့် ပဲ့နင်းကြီးမှ လွဲ၍ အားလုံးက ကျွန်တော့်ကို မော့ကြည့် နေကြသည်။ ရေယာဉ်မှူးက

'လောလောဆယ်တော့ ကျုပ်တို့ဟာ ခင်ဗျား လက်ခုပ် ထဲကပဲ၊ ခင်ဗျားက ဘာလုပ်ချင် လို့လဲ'

'ခင်ဗျားက လွဲပြီး ကျန်တဲ့ လူတွေ အားလုံး ထွက်သွား ကြပါ၊ ပဲ့နင်းကြီးနှင့် ရေဒီယို အော်ပရေတာတော့ နေခဲ့လို့ ရတယ်၊ ပြီးရင် ဒီရေငုပ်သင်္ဘောထဲမှာ ရှိတဲ့ တံခါးပေါက် အားလုံးကို ချက်ချင်း ပိတ်ပစ် လိုက်ပါ'

'ခင်ဗျား ပြောသလို ကျုပ်က မလုပ်ဘူး ဆိုရင် ရော'

'ခင်ဗျားကို ရော၊ ကျန်တဲ့ အရာရှိ တွေကိုပါ သတ်ပစ်မှာ ပေါ့၊ ကျုပ် ပြောတာကို ယုံပါ ဗိုလ်မှူးကြီး'

'အဲသလို ဆိုရင် ခင်ဗျား အပါအဝင် အားလုံး သေကုန် ကြမှာပေါ့ ဗျာ'

'မှန်တာပေါ့၊ ကိုင်း ခင်ဗျားကို သုံးစက္ကန့် အချိန်ပေးမယ်။ သုံး၊ နှစ်၊ တစ်'

သေနတ် မောင်းကို ကျွန်တော် ဖြည်းဖြည်းချင်း ညှစ်စ ပြုသည်။

'နေပါဦး' ဟု ရေယာဉ်မှူးက အော်ပြောသည်။ သေနတ် မောင်းကို ကျွန်တော် ပြန်လျှော့လိုက်သည်။ ရေယာဉ်မှူးက

'သူ ပြောတဲ့ အတိုင်း လုပ်လိုက်'

'ဒါပေမယ့် ဗိုလ်မှူးကြီး....' ဟု လူတစ်ယောက်က ငင်ပြီး ကန့်ကွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဟာ အမိန့်ပဲ မစ္စတာ ရာဘော့'

'ဟုတ်တဲ့၊ ဟုတ်ကဲ့ ဗိုလ်မှူးကြီး'

သဘော်သားများ တစ်ယောက်ချင်း ထွက်ခွာသွားကြသည်။ ရေယာဉ်မှူး၊ ရေဒီယိုအော်ပရေတာနှင့် ပွဲနင်းကြီးတို့သာ ကျန်ခဲ့သည့်နောက်တွင် တံခါး အားလုံး ပိတ်သွားသည်။

'ကိုင်း ခင်ဗျားက ဘာလုပ် ချင်လို့လဲ'

'ခင်ဗျားရဲ့ ရေဒီယိုအော်ပရေတာကို ကျုပ်တို့ရဲ့ စခန်းနှင့် ချက်ချင်း ဆက်သွယ် ခိုင်းပါ၊ ခင်ဗျားရဲ့ ရည်ရွယ်ချက်တွေကို ပြောပြ၊ ကျုပ်တို့ အားလုံး အမေရိကန် စခန်းကို နှစ်နာရီအတွင်း ရောက်အောင် သင့်လျော်သလို အမိန့်ပေး ညွှန်ကြားပါ၊ နှစ်နာရီနှင့် တစ်မိနစ် ရှိလို့မှ အမေရိကန် စခန်းကို မရောက်ရင် ခင်ဗျား ကိုရော ရေဒီယို အရာရှိကိုပါ ကျုပ် သတ်ပစ်မယ်၊ ပြီးရင် ခင်ဗျားရဲ့ ပထမ အရာရှိနှင့် ယာဉ်အင်ဂျင်နီယာကို ခိုင်းစရာ ရှိတာ ကျုပ် ဆက်ခိုင်း မယ်၊ ရှင်းရဲ့လား'

ရေယာဉ်မှူး မျက်မှောင် ကုတ်သွားသည်။ ပြီးမှ ခေါင်းညိတ်ရင်း

'ဒီသင်္ဘောပေါ်မှာ ဘာပစ္စည်းတွေ ပါလာမှန်း ခင်ဗျား သိနေတယ်ပေါ့'

ကျွန်တော် ခေါင်းညိတ် ပြလိုက်သည့်အခါ သူက

'ဒါဆိုရင် ဒီပစ္စည်း တွေကို လူသား တွေရဲ့ အကျိုးအတွက် မော်စကိုကို အမြန်ဆုံး ပြန်သယ်ဖို့ လိုအပ်ကြောင်းကို ခင်ဗျား သိရမှာ ပေါ့၊ ကျုပ် ခင်ဗျားကို တောင်းမန်...'



'ခဏလေး ဗိုလ်မှူးကြီး၊ ရေငုပ်သင်္ဘောပေါ် တင်ပေးလိုက်တဲ့ ဘူးတွေ ထဲမှာ ဘာတွေ ပါသလဲ ဆိုတာ ကျုပ်သိတယ်၊ ခင်ဗျားကရော ကျုပ်လို သိလို့လား'

ရေယာဉ်မှူးက ကျွန်တော့်ဘက်သို့ ခြေလှမ်း ဖြင်သည်။ ကျွန်တော်က လူဂါကို အနည်းငယ် မြှောက်ပြီး

'ခင်ဗျားကို ကျုပ် မသတ်မိရစေနှင့် ဗျာ၊ သတ်ဆို့လည်း အသာအား နေမှာပါ'

ရေယာဉ်မှူး ရပ်တန့် သွားသည်။ ကျွန်တော်က ဆက်ပြီး

'အဲဒီ ဘူးတွေထဲမှာ ဇီဝ ပိုးမွှား စစ်ပွဲတစ်ရပ် ဆင်နွှဲနိုင်လောက်တဲ့ ပစ္စည်းတွေ ပါနေတယ် ဗျ'

'ခင်ဗျား ညာပြော နေတာပဲ'

'ကျုပ် ပြောနေတာ အမှန်တွေပါ ဗိုလ်မှူးကြီး၊ ခင်ဗျားတို့ လူတွေက အဲဒီ ဘူးတွေကို ခင်ဗျားနှင့် ချိန်းထားတဲ့ နေရာ လာပို့ရင်း မတော်တဆ ထိခိုက်မိလို့ ကျုပ်တို့ စခန်းက လူ ၂၉ ယောက် သေခဲ့ရတယ်၊ ဘာတွေ ဖြစ်ပျက်ခဲ့သလဲ ဆိုတာ စုံစမ်းဖို့ နိုင်ငံဘက်က ကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းခဲ့တယ်၊ ကော်မရှင် အဖွဲ့ဝင်တွေကို ခင်ဗျားတို့ ဘက်က လူတွေက သတ်ဖြတ် သွားတယ်'

'ဒီ ခဲသတ္တု ဘူးတွေထဲမှာ ခင်ဗျားတို့ အမေရိကန်တွေ ခိုးယူသွားတဲ့ ဇီဝ ဓာတ်ကူ ပစ္စည်းတွေကို သုတ်သင်ဖို့ ဆေးဝါးတွေ ထည့်ထားတာပါ ဗျာ'

'မဟုတ်ဘူး၊ မကျွမာဒီ စခန်းကို ရောက်ရင် ခင်ဗျား အဲ့သလို မဟုတ်ကြောင်း ကျုပ် သက်သေ ပြမယ်၊ ဒါနှင့်

www.burmeseclassic.com

ယတ်သက်ပြီး ခင်ဗျား စိတ်ကျေနပ်မှု မရမချင်း အဲဒီဓာတ်ငွေ့ ဘူးတွေကို သင်္ဘောပေါ်က မချခိုင်းပါဘူး'

ရေယာဉ်မှူးက ဘာမျှ မပြောပါ။ ကျွန်တော် အလွန် ပင်ပန်းလှပြီ။ ဒါကို သည်လူ သိနေသည်။ သူသည် ရေတပ် အရာရှိ တစ်ဦးသာ ဖြစ်သည်။ သူသည် သူ ကြားခဲ့သည့် ဇာတ်လမ်းကို ရိုးရိုး သား သား ယုံ ကြည် နေ ခြင်း သာ ဖြစ်ကြောင်း ကျွန်တော် သိသည်။ သို့ဖြင့် ကျွန်တော်က

'ဒီမှာ ဘာတွေ ဖြစ်ပျက်ခဲ့သလဲ ဆိုတာ စုံစမ်းဖို့ ကျုပ်ကို လွှတ်လိုက်ကြ တာပဲ၊ ကျုပ်ကလည်း အဖြစ်အပျက်ကို စုံစမ်း လို့ ရခဲ့ တယ်လေ' ဟု သူ့ကို ပြော လိုက် သည်။ လူဂါကို မောင်းထိန်း ပိတ်ပြီး အိတ်ထဲ ပြန်ထည့် ထား လိုက် သည်။ ရုရှား ရေဒီယို အရာရှိက ကျွန်တော့် အနား တိုးလာသည်။ ရေယာဉ်မှူးက သူ့ လူကို လက်ကာ ပြပြီး

'မလုပ်နှင့်' ဟု ငေါက် လိုက်သည်။ ပြီးလျှင် ကျွန်တော့်ကို အတန်ကြာအောင် စိုက်ကြည့်သည်။

'လောလောဆယ်တော့ ခင်ဗျား ပြောသလို လုပ်ပေး မှာပါ ဗျာ'

စက်ခန်းထဲကို ကျွန်တော် လှည့်ပတ် ကြည့်သည်။ ပြီးမှ ထိုင်ချ လိုက်ပြီး

'ဓာတ်ငွေ့ ဘူးတွေ သိမ်းထားတဲ့ အခန်းကို လုံးဝ လုံအောင် ပိတ်ထားဖို့ အကြံပေး ပါရစေ၊ ဓာတ် ငွေ့ ဘူးက နည်းနည်းလေး လေစိမ့်လာတာနှင့် အားလုံး သေကုန် လိမ့်မယ်'

ရေယာဉ်မှူးက နေမသိ ထိုင်မသာ ဖြစ်သွားပုံ ရသည်။

'ဒီပစ္စည်းတွေကို ချိပ်ပိတ်ထားတဲ့ သေတ္တာနှင့် ထည့်ပြီး ထုခဲ့ဖို့ ကျုပ်ကို အမိန့် ပေးထားကြ ပြီးသားပါ'

'ကောင်းတယ်၊ ကောင်းတယ်'

ကျွန်တော် သက်ပြင်း တစ်ချက် ရှိုက်ပြီး ထွက်သက်ကို ဖြည်းဖြည်းချင်း ပြန်မှုတ်ထုတ် လိုက်သည်။

...မာဒီ ရေလက်ကြားရှိ အမေရိကန် အခြေစိုက် စခန်းရှိရာ ...မ်းခြေ အလွန်လေးမှ အနန္တတိကာ ရေခဲပြင်ထဲတွင် အမေ ...ကန် နျူကလီးယား တိုက်ခိုက်ရေး ရေငုပ်သင်္ဘော 'တိုင်ရန် ...ဆာရပ်' သည် ဆိုဗီယက် နျူကလီးယား ရေငုပ် သင်္ဘော ...ဒီလေ့ကင်' နှင့် ဘေးချင်း ယှဉ်၍ နွေဦးပေါက်သည် အထိ ...သောင်တင်နေခဲ့ လေသည်။

ရေခဲပြင်ထဲ ပိတ်မိနေသည့် ဆိုဗီယက် ရေငုပ် သင်္ဘောကို ...ခိုးသိမ်းရန် ဆိုဗီယက် ကိုယ်စားလှယ် အဖွဲ့ တစ် ဖွဲ့ ကို ...လွှတ် လိုက်ကြသည်။ အမေရိကန်တို့ဘက်မှ ကိုယ်စားလှယ် ...ဖွဲ့ကလည်း 'တိုင်ရန်နိုဆောရပ်' ပေါ်တွင် တာဝန်ဖြင့် ...ရောက်နေ ကြသည်။

ရေငုပ်သင်္ဘော နှစ်စင်း ဘေးချင်း ယှဉ်၍ သောင်တင် နေသည့် ကိစ္စကို သံတမန် နည်းဖြင့် ဖြေ ရှင်း ကြ ရာ ...အာဗွီတီ-အေ ဓာတ်ငွေ့ ဘူးများ အကြောင်းကို လုံးဝ ...ဖော်ပြ ကြပါ။ နောင်တွင်လည်း ဖော်ပြကြလိမ့်မည် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ပါ။ အန္တာတိကာတိုက်တွင် ဆိုဗီယက်တို့ သုတေသန ပြုလုပ်ထုတ်ဖော်ခဲ့သည် ဇီဝ အကူ ပစ္စည်းကြောင့် လူများ သေခဲ့ရပုံကိုလည်း လုံးဝ မဖော်ပြပါ။

'ပို့ခနမြဲ ကျားနေမြဲပေါ့ကွာ'

ပင်တာဂွန်နှင့် အဆက်အသွယ် ပြန်ရသည့်အခါတွင် တစ်ဖက်မှ ဟော့က ပြောလာသည်။

'ယုံနိုင်စရာ လုံးဝ မရှိဘူး' ဟု လာ်နာက ဒေါသတကြီး ပြောလိုက်သည်။

သို့သော်သည်း သည် ကိစ္စမှာ ကမ္ဘာကြီးကို ကြီးစိုးရေးအတွက် ယှဉ်ပြိုင် ကစားသည့် ပွဲတွင် နောက်ထပ် ပွဲငယ် တစ်ပွဲမျှသာ ဖြစ်သည်။ သည် တစ်ချီ ပြိုင်ပွဲတွင် ကျွန်တော်တို့ တက်မှ ရှုံးမသိ ဖြစ်ခဲ့သည်။ သည်အကြောင်းကို စဉ်းစား မိတိုင်း ကျွန်တော် ကျောချမ်း မိသည်။

သို့သော်သည်း ကမ္ဘာကြီးကို စိုးမိုးနိုင်ရေး အတွက် နောက်ထပ် ယှဉ်ပြိုင်ပွဲ တစ်ရပ်က အချိန်တန်လျှင် ပေါ်ပေါက်လာပေလိမ့်ဦးမည်။

ချစ်ဝင်းညွန့်

www.burmeseclassic.com